
www.burmeseclassic.com

# လရောင်ကျူးရင့်

## ပန်းနုရောင်သက်တမ်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



1.A

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- ❖ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- ❖ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ခိုင်ယုဝင်း (၀၁၆၆၁)
ရွှေငွေဝိုင်းစာပေ၊ အမှတ်(၃၉)၊ ၄၄–လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်း
ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၇ ခုနှစ်၊ ဇွန်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

လရောင်ကျူးရင့် ၈၉၅.၈၃
ပန်းနုရောင်သက်တမ်း/ လရောင်ကျူးရင့်၊
ရန်ကုန်၊ ရွှေငွေဝိုင်းစာပေ၊ ၂၀၁၇။
၂၀၈ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ပန်းနုရောင်သက်တမ်း




## အခန်း(၁)

"ရှင်တို့ဘာလာလုပ်တာလဲ .."

"မင်းတို့ဘာလုပ်တာလဲလို့မေးရင်ရော .. ကဲ .. ဖြေပါဦး .."

သူမတို့ နောက်ကို ခြေလှမ်းပြန်ဆုတ်လိုက်ကြသည်။ သူတို့ကရှေ့ ...ကက်လာကြ၏။

ထို့နောက် ...

"ဂျိမ်း ..."

"ရှင် မယုတ်မာနဲ့နော် .."

"ဟား .. ဟား .. ဟား .. ချစ်တာကို ယုတ်မာတာလို့ ဘယ်သူပြော ...တာလဲ .."

"ရှင့်ကို ကျွန်မ အရှမ်းရွံတယ်သိလား .. လူယုတ်မာ .."

"ငါကတော့ မင်းကိုချစ်တယ်၊ မင်းကို လိုချင်လို့ ကလေးကို ...သက်ခံခဲ့တာလေ၊ အဟွန်း .. မင်းသိပါတယ် .."

"ဟင့်အင်း .. ဟင့်အင်း .. လွှတ် .."

"လာစမ်းပါကွာ .. မင်းထွက်ပြေးနေလည်း ကမ္ဘာပတ်ပြီးပြေးသွား...င်တောင် ငါ့လက်ထဲကမလွတ်ပါဘူး၊ အဲဒီတော့ ပြေးမနေနဲ့တော့.."

"ဟင့်အင်း .. လုပ်ပါဦး .. ကယ်ပါဦး ချစ်လေးရေ .. ကိုကြီး .."

www.burmeseclassic.com

www.burmeseclassic.com



"ဂျိမ်း ..."

အတွင်းတံခါးပိတ်သွားသည့်အဆုံးမှာ သူမကိုယ်ပေါ်က အင်္ကျီ၏ ပခုံးတစ်ခြမ်း ဖြီးခနဲပြုတ်ထွက်သွားသည်။

ပြီးတော့ ခုတင်ပေါ်ပစ်စလက်ခတ်လဲကျသွားခဲ့ပြီး ..၊

"ငြိမ်ငြိမ်နေစမ်းပါကွာ .. မင်း ဘယ်သူ့ကို အားကိုးတာလဲ၊ မင်းကို ဘယ်ကောင်မှ လာမကယ်နိုင်တော့ဘူး .."

"လွှတ် .. ခွေးတိရစ္ဆာန် .."

"မင်း မလိမ္မာရင်တော့ ငါ မညှာဘူးနော် .. တိတ်တိတ်နေစမ်း.."

"ဖြန်း ..."

ပါးတစ်ဖက်မှာ ပူခနဲကျိန်းစပ်သွားသည်။

သတိလစ်မေ့ဘာတ်ဖြစ်သွားမယ့် သူမ အားတင်းထားရင်း အကြောက် အကန်ရုန်းနေမိဆဲ ..။

"ဖြန်း ..."

နောက်ထပ် ပါးတစ်ဖက်မှာ ပူထူသွားကာ ခေါင်းထဲမှာစက်ဝိုင်း တွေများစွာ ရောင်စုံကွင်းများအဖြစ် တရစ်ရစ်ထင်သွား၏။

"မင်း ငါ့ကိုပဲ လက်ထပ်ရမှာ .. မင်း ဘာအားကိုးနဲ့ ငြင်းဆန်နေတာ လဲ .. တောက် .."

ဟင့်အင်း ...၊

ဘယ်တော့မှ လက်မထပ်ဘူး ..၊ ကျွန်မှာ ချစ်ရမယ့်သူရှိတယ်။ ကျွန်မဘဝက သူ့အတွက်ပဲ ရှင်ယုတ်မာနိုင်ရင်လည်း ဘယ်တော့မှမရ ဘူး၊ ရှင့်ကိုမုန်းတယ် ..။

မျက်ရည်စက်များသည် နားသယ်စပ်တစ်ဖက်ကနေ ခေါင်းအုံးထက် မှာ စိုရွှဲနစ်မွန်းသွားစေလျက် ခါးသီးစွာပေးဆပ်ခဲ့ရသောနေ့သည် ညကဲ့သို့ မှောင်မိုက်နေခဲ့လျက် ..။

♥♥♥



**အခန်း (၂)**

မိုးတွေက ညို့လာသည်။

ကားလမ်းမကြီးအေားပလက်ဖောင်းက ကွန်ကရစ်ကျောက်ပြားတွေ ...းပုံချိုင့်ခွက်နေတာတွေကြောင့် သွားလာရတာ အဆင်မပြေ ..။

ထို့ပြင် ညနေခင်းလူစည်ကားချိန်ကြီးမှာ မိုးတွေညို့တက်လာတော့ ...ိုင်းသွားနေကျလူတွေကပဲ ရုတ်ရုတ်သဲသဲတွေသွားလာပြေးလွှားနေ ...ိုဖြစ်ကုန်ကြကာ ..။

"သားလေး မြန်မြန်လျှောက် .. မိုးမိလိမ့်မယ် .."

ကိုယ့်တိုက်ခန်းကို လှမ်းမြင်နေရပြီဖြစ်ကာ ထီးပါပေမယ့် ဖွင့်ဖို့ ...ာင်းဖို့ လက်နှစ်ဖက်စလုံးကမအား ..။

"မာမီ .. သားညီ ရေခဲမုန့်စားချင်တယ် .."

"သားရယ် မိုးရွာတော့မယ့်ဟာ ရေခဲမုန့်ကြီးမစားပါနဲ့၊ သား အဲဒါ ...ယ်နေရင်လည်း မိုးလွတ်မှာမဟုတ်ဘူး .."

"မာမီကလည်း .."

သား နှုတ်ခမ်းလေးစူသွားတော့ ဈေးသည်ကိုပဲ စိတ်ကိုသွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးတွင်းရောက်နေတာတောင် ရေခဲမုန့်တွေရောင်းနေကြတာ ရာသီဥတုကိုမေ့လျော့နေကြသလားမသိ ..။

"နော် .. မာမီနော်လို့ .."

"ဝယ်လေ .. သား ဘောင်းဘီအိတ်ထဲမှာ စပယ်ပန်းဝယ်တုန်းက ငါးထောင်တန်ပြန်အမ်းထားတာတွေရှိတယ်မလား .. မာမီပိုက်ဆံအိတ် ဖွင့်ဖို့ လက်မအားတော့ဘူး .."

"ရှိတယ် .. မာမီပြန်နှင့် သားညီ နောက်ကလိုက်ခဲ့မယ် .."

"သား ဖြစ်ရဲ့လား .."

"ဖြစ်ပါတယ်ဆို .."

"အိမ်ကိုတန်းပြန်ခဲ့နော် .. ဘာမှရပ်ကြည့်မနေနဲ့ .."

"ရက်(စ်) မာမီ .."

တိုက်ခန်းလှေကားအဆင်းနဲ့ နီးကပ်နေပြီမို့ သူမ ဒီတိုင်းပဲ စိတ် လက်ချပြန်လာခဲ့မိသည်။

နေတာက သုံးလွှာမှာဖြစ်ကာ ခုနစ်လွှာစလုံးမှာလည်း ကိုယ့်အသ တွေပဲမို့ ဒီပတ်ဝန်းကျင်လောက်မှာတော့ အန္တရာယ်ရှိနေလိမ့်မည်လို့ မထင်မိတာအမှန်ပင် ..။

"ဘကြီးရေ .. ရော့ ဒီမှာ ဘကြီးအတွက် ကွမ်းယာ .."

တိုက်ခန်းစောင့် ဘကြီးဦးသက်ထွေးက အသက်ခုနစ်ဆယ်ရှိပြ ဖြစ်ကာ လူကလည်း ဖျတ်လတ်နေဆဲရှိလျက် စကားနည်းသည်။

ဒီတိုက်ခန်းမှာနေထိုင်သူတွေက ဘယ်ကပြန်လာလာ သူ့အတွ စားစရာတစ်ခုခုပါလာစမြဲမို့ ထိုအချိန်လေးမှာပဲ နှုတ်ဆက်သံကြား တတ်၏။

အချိန်ပြည့် ရေစက် မီးစက်တွေနားမှာပဲထိုင်နေတတ်ပြီး မခေါ် ဘယ်သူ့ကိုမှ ပြုံးရယ်နှုတ်ဆက်ခြင်းလည်းမရှိ ..။

"ဘကြီး ဟိုမှာ သမီးရဲ့ သားလေး ရေခဲမုန့်ဝယ်နေတယ်၊ တစ်ချ လောက်ကြည့်ပေးပါဦးနော် .."



"အေး .. သမီး၊ အဘ ကြည့်ပေးမယ် .. သွား .. သွား .."

စိတ်ချရတယ်ဆိုပေမယ့် ဒီလိုနေခဲ့တိုင်း ဒီလိုပဲမှာခဲ့နေကျမို့ မှာပြီးမှ အပေါ်ဆက်တက်ခဲ့နိုင်၏။

"အား .. လက်တွေပြုတ်ထွက်တော့မလားပဲ .."

ဝယ်ခြမ်းလာသမျှကို ထမင်းစားစားပွဲပေါ်သွားတင်လိုက်ပြီး လက်တွေကိုကွေးချီဆန့်ချီလုပ်၍ ညည်းညူလိုက်မိ၏။

ပြီးမှ တံခါးကိုသော့ပြေးခတ်၍ သော့ကို သားအမိနှစ်ယောက်တည်း သိသော ဘားကြားလေးထဲ ထည့်လိုက်သည်။

သားနောက်က ပြန်ပါလာမှာပေမယ့် တံခါးဖွင့်လျက်သားထားခဲ့ပြီး အလုပ်လုပ်လို့တော့မဖြစ် ..။ သော့ခတ်ပြီးမှ အထဲပြန်ဝင်ခဲ့ရင်း တီဗီဖွင့်လိုက်သည်။ ပြီးမှ ရေခဲသေတ္တာနားမှာ ဒူးထောက်ထိုင်လိုက်ရင်း စားပွဲပေါ်က ဟင်းသီးဟင်းရွက်နဲ့ အသားငါးတွေကို တစ်ခုချင်းထည့်သည်။

လောလောဆယ် ဒီထက်အရေးကြီးတာလုပ်ရဦးမှာမို့ အသားငါးတွေကို မကိုင်အားသေးပေ ..။ အားလုံးထည့်ထားလိုက်ပြီးမှ ဆီချိန်သည့် ခွက်လေးနဲ့ မီးဖိုချောင်သုံး ဟင်းခတ်မှုန့်တွေ အတိုအထွာပစ္စည်းတွေကို နေရာတကျ ထားဖို့ကြည့်မိသည်။ ထိုစဉ် ..၊

"မာမီ ..."

"ဟေး .. ကြာလှချေလား သား၊ မြန်မြန်ဝင်ခဲ့ .. နောက်ဖေးဝရန်တာမှာ သား ဘောင်းဘီတွေ သွားရုတ်ထားလိုက်ဦး၊ မိုးပေါက်တွေကျလာပြီ .."

မိုးစက်ပွင့်တွေကြီးပုံပေါ်ကာ မိုးပေါက်ကျသံက သွပ်မိုးတွေပေါ်ကို ကျောက်ခဲတွေနဲ့ လှမ်းပစ်နေတာလောက်ကျယ်လောင်နေ၏။

"မာမီ .."

"ဟင်!..."

ခေါ်သံထပ်ထွက်လာကာ ပွင့်အံ့ဩခြင်းဖြစ်သွားကာ အပြင်ကိုလည်း

www.burmeseclassic.com



လှမ်းကြည့်မိ၏။ တံခါးအပြင်ကို မမြင်ရပေမယ့် သားအထဲဝင်မလာသေးဘူးဆိုတာတော့ သိလိုက်ကာ ...၊

"သားညီ .. ဝင်လာခဲ့လေ၊ ဘာလဲ .. လက်မအားတော့ဘူးလား .."

မေးနေရင်း သူမပဲကိုင်ထားသမျှကို ပြန်ချထားခဲ့ပြီး ထွက်လာခဲ့ရင်း ...၊

"မုန့်တွေ ဘယ်နှစ်မျိုးလောက်ဝယ်လာခဲ့ပြီလဲ သား ...၊ ရေခဲမုန့်တွေ အများကြီးဝယ်စားရင်တော့ မာမီက ခွင့်လွှတ်မှာမဟုတ်ဘူးနော်.."

"မာ ...."

တံခါးကို မျက်နှာမူလိုက်သည့်အချိန်တွင် ပွင့် ခြေလှမ်းတုံ့ခနဲဖြစ်သွား၏။ သားလေးက 'မာမီ' လို့ခေါ်သလို 'မာ' လို့ခေါ်တာလည်းရှိသည်။

ထို့ကြောင့် 'မာ' လို့ သား ခေါ်လိုက်တာကို မထူးဆန်းပါ။ သို့သော် ...၊

"သားညီကို တံခါးဖွင့်ပေးပါ မာမီ .."

"သား .. သူက .."

"သားညီတို့အတန်းက ဆရာ .."

မဟုတ်ဘူး ...၊

သားရဲ့မျက်နှာ ချောက်ချားနေပုံနဲ့ ဆရာအဖြစ် အားမှာရပ်နေသည့် ယောက်ျား၏ မျက်နှာသွင်ပြင်အရ သားရဲ့ဆရာ မဟုတ် ...။

"သူ ဘယ်သူလဲ သား .."

"သားညီတို့ဆရာပါ .."

"မဟုတ်ဘူး .."

"ခင်ဗျားဆက်ပြီး မေးမြန်းနေရင်တော့ ကျုပ်ရဲ့လက်က စိတ်ရှည်သည်းခံနေမှာမဟုတ်ဘူး .."

စကားသံက ပြတ်သားနေသည်။ သားရဲ့ ပခုံးတစ်ဖက်ကို ဖက်ထားသလို တင်ထားသည့်လက်ကို လှုပ်ပြလိုက်မှ ဓားသွားက လက်ခနဲပေါ်လာ၏။



"မလုပ်နဲ့နော် .. မင်း .."

သား လည်ပင်းမှာ ဓားနဲ့ဖိထောက်ထားပုံက နောက်ထပ်အားစိုက်လိုက်တာနှင့် နစ်ဝင်သွားဖို့သာရှိတော့သည်မို့ ...၊

"မလုပ်နဲ့ ဖွင့်ပေးမယ် .."

တံခါးကိုကမန်းကတန်းဖွင့်နေရင်း သူမ ဓားပြတိုက်ခံနေရပြီလား၊ သူခိုးဂျပိုးတစ်ကောင်လားဆိုတာ ပြေးလွှားစဉ်းစားနေမိသည်။

အိမ်ထဲခေါ်သွင်းပြီးမှဆိုရင် အပြင်က အကူအညီကိုခေါ်ဖို့ လွယ်တော့မှာမဟုတ်ပေ ...။ ဒါဆို သူမ ဘာလုပ်သင့်သလဲ ...၊

"ဉာဏ်များဖို့စဉ်းစားနေတာဆိုရင်တော့ ကျုပ်က လူသတ်လာတာနော် .. ဒီမှာ .."

"အား .. မာမီ .. နာတယ် .."

"ဟိတ် .. နင် ငါ့သားကိုမထိနဲ့ .."

"ဂျိမ်း .. ဂျိမ်း .."

ဘာဂျာတံခါးကို ကမန်းကတန်းဆွဲဖွင့်ပေးလိုက်ရကာ ...၊

"ပြန်ပိတ်ပြီး သော့ခတ် .. အတွင်းတံခါးပါပိတ် .."

"မင်း ဘာလိုချင်လို့လဲ .. ငါ့မှာ .."

"ပိတ်ဆို ပိတ်လိုက်စမ်းပါ .. စကားရှည်လိုက်တာ .."

"ဂျလောက် ..."

"ပေး .. သော့ .."

သော့ခတ်ပြီးတာနဲ့ လက်ထဲကသော့ကိုပါ ဆွဲလုသွားကာ ...၊

"အား .. ကျွတ် .. ကျွတ် .."

သားလေးကို ဆောင့်တွန်းပစ်လိုက်ပြီး ဆိုဖာမှာ အိခနဲထိုင်ချလိုက်သည်။ ထိုအခါကျမှ သူ့ရဲ့ ဘယ်ဘက်ခါးစပ်မှာ သွေးကွက်ကြီးတစ်ကွက်ထင်နေတာကို မြင်လိုက်ရ၏။

"မင်း!..."

သားကို ပြေးဖက်ထားလိုက်ပြီး ပွင့် မျက်လုံးတွေပြူးကျယ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းက လူဆိုးပဲ .. ဒါကြီးက .."

"တိုက်ပေါ်က ခုန်ချလို့ ခိုက်မိခဲ့တာ .. သူများလုပ်လိုက်တာ မဟုတ်ဘူး .."

ရှုံ့မဲ့နေသည့်မျက်နှာက အသားဖွေးဖွေး နဖူးပြေပြေနှင့် နှာတံက ကော့ထင်းနေသည်။ နှုတ်ခမ်းပါးသယောင်ရှိပေမယ့် အထူအပါးညီပြီး နီးမြန်းနေ၏။

ထို့ပြင် လေးထောင့်ဆန်ဆန်မျက်နှာမှာ မေးနှစ်ခွက သိသာထင်ရှား နေကာ ..၊

"ကျုပ်ကို ကြည့်မနေနဲ့ .. ခင်ဗျားတို့သားအမိ တစ်နေရာစီ လူခွဲ ယိုင်၊ ပြီးရင် ကျုပ်ဒဏ်ရာဆေးထည့်ဖို့ ဆေးဝါးအတိုအထွာဘယ်မှာရှိလဲ ပြောပြ .."

"ဆေးဝါးအတိုအထွာတွေ အရှည်အပိုင်းတွေရှိရအောင် ဒါကလူနေ အိမ် .. ဆေးဆိုင်မဟုတ်ဘူး .."

"လူမို့လို့ ဆေးဝါးပစ္စည်းဆောင်ထားကြတာပေါ့၊ ဒီမှာ ခင်ဗျားမာရေ ကြောရေပြောတာတွေ ဆင်ခြင်၊ ကျုပ်ကလည်း ဒုက္ခပင်ပန်းတွေနဲ့ ပြေး လွှားလာရတာ၊ စိတ်မရှည်လို့ လူထပ်သတ်မိတဲ့ပြစ်မှုမျိုး မလုပ်ချင်ဘူး .."

"မင်း လူသတ်လာတယ်ဆိုတိုင်း ငါက ကြောက်နေမယ်ထင်လို့ လား .."

ပြောပြီးတာနှင့် အခန်းထောင့်က တယ်လီဖုန်းဆီသွားသည်။ သူ ဒေါသထွက်သွားကာ ..၊

"တောက် ..."

"ဒုန်း ..."

"အား ..."

"မာမီ ..."

"ဟိတ် .. မင်း တိတ်တိတ်နေစမ်း .."



သူနဲ့ သူ့ကြားက စားပွဲကို ဆောင့်ကန်လွှတ်လိုက်သဖြင့် စားပွဲက ခြေထောက်ကို ပြေးရိုက်သလိုဖြစ်သွားကာ စားပွဲနဲ့ ရှိုးကေ့စ်ကြားမှာ ပွင့်လဲကျသွား၏။

သူ စားပွဲပေါ် လွှားခနဲခုန်တက်ကာ ဖုန်းနဲ့ကြိုးကို ဒီတိုင်းဆွဲယူ ပြီး ကိုင်ပေါက်ပစ်လိုက်၏။ ကလေးပြေးလာတော့ ကလေးကို လက် မောင်းလေးတစ်ဖက်ကကိုင်ကာ ဆိုဖာပေါ်လွှဲတင်ပစ်လိုက်ပြီး ..၊

"ကျုပ် ဒေါ်ထက်စိတ်တိုလာရင် ခင်ဗျားတို့ မသာပေါ်သွားလိမ့်မယ် နော် .. ပြောတဲ့အတိုင်းလုပ် .."

"အား .."

"မာမီ .."

"ဘာမှမဖြစ်ဘူး သား .. အား .. ကျွတ်ကျွတ် .."

ပွင့် အားယူထလိုက်ရင်း ကလေးကိုလည်း လက်ကာပြလိုက်ကာ..၊

"မင်း .. မင်းနော် .. ပြန်ပေးစမ်း .."

သူမရဲ့ ဆလင်းဘက်(ခ်)အိတ်ကိုဖွင့်ပြီး အထဲကဖုန်းကိုယူသည်။ ပိုက်ဆံတွေနဲ့ အထဲက တခြားပစ္စည်းတွေစာရွက်အတိုအစတွေကို ထပ်ဖွ ရှာ၏။

ပြီးမှ သူမ ရင်ဘတ်ဆီ အိတ်ကိုပြန်ပစ်ပေးလိုက်ပြီး ..၊

"ခုကစပြီး နောက်ထပ် သုံးရက်ထိ ခင်ဗျားအပြင်က ဘယ်သူနဲ့မှ မဆက်သွယ်ရဘူး၊ အပြင်ကိုလည်းမထွက်ရဘူး၊ ကျုပ်ရှိနေကြောင်း တစ်ယောက်ယောက်ကိုအကြောင်းကြားဖို့ ကြံတာနဲ့ ခင်ဗျားသား သေ မယ် .."

"လောလောဆယ် အဲ့ဒီဒဏ်ရာနဲ့ မသေအောင်ပဲ မင်း ကြိုးစားပါ ဦး .."

"အား .."

သူ ခွန်းတုံ့မပြန်နိုင်တော့ဘဲ စားပွဲပေါ်မှာပဲ ထိုင်ချလိုက်ရကာ ဒဏ်ရာကို လက်နဲ့ဖိအုပ်ထားရင်း ရှုံ့မဲ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချာတိတ် လာစမ်း ဒီကို .."

"မင်း ဘာလုပ်မလို့လဲ .."

"ဟော့ .. ခေါ်နေတာမကြားဘူးလား .."

ကလေးက ကိုင်ပေါက်ခံရတည်းက ထိတ်လန့်နေတာဖြစ်ကာ သူ ခေါ်လိုက်တော့ နောက်ထပ်ဆုတ်ပြီးကပ်နေ၏။

သူက ကလေးမျက်နှာကိုစိုက်ကြည့်နေရင်း လေသံကိုလျှော့ချလိုက်ပြီး ...၊

"ငါ့နာမည်ကို ခြား လို့ပဲမှတ်ထားကွာ .. ငါမင်းကို ဘာမှမလုပ်ဘူး၊ မင်းအမေကိုလည်း ဒုက္ခမပေးဘူး၊ မင်း နားလည်ရမှာက ငါ့ကို ဒေါသထွက်အောင်မလုပ်ဖို့ပဲ .."

ကလေးက နားလည်တတ်တဲ့အရွယ်မို့ ဒဏ်ရာကနာပေမယ့် သူ ရှင်းပြနေမိကာ ...၊

"မင်းတို့ဆီက ငါ သုံးရက်ပဲနေမှာ၊ သုံးရက်ပြည့်တာနဲ့ ငါ့ဆီ၊ အဆက်အသွယ်ရောက်လာမှာ .. အဲဒီအချိန် ငါ မင်းတို့ကို ဘာဒုက္ခမှ မပေးဘဲ ပြန်သွားမှာပါ၊ ငါပြောတာကိုယုံပါ၊ အခု လောလောဆယ် ငါ့ကို ဒဏ်ရာဆေးထည့်ဖို့ ဆေးတွေဘယ်မှာထားသလဲ လိုက်ပြပေးပါ.."

ကလေးမျက်လုံးလေးတွေ ပြန်၍လှုပ်ရှားလာသည်။ သူပြောတာကို နားလည်သွားမှန်းလည်းသိကာ ...၊

"အို့ခေ .. ဒီကို ထလာခဲ့ .."

ကလေးက မအေကိုတစ်ချက်လှမ်းကြည့်သည်။ မအေက ခေါင်းညိတ်ပြလိုက်မှ ခပ်စမ်းစမ်းထလာ၏။ သူ ကလေးကိုဖတ်ပြီးလိုက်သွားဖို့ ခြေလှမ်းပြင်ပြီးမှ လူကြီးကို သတိရပြီး လှည့်ကြည့်၍ ...၊

"မင်း ငါ့ကို ဒုက္ခရောက်အောင် တစ်ခုခုလှုပ်ရှားနေတယ်လို့ ငါ သိလိုက်တာနဲ့ မင်းသားကို ဘာလုပ်မလဲကြည့်နေ .."

သေချာကြိမ်းဝါးပြီးမှ ကလေးနဲ့ထွက်သွားသည်။ ခဏကြာတော့ ပြန်လာပြီး ပလပ်စတစ်ဘူးလေးနဲ့ ထည့်ထားသည့် ဆေးတွေပါလာသည်။



"ဟား ..."

ဖွင့်ကြည့်လိုက်တော့ သူ စိတ်ဆင်းရဲသွား၏။ အထဲမှာ ဂွမ်းထုပ်သေးသေးလေးတစ်ထုပ်နဲ့ ကုန်ခါနီးပတ်တီးလိပ်လေးတစ်လိပ်အပြင် အရက်ပျံလေးနည်းနည်းနဲ့ ဒီကိုဂျင်၊ အမောက်စလင်ပဲရှိသည်။

ပြီးတော့ ဘားပလက်တွေ ဗိုက်နဲ့ပတ်သက်သည့်ဆေးတွေ ...။

"ဘာမှလည်းမရှိပါလား .. ဒဏ်ရာထည့်တဲ့ဆေးတွေ ဘာတွေ ထပ်ရှိသေးလား .. ဟိတ် .."

"မရှိဘူး .."

သူမ အသံကလည်း မုန်းတီးစိတ်ပျက်ခြင်းတွေအပြည့်နှင့် မာကျောနေကာ ...၊

"ငါ့သားသမီးက သူများသတ်တဲ့ဒဏ်ရာနဲ့ ခွေးပြေးပြေးရစရာ အကြောင်းလည်းမရှိဘူး၊ ဒဏ်ရာကြီးတစ်ခုခုဖြစ်လောက်အောင် ဆော့နိုင်ဖို့မပြောနဲ့ ဆူးခြစ်ရာတောင်အထင်ခံခဲ့တာမဟုတ်ဘူး၊ အဲဒီအတွက် အရေးပေါ်ကိစ္စတွေ မှန်းဆပြီး ဘာကိစ္စဆေးဆောင်ထားရမှာလဲ .."

"ခင်ဗျားသား ဘာမှမဖြစ်ပေမယ့် ခင်ဗျားယောကျ်ားကိုရော တစ်ယောက်ယောက်က သတ်ချင်လောက်အောင် မုန်းနေတာမရှိနိုင်ဘူးလား .. ကိုယ်ဘယ်လောက်ကောင်းအောင်နေနေ မကောင်းတဲ့လူက ချောင်းမြောင်းလုပ်ကြံတာမျိုးရော မရှိနိုင်လို့လား .. အလကားနေရင်း ကိုယ်ရည်သွေးမနေစမ်းပါနဲ့ .."

"ဒေါက် .. ခွမ်း ..."

ဒေါသဖြစ်ဖြစ်နှင့် ဆေးဘူးကို စားပွဲပေါ်လှမ်းပစ်တင်လိုက်ကာ ...၊

"ခုပဲ ခင်ဗျားမသိတဲ့လူတစ်ယောက်က ခင်ဗျားအိမ်ပေါ်တက်ပြီး ဒုက္ခပေးလာပြီ၊ ဘယ်လိုလုပ်မလဲ .. ခင်ဗျားသားလေးကို ခြေထောက်နှစ်ချောင်းကကိုင်ပြီး .."

"တော်စမ်းပါ .."

"ကျုပ်စကားပြောနေရင် နှောင့်ယှက်တာမကြိုက်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"အ ..."

ဒေါသဖြစ်သွားတိုင်း လူနားကို လေလိုရောက်လာတတ်ကာ အပြုအမူတွေက ကြမ်းတမ်းသည်။ ဒဏ်ရာရှိနေပေမယ့် လှုပ်ရှားမှုတိုင်းက သွက်လက်မြန်ဆန်နေ၏။

ရှေ့ရောက်လာပြီး လည်ပင်းကို လက်တစ်ဖက်နဲ့ ဖမ်းထောက်ထားလိုက်သဖြင့် ပွင့် မျက်နှာလေးမှာကား လည်စလုတ်ကနာကျင်ခြင်းကြောင့် အသက်ရှူမှားသွားခဲ့၏။

"စကားအပိုတွေနည်းနည်းမှမပြောနဲ့၊ အမိန့်မပေးနဲ့ .. ကျုပ်ဒီထဲမှာ သုံးရက်ပဲနေမယ်လို့ပြောပြီးသား .. အလကားနေရင်း လူသတ်နှိပ်စက်နေရအောင် ကျုပ်က လူသတ်သမားမဟုတ်ဘူး၊ ဒါပေမယ့် သတ်ချင်လာအောင်လုပ်နေရင်တော့ ကြက်တစ်ကောင်လို လွယ်လွယ်လေး အသံပျောက်သွားအောင်လုပ်လို့ရတဲ့ ခင်ဗျားသားကိုပဲ .."

"အ ..."

"ဦးဦး .. သား မာမီကိုလွှတ်လိုက်ပါ၊ သားကို ဦး ကြိုက်တာခိုင်းပါ၊ မာမီကို မသတ်ပါနဲ့ .."

ကလေးက မျက်ရည်တွေ စို့ရွဲနေသည့်မျက်နှာလေးနဲ့ အနားရောက်လာသည်။ ပြီးတော့ လည်ပင်းညှစ်ထားသည့် သူ့လက်ကို မကြောက်မရွံ့လာပုတ်ချပြီး ..၊

"မာမီကို လွှတ်လိုက်ပါ ဦးဦး .."

သူ လက်လွှတ်ပြီး စားပွဲပေါ် နောက်ပြန်ထိုင်လိုက်သည်။

"အဟွတ် .. အဟွတ် .. အား .. အဟွတ် .."

"မာမီ ..."

"ရ .. ရတယ် သား .. အဟွတ် .."

သားအမိနှစ်ယောက်ဖက်ထားရင်း ကလေးကငိုနေတော့ သူ ဆတ်ခနဲ မျက်နှာလွှဲပစ်သည်။

သူ ငယ်ငယ်တည်းက အမေဆိုတာ ဘာမှန်းမသိ။ ဒါ ငါတို့အမေ



ဆိုပြီး ဓာတ်ပုံထဲမှာလည်း မမြင်ဘူးခဲ့ ..။ သူ သိနေတာက အမေ စွန့်ပစ်ခဲ့လို့ ဦးလေး အရက်သမားကြီးရဲ့လက်ထဲမှာ သူ ကြီးပြင်းခဲ့ရသည်။

မတော်ချင်လို့မရတာကြောင့် ငါ့တူဆိုသည့် တော်စပ်ခြင်းနှင့် တော်ကျွေးကျွေးခဲ့သည်။ ကိုယ့်ခြေထောက်လေး ခိုင်ခိုင်ရပ်နိုင်ပြီဆိုတာနှင့် ခိုင်းလိုက်တဲ့အလုပ်တွေ မိုးလင်းကမိုးချုပ် နေ့ထွက်လာသေးသား မထွက်ခဲ့ဘူးလားတောင် မော့မကြည့်အားနိုင် ..။

သူ့စိမ်းဖြစ်ဖြစ် သူ့ကျက်ဖြစ်ဖြစ် စေတနာမေတ္တာတွေနဲ့ ကူညီတယ်၊ ထောက်ပံ့တယ်ဆိုတာ အလကား ..။ အမေဆိုတာလည်း မလိုရင်ပစ်တာပဲ .. ဆွေမျိုးတော်နေလည်း ကျွန်လိုခိုင်းတာပဲ ..။

မျက်ရည်လည်ရွဲနဲ့ ချစ်ကြင်နာနေခြင်းကို ဘယ်လိုမှကြည့်လို့မရနိုင်ဘဲ ..၊

"ဟိုကောင်လေး ဒီဘက်ကိုလာခဲ့ .."

"ဘာလုပ်မလို့လဲ .. ငါ့သားက .."

"ခင်ဗျား ပါးစပ်ပိတ်ထားဖို့ နောက်ဆုံးသတိပေးမယ်၊ ဒီတစ်ခါဆိုမလွယ်ဘူးမှတ် .."

ကလေးအနားရောက်လာတာနှင့် လက်ကိုဖိဆွဲ၍ ဆိုဖာမှာထိုင်လျက်လေးကျအောင် တွန်းထိုးလိုက်ပြီး ..၊

"တစ်ချက်မှ မလှုပ်နဲ့ ဖင်ယားရင်တောင် မကုတ်နဲ့ .."

ကလေးကြောက်သွားလောက်အောင် စိုက်ကြည့်ပေးပြီး ကြိမ်းမောင်းကာ သူ့အပေါ် ဂျာကင်ကိုချွတ်ပစ်လိုက်သည်။ ပြီးမှ အတွင်းက စပို့ရှပ်ကို ဆွဲလှန်ချွတ်ပစ်လိုက်ကာ ..၊

"အား .. စပ်လိုက်တာ .."

အရပ်ပုံလက်ကျန်ကို လောင်းချပစ်လိုက်ကာ ရှိနေသည့် ဆေးပြားတွေ အကုန်ထုတ်၍ စားပွဲပေါ်က ပေပါဝိတ်တုံးနဲ့ ဖိကြိတ်ပစ်သည်။ ပြီးတော့ အမှုန့်တွေကို ဒဏ်ရာထဲထည့်သိပ်၏။

"ဦးဦး .. အဲဒါ အနာထည့်တဲ့ဆေးတွေမဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ဟုတ် မဟုတ်ဟုတ် ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်ထိုင်နေ .."

ကလေးက ငါးနှစ်သားလောက်ပဲရှိသေးသည်။ ရွှေရောင်ဆံပင်ကောက်ကောက်လေးတွေနှင့် မျက်လုံးဝိုင်းဝိုင်း နှာတံလုံးလုံးလေးရှိကာ အသားလေးက ဖြူဝင်းနေသည်။

ဒီအရွယ်ထိ နိုင်ငံခြားပိုစတာတွေထဲက ကလေးပုံလေးတွေလို ချစ်စရာကောင်းသည့် မျက်နှာလေးနဲ့ရှိနေတာ အံ့ဩဖို့ကောင်းသည်။

ထို့ပြင် မျက်တောင်ကော့ကော့လေးတွေက မျက်တောင်ခတ်တိုင်း သိသာနေကာ သူလုပ်သမျှကို စိတ်ဝင်တစားလိုက်ကြည့်နေပြီး သူ လှည့်ကြည့်လိုက်တိုင်း ကိုယ်လေးနောက်ပြန်ရို့၏။

သူ ဒဏ်ရာကို ဒီတိုင်းဝွမ်းကပ်ပြီး ပလာစတာ့ပ်နဲ့ မခိုင့်တခိုင် ထိန်းထားလိုက်သည်။ ပြီးတော့ နေရာမှထလာခဲ့ပြီး ကြိုးလိုက်ရှာသည်။

အနေတော်ကြိုးတစ်ခွေတွေ့မှ ပြန်လှည့်လာပြီး ..၊

"ခင်ဗျား .. ထမင်းစားစားပွဲကို ထလာခဲ့ .."

"ဘာလုပ်မလို့လဲ .."

"ဘာလုပ်လုပ် ခင်ဗျားကို ကျုပ်ဘာပြောထားလဲ .."

"ငါ့သားနဲ့ ငါ့ကို ခွဲမထားပါနဲ့ .."

"တောက် .."

"အား ..."

"ခင်ဗျားကို ပါးစပ်ပိတ်ထားဖို့ပြောပြီးပြီနော် .."

လက်ကို လာဆောင့်ဆွဲကာ စားပွဲကထိုင်ခုံမှာ ထိုင်လျက်ကျသွားအောင် ပခုံးကနေ ဖိချလိုက်ပြီး ..၊

"ခင်ဗျားကို မိန်းမဖြစ်နေလို့ ညှာနေတာ၊ ကျုပ်လက်က ခေါင်းနဲ့ တစ်ထပ်တည်းသိပ်ကျတာမဟုတ်ဘူး၊ မိန်းမသားမို့ ညှာတာရုံမှန်း ခေါင်းက စဉ်းစားချိန်မရလိုက်ခင် ရိုက်သတ်မိလိမ့်မယ် .."

ညှာနေတာမို့တော်သေးသည်လို့ အော်ပစ်ချင်၏။

သူ ဆွဲလွဲကိုင်ပေါက်နေတာကြောင့် နာကျင်နေသည့် တကိုယ်လုံး



က ဆံပင်ရှည်တွေကြောင့် ပိုဆိုးနေသည်။ သူမ ဆံပင်က ပေါင်လယ် ာက်ထိရှည်သည်။

ထိုင်ပြီဆို တွဲလွဲကျနေသည့် ဆံပင်ဖျားတို့ကို နောက်ပြန်ဆွဲသိမ်း မှ ထိုင်လို့ရ၏။ ဒါမှမဟုတ် ပခုံးတစ်ဖက်ကနေ ရင်ဘတ်တစ်ခြမ်း ဆွဲတင်ထားဖို့တော့လိုသည်။

သူ့ကြောင့် ဝုန်းခနဲ ထိုင်ကျသွားလိုက် ပြန်ဆွဲလိုက် ပြန်တွန်းလိုက် ရုန်းရန်းဆန်ခတ်ဖြစ်ရတိုင်း ဆံပင်ကို ဖင်ထိုင်မိလိုက်တာနှင့် ခေါင်း ရေတွေက ဆောင့်ဆွဲနှိပ်စက်ခံနေရသလို နာကျင်နေခဲ့သည်။

တကယ့် အရိုင်းအစိုင်းပုံပေါက်နေသည်မို့ ပါးစပ်ပိတ်နေလိုက် မယ့် ပွင့် ရဲ့ မျက်ဝန်းတွေက မီးဝင်းဝင်းတောက်နေခဲ့၏။

ဒီလိုလူကို သုံးရက်မပြောနဲ့ သုံးမိနစ်တောင် အိမ်မှာ လက်သင့် နိုင်ဘူး ..။

ဒါဆို ဘာလုပ်မလဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ဝေဒနာက ဝေဒနာပဲဖြစ်ကာ ဗိုက်ကစားချိန်တန်တော့ ဆာလာသည် လှည့်ကြည့်လိုက်တော့ ကလေးက ဆိုဖာပေါ်မှာ အိပ်ပျော်နေပြီဖြစ်၏

ဒဏ်ရာကိုလက်နဲ့ ထိန်းဖိရင်း ရေခဲသေတ္တာရှေ့မှာ ရပ်လိုက်မိသည် ဖွင့်ကြည့်လိုက်တော့ အထဲမှာ ချက်ပြုတ်ကြော်လှော်ဖွယ်တွေသာရှိ... ပြီး သစ်သီး အအေးဘူး ဘာဆိုဘာမှမရှိ ..။

"တောက် ..."

ဗိုက်ဆာ...တာကြောင့် တက်ခေါက်မိ၏။

လှည့်ကြည့်တော့ သူမက ဝမ်းသာကျေနပ်ခြင်းတို့ကို မှိုသိပ်ထားသည် မျက်နှာနှင့် တစ်ဖက်လှည့်ပစ်၏။

ထိုအခါ သူမ မျက်လုံးတွေ တံခါးအဝင်အဝအတွင်းမှာရှိနေသည် နာရီကိုကြည့်မိလျှက်သားဖြစ်သွားကာ ..၊

ကိုးနာရီ ..။

အပြင်မှာ မိုးလေးတစိမ့်စိမ့်နှင့် အေးမြနေကာ ပတ်ဝန်းကျင်ကလည် လိုတာထက် ပို၍တိတ်ဆိတ်နေခဲ့၏။

သားလေး ဗိုက်ဆာနေမှာပါ။ စကားသံထွက်လာတိုင်း သတ်မ... ဖြတ်မယ်ချည်းခြိမ်းခြောက်နေသောကြောင့် ကြောက်လန့်ပြီး မပြော...



တာဖြစ်မည်။

ဝယ်လာသည့် သားငါးတွေလည်း မဆေးကြောရသေးဘဲ ဒီတိုင်း..။

သားလေးစားဖို့ ဝယ်လာသည့် သစ်သီးတွေနဲ့ အအေးပုလင်းတွေ ကိုလည်း အိတ်ထဲကမထုတ်ရသေးပေ ..။

သူမ မျက်လုံးတွေ အဝင်အထွက်နားက ရှူးကေ့စ်ကြီးပေါ်မှာ ဒီတိုင်း တင်ထားခဲ့သည့် သစ်သီးတွေနဲ့ စားစရာအိတ်ဆီ လှမ်းကြည့်ရင်း ဒီဘက် ပြန်လှည့်လိုက်တော့ ..၊

"အမေ့ .."

မျက်နှာချင်းထိကပ်မတတ် သူမရှေ့မှာ ရောက်နေသည့် ခြား ရဲ့ မျက်နှာကြောင့် တွန့်ခနဲဖြစ်သွားမိရင်း ..၊

"ဘာလဲ ..."

သူက စားပွဲပေါ်မှာ လက်ထောက်ငုံ့ရင်း အသံမပြည်ဘဲ ခေါ်နေသည့် သူမရဲ့ ဖုန်းကို စားပွဲပေါ်မှာ ချပြလိုက်ပြီး ..၊

"အောင်သန့် ဆိုတာ ဘယ်သူလဲ .."

".... .... ...."

"ဟိတ် .. လိုအပ်လို့မေးနေတာ .."

"နင့်အတွက် လိုပေမယ့် ငါ့အတွက်မလိုအပ်တဲ့လူ .."

"မလိုအပ်ဘဲနဲ့ နာမည်နဲ့တကွရှိနေတာလား .."

မေးနေတုန်းမှာ ဖုန်းကကျသွားသည်။

"ခဏစောင့်မယ် .. သူပြန်မခေါ်ရင် မင်းခေါ်ရမယ် .."

အပြောအဆိုတွေပါ မင်းတွေ ငါတွေနဲ့ ဖြစ်လာခဲ့ပြီး ..၊

"မခေါ်တော့ဘူး .. ပြန်ခေါ်လိုက် .."

"မခေါ်ဘူး .."

"အနမ်းပွင့် .."

သူမရဲ့ ဆလင်းခ်တွေ ဘားလွယ်အိတ်တွေကို ဖွရှာတုန်းက မှတ်ပုံတင် နဲ့တကွ စာရွက်စာတမ်းများအရ သူမရဲ့နာမည်နဲ့တကွ ဘဏ်မန်နေဂျာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ကြောင်းကိုပါ သိထားသောကြောင့် ..။

"မင်းကို ငါပြောနေတာ ဒီလူက မင်းနဲ့ ဖုန်းမပြောရရင် အိမ်
ရောက်လာနိုင်တဲ့အခြေအနေမျိုး ငါမလိုချင်လို့ .."

"ပြောဖို့လည်းမလိုဘူး .. သူရောက်လာစရာလည်းမရှိဘူး .."

"မင်း ယောက်ျား .."

"ဘာ!..."

သူမ မျက်လုံးတွေမီးဝင်းဝင်းတောက်သွားတာကို စိုက်ကြည့်
သူ နောက်ပြန်ဆုတ်လိုက်ကာ ..။

"ဟုတ်ရင်ဟုတ်တယ် .. မဟုတ်ရင်မဟုတ်ဘူး ဒါပဲဖြေ၊ အဲဒီ
နဲ့ မင်းရဲ့ အချစ် အမုန်း ရန်ငြိုးရန်စတွေ ငါမသိချင်ဘူး .."

"မသိချင်ရင် ဘာမှမမေးနဲ့ သိသလိုလို ရမ်းသမ်းမေးတာတွေလည်
လာမလုပ်နဲ့ .."

"ဟ .. မင်းကမှ မဖြေတာ .."

"နင့်မှာချည်း ဒေါသရှိတယ်ထင်နေလား .. ခုနေသာ ငါ့လက်ကို ကြ
တုပ်မထားရင် နင့်မျက်နှာကို စုတ်ပြတ်သပ်မသွားမချင်း ငါရိုက်ပစ်မှာ

သူ့မျက်နှာ တင်းခနဲဖြစ်သွားတာကို ပွင့် က ဂရုမစိုက်ပေ ..။

"လူတစ်ယောက်ကိုချုပ်ထားပြီးမှ ကြိမ်းလိုက်မောင်းလိုက်နဲ့ ဒေါ
တွေ စွတ်ပြနေတာ မရှက်ဘူးလား .."

"ဘာလဲ မင်းက ငါ ဒုက္ခရာရနေတယ်ဆိုပြီး စိန်ခေါ်တာလား
ကြိုးတုပ်ထားတာ မင်းကို ကြောက်လို့မဟုတ်ဘူး၊ အပြင်က အကူအည
တွေဝင်လာရင် ငါ့အတွက်အန္တရာယ်ရှိလို့ .."

သွားကြားစေ့သံနှင့်ပြောရင်း သူမ မျက်နှာနားထိ မျက်နှာငုံ့ကြည
လိုက်ကာ ..။

"အခု ကြိုးဖြည်ပေးမယ်၊ မင်း ငါ့ကိုထိအောင်ရိုက်နိုင်တဲ့အခ
ငါ ဘာမှမတုံ့ပြန်ဘဲ အချိန်အကန့်အသတ်မဲ့ပေးထားမယ်၊ ဒါပေမယ့်

သူမ မျက်နှာ သူ့ဘက်ပြန်လှည့်လာတဲ့အထိ စိတ်ရှည်စွာစောင့်



ပြီးမှ ..။

"ငါကတော့ မိန်းမတစ်ယောက်ကို တိုက်ခိုက်ပြီးအနိုင်ယူမှာ မဟုတ်ဘူး .."

သူမ ဆတ်ခနဲမျက်နှာလွှဲပစ်သည်။

"ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မင်း ကျေကျေနပ်နပ် အရှုံးပေးနိုင်လား.."

"တောက် ..."

သူမ မျက်နှာလေးက မီးရောင်အောက်မှာနီရဲနေသည်။ ထမင်းစားပွဲ၏အပေါ်တည့်တည့်က မီးရောင်ဖြာဆင်းနေသည့်အောက်မှာ သူမရဲ့ ခဲဆွဲထားသလို ညို့မှောင်းသွယ်တန်းနေသည့် မျက်ခုံးတန်းနှင့် မျက်တောင်များလေးတွေက ပို၍ထင်းနေသလိုပင် ..။

ထိုမျက်နှာလေးပေါ်မှာ တစ္ဆေသရဲပူးနေသလို မလိုက်ဖက်သည့် ဒေါသတွေက ရန်းရင်းဆန်ခတ်ဖြစ်နေခဲ့၏။

သူ အေးစက်စက်ပြုံးပြီးနောက် ပြန်ဆုတ်လိုက်သည်။ ပြီးတော့ ဖုန်းကို တွန်းပေးလိုက်လျှင် တိုက်ဆိုင်စွာ ဖုန်းခေါ်ဆိုခြင်းနှင့် တိုးကာ..။

"ကိုင်လိုက် .."

ပြောပြီး စပီကာပါဖွင့်ထားလိုက်၏။

"ဟလို .. အနမ်းပွင့် အနမ်းလေးလား .. တစ်ခုခုပြန်ပြောကွာ .."

သူမက နှုတ်ခမ်းတင်းတင်းစေ့၍ မျက်နှာလွှဲပစ်လိုက်လျှင် ..။

"အနမ်းလေး နားတော့ထောင်နေတယ်မို့လားဟင် .. ဖုန်းကိုင်ဖော်ရလို့ ကျေးဇူးတင်ပါတယ်၊ ကိုကြီးက အနမ်းလေးတို့ကို အမြဲတမ်း သတိရပါတယ်၊ သားအတွက် ဝယ်လာတဲ့ လက်ဆောင်တွေလည်း လာပေးချင်သေးတယ်၊ ဒါပေမယ့် အနမ်းလေး ခွင့်မပြုဘဲ မလာချင်လို့လေ .."

"ပြောပါဦး အနမ်းလေးရယ် .. ကိုကြီးကို အိမ်လာခွင့် .."

"လူယုတ်မာ တိရစ္ဆာန်ကောင် နင့်အသံကို မကြားချင်ဘူး မပြောနဲ့ ဘာမှမပြောနဲ့ .."

သူမ အရှူးလိုအော်လိုက်သည့်အသံမဆုံးခင် ဖုန်းပြန်ကောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားလိုက်ကာ ...၊

"ဆောရီးပဲ .. ငါလိုချင်တာ မရောက်သေးလို့ မင်းကိုနားထော

နိုင်းထားရတာ .."

"မာမီ .."

သူမရဲ့အော်သံကြောင့် ကလေးလန့်နိုးသွားခဲ့ပြီး ဆိုဖာပေါ်က

မျက်လုံးလေးဝိုင်းနေအောင်ကြည့်လျက် ...၊

"မာမီ ဘာဖြစ်လို့လဲဟင် .."

"အဟမ်း .. ဘာမှမဖြစ်ဘူး သား .. အဟမ်း .."

ခေါင်းခါပြရင်း အာခေါင်ခြစ်အော်လိုက်မိသဖြင့် လည်ချောင်း

သွားတာကို တံတွေးမျိုချနေရသည်။

"မာမီ .. သား .."

ကလေးက ဆက်မပြောဘဲ ခြား ကို လှမ်းကြည့်၏။ သူမက နားလည

နေသည်မို့ ...၊

"ငါ့သား ဗိုက်ဆာနေပြီ၊ နင် ဘာမှမလုပ်တတ်ရင် ငါ့ကိုကြိုးဖြည်ပေး

"မင်း ဖြည်နိုင်းလာရင် ပြန်ဖြည်ပေးဖို့ ကြိုးတုတ်ထားတာ မဟုတ

ဘူး .."

"ဒါဖြင့် ငါတို့က ကြိုးတုပ်လျက်နဲ့ ငတ်လို့သေရမှာလား၊ နင်ပြေ

တော့ သုံးရက်ပဲနေချင်တာ၊ ဒုက္ခမပေးဘူးဆို၊ အခု ကလေးကိုလည

ကိုင်ပေါက်လိုက် တွန်းထိုးအော်ငေါက်လိုက်နဲ့ ဗိုက်ဆာနေတာလည

စားခွင့်မပေးဘူး .."

ခြား နည်းနည်းတော့ ငိုင်သွားသည်။ သူလည်း ဆာလောင်နေပြ

ဖြစ်ကာ ကြက်ဥတောင်မကြော်တတ်သည့်အဖြစ်နှင့် ရေသောက်ဗိုက

မှောက်နေရဖို့သာရှိရာ ...၊

"ကောင်းပြီ .. မင်း ငါ့ကို ရုတ်ရုတ်သဲသဲတော့ မလုပ်နဲ့နော် .

မင်းမှာ သတ္တိမာနတွေဘယ်လောက်ရှိနေနေ သေရမှာကြောက်ကြော

မကြောက်ကြောက် ငါက မင်းကို လုပ်မှာမဟုတ်ဘူး .."



ပြောပြီး သားညီကို လှမ်းကြည့်လိုက်သဖြင့် အနမ်း မျက်နှာ

ဘင်းသွားသည်။

"တစ်ခါပြောရင်သိတယ် .. ကြိုးဖြည်ပေး .."

အချိန်က ည ဆယ်နာရီထိုးတော့မည်ဖြစ်ကာ ကြိုးပြေသွားတာနှင့်

အနမ်း က အိုဗာတင်းအရင်ဖျော်လိုက်ပြီး ...၊

"သားလေး အဆာလွန်နေပြီ၊ ဒါလေး အရင်သောက်ထားလိုက်

နော် .. မာမီ မြန်မြန်ချက်လိုက်မယ် .."

"ဟိတ် .. အဲဒါ ချထားလိုက် .."

ကလေးဆီကို သွားပေးမည့်ခြေလှမ်းက တုံ့ခနဲဖြစ်သွားသည်။

"ခုံပေါ်မှာတင်ပေးလိုက်၊ သူ့ဘာသာ လာယူသောက်လိမ့်မယ်၊

မင်းကိုကြိုးဖြည်ပေးလိုက်တာ အဲဒီကလေးကို ပြုစုဖို့မဟုတ်ဘူး .."

"ငါ ကြိုးဖြည်နိုင်းတာက ငါ့သားကို ချက်ပြုတ်ကျွေးဖို့ပဲ .."

"မင်း နိုင်းလို့ဖြည်ပေးတာမဟုတ်ဘူး၊ ငါနိုင်းတာလုပ်ဖို့ .."

အနမ်း အံလေးကြိတ်၍ ကိုယ့်ဒေါသကိုဖြေရသည်။ လက်နက်

တစ်ခုခုပြေးယူပြီး သူ့သေကိုယ်သေတိုက်ခိုက်ပစ်ချင်သည့်စိတ်တွေနှင့်...၊

"နင် ဘယ်လောက်ထိလျှင်နိုင်မှာလဲ .. လုပ်ထား .."

စိတ်ထဲကနေ ကြိမ်းဝါးလိုက်သည်။

"သား .. ဒီမှာ လာယူသောက် .."

အိုဗာတင်းကိုချပေးခဲ့ပြီး သူမ မီးဖိုချောင်ဘက်လှည့်ထွက်သွား

တော့ သူ မလှမ်းမကမ်းထိလျှောက်လိုက်လာသည်။

ဒဏ်ရာက နာနေသဖြင့် လူက ခပ်နဲ့နဲ့ဖြစ်နေသည့်ပြင် မီးဖိုရှေ့မှာ

ခဏရပ်လိုက်၊ နောက်ဝင်သွားပြီး ပြန်ထွက်လာလိုက်နှင့် ဘာတွေရှာ

စပ်စုနေမှန်းမသိ ...။

ပြီးတော့ နှစ်ခေါက်လောက်လျှောက်လိုက်ရုံနှင့် ...၊

"မင်း ဘာလုပ်နေတာလဲ .. အနမ်းပွင့် .."

"ဟင်းချက်ဖို့လုပ်နေတာလေ .. နင် မမြင်ဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်းချက်တာ မီးဖိုရှေ့ရောက်မလာဘဲနဲ့ ဆောင်မှာ ဘာလုပ်နေတာလဲ .."

"ငါ ဝယ်ခြမ်းလာတာတွေ ဆေးကြောနေတာပေါ့၊ ဘာမှ မသန့်စင်ဘဲ မီးဖိုပေါ်ကောက်တင်လို့ရသလား .."

"တောက် .."

ဘာမှလည်း ပြန်မပြောတတ်ဘဲ လူကိုရန်တွေ့သလို ကက်ကက်လန် ပြောနေတာကိုလည်း ခံရခက်နေမိသည်။

သူ တက်ခေါက်လိုက်တော့ အနမ်း က လှည့်ကြည့်ကာ ..၊

"နင် အဲ့လောက်ဖြစ်နေရင် မီးဖိုပေါ်ပစ်တင်လိုက်တော့ .. ရော့.."

"ဖတ် ..."

"ဟ !..."

ခြေထောက်တစ်ချောင်း လည်ချောင်းနဲ့ ခေါင်းပါသော ကြက်ကိုယ်လုံးတစ်ခြမ်းက မီးဖိုခုံကြွေပြားပေါ် ဖက်ခနဲကျလာပြီး သူ့ဘက်ကို လျှောတိုက်ပြေးလာလျှင် ..၊

"မင်း ဘယ်လိုလုပ်လိုက်တာလဲ .."

ကိုယ့်ဘာသာ လန့်ဖျပ်ခုန်ရှောင်ပြီးမှ ရှက်ရှက်နှင့် အော်ပစ်မိ၏။ အနမ်းက အသားတွေဆေးကြောနေရင်း လှည့်မကြည့်ဘဲ မဲ့ကာ ..၊

"မြန်မြန်စားချင်ရင် စားလို့ရတဲ့နည်းရှိတာကိုပြောတာ .."

"တောက် ..."

"ဗွမ်း ..."

သွေးသံစိုစိုနှင့် ကြက်တစ်ခြမ်းကို ခြေထောက်အဖျားကကိုင်ပြီး သူမရှေ့က ဘေဇင်ထဲကို ပစ်ထည့်ပေးလိုက်သည်။

ရေတွေ ဗွမ်းခနဲတောင် ပွက်သွားကာ အနီးကပ်ရပ်နေသော အနမ်းရဲ့ ရင်ဘတ်နဲ့ မျက်နှာတွေအကုန်လုံးစိုရွှဲသွားခဲ့၏။

"မာမီ ..."

"ဘာမှမဖြစ်ဘူး သား .. ထမလာခဲ့နဲ့ .."



သားကို ဟိုသတ္တဝါတစ်ခုခုလုပ်လိုက်မှာစိုးရိမ်ပြီး လှမ်းအော်လိုက်မိပေမယ့် မျက်လုံးတွေကို မဖွင့်နိုင်သေး ..။ မျက်နှာကို လက်ခုံနဲ့ကပ်လိုက်တော့ ငါးအကြေးခွံတစ်ခုနဲ့ ထိလိုက်တာသိသည်။

ပိုသေချာတာက သူမ ရင်ဘတ်နဲ့ မျက်နှာဆံစပ်တွေမှာ ကိုင်ထားသည့် သားငါးအညစ်အကြေးတွေ ပေကျံနေလောက်ပြီဖြစ်၏။

"တော်တော်မိုက်ရိုင်းတဲ့ကောင် .."

"မင်း ငါ့ကို ပြိုင်ပြီး ရိုင်းစိုင်းဖို့မကြိုးစားနဲ့၊ နောက်ထပ်ပြီး 'ကောင်' လို့ပြောရင် ဘယ်တော့မှ ထပ်မပြောရဲအောင် မင်းပါးစပ်အထိ နာသွားလိမ့်မယ် .."

လူရမ်းကား ..၊

ခံပြင်းနာကြည်းသည့် ဒေါသတွေနဲ့ အနမ်း မျက်ရည်တွေပါကျ၏။

"ရော့ ..."

တန်းပေါ်မှာ လှမ်းထားသည့် လက်သုတ်ပဝါတစ်ထည်ကို လှမ်းဆွဲပြီး သူမဆီ ပစ်ပေါက်ပေးသည်။

လက်သုတ်ပဝါပေမယ့် မတတ်နိုင် ..။

အနမ်း ကိုယ့်ရင်ဘတ်နဲ့ မျက်နှာပေါ်က အညှီအဟောက်အတို့အစတွေကို အသာလေးထိကပ်ခါချပစ်သည်။ မျက်လုံးဖွင့်လို့ရအောင်လည်း နည်းနည်းပါးပါး တို့သုတ်လိုက်ရကာ ဒီတိုင်းနဲ့ပဲ ဟင်းဆက်ချက်လိုက်သည်။

အားလုံးချက်ပြုတ်ပြီးတော့ ဆယ့်တစ်နာရီခွဲပြီးဖြစ်ကာ သားအတွက် သေချာခူးခပ်ထားလိုက်ပြီး ..၊

"စားလို့ရပြီ .."

"ဟို ပန်းကန်က မင့်သားအတွက်လား .."

"ဟုတ်တယ် .."

"အဲဒါပေး .."

သားရဲ့ဆီကိုရောက်မှ အနမ်း ပြန်လှည့်ကြည့်ကာ ..၊

"ဘာလုပ်မလို့လဲ .. ကလေးက ဆီးအောင့်တတ်လို့ ငရုတ်သီး

www.burmeseclassic.com

www.burmeseclassic.com



အရောင်ပါတာတောင် ကျေးလို့ရတာမဟုတ်ဘူး ..”

“မတတ်နိုင်ဘူး၊ မင်း ငါ့ကို သတ်ပစ်ချင်အောင်မုန်းတီးနေတာ၊ ဒီထဲမှာ အဆိပ်ထည့်ထားရင် ဘယ်လိုလုပ်မလဲ ..”

“နင့်စိတ်နဲ့ နင်နှိုင်းမနေနဲ့၊ ပြင်ထားသမျှ ဟင်းထမင်းတွေ ငါ အရင်စားပြမယ် ..”

ဒါလည်းမဆိုးပါဘူး ..။

သူ ဘာမှမပြောဘဲ နေလိုက်ပေမယ့် အနမ်း ရဲ့ အမုန်းလွန်မျက်လုံးတွေက ကျောက်စိုင်ကျောက်ခဲပေါ် ဓားနဲ့ခုတ်ထစ်လိုက်သည့်နှယ် ..။

သူ့ထံသို့ မီးပွင့်မီးပွားတွေ စင်ထွက်လာတော့မလား ထင်ရ၏။

ပြီးတော့ တကယ်ပဲ ထမင်းနဲ့ဟင်းတွေထည့်နယ်ပြီး လေးငါးဇွန်းမနားတမ်းပါးစပ်ထဲ ထည့်ပစ်သည်။

“ရပြီလား ပန်းကန်ထဲမှာကျန်တဲ့ဟင်းတွေကိုပါ မသက်သာဘူးဆိုရင် အားလုံးထည့်နယ်ပြီး စားပြမယ်၊ နင်ကတော့ ငါ့ရဲ့ စားကြွင်းစာကျန်ကိုစားပေါ့ ..”

သူ့မျက်နှာ မည်းခနဲဖြစ်သွားတော့ သူမက မဲ့သည်။

ဒီမိန်းမ သတ္တိကောင်းတာတော့ သူ ဘယ်လိုမှ အသိအမှတ်မပြုဘဲ မနေနိုင်တော့အောင်ပင် ..။

ဒါတောင် ကလေးရှိနေလို့ ..၊

မဟုတ်ရင် လူကိုမနိုင်နိုင်ရာနဲ့ ပြန်ခံသတ်မှာသေချာသည်။

ထမင်းဆာဆာနှင့် သူမရဲ့ မျက်စောင်းတွေကို ဆားချိတ်ထားလိုက်ရသည်။

ချက်ပြုတ်ထားသည့်အရသာက ကောင်းပေမယ့် မသထာသည့်ထမင်းမှန်းသိနေသဖြင့် ထမင်းလုတ်တိုင်းကို ရေတစ်ကျိုက်နှင့် မျှောချနေရင်း ..၊

♥♥♥



# အခန်း (၄)

“ဒီမှာ .. ငါ ဒီမှာနေမယ့်သုံးရက်အတွက် ..”

သူ့လက်မှာ စွပ်ထားသည့် လက်စွပ်ကိုချွတ်ပြီး ချပေးလိုက်တော့ ကလေးကို ရေတိုက်ရင်း သူမက လှည့်ကြည့်သည်။

သိပ်အလှမ်းမကွာတာကြောင့် စားပွဲပေါ်တင်လိုက်သည့် ပလက်တီနမ်ကွင်းလုံးလက်စွပ်ကို သေချာမြင်လိုက်ရ၏။ နဂါးအကြေးခွံပုံစံတွေ အရစ်ဖော်၍ စိန်လုံးလေးတွေမြှုပ်ထားပုံပေါ်၏။

မီးရောင်ဖွေးဖွေးအောက်မှာ ဖျတ်ဖျတ်လက်နေသဖြင့် မက်မောလောက်အောင်လည်းလှလေသည်။

“အဲ့ဒါ ဘယ်လောက်တန်မလဲတော့မသိဘူး၊ တန်တန်မတန်တန် ရတနာပစ္စည်းတွေကို စိတ်လည်းမဝင်စားဘူး၊ မင်း အဲဒါကို ယူလိုက် ..”

“နင့်လက်ထဲကပစ္စည်းကို မက်မက်မောမော လက်ခံရအောင် ငါက ရူးနေတာမို့လို့လား ..”

“ဘာ ...”

www.burmeseclassic.com

www.burmeseclassic.com



လူကိုသူခိုးကျိုးလို ပြောချလိုက်တာမို့ ခြား မျက်နှာ ရဲခနဲဖြစ်သွားသည်။

"မင်းဟာမင်း ရှူးရှူးမရှူးရှူး ငါကလည်း သူများမသထာရေစာကျွေးတာ စားပြီး ထမင်းရှင်ဖြစ်လာမယ့် မင်းကို ကျေးဇူးရှင်လို သဘောမထားနိုင်ဘူး .."

"ဒါကတော့ နင့်သမိုင်းပဲလေ၊ ကျေးဇူးမတင်ချင်ရင် မစားနဲ့၊ စားပြီးလို့ ကျေးဇူးမကန်းရမှန်းနားလည်ရင်လည်း မင်းရဲ့ ရိုင်းစိုင်းမှုတွေကို လျှော့ .."

"မင်းလည်း တော်တော်အကြောတင်းတဲ့မိန်းမပဲ အနမ်းပွင့် .."

ပန်းကန်တွေ လာကောက်သိမ်းရင်း ကြည့်လိုက်သည့်မျက်လုံးက လျှပ်စီးလက်သွားသလိုပင် ..။

"မင်း .. အဲ့ဒီလို သားပြောမယားပြောစကားလုံးတွေနဲ့ ငါ့ကို မပြောနဲ့ .."

"မတတ်နိုင်ဘူး၊ မင်းကိုယ်တိုင်က သားပြောမယားပြောပြောပေးစမ်းပါဆိုရင်တောင် ဘယ်ဟာက အဲ့လိုစကားလဲ ငါမသိဘူး၊ ပြောတတ်သလိုပြောလိုက်တာ .."

"တောက် .."

"အဲ့ဒါကိုယူလိုက် .."

"မယူနိုင်ဘူး၊ နင့်ရဲ့ ခိုးရာပါစွည်းက သိန်းထောင်ချီတန်နေလည်း အဲဒီတန်ဖိုးက ငါ့ချွေးနည်းစာနဲ့ စားရတဲ့ ထမင်းတစ်နပ်ပေါ် ဖုံးလွှမ်းသွားမှာမဟုတ်ဘူး၊ နင် သိပ်မာနကြီးတယ်ဆိုရင် ဒီက အစားအစာဆိုရေတောင်မသောက်နဲ့ .."

"ဟ .. မင်းက ရင့်လှချေလား .."

သူမက ပန်းကန်ကိုင်ပြီး ထွက်သွားဖို့ပြင်လျှင် သူက လက်ကို ဖမ်းကိုင်ထားလိုက်ကာ ..၊

"အဲဒါတွေပြန်ချလိုက် .."



"ဘာ!..."

"ငါ မင်းလက်ကို ပုတ်ချလိုက်လို့ရတယ်နော်၊ ဟိုမှာ မင့်သားငိုက်နေတာ လန့်သွားမှာစိုးလို့ .."

မျက်နှာနှစ်ခုသည် အနိမ့်အမြင့်တစ်ပေလောက်အကွာအဝေးတွင် ဆန့်ကျင်ဘက်သက်ရောက်မှုများနှင့် ကြာမြင့်စွာဆုံဆည်းခဲ့ကြပြီး ဘယ်သူကမှလည်း မျက်နှာမလွှဲခဲ့ဘဲ ..၊

"လွှတ်လိုက် ..."

"မင်း ကိုင်ထားတာတွေ ပြန်ချလိုက် .."

အနမ်း က ပန်းကန်အထပ်လိုက်ကို စားပွဲပေါ်ချလိုက်လျှင် ခြားက သူမရဲ့ ဘယ်ဘက်ကိုဆွဲယူလိုက်ပြီး လက်သူကြွယ်လေးမှာ လက်စွပ်ကို စွပ်ပေးလိုက်သည်။

အနမ်း မျက်နှာမှာ ရဲခနဲဖြစ်သွားကာ လက်ကိုအတင်းပြန်ဆောင့်ရုန်းၡ၏ ။ ဒီလိုဖြစ်မှာသိပြီးသားမို့ ခြား က သူမလက်ခုံတစ်ခုလုံးကို ကျိုးကြေမတတ် ဖိဆုပ်ထားလိုက်ပြီး ..။

"အဓိပ္ပာယ်မရှိတာတွေ တွေးမနေနဲ့ အနမ်းပွင့်၊ မင်းရဲ့ မျက်စောင်းတွေကလွင့်လာတဲ့ ထမင်းကို မျိုချနိုင်ဖို့အတွက် ဒါကိုပေးတာ မင်းယူရမယ် .."

အနမ်း က လက်အနာခံပြီး ဖိလိမ်ရုန်းနေရင်း ..၊

"နင့်ကို ဘယ်သူကကျွေးချင်လွန်းလို့လဲ .. ငါ့သားကြောင့်သာ မဟုတ်ရင် အဲဒီထမင်းကို မျက်စောင်းနဲ့မဟုတ်ဘူး အဆိပ်ပါထည့်ကျွေးမှာ .."

"ကောင်းတယ် .. ဒီလက်စွပ်ကို လက်ခံထားတာလည်း ခေါင်းထဲထည့်ဖို့မလိုဘူး၊ ငါ့ကိုဒုက္ခပေးဖို့ မင်းကြိုက်သလိုကြိုးစား၊ မင်းထက်ငါညံ့ခဲ့ရင် အဆိပ်မိလို့သေရင်တောင် ငါ့မိုက်ပြစ်နဲ့ ငါ .."

အနမ်း က လက်သီးဆုပ်လေးကို ဖိကျစ်ဆုပ်ရင်း သူ့မျက်နှာကို စူးစူးဝါးဝါးကြည့်သည်။ ခြား က အေးစက်စက်ကြည့်နေပြီး မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



အစုံက သူမရဲ့ နဖူးဆံစပ်လေးတွေဆီ ရွေ့လျားသွားသည်။ ဆံပင်တွေပေါ်မှာ သွေးခဲတစ်ချို့နဲ့ အကြေးခွံတွေ ..။

သူ နှာခေါင်းရှုံ့၍မဲ့သည်။ ပြီးတော့ လက်ကိုလွှတ်၍ လှည့်ထွက်သွား၏။

ပြီးတော့ ချက်ချင်းပြန်လှည့်ကြည့်ကာ ..၊

"မင်းလက်မှာ အဲ့ဒါကိုမတွေ့တာနဲ့ ငါ ဘာလုပ်မယ်ဆိုတာ သိချင်ရင် စမ်းကြည့် .."

မာထန်ပြတ်တောက်သည့် လေသံသည် စူးရဲသောမျက်လုံးအစုံကြောင့် တကယ်သွေးအေးရက်စက်သည့်အသွင်ကို ဆောင်နေသည်။ ပြီးတော့ ကုလားထိုင်တစ်လုံးကို ခြေထောက်နဲ့ရွှေ့ယူကာ နံရံမှာ ကပ်ထိုင်လိုက်ပြီး သူမ လှုပ်ရှားသွားလာနေသမျှကို လိုက်ကြည့်နေရင်း ..၊

"မင်းကိစ္စတွေ ဘယ်တော့ပြီးမှာလဲ .."

အနမ်းက လှည့်ကြည့်ပြီး ဘာမှမဖြေဘဲ နောက်ဖေးတံခါးဖွင့်လိုက်လျှင် ..၊

"ဟိတ် .. နေဦး .."

သူ အသံကျယ်ကျယ်အော်မိသွားကာ ဖျတ်ခနဲထလိုက်ပြီးမှ ဒဏ်ရာကြောင့် လူက ညွတ်သွားသည်။

သို့သော် ခပ်ကုန်းကုန်းပုံစံနှင့် သူမနားရောက်သွားကာ ..၊

"ငါ ဝင်ကြည့်မယ် .."

ရေချိုးခန်းက မကျဉ်းမကျယ်ဖြစ်ကာ ကြွေပြားတွေအပြည့်ကပ်ထား၏။ သာမန်တိုက်ခန်းပဲမို့ ရေချိုးကန်တွေ ဘာတွေမရှိပေ။ အထဲမှာ ရေစည်တစ်လုံးနှင့် အသုံးအဆောင်ပစ္စည်းလေးတွေ ရှိနေသောဆောဇင်နဲ့ နံရံကပ်မှန်တင်ခုံလေးတစ်ခု ..။

"မင်းကိစ္စတွေမြန်မြန်လုပ် .. ငါအိပ်ချင်နေပြီ .."

"ဘာ!..."



"ဟော့ .. မအော်နဲ့ .."

သူ့မျက်နှာကလည်း တင်းနေကာ ..၊

"မင်းကို ကြိုးတုပ်ထားပြီးမှ ငါအိပ်လို့ရမှာ .."

"အား ..."

"ဂျိမ်း .."

ရေချိုးခန်းထဲကို ပခုံးကနေတွန်းထည့်လိုက်ကာ တံခါးကိုလည်း ဆောင့်ပိတ်ပစ်၏။

အထဲမှာ အနမ်း ကံကောင်းလို့ ချွေးလဲဝက်လဲမလဲခဲ့ခြင်းပင် ..။ တိရစ္ဆာန်ကောင် ..။

❤❤❤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ပြန်လိုက်သွားပါ သမီးရယ်၊ ညည်းကို အမေက ဆိုင်သာဆိုင်တာ မပိုင်တော့ဘူး .."

"သမီး မပြန်ပါရစေနဲ့၊ သူ့ကို သမီး အရမ်းကြောက်တယ်၊ သမီးတို့ ဒီကနေ ပြေးကြမယ်လေနော် အမေ၊ သမီးမှာ ပိုက်ဆံပါပါတယ် .."

"မဖြစ်နိုင်ဘာ သမီးရယ် .. လင်နဲ့မယား ရင်းနှီးဆုံးပေမယ့် ကွဲကြပြီဆို သူစိမ်းတွေဖြစ်သွားကြတာပဲ၊ ဒါပေမယ့် သမီးတို့မှာ ကလေးရှိနေပြီလေ၊ သူ့သားနဲ့ပတ်သက်ပြီး သူ့မှာ အခွင့်အရေးအပြည့်ရှိတယ်.."

"ဒါဆို သမီးကိုပြန်သွားခိုင်းနေတာလားဟင် .. အဲဒီယောကျ်ားနဲ့ ဆက်ပေါင်းနေရရင် သမီးသေမှာ အမေရဲ့ .."

"သမ်းရယ် .. ညည်း ညီမလေးကလည်း ကျောင်းပြီးဖို့ တစ်နှစ်လို သေးတယ် .."

"ညီမလေး ကျောင်းပြီးအောင် သမီးထားနိုင်ပါတယ်၊ နောက်ပြီး အမေ့ရဲ့ ရင်ကျပ်ရောဂါကိုလည်း .."

"မဟုတ်ဘူး သမီး .. အမေတို့မှာလည်း အခြေအနေနဲ့ စီးပွားရေးနဲ့



ဒါပေမယ့် တဲကုပ်လေးပျက်သွားရင် တဲကုပ်လေးပြန်ဖြစ်အောင် ဖန်ဖာထေးလို့ရနိုင်ပေမယ့် ရဲတိုက်ကြီးတစ်လုံး အိုဟောင်းသွားပြီဆိုတော့ အဲဒီစရိတ်မှ မတတ်နိုင်ရင် ပြိုကျတဲ့အထိ ထိုင်ကြည့်နေရတာ .."

"အဖေ့ကို ဒီလူချေးငှားကူညီခဲ့တာတွေက သမီးနဲ့ လက်ထပ်လိုက်ည်းက အားလုံးပြီးခဲ့ပါပြီ၊ သမီးကိုရရင် အားလုံးချေပေးပါ့မယ်လို့ ကတိပေးခဲ့တာလေ .."

"နှုတ်ကတိဆိုတာ သစ္စာမဲ့ချင်လည်း နှုတ်ခမ်းဖျားတစ်ချက်လှုပ် သမီး၊ သမီးရဲ့ အဖေလည်း ဒီစိတ်နဲ့ပဲ ဆုံးခဲ့ရတာ .."

"အဲဒါကြောင့် ဒီလူယုတ်မာတာပေါ်လွင်တာပဲ အမေ .. သမီးတို့ ာမှမကျွမ်းကျင်ဘဲ အလုပ်တွေက သူ့လက်ထဲပဲပြန်ရောက်သွားတာ ၊ သမီး သူ့မိန်းမဖြစ်သွားတာပဲ အဖက်တင်ခဲ့တာ .."

"ဒါပေမယ့် အမေတို့ သဘောတူလို့ခေါင်းညိတ်ခဲ့ကြတာတွေပဲ၊ မေတို့ အပြစ်ပါ သမီးရယ်၊ သမီးတို့ကို အမေတို့က .."

"အဲဒါတွေ မပြောပါနဲ့တော့ အမေ၊ အခု သမီးတို့ပြေးကြမယ် ၊ သမီးမှာ သူ့လက်ဆောင်ပေးထားတဲ့ လက်ဝတ်ရတနာတွေပါတယ်၊ မီး ပိုင်တယ်ထင်တာတွေပဲ ထည့်ခဲ့တာပါ၊ သူပိုင်တာဆို မီးခံသေတ္တာထဲ ပိုက်ဆံကိုတောင် သမီးအတွက် ဘာမှယူမသုံးခဲ့ဘူး .."

"မဖြစ်ဘူး သမီး .. သမီးဘက်က ဘယ်လောက်ပဲကင်းရှင်းကြောင်း ိုင်ပေမယ့် သူ့မိန်းအဖြစ်ကနေ ကိုယ့်သဘောနဲ့ကိုယ် နှုတ်ထွက်လို့ ဘူး၊ မြေးလေးက သူ့သား .."

"သားကို သူနဲ့ထားရင် သူ့လိုပဲ ဒုစရိုက်သားကောင်ဖြစ်လာမှာပဲ၊ မီး သူ့ကို ပြန်မပေါင်းဘူးလို့ ဆုံးဖြတ်ပြီးပြီ၊ သမီးကို မပြန်ခိုင်းပါနဲ့ မေရယ် .."

"မမရေ .. မမယောကျ်ား လိုက်လာပြီ .."

"ဟော့တော့ .. သမီး .. သမီးရေ .. မပြေးပါနဲ့ကွယ် .. သမီး .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. သမီး ပြန်မလိုက်ဘူး .."

"ဟုတ်ပါပြီ .. အမေ သူနဲ့ပြောကြည့်ပါမယ်၊ အဲ့လိုမလုပ်ရဘူး -

"အနမ်း .. မင်း အထဲမှာရှိတယ်မို့လား .. ထွက်လာခဲ့ ငါ့မှာအချိ မရှိဘူး .."

"ဟော့ .."

"သမီး .. မဟုတ်ဘူး၊ မလုပ်ရဘူး .. အမေရှိနေသားနဲ့ သမ ဒီလိုလုပ်ရင် .."

"အို .. မမ .. ဒီလောက်ကြောက်နေတာ ပြေးပေ့စေ .."

"မဖြစ်ဘူး .."

"အနမ်း .. ဟော့ .. ကလေးပါခေါ်ပြီး ခုထွက်လာခဲ့နော်၊ ငါ မင်း ဝင်ခေါ်ရရင် စိတ်ညစ်စရာတွေဖြစ်ကုန်လိမ့်မယ် .."

"ဟာ .. ဟိုမှာ .. ဟိုမှာ ဆရာ နောက်ကထွက်ပြေးပြီ .."

"လိုက်စမ်း .. ကားနဲ့လိုက်ကြ၊ ကလန်ကဆန်တွေလုပ်လာ ကလေးခေါ်ထားပြီး ကားနဲ့တိုက်သတ်ပစ်ခဲ့ .."

"နေပါဦး .. ငါ့သမီးကို ငါ ပြန်ခေါ်ပေးပါ့မယ်၊ မလုပ်ကြပါ သမီးရေ .."

"လူယုတ်မာ .. နင် .. နင် ငါ့အသားကိုမထိနဲ့ .. သွား .. ထွက်သွာ

အော်သံတစ်ချက်က နားထဲကို ချွန်ထက်တဲ့အရာတစ်ခုခုနဲ့ ဆော ထိုးလိုက်သလို စူးရှစွာဝင်လာသည်။

သတိနဲ့အိပ်နေတာမို့ ခြား ဖျတ်ခနဲလန့်နိုးသွား၏။

"လူယုတ်မာ .. လူလိမ် .. လူညာ သွား .."

"ဟော့ .."

သူ ထဖို့ပြင်လိုက်ကာမှ ဒဏ်ရာကနာနေသဖြင့် ဖြည်းလေး အားယူနေရသည်။

"ဟင့်အင်း .. ဟင့်အင်း .. မလိုက်ဘူး .. သားကိုမခေါ်နဲ့၊ ကယ် ပါဦး .."



"ဟိတ် .. အနမ်းပွင့် .. ဟော့ .."

"မလိုက်ဘူး .. အဟင့် .."

"ဟား .. သွားပြီ .."

ခေါ်လို့မရသည့်အဆုံးမှာ သူမ ပခုံးကို ကိုင်လှုပ်နိူးလိုက်တာနှင့် အသားတွေက မီးကင်ခံထားရတဲ့အတိုင်း ..။

ဘယ်လိုဖြစ်ရတာလဲ သစ်သားစစူးထားသည့်ဒဏ်ရာကြီးနဲ့ ဆေး ကုရ ဆေးမထိုးရ ဒီတိုင်းနေနေရတာက သူပါ။ သူမက ဘာကြောင့် အပြင်းအထန်အဖျားကြီးနေရတာလဲ ..။

ဒီဘက်မှာပြန်ကြည့်လိုက်တော့လည်း ကလေးက ဆိုဖာနဲ့စားပွဲ ဆက်ခံပေးထားတာတောင် ဆိုဖာပေါ်မှာ အိပ်မောကျနေကာ ကန့်လန့် လေးဖြစ်နေသည်။

"ဟင် .. ဟင်း .. အား .. မလိုက်ဘူး အမေရေ .."

"အနမ်းပွင့် .. အနမ်းပွင့် ဟော့ .."

"ဟင်!..."

ခေါ်တိုင်းထူးနိုင်လာသည်။ မျက်လုံးတွေကတော့ မပွင့် ..။

သူမရဲ့ ဘေးမှာ မတ်တတ်ရပ်နေရင်း ရုတ်တရက် သူ ဘာလုပ် ရမှန်းမသိဖြစ်နေမိသည်။ ဒီတိုင်းကြည့်နေရင်တော့ အဖျားကြီးပြီး သေသွားနိုင်၏။

ဒါပေမယ့် ဘာလုပ်ရမှန်းလည်း သူ မသိ ..။

"အား ..."

သူ့ဒဏ်ရာကလည်း အထိုင်အထ လှည့်လိုက် ငုံ့လိုက်တာတွေမှာ အသည်းခိုက်အောင်နာနေသည်။

ခိုလှုံဖို့အတွက် သူများအိမ်ပေါ်တက်ပြီး သူခိုးစားပြလိုကြမ်းရမ်း နေရသည်။ ကိုယ်ကမခိုလှုံရဘဲ သူမကို ပြန်ပြုစုရမည့်အဖြစ်ကတော့ သိပ်မဟုတ်တော့ဘူး ထင်သည်။

နေပေ့စေ .. ကိုယ့်သမိုင်းနဲ့ ကိုယ်ပဲ ..။

www.burmeseclassic.com

www.burmeseclassic.com



"အား ..."

သူ့ဒဏ်ရာကလည်း အတိုင်အဖော လှည့်လိုက် ငုံ့လိုက်တာတွေ အသည်းခိုက်အောင်နာနေသည်။

ခိုလှုံဖို့အတွက် သူများအိမ်ပေါ်တက်ပြီး သူခိုးဓားပြလိုကြမ်း နေရသည်။ ကိုယ်က မခိုလှုံရဘဲ သူမကို ပြန်ပြုစုရမည့်အဖြစ်ကတော့ သိပ်မဟုတ်တော့ဘူးထင်သည်။

နေပေ့စေ .. ကိုယ့်သမိုင်းနဲ့ ကိုယ်ပဲ ..။

ပြန်လှည့်လာပြီး သူနေ့ရာမှာ ပြန်ထိုင်လိုက်သည်။

သားအမိနှစ်ယောက်ကို အိပ်ခန်းထဲမဝင်စေဘဲ ကလေးကို ဒီတို ထားကာ သူမကိုတော့ ခြေလက်တွေကို ကြိုးတုပ်ထားခဲ့သည်။

နဖူးနဲ့ ဒူးနဲ့ ထိကပ်မတတ်ကွေးနေသဖြင့် ပြန်ထလာပြီး လ နောက်ပြန်တုတ်ချည်ထားသည့်တိတ်ပ်တွေကို ဖြည်ပေးလိုက်သည်

လက်တွေ အားသွားတာနှင့် သူမ ဆိုဖာပေါ်မှာ ပုဇွန်တုပ်ကွေး ဖြစ်သွားသည်။ ပြီးတော့ အင်္ကျီလက်ဝ ခါးဝတွေဆွဲချ ထမီဆွဲချ စောင်ခြုံဖို့ကြိုးစားနေတာကို ရပ်ကြည့်နေမိပြန်သည်။

"ကျွတ် ..."

စောင် ဘယ်မှာလဲ ..။

အေးဆေးသွားအိပ်နေလိုက်ဖို့စိတ်ကူးက သူမရဲ့ တဟင်းဟင်းညည်း ညူသံကြောင့် အိပ်လို့လည်းမရတော့ဘဲ စိတ်ဖိစီးလည်းတိုလာမိကာ ..

"ဟိတ် ..."

သူမရဲ့ မျက်နှာနားမှာ လက်ဝါးနဲ့ကပ်ရိုက်ပစ်လိုက်ကာ စိတ်တို အတိုင်း အော်လိုက်မိ၏။

သို့သော် လူမမာက နိုးမလာဘဲ ကလေးက ငုတ်တုတ်လေးထ လာ၏။

"ဦး .. မာမီ ချမ်းနေတာလား ဟင် .."

"ဟုတ်တယ် .. ရေနွေးအိုးတည်ပြီး လောင်းပေးဖို့စဉ်းစားနေတ



တောက် .."

ကိုယ့်ဘာသာတောင် တစ်ယောက်ထိုင်ဆိုဖာပေါ်မှာ ငုတ်တုတ်ငိုက်ရင်း ဒဏ်ရာနာနေတာကို ဒုက္ခရစရိယကျင့်နေရသည်။

သင်းက အလကားနေရင်း ဘာထဖြစ်တာလဲ ..။

"ဦးဦး မာမီ့ကို စောင်ခြုံပေးလိုက်ပါ ဦးဦးရယ် .. မာမီ ချမ်းနေလို့ပါ .."

"မခြုံပေးနိုင်ဘူး၊ ငါက မင်းတို့ကို ရေပူရေချမ်းကမ်းလှမ်းပြုစုဖို့လာတာမဟုတ်ဘူး .."

"ဒါဆို .. သားသား စောင်သွားယူပြီး ခြုံပေးလိုက်မယ် .."

"ခြုံပေးလိုက် .. ဟာ .. ဟော့ နေဦး .."

ခွင့်ပြုလိုက်တာနှင့် ကလေးက ဆိုဖာပေါ်ကဆင်းပြီးသားဖြစ်သွားကာ သူ ကမန်းကတန်းလက်ကို ပြန်ဆွဲထားလိုက်ရင်း ..။

"ဘယ်မှာလဲ စောင်က .."

"အခန်းထဲမှာ .."

သူ စဉ်းစားလိုက်သေးသည်။ ဒါပေမယ့် ကလေးငယ်လေးကို ဒီလောက်ထိ အလေးထား သံသယများနေမိသည့်အတွက် ကိုယ့်ဘာသာ ကဲ့ရယ်လိုက်မိရင်း ..။

"သွားယူလိုက် .."

"သား မမီဘူး .."

"ဘာ ..."

စိတ်ရှည်သည်းမခံနိုင်ခြင်း စားပွဲခုံကိုလွှဲကန်ပစ်လိုက်မိသည်။ ထိုအခါ စားပွဲစွန်းမှာ ရှိနေသောရေခွက်တင်သည့် ယွန်းလင်ဗန်းလေးနဲ့ တစ်ရှူးဘောက်စ်က နန်းပေါက်ဆင်းသွားခဲ့ပြီး ..။

"တစ်အိမ်လုံး မီးပုံရှို့လိုက်ရရင် မကောင်းဘဲရှိတော့မယ် .."

ကိုယ့်ဒေါသကိုယ်မနိုင်ဘဲ ထင်သလိုလုပ်နေမိကာ ဒဏ်ရာက နေရာ ခက်လောက်အောင် နာကျင်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ...၊

ပူနွေးစေးပျစ်သော အရည်တွေ စီးကျလာတာ ခံစားမိလိုက်တည်က သွေးဆိုတာသိလိုက်သည်။

တစ်ရှူးဘောက်စ်ကို ပြန်ကောက်ပြီး တစ်ရှူးတွေဆွဲထုတ်၍ ဒဏ်ရာအောက်ကနေ ပွတ်သုတ်ကြည့်လိုက်တော့ တကယ်ပဲသွေးတွေ ဖြစ်နေ၏။

သူ့ကိုယ်မှာ အတွင်းအင်္ကျီရော ဂျာကင်ရော ဘာမှရှိမနေခဲ့ပေ ... အိုက်တာလည်း မခံနိုင်၊ ဒဏ်ရာလည်းရှိနေသဖြင့် ချွတ်ထားလိုက်တာ ဖြစ်၏။

တစ်ရှူးတွေဆွဲထုတ်လိုက် သုတ်လိုက်လုပ်နေရင်း စောင်သွားယူပေးဖို့ကိစ္စကိုမေ့သွားသည်။

"ဒုန်း ..."

"အား ..."

အိပ်ခန်းထဲက ပြုကျသံကြီးက နည်းနည်းနှောနှောမဟုတ် ...။

ဘာဖြစ်သွားပြီမှန်းသိလိုက်သည်နှင့် ခြား မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားခဲ့ပြီး ...၊

"မသေသေးဘူးလား ဟေ့ကောင် .."

ဒေါသဖြစ်သလောက် လှမ်းအော်လိုက်ရင်း သူ ဝင်သွားတော့ ..

"ဟား ..."

ခုံတွေဆင့်တက်ပြီး ဗီရိုပေါ်က စောင်ကို တက်ယူပုံပေါ်ကာ သူ ဝင်သွားတော့ ချာတိတ်က ကြမ်းပေါ်မှာ ငုတ်တုတ်လေးထိုင်ကာ ဆစ်ကို ဖိထားပြီး ကြိတ်ရှုံ့နေ၏။

"ဘာလဲ .. ဘာဖြစ်သွားတာလဲ .."

"သား လက်မှာ သွေးတွေ .."

"ဘာ!..."

"လက်ဆန့်လို့မရတော့ဘူး ဦး .. အား နာတယ် .."



ခြား မျက်လုံးတွေမှိတ်ပစ်လိုက်မိကာ 'ကျွတ်' ခနဲဖြစ်လေသည်။ ကိုယ့်နဖူးကိုယ်ရိုက်ပြီး 'မင်းသေလိုက်တော့ နေ့ရက်ခြား' လို့ပြောရမလား ..။

ဒါမှမဟုတ် ပြတင်းပေါက်ရှိရာပြေးပြီး ခုန်ချလိုက်ရမလား ..။

ခါးထောက်မိလိုက် ဆံပင်တွေထဲ လက်ရောက်လိုက်နှင့် တစ်ဖက်ကလည်း ဒဏ်ရာကို ဖိထားရသေးသည်။

"မင်းကို ဘယ်သူခိုင်းလို့ ခုံတွေခုပြီး ဒီပေါ်တက်တာလဲ၊ မင်းက ဘာကောင်လဲ .. လူကြည့်တော့ အရပ်လေးတစ်ထွာတစ်မိုက်လောက်နဲ့ ဘာလဲ .. မင်းကိုယ်မင်း မအေအတွက် အားကိုးရတဲ့သားဆိုပြီး လူစွမ်းကောင်းလုပ်ပြတာလား .."

ကလေးက သူ့စကားတွေကိုတောင် ကုန်စင်အောင်နားလည်ရဲ့လား မသိ ..။

ဒါပေမယ့် စိတ်ရှိလက်ရှိ ပြောနေမိကာ ကိုယ့်ကိုယ်ကိုယ် မချင့်မရဲ ဖြစ်ရင်း တက်တွေခဏခဏခေါက်နေမိလျက် ..။

"နေဦး ဓားယူပေးမယ်၊ အဲ့ဒီလက်ကိုလက်မောင်းကနေ ကပ်ဖြတ်ပစ်လိုက်တော့ .."

"ဟင့်အင်း .. ဖြတ်ဘူး .. ဖြတ်ဘူး .. ကြောက်ပါပြီ သား လက်ကို မဖြတ်ပါနဲ့ .."

အခန်းထောင့်ကို နောက်ပြန်လေးခြေကန်ဆုတ်၍ ဟီးခနဲငိုချလိုက်တော့ ညဥ့်ယံမှာ ကလေးအသံက အောင်မြင်ခန့်ညားစွာထွက်လေသည်။

"ဟိတ်ကောင် .. တိတ်စမ်း .. ခုပါးစပ်ပိတ် .."

အနားကိုလွှားခနဲရောက်သွားသည်နှင့် သားညီရဲ့ ငိုသံလေးကွဲခနဲ ပျောက်သွားလေသည်။

ဒေါသထွက်နေလို့ပြီးမှာမဟုတ်မှန်း ကိုယ့်ဘာသာ မရေမတွက်ချုပ်တီးဆင်ခြင်ရင်း ခါးထောက်၍ အတန်ကြာငြိမ်သက်နေမိသည်။

"ဦးဦး .. မာမီ့ကို စောင်ယူပေးပါ .."

www.burmeseclassic.com

www.burmeseclassic.com



ပခုံးလေးတွန့်အောင်ရှိုက်ရင်း မကြောက်မရွံ့တောင်းဆိုနေသေးသည်။

ကိုယ်သာလျှင် ဒေါသတွေထွက် ပေါက်ကွဲနေခဲ့တာ အရှုံးလို ..။

"ကောင်းတယ် .. မင်းကို ငါ ဆရာခေါ်ရမှာပေါ့ .."

စောင်ကို လှမ်းဆွဲလိုက်တော့ အထပ်လိုက်ပြိုကျလာသည်။ ဆုပ်ကိုင်ထားသည့်စောင်ကလွှဲ၍ တခြားစောင့်တွေကို ဖြစ်သလိုရိုက်ထုတ်ခါချပစ်လုက်၍ အပြင်ထွက်လာခဲ့လျှင် ..၊

"တင်း .. တောင်!..."

"ဒေါက် .. ဒေါက် .."

တံခါးလည်းခေါက်နေသည်။ လူခေါ်ဘဲလ်လည်းနှိပ်နေ၏။ နာရီကြည့်လိုက်တော့ ညဉ့်တစ်နာရီထိုးတော့မည်။ ဘာလဲ .. ဘယ်ကသည့်သည်လဲ ..။

ရုတ်တရက် နေရာမှာပဲရပ်နေမိရင်း ဘာလုပ်ရမလဲစဉ်းစားနေမိ၏။

သူ့မှာ အစိုးရပြစ်ဒဏ်သင့်ဖွယ် မကောင်းမှု ဘာမှမရှိပေ။ ဒါပေမယ့် လူသိခံလို့မဖြစ်တာလည်း အမှန်ပင်။ ပိုဆိုးတာက သူများအိမ်ကို အနုကြမ်းစီးထားခဲ့သည့်အဖြစ်ကြောင့် တစ်ယောက်ယောက်မှ သိလို့မဖြစ်..။

"ဦးဦး .."

"ဟော့ .. တိတ်တိတ်နေစမ်း .."

သူ စောင်ကို ကိုင်ထားလျက်နှင့် သားညီလေးကို အခန်းထဲပြန်ဆွဲထည့်ကာ ..၊

"ဒီမှာငြိမ်ငြိမ်လေးနေ .. ငါကမခေါ်ဘဲ အသံတစ်ခုခုထွက်လာတာနဲ့ မင့်အမေကို ရေနွေးပွက်ပွက်ဆူတဲ့ထဲ ထည့်ပြုတ်ပစ်မယ် ကြားတယ်နော် .."

ကောင်းကောင်းကြိမ်းဝါးခဲ့ပြီးမှ စောင်ကို အနမ်း ရဲ့ ကိုယ်ပေါ်အလုံးလိုက်ပစ်တင်ခဲ့ပြီး တံခါးဆီလျှောက်လာခဲ့၏။

"တင်း .. တောင် ..."



သူ အတွင်းတံခါးဖွင့်လိုက်ပြီး အပြင်မီးပါဖွင့်ကာ ..၊

"ဘာကိစ္စရှိလို့လဲ .."

အပြင်မှာရပ်နေသည့် လင်မယားနှစ်ယောက်ဖြစ်ပုံရသော အသက်လေးဆယ်ဝန်းကျင်အရွယ် စုံတွဲက သူ့ကိုမြင်တော့ အံ့သြသွားကြ၏။

ပြီးတော့ အတွင်းမီးရောင်ကို ကျော်ပေးကာ အပြင်မီးကလည်း ဘာဂျာတံခါးကြားက မစို့မပို့မို့ ခြား ရဲ့ မျက်နှာကိုသေချာကြည့်အောင်ကြည့်လိုက်သေးသည်။ ပြီးမှ ..၊

စတိုင်လ်ဘောင်းဘီရှည် အင်္ကျီဗလာနှင့်ပုံစံကို သတိထားမိပြီးနောက်ပြန်ရို့ကာ ..၊

"မင်းတို့အထပ်က တစ်ညလုံးထုထောင်းအော်ဟစ်နေကြတာ အောက်မှာ ဘယ်လိုမှနေလို့မရလို့ လာပြောတာ .."

"ဟုတ်တယ် .. ညဦးတုန်းက ညဦးမို့လို့ထားပါတော့၊ အခု တစ်နာရီပဲထိုးနေပြီကွာ .. ပတ်ဝန်းကျင်ကို နည်းနည်းပါးပါးအားနာသင့်တာပေါ့ .."

"ဒေါသထွက်လို့ပေါက်ကွဲနေတာပဲ ပတ်ဝန်းကျင်အတွက် ဒေါသတစ်ဝက်ချန်ပြီး ဖြစ်နေရမှာလား .."

"ဟင်!..."

"ဟ .. မင်း ရိုင်းလှချေလား .."

"ပြောပြတာ .. တစ်ခါမှ ရန်မဖြစ်ဘူးတဲ့ လင်မယားမရှိဘူး၊ အစဉ်သဖြင့် သင့်မြတ်သာယာနေတဲ့မိသားစုဆိုတာလည်းမရှိဘူး၊ ဘယ်သူဖြစ်ဖြစ် တစ်ခါတစ်လေ ဒီလိုကြုံကြရတာပဲ၊ ခင်ဗျားတို့လည်း ကိုယ့်ပတ်ဝန်းကျင်ကို နားလည်ပေးဖို့တာဝန်ရှိတယ်မထင်ဘူးလား .."

ပြောဆိုတားဆီးဖို့လာတဲ့လူတွေကပဲ ပြန်တောင်းပန်ရတော့မလိုလို ..။

လူပုံကြည့်တော့ အရပ်ကခြောက်ပေအောက်တော့မကျနိုင် ..။ ရင်အုံပြန့်ပြန့် ဗိုက်သားရှပ်ရှပ်မို့ လှိုင်းတွန့်ပေါ်နေသော ဆံပင်ဂုတ်

www.burmeseclassic.com

www.burmeseclassic.com



ထောက်နှင့် ကြည့်ရှုကောင်းမယ့်ပုံပါ။ ဒါပေမယ့် ပြောလိုက်တဲ့လေလုံးက ဘယ်သူ့အပေါ်မှာမှ ဂါရဝါစတရားထားနေမည့်ပုံမရှိ ..။

"ဒီမှာကွယ့် .. သူငယ် .."

တံခါးပြန်ပိတ်လိုက်သဖြင့် အမျိုးသမီးကြီးက တားဆီးကာ ..၊

"ငါတို့ကလည်း ပတ်ဝန်းကျင်မှာ ဘယ်သူကရန်အမြဲဖြစ်နေတတ်သလဲ .. ဘယ်သူက တစ်ခါတစ်လေလဲဆိုတာ သိနေတာမဟုတ်ဘူး၊ ဒါပေမယ့် အခု ငါတို့မှာ လူမမာနဲ့ .."

"ကျွန်တော့်မှာလည်း လူမမာနဲ့ပဲ .."

"ငါ့အမေက အမောဖောက်လို့ ခုနလေးတင် ဆရာဝန်ပြေးပင့်ထားရတာ .."

"ဒါဆိုကောင်းသားပဲ .. အဲဒီကပြီးရင် ဒီအထပ်ကိုလွှတ်လိုက်စမ်းပါ .."

"ဘာကွဲ့!..."

"ဆရာဝန်ခေါ်ရခက်နေလို့ လူနာကို ဒီတိုင်းထားရတယ်၊ ဘာဖြစ်လို့လဲ .."

"တောက် လူပုံကတော့ကွာ .. လာပြန်မယ် မြ .. ပြောမနေနဲ့၊ သည်းမခံနိုင်တော့ရင် ဆုံးမမယ့်သူဖုန်းဆက်ခေါ်ရုံပဲ .."

"ဟုတ်တယ် .. တော်တော်မိုက်ရိုင်းမယ့်ရုပ် .."

သူတို့ထွက်သွားတာနှင့် မီးပိတ်ပစ်လိုက်သည်။ ပြီးတော့ တံခါးပြန်ပိတ်လိုက်ရင်း ..၊

ဆရာဝန်လိုချင်ပါတယ်ဆိုတာ မယုံတာတော့ မတတ်နိုင် ..။

♥♥♥



## အခန်း (၆)

"တောက် .."

သူ တက်ခေါက်လိုက်တော့ သားညီ ပခုံးလေးတုန်ခနဲဖြစ်သွားသည်။ ပြီးတော့ သတိ မလစ်တစ်ချက်လစ်တစ်ချက်ဖြစ်နေသည့် မအေကို ပြန်ငုံ့ကြည့်၍ ..၊

"ဦးဦး .. မာမိက အိပ်နေတာလားဟင် .. ဘာဖြစ်လို့မနိုးတာလဲ .."

"ဟုတ်တယ် .. အိပ်နေတာ ပြုစုခံပြီး ဖိမ်ကျနေတာလေ .."

"ဗြန်း .."

ရေစိုအဝတ်ကို ဇလုံထဲ ပစ်ချလိုက်တော့ ရေတွေစင်ထွက်ကုန်ကြ၏။ ရေပေါက်တစ်ချို့ပြေးစင်ကာ အနမ်း မျက်နှာလေး ရှုံ့မဲ့မဲ့ဖြစ်သွားသည်။

ရေခဲဝတ်နဲ့ နဖူးကိုအုပ်ပေးနေတာကြာပါပြီ။ ခုထပ်ပြီး လည်ပင်းကြားတွေထဲထိ ဆွဲချပြီး ပွတ်တိုက်ပေးနေသေးသည်။

ဒါနဲ့တောင် တုတ်တုတ်မှမလှုပ်ဘဲ ရေစပ်လေးစင်သွားကာမှ လှုပ်လာသည်။

"ရတယ် .. မင်းက ဖိမ်ပျက်သွားမှန်းမှာ .. အဆင်ပြေအောင်လုပ်ပေးမယ် .."

www.burmeseclassic.com

www.burmeseclassic.com



သူ ရေခဲတွေထည့်ထားသည့် ဇလုံကိုကိုင်၍ မျက်နှာပေါ်ကလောင်း ချဖို့ပြင်လိုက်လျှင် ...၊

"ဦး မလုပ်ပါနဲ့ .. ဦးဦးရယ် မာမီ ချမ်းနေမှာပေါ့ .."

"ဟော့ကောင် လက်ဖယ်နော် .. ရေခဲဖတ်အုပ်ပေးရင် ကိုယ်ပူကျ တယ်ဆိုတာ မင်းပြောတာ၊ မင်းကြောင့် ငါနောက်ထပ်ငပေါကြီးအဖြစ် မခံနိုင်ဘူး .."

"မလုပ်ပါနဲ့ .. မာမီ နေမကောင်းလို့ပါ၊ ဦးဦးမလုပ်ချင်ရင် သား လုပ်ပေးပါ့မယ် .."

ခြား ရေဇလုံကိုင်ပြီး ဘယ်ခေါင်းကို အရင်ရိုက်ခွဲရမလဲ တွေးမိလာ၏။

ခြေချော်ကျပြီး တံတောင်ဆစ်ယောင်သွားသဖြင့် သားညီက လက် လေးတစ်ဖက်ကွေးထားရသည်။ ဆိုဖာပေါ်မှာ တုတ်တုတ်မလှုပ်ဘဲ စောင်ခြုံနဲ့ ဖိမ်ကျနေသည့် လူမမာက သေနေသလား မသေသေး... လား ..။

စိတ်သည် ဒေါသနောက်ပါနေတတ်ပေမယ့် သူ ဒီလောက်ထိတော့ မကြမ်းတမ်းသေးပါ။

ရေခဲရေနဲ့ ဇလုံကိုလောင်းချတော့မလို ကိုင်ထားပြီး လောင်းဖို့ထိ စိတ်ကမရောက်ပေမယ့် ...၊

"ဟ !..."

"ဘုတ် .."

"မာမို့ !..."

စိတ်ကူးတွေနဲ့ ရှုပ်ထွေးပြီး လက်ကိုပြန်ချလိုက်တာဖြစ်သည်။ ဒါပေမယ့် ဇလုံက လက်ထဲကနေ ကျောကော့ထွက်သွားသည့်နှယ် ...၊

အနမ်း ရဲ့ ကိုယ်ပေါ်ပြုတ်ကျသွားကာ ...၊

"သွားပြီ .."

"မာမီ .. မာမို့ကို ရေတွေစိုကုန်ပြီ .."



ကလေးရဲ့ ချောက်ချားသောမျက်ဝန်းလေးတွေနှင့် ရေခဲရေတွေ သည်ပင်းနဲ့ မျက်နှာတွေပေါ် ဆံပင်တွေထဲထိ အလုံးလိုက်ဝင်သွားရှာ သော အနမ်း မျက်နှာလေးသည်။

"အား .. အဟွတ် .. အဟွတ် .."

သူမ အသက်ရှူနေသည့်အရှိန်ကြောင့် ရေမွန်းသွားကာ ချောင်းတွေ ထဆိုးလေသည်။

"မာမီ .. မာမို့ .. ဟီး .. ဟီး .."

သူ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ကလေးက ငိုချလိုက်တော့ ပိုဆိုးသွားသည်။

ဒီသားအမိနှင့် ပတ်သက်၍ စိတ်မရှည်ခြင်း သည်းမခံနိုင်ခြင်း စသည့် ဒေါသမုန်သမျှသည် ...၊

"မဟုတ်ဘူး .. အဲဒါ ငါ တမင်လုပ်တာမဟုတ်ဘူး .."

မဆီမဆိုင် ကလေးလေးကို ရှင်းပြနေမိကာ ကိုယ့်ကိုယ်ကိုယ် ရာဇဝတ်မှုကြီးတစ်ခု ကျူးလွန်လိုက်မိသလို ထိတ်လန့်သိမ်ငယ်စွာ ခံစားလိုက်မိရင်း ...၊

"ဖယ် .. မင်း ဖယ်ပေး .."

ငိုနေသည့် ကလေးကို ဆွဲဖယ်လိုက်ကာ သူမကိုယ်ပေါ်က စောင် တွေကို ခွာသည်။ ပြီးတော့ တဘက်စောင်အခြောက်တစ်ထည်ကိုသွား ယူပြီး မျက်နှာနဲ့ ရင်ဘတ်တွေပေါ်ကရေတွေကိုသုတ်ပေးမိစဉ် ...၊

"ဟား ..."

ကိုယ့်နဖူးကိုယ်ရိုက်ပြီး လူက ငုတ်တုတ်ပစ်ထိုင်မိလေသည်။

လယ်သာခင်းနှင့်ဆိုဖာပေါ်မှာ ထားလိုက်မိတဲ့ ငါ့အပြစ်လို့ပဲ အော် ပစ်လိုက်ရမလား၊ လူသတ်ဝရမ်းပြေးဖြစ်လာခဲ့တဲ့ဒုက္ခတောင် ဒီလောက် စိတ်ပျက်ဖွယ်ကောင်းသည်မထင် ...။

ရေသုတ်ပေးမလို့ စောင်တွေခွာချလိုက်ကာမှ ဆိုဖာပေါ်မှာ ရေတွေ အိုင်နေလျက် ရေဗွက်ကြီးထဲမှာ သူမ နစ်နေတဲ့အတိုင်း ...။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမရဲ့ လည်ပင်းကြားအောက်မှာ ချိတ်ထားတာ သူပေးခဲ့တဲ့ လက်စွပ် ..။ အရေးထဲမှာ ဒီလက်စွပ်ကို မစွပ်နိုင်ပါဘူးဖြစ်ပြီး မာနတွေ ပြနေသေးသည်။

သူ့ကို လက်ထပ်ခွင့်တောင်းနေတယ်များ ထင်နေလို့လား ..။

ဘာလုပ်ရမှန်းမသိအောင် စိတ်ပျက်သွားပေမယ့် လက်စွပ်ကို မြင်လိုက်တော့ ချက်ချင်း ကောက်ယူပြီး သူမလက်မှာ စွပ်ချပေးလိုက်ကာ..၊

"မှတ်ထား .. အဲဒါမလိုချင်ဦး .."

"ဦး .. မာမီ့ကို လုပ်ပါတော့ .."

"ဘာ!..."

"ရေတွေစိုရွှဲနေပြီ .. အဟင့် .. ဟင့် .."

"သွားနောက်ဆုတ်နေ .. သူ့ကိုနေရာရွှေ့ရမယ် .."

မတတ်နိုင်တော့ သူမကိုပွေ့ချပြီး အိပ်ခန်းထဲပြန်သွင်းခဲ့ရကာ ..၊

"မင်းအမေ အင်္ကျီနဲ့ထမီတွေ ထုတ်လာခဲ့ .."

"ဟုတ် ..."

ကလေးက ဘာမှတောင်တောင်အီအီမတွေးရှာဘဲ ချက်ချင်း ဗီရိုပြေးဖွင့်ပြီး ယူပေးပေမယ့် ..၊

"မင်း အပြင်ထွက် .."

"ဦး ဘာလုပ်မလို့လဲဟင် .."

"ငါ့ဟာငါ ဘာလုပ်လုပ်ပေါ့ကောင် .. ထွက်ဆိုထွက် .."

သူ့ဟာသူလည်း ဘာလုပ်မိမှန်းမသိတော့ပါ။ ကလေးရှေ့မှာ မလုပ်သင့်ဘူးထင်ကာ ကိုယ်ကတော့ လုပ်သင့်နေသလိုလို ..။

ဘာပဲဖြစ်ဖြစ် ရှက်နေမိသည့်မျက်နှာက ရေဆူအိုးအဝထဲ မျက်နှာကပ်မိနေမိတဲ့အတိုင်း ..။ ထိုစဉ် မီးတွေပျက်သွားလေသည်။

"ဟာ!..."

မှောင်နဲ့မည်းမည်းဖြစ်သွားတော့ စိတ်တိုသွားမိသော်လည်း ..၊

"ကောင်းတယ် .."



ဘာမှမမြင်ရတော့သည်နှင့် သူ့မျက်နှာကြီး ဖျိုးဖျိုးဖျစ်ဖျစ်ပူတက်တာတာတွေလည်း ချက်ချင်းပျောက်သွား၏။ ထို့ကြောင့် ရေစိုအဝတ်တွေလဲပေးခြင်းအလုပ်ကို ဆောင်ရွက်နေမိစဉ် ..၊

"ဦး .. ဦး မီးမှိတ်ပြီးဘာတွေလုပ်နေတာလဲဟင် .."

"အဲမာ ..."

"သား ဝင်ခဲ့မယ် .."

"မဝင်ခဲ့နဲ့ .."

"ဦး .. သား ကြောက်လို့ပါ .."

"ကြောက်ရင် မျက်လုံးမှိတ်နေ .."

ညသည် သက်တမ်းရှည်နေခဲ့လျက် သူ့အတွက် ဒုက္ခများစွာကို ဒွါတတ်အားသရွေ့ပို့ချပေးနေခဲ့ပြီး ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

အိပ်ရာကနိုးလာတော့ သူမကိုယ်မှာ ဘာကြိုးနဲ့မှ တုပ်နှောင်မထ
သည့်ပြင် အိပ်ရာထဲရောက်နေသဖြင့် အံ့သြနေမိသည်။ သားလေး ဘ
လောက်တောင် သနားခံပြီး ဒီထဲပြန်ပို့ပေးဖို့တောင်းပန်ခဲ့သည်မသိ .

ထဖို့လက်ထောက်လိုက်တော့ ကိုယ့်ကိုယ်ပေါ်က အင်္ကျီကို ပထမ
သတိထားမိသည်။ လူတစ်ကိုယ်လုံး နုံးချေသလိုကြီးဖြစ်နေကာ အသ
တွေပါ တုန်ချင်နေ၏။

သူမ ညတုန်းက အဖျားတွေတက်နေခဲ့တာကို သတိရပေမ
ဘာတွေဆက်ဖြစ်ခဲ့မှန်းတော့မသိ ..။

ဒီအင်္ကျီကို သားလေး လဲပေးတာလား .. သူမ ညက တအားချ
နေခဲ့သည်။ အင်္ကျီလဲစရာဘာအကြောင်းရှိလို့လဲ ..၊

"အား .. ကျွတ် .. ကျွတ် .."

ဟိုသတ္တဝါဘယ်ရောက်သွားလဲ ဘာသံမှလည်းမကြား၊ ကြိုးလည
တုတ်မထားခြင်းက ဒီလူပြန်သွာတားလား .. မိုးမလင်းသေးဘူးဆိုတေ
ပြန်ထွက်သွားတာလည်း မဖြစ်နိုင် ..။



"သား .. သားရေ .. သားညီ .."

"ဗျာ .. မာမီ .."

သားအသံလေးကြားလိုက်ရမှ စိတ်အေးသွားကာ တကိုယ်လုံး
ကိုက်ခဲနေခြင်းတွေကို အံတု၍ ခုတင်ပေါ်က ဆင်းလိုက်သည်။

ထိုအခါ ကြမ်းပေါ်မှာ အပုံလိုက်ရှိနေသော အင်္ကျီထမီတွေကအစ
အပေါ်အောက်အတွင်းခံတွေအားလုံးသည် ရေစိုထားသလို စိုထိုင်းထိုင်း
ပုံးတွေးနေ၏။

ဒါ ပုံမှန်မဟုတ်တော့တာကို သိလိုက်ကာ ဟိုသတ္တဝါကို သတိ
ရသွားသည်။ ကိုယ့်ခန္ဓာကိုယ်မှာဖြစ်နေသော နာကျင်ကိုက်ခဲခြင်းတို့
သည် ဘာမှမဟုတ်တော့သလိုဖြစ်သွားကာ တံခါးဆီသွား၍ ဆွဲဖွင့်လိုက်
လျှင် ..၊

"ဒုန်း .. ဝုမ် .. ဒေါင် .."

တံခါးကိုမှီ၍ ဘာတွေလုပ်ထားသည်မသိဘဲ ဆွဲဖွင့်လိုက်ဝာနှင့်
အထဲကို ပြိုကျလာတာ ဒန်အိုးဒန်ခွက်လင်ဗန်းတွေကအစ ပါနေလျက်..။

"နားငြီးလိုက်တာကွာ .."

ဆိုသည့်အသံကြီးကလည်း ပြိုကျသံများနဲ့အတူ ဝက်ဝက်ကွဲလေ
သည်။

"ဒါတွေဘာလုပ်ထားတာလဲ .. ငါ့သားလေးရော .."

"မာမီ .. သား ဒီမှာ .."

လှည့်ကြည့်လိုက်တော့ မီးဖိုခန်းရှေ့မှာ စောင်တွေစုပုံခင်းပြီး ကလေး
ကို ခြေတွေလက်တွေကြိုးတုပ်လျက်နှင့် ချသိပ်ထားသည်။ ထို့ပြင် ...
ပါးတစ်ဖက်မှာ တစ်ဖက်စတန်းလန်းနှင့် တိပ်စတစ်စ ..။

"ဒါ .. ဒါ .. ကလေးကို ပါးစပ်ပိတ်ထားတာပေါ့ .. ဟုတ်လား .."

"ဟုတ်တော့ ဘာဖြစ်လဲ .."

"နင် ..."

www.burmeseclassic.com

www.burmeseclassic.com



"အငိုသန်လွန်းလို့ နာငြီးလို့ ပိတ်ထားတာ .."

"ဒါ ပြန်ခွာလိုက်ရင် ဘယ်လောက်နာသလဲ နင်သိရဲ့လား .. ကလေ
အသားနုနုလေးကို ဒီလောက်တောင်လုပ်ရက်တယ် .."

သူမ ကလေးဆီ ပြေးသွားကာ တိတ်(ပ်)ကို ခွာချနေရင်း တဖူး
မှုတ်လိုက်၊ ကလေးကို ချော့လိုက်ဖြစ်နေလျှင် ..၊

"မာမီ .. သား မနာပါဘူး၊ ဦးက သားငိုလို့ ခဏပဲကပ်ထားတာပါ

"တိတ်တိတ်နေ .."

ကိုယ့်သားကိုလည်း ဘယ်လိုနားလည်ရမှန်းမသိတော့ပေ။ ဒီလူ
သူခိုးကိုကြည့်လျှင် မျက်လုံးအကြောင်သားနဲ့ကြည့်နေတတ်ကာ ထိ
လန့်စိတ်ဆိုးစရာတွေပြောဆိုအော်ငေါက်နေလည်း ကြောက်သွားတာ
ရှိပြီး မှတ်သားနာကျင်သွားတဲ့ပုံတစ်စက်မှမရှိ ..။

ကိုယ့်ကို သတ်ဖြတ်လုယူသွားနိုင်တဲ့ လူဆိုးသူခိုးပါလို့ အတ
ကြီးထောက်ပြပြီး သတိပေးရအောင်လည်း ကလေးက မကြောက်တ
တောင် ကိုယ်က ကြောက်တတ်အောင် ဖိအားပေးနေသလိုဖြစ်နေလိ
မည်။

"ဒီမှာ နင့်ကို ငါပြောထားမယ် .. ငါ့သား .."

"တင်းတောင်!..."

ဟင်!...

အပြင်က တံခါးဘဲလ်သံကြောင့် ပြောလက်စစကားက တိတ်
သွားကာ ခြား ချက်ချင်းငုတ်တုတ်ထထိုင်၏။

"တင်းတောင် .."

ဘယ်အချိန်ရှိသေးလို့လဲ ..၊

နာရီကြည့်လိုက်တော့ မနက်လေးနာရီ ..။

"ဟဲ့ .. အနမ်းတစ်ပွင့် .. အနမ်းရေ .."

အနမ်း ခေါင်းထောင်သွားသည်။



"ဘယ်သူတွေလဲ .."

"ငါ့ညီမဝမ်းကွဲ .."

"သွားဖွင့်ပေးလိုက် .. လိုရင်းတိုရှင်းပဲနော် .. ဆယ်မိနစ်ထက်ကြာ
ငါ့ကိုထိခိုက်အောင်လုပ်ဖို့ကြိုးစားရင် ဒီမှာ တွေ့လား .."

ခြား က ကလေးကို ကောက်ပွေ့လိုက်ပြီး ခြိမ်းခြောက်သည်။
ခါးမှာ ဒဏ်ရာရှိနေသည့်လူတဲ့ ..၊

ကြည့်လိုက်တော့ အင်္ကျီကိုယ်ချွတ်နှင့် ဒဏ်ရာနဲ့ နာကျင်ခံစားနေ
တဲ့ပုံလည်းမရှိ၊ ညည်းညူနေတာလည်း မမြင်၊ ငါးနှစ်အရွယ်ကလေး
ကောက်ပွေ့လိုက်ပုံက အဝတ်ထုပ်တစ်ထုပ်ကောက်ဆွဲလိုက်သလို
ပေါ့ပါးပါးပင် ..။

ခြင်းထဲမှာ တွေ့သမျှ ဆေးတွေထုကြိတ်ထိုးသိပ်ထည့်လိုက်လို့
ဒဏ်ရာက လန့်ဖျန့်ပျောက်သွားတာလား၊ တံခါးနားရောက်တော့ အခန်း
ဝင်ပြီး တံခါးပိတ်လိုက်သည့်သူ့ကို လှည့်ကြည့်မိသေးသည်။

ခုနေ ချစ်လေးကို ရဲစခန်းဖုန်းဆက်ဖို့ပြောလိုက်ရင် ဘာဖြစ်သွား
မလဲ ..။

သားလေးက သူ့လက်ထဲမှာမို့ တံခါးမဖွင့်လိုက်ခင်မှာ အပြင်းအထန်
ဦးစားနေမိသည်။ မနက်အရုဏ်တက်မို့ ဆွမ်းလောင်းဓမ္မာရုံက အသံ
ချက်သံသဲ့သဲ့ကိုကြားနေရကာ တိတ်ဆိတ်အေးချမ်းနေသော နေအကြို
နက်ခင်း မနေ့တစ်နေ့ကအတိုင်း ဘာမှမပြောင်းလဲပါ။

ဒါပေမယ့် သူမ အိမ်တွင်းထဲမှာတော့ ဒုက္ခအရှုပ်ထုပ်ကြီးနှင့်
ပြဿနာအပူမီးတို့သည် ..၊

"တင်း .. တောင် .."

နောက်ထပ်ခေါ်တော့ ဘာမှမစဉ်းစားတော့ဘဲ တံခါးဖွင့်လိုက်
သည်။ အပြင်မှာ ချစ်လေး နဲ့အတူ သူ့အစ်ကိုကို မြင်လိုက်ရလျှင် ..၊

"ချစ်လေး ...."

"အမလေး .. ပေါ်လာသေးတယ် အနမ်းတစ်ပွင့် ရယ်၊ အမေ့

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ထဲကထွက်လာတုန်းကတောင် ဘယ်လိုနှိုးနှိုးမလှုပ်ဘဲ အမေ တ...
ချက်လေးနမ်းလိုက်တာနဲ့ ထငိုတယ်တဲ့ ..."

"လျှောက်ပြောနေပြန်ပြီ စောစောစီးစီး .."

တံခါးဖွင့်ရင်း တိတ်တိတ်နေဖို့ ပြောမိသည်။ ဒါပေမယ့် ချစ်လေ...
က မရ ..။

"လျှောက်ပြောရမလား .. ခုတော့ တစ်ခါခေါ်လည်းမရ ဆယ်...
လောက်ခေါ်လည်းမလှုပ်၊ တော်သေးတယ် .. ငါတော့ ဦးလေးကို သချိုင်း...
က ပြေးခေါ်ရတော့မယ်ထင်တာ .."

"ချစ်လေးရယ် .. နင်ရောက်လာတာနဲ့ စကားများတာ ဝက်ဝက်...
ပဲ .. သူများတွေအိပ်နေကြတာ ခဲ(ဂဲ)နဲ့ ထထုလိမ့်မယ် .. တိတ်တိ...
နေပါတော့ .."

တံခါးဖွင့်နေတုန်း ဘာလုပ်ရမလဲ စဉ်းစားနေရတာ ခေါင်းထ...
မီးတောက်မတတ် ..။

ချစ်လေး ပါးစပ်ဖွာနေသဖြင့် ဘာအကြံစည်မှ ထွက်မလာဘဲ အိ...
ထဲမှာ နေရာတကျထိုင်ရခြင်းသို့ရောက်ကာ ..၊

"ဟယ် .. နင် .. နင် ထမီဖောက်ထိုးကြီး .."

ဟင်!...

"ဟယ် .. အကျီကိုကြည့်ပါဦး၊ အကျီကလည်း ပြောင်းပြန်ကြီးနဲ့-"

အယ်!...၊

သူများလက်ညှိုးထိုးပြမှ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိသည်။ ပြီးတေ...
စိတ်ညစ်သည့်ကြားက ပြုံးလိုက်မိကာ ..၊

"သားလေး .. ညက ငါအဖျားတွေကြီးပြီး သတိလစ်နေတုန်...
လဲပေးထားတာ .."

"နင် သတိလစ်သွားတယ်!..."

"အင်း ..."



"ဟဲ့ .. အဲ့လောက်တောင်ဖြစ်ခဲ့တာကို အခုတော့ ဘာမှမဖြစ်သလို
...လား .."

"ဟီး .. ဟီး .."

ဟင် ..၊

ချစ်လေး ရဲ့ အစ်ကို မြင်သာ က ချစ်လေး ရဲ့ လက်ကို ကိုင်လှုပ်ပြီး
အိပ်ချင်ကြောင်းလုပ်ပြနေသည်။ သူက လွန်ခဲ့သော ခြောက်လကျော်
...မှ သစ်ပင်တက်ရင်း ပြုတ်ကျပြီး ခြေတစ်ချောင်းကျိုးသွားတာဖြစ်
သည်။

ကျန်သည့် တစ်ဖက်ကလည်း ကောင်းကောင်းမသန်ဘဲ တုတ်
ကောက်နဲ့သွားရင်တောင် ခဏခဏပုံလဲတတ်၏။

ပြီးတော့ စကားပြောပြန်ရင်လည်း အားယူဖျစ်ညှစ်ပြောမှ မပီတပီ
အသံထွက်နိုင်သည်။ အသက်က သုံးဆယ်စွန်းရုံရှိသေးသည်။

ရောဂါဆိုးနှင့် ဒုက္ခိတဖြစ်နေရှာသူဖြစ်၏။

"ဆံပင်တွေကလည်း ပွယောင်းလို့ အနမ်း ရယ် .. နင့်ပုံစံက
ဘာနဲ့တူနေပြီသိလား .."

"တော်ပါ ချစ်လေးရယ် .. နင့်ကိုယ်နင် ငါနဲ့ မိန်းမချင်းများ မှတ်
နေသလား .. ယောကျ်ားလေးဖြစ်ပြီး စကားပြောတာပေါ့ပါ့ .."

"ယောကျ်ားမို့လို့ ပေါ့တယ်ပဲမှတ်လိုက်တော့ မိနမ်း၊ ဟွန်း .. နင်
ငါ့ကို နောက်တစ်ခါယောကျ်ားလို့ထပ်ပြောကြည့် .."

ချစ်လေးတို့ ယောကျ်ားစစ်စစ်ဖြစ်ပြီး ယောကျ်ားလိုပြောဆိုဆက်ဆံ
တာကို အမုန်းဆုံး ..။

မွေးလာတည်းက သနပ်ခါးလိမ်း ပန်းပန်လာခဲ့တာ ယောကျ်ားနဲ့ ပက်
သက်သော အပြင်အဆင်အသုံးအဆောင်ဆိုလှည့်တောင်မကြည့်ခဲ့ဘဲ ..။

"ဟီး .. ဟီး .."

နောက်တစ်ခါ မြင်သာ က အိပ်ချင်တဲ့ပုံလုပ်ပြကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"အိ .. ဂျင် .. ဘီး .."

"အိပ်ချင်ပြီမှန်းသိပါတယ် ကိုကြီးရာ .. အဲဒီမှာ ခဏမှိန်းပါလား

"နေပါဦး ချစ်လေး .. နင့်အဝတ်သေတ္တာကြီးက ကြီးမားလှ လား .. ပြီးတော့ ကိုကြီးမြင်သာ နဲ့ ဘာတွေဖြစ်လာတာလဲ .."

"ငါတို့အိမ် မီးလောင်သွားလို့ .."

"ဟင်!..."

"ဟုတ်တယ် .. အဲ့ဒါတွေကလည်း ငါတို့ဟာတွေမဟုတ်ဘူ ကယ်ဆယ်ရေးကရထားတဲ့ စောင်ခြင်ထောင်တွေ .."

"ဖြစ်ရလေဟယ် .. ဒါဆို အန်တီသိတာတို့ရော .."

ချစ်လေး က ယောက်ျားပီပီသသ မျက်ရည်တွေပိုးပိုးပေါက်ပေါ ကျလာကာ ..၊

"ငါတို့မောင်နှမကို ဒုက္ခိတပျားတုပ် .. ရေရှားမိုးခေါင်၊ ကြက် ဖြစ်ပြီး အမောက်မပါ၊ ပြောလိုက်တာမှစုံလို့ပဲ မိနမ်း ရယ်၊ ယောက်ျ ဖြစ်ပြီး လုံးရာကပြား ကြွေးပေါင်းမစင်ဘဲ ကြွေးသစ်တင်နေတာ ကြောက်ရမှန်းမသိတဲ့အခြောက်မ၊ မျောက်မက ဆောင့်ကြောင့်ထိုင်နေ ရင်တောင်ကြည့်ကောင်းဦးမယ်၊ နင့်ကိုမြင်ရတာ တစ်နေ့ကျက်သရေ သုံးခါယုတ်တယ်တဲ့ .. အဟင့် .. ဟင့် .."

"အဟွန်း .."

စိတ်မကောင်းခြင်းကြီးစွာ နားထောင်နေမိရင်း ရယ်ချင်လာတာ ကို မထိန်းနိုင် ..။

ချစ်လေးအသံ တိခနဲတိတ်သွားကာ ..၊

"ဘာရယ်တာလဲ .."

"အဟွန်း .. သူ့ဆူသမျှတွေ နင် အလွတ်ရနေတာကို ရယ်ချင်လာ လို့ပါ .."

"အေးပါ .. အဲ့လိုကရုဏာကြီးမားသွားတာ ကျေးဇူးတင်ပါတယ်.."



"မဟုတ်ပါဘူး ချစ်လေးရယ်၊ ငါ့မှာလည်း ဒုက္ခိတပျားတုပ်ပါပဲ.. အခု .."

သူမ ပြောချင်တာက အိမ်မှာ ဓားပြဝင်ခိုနေတဲ့ကိစ္စ ..။

ချစ်လေးက မျက်ရည်ကမန်းကတန်းသုတ်လိုက်ကာ ..၊

"နင်ကလည်း ငါ့ကိုဟုတ်လား .."

"နင့်ကိုမပြောပါဘူးဟာ .. ငါတို့က ညီအစ်မအရင်းတွေလိုနေလာ ခဲ့ကြတာ၊ ဒီလိုအယူသည်းတဲ့စကားတွေ ငါပြောစရာလား .."

"ဒုန်း ..."

"ဟဲ့ .. နတ်သားလေးနဲ့ ငါနဲ့ ညား .."

ချစ်လေး ထိုင်နေရာကနေ ကြွခနဲဖြစ်သွားလျက် အကျင့်မပျက် ယောင်၏။

"ဘာလဲ .. ဘယ်ကလဲ ခေါင်မိုးပေါ်ကလား .. အောက်ကလား နင့်ဟာထဲကလား .."

"ဟာ .. မဟုတ်ပါဘူး .."

ဘယ်ကဆိုတာ အနမ်းသိသည်။ ဘာကြောင့် ဒီအသံထွက်လာမှန်း လည်းသိ၏။ ဒါပေမယ့် ချစ်လေးတို့ကို ချက်ချင်းလွှတ်လို့မရတော့တာ ဘယ်လိုလုပ်ရမလဲ ..။

ဒီကောင် ငါ့သားလေးကို တစ်ခုခုလုပ်လိုက်ရင် ဒုက္ခပါပဲ ..။

"အနမ်း .. အဲ့ဒီအသံက .."

"ဒုန်း ..."

"အောင်မလေး .. အရှည်ကြီးနဲ့ ငါနဲ့ညား .."

"ဟာ .. သော် .. သော်စ္စ .."

"အောင်မလေးတော် .."

မြင်သာ ဆောင့်တွန်းပစ်လိုက်သဖြင့် ချစ်လေး ဆိုဖာပေါ်ကနေ ပုံခနဲကျသွား၏။ သို့သော် ချက်ချင်း အသည်းအသန်ထပြီး ပြန်တက်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကာ ..၊

"ဘာတွေဖြစ်နေတာတုန်း .. ငါတို့ဆူညံနေလို့လားဟင် .."

ပါးစပ်ပေါ် လက်ဝါးလေးကပ်ပြီး တီးတိုးမေးရှာ၏။

"မဟုတ်ပါဘူးဟာ .. ငါ့ .. ငါ့သားလိုမှိ့နေတာပါ၊ ခဏနေဦး သွားကြည့်လိုက်ဦးမယ် .."

ကလေးအတွက် စိတ်ပူလာကာ ချစ်လေး ကို နားလည်အောင် ပြောမနေနိုင်တော့ဘဲ အခန်းဆီထွက်လာခဲ့သည်။ ချစ်လေး က နားမလည်စွာ လိုက်ကြည့်နေကာ ..၊

"ခုတင်နဲ့ မွေ့ရာနဲ့ အိပ်ကြတာကို ဒီလောက်အသံကြီးထွက်အောင် လိမ့်နိုင်ပါ့မလား .."

"ဒေါက် .. ဒေါက် .."

"ဟော!..."

ချစ်လေး တွန့်ခနဲဖြစ်သွားပြန်သည်။

"ဒေါက် .. ဒေါက် .."

"ဟယ် .. ဒါ .. ဒါက အိမ်ရှေ့တံခါးခေါက်နေတာ .."

အပြင်မှာလူခေါ်နေတယ်လို့ ပြောမလို့ကြည့်လိုက်တော့ အနမ်းက အခန်းထဲဝင်သွားပြီဖြစ်၏။

အပြင်ကတော့ လူခေါ်တာပဲဖြစ်မှာပါ ..။

ဒီတိုက်ခန်းက ကပ်တွယ်နေတဲ့ မကျွတ်မလွတ်သတ္တဝါတွေရှိနေတာများလား ..။ တွေးမိလိုက်တော့ ကျောထဲစိမ့်သွားသည်။ သရဲရှိနေတဲ့ အိမ်တွေမှာ သူတို့မကြိုက်တာတစ်ခုခု အိမ်ရှင်ကလုပ်ပြီဆို မကျေနပ်သံတစ်ခုနဲ့ အချက်ပြပြီး နှောင့်ယှက်သည်တဲ့ ..။

မျက်လုံးတွေက တိုက်ခန်းရဲ့ အရုပ်ရှစ်မျက်နှာကို ဝေ့ဝဲနေရင်း တံခါးနားရောက်လျှင် ..၊

"ဘယ်သူလဲ ဘာကိစ္စလဲ .."



တစ်ခုခု အသံပြန်မလာမှာစိုးရိမ်နေသဖြင့် ချစ်လေး အသံက ခပ်တုန်တုန် ..။

"ဟော့ .. ဘယ်သူလဲလို့ မမေးနဲ့ ငါတို့က အောက်ထပ်ကပဲ၊ ပြောစရာရှိတယ် .. တံခါးဖွင့် .."

မချေမင်ပြောတာပေမယ့် တုံ့ပြန်ပြောသံကြားလိုက်တော့ ချစ်လေး စိတ်ချမ်းသာသွားသည်။ အပြင်ကလည်း စကားသံမရပ်နိုင်ဘဲ ..။

"ဘယ့်နှယ် .. တစ်ညလုံးဒုက္ခပေးနေတာ သည်းမခံနိုင်တော့ဘူး.."

ဟင်!...

ချစ်လေး တံခါးဖွင့်လိုက်ပေမယ့် ဟိုကပြောတာတွေကိုလည်း ဘာမှမသိ ..။

ပြန်လှည့်ကြည့်တော့လည်း အနမ်း ထွက်လာတာ မမြင် ..။

ကလေး ဝင်ကြည့်တာ ဒီလောက်တောင်ကြာရလား ..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"သား ..."

အခန်းထဲဝင်လိုက်တာနှင့် မျက်လုံးက တစ်ခန်းလုံးပတ်ကြည့်ပြီး သားဖြစ်သွားကာ သားကိုမတွေ့တော့ အနမ်း မျက်လုံးပြူးသွားသည်။ သို့သော် ..၊

ပြေးဝင်လိုက်တာနှင့် နောက်ကနေ ဖမ်းချုပ်လိုက်ခြင်းခံရကာ ..၊

"ဘာလုပ်တာလဲ .. လွှတ်စမ်း .. ငါ့သား ဘယ်မှာလဲ .."

"အပိုတွေမပြောနဲ့ မသေသေးဘူး .."

"ဘာ ..."

"ဘိုးတိုးပြောစမ်း .."

"ရှူး ..."

လက်တစ်ဖက်တည်းနဲ့ နောက်ကနေ သိုင်းဖက်ထားကာ ပါးစပ်ကို ထပ်ပိတ်ထားလိုက်တော့ အနမ်း တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာ မြုပ်လုမတတ်ဖြစ်သွား၏။

ထို့ပြင် နားနားမှာ နှုတ်ခမ်းနဲ့ ကပ်ပြောလိုက်သဖြင့် သူ့ နှုတ်ခမ်း



သားတွေက ပါးပြင်နဲ့ထိတော့မလို ကပ်တော့မလို ..။

"မင်းကို ငါပြောပြီးသား .. ဘာကိစ္စညည်းခံနေတာလဲ .."

"ရှူး ..."

လက်ကို အတင်းဆွဲခွာဖို့ကြိုးစားရင်း ခေါင်းခါနေသဖြင့် ခြားက လက်ကိုဖယ်လိုက်ကာ ..၊

"ဟိုအောက်မှာ သားညီ ရှိတယ် .."

သူ မေးဆတ်ပြတာ ခုတင်အောက်မှာ ..၊

"ဒါပေမယ့် သတိမေ့နေတာ .."

"ဘာ ...."

"ခုချက်ချင်း ဟိုလူတွေကို သွားမောင်းထုတ်လိုက်၊ မဟုတ်ရင် မင့်သားကို လက်ချောင်းတွေတစ်ချောင်းချင်း ကတ်ကြေးနဲ့ညှပ်ချပစ်မယ် .."

"လူပါးဝလို့ နင်လုပ်ကြည့်လိုက်စမ်း လုပ်ကြည့်စမ်းပါ .."

"ဟာ .. ဒီမိန်းမ .."

ပြောတာမနာခံသည့်ပြင် လူကိုအတင်းရုန်းကန်ထုရိုက်လာသဖြင့် ဒေါသထွက်ကာ ဘွေ့ခနဲပွေ့ချီလိုက်သည်။

ပြီးတော့ ..၊

"ဝုန်း ..."

"အ ..."

မွေ့ရာက ပါးပါးလေးဖြစ်ကာ ပစ်ချခံလိုက်ရသဖြင့် အနမ်း ကျောပြင်မှာ အောင့်တက်သွား၏။ လူက ရုတ်တရက် ပြန်ထမရသော်လည်း ခေါင်းရင်းတိုးတက်ကာ စားပွဲပေါ်က မီးအိမ်လေးကို လှမ်းဆွဲ၍ ခြားမျက်နှာကို တအားလွှဲရိုက်လိုက်၏။

"မင်းနော် .."

သူ့ဒေါသက ခုတင်ပေါ်ပစ်ချပြီး ကြိမ်းမောင်းရုံနဲ့ ပြီးဖို့ပါ။

မျက်နှာငဲ့ရှောင်လိုက်သဖြင့် နားရွက်ဖျားနားကနေ ဝီခေါ်ဖြတ်ပြေး

www.burmeseclassic.com

www.burmeseclassic.com



သွားသည့် ရိုက်ချက်ကြောင့် ဒေါသကအစွန်းရောက်ထပ်ဖြစ်ခဲ့ပြီး ..၊

"အား ..."

သူမဆေားမှာ ဝုန်းခနဲဝင်လှဲလိုက်ပြီး ခြေထောက်တွေပေါ် သူ့ခြေထောက်နဲ့ ဖြတ်ဖိထားလိုက်သည်။

ထို့ပြင် ပါးစပ်ကိုလက်နဲ့ ဖိပိတ်ကာ တစ်ဖက်က လည်ပင်းကို ညစ်ပစ်တော့မလိုကပ်ဖိထားရင်း ..၊

"ငါ လူသတ်ခဲ့လို့ပြေးနေရတာ ထပ်မသတ်ချင်ဘူး အနမ်းတစ်ပွင့်မင်းကို .."

"ဟယ် .. အမလေးတော် .."

ဟင်!....

ချစ်လေး အခန်းတံခါးကိုတွန်းဖွင့်လိုက်သည်နှင့် ပထမဆုံး မြင်လိုက်ရသော အကျႌမပါသည့် ကျောပြင်ကျယ်ကြီးက ဟိုဘက်မှာ ဘာတွေ အာရုံစိုက်ကြိုးပမ်းနေသလဲဆိုတာ ..၊

"အနမ်းရယ် .. ဘုရား .. ဘုရား .."

သေချာပြူးကြည့်နေပြီးမှ မျက်လုံးရှေ့မှာ လက်နဲ့ကာလိုက်ပြီး ချစ်လေး အပြင်ပြန်ပြေးထွက်၏။

"ပြောတော့ဖြင့် ယောကျ်ားယူဖို့များ ဘယ်တော့မှစိတ်မကူးတော့ဘူးတဲ့၊ ဖြစ်ရလေ အနမ်း ရယ် .. ဟဲ့ အနမ်း ငါမြင်သွားတာသိတယ်မို့လား .. ထွက်ခဲ့စမ်းပါဟယ် .."

"ချစ်လေး ..."

"ဟင်!..."

"ဘာတွေပြောနေတာလဲ .. ထင်ရာတွေစွတ်ပြီး .."

"ဟင် .. အနမ်းတစ်ပွင့်မ .."

ထွက်လာတော့ ဆံပင်တွေပွတရှုန့် ထမီကလည်း ခုထိ ဖောက်ထိုးလက်စနှင့်ရှိနေရာ ..၊

"နင့်ပုံစံ ဒီလောက်ပျက်နေတာတောင် ငါသတိမထားမိခဲ့ဘူး၊ ခုန



အောက်ထပ်ကလူတွေတက်လာပြီး ဘာပြောလဲသိလား .."

"ဘာ!..."

ထိုကိစ္စကို သူမ မသိခဲ့ပေ။

"ခုန လာတက်ပြောတုန်းကလည်း အကျႌကိုယ်ချွတ်နဲ့ ထွက်လာပြီး ဘုဘောက်ပြောလွှတ်တယ်တဲ့ .."

"ဘယ်သူ .. ဘယ်လိုချစ်လေး .. ငါ့ညက ဖျားနေတာ .."

"တော်ပါတော့ အနမ်းရယ်၊ အဲဒီလူတွေ ပြောသွားတာ နင်တို့ တစ်ညလုံး သောင်းကျန်းနေကြတာတဲ့ .."

ဘုရားရေ ..၊

"ပြုတ်ကျကွဲရှသံတွေ ကလေးငိုသံတွေစုံနေတာပဲတဲ့၊ တွေ့တော့လည်း လင်မယားရန်ဖြစ်နေတဲ့ပုံမျိုးမဟုတ်ဘူးတဲ့ .."

"သူများအကြောင်းမသိဘဲနဲ့ စပ်စုလိုက်ကြတာဟယ် .."

ကိုယ့်ပုံစံကိုပြန်ငုံ့ကြည့်ပြီး ချစ်လေး ကြားတဲ့စကားတွေနဲ့ အထင်လွဲနေတာကို ရုတ်တရက်မဖြေရှင်းနိုင် ..။

"ပြောစမ်းပါဦး အထဲက ဘယ်သူလဲ .. ရည်းစားလား၊ နင် လင်မယူရသေးပါဘူး၊ ငါတို့အဆက်အသွယ်ရှိနေတာပဲ၊ ဒီကိစ္စမျိုးကို ကြိတ်လုပ်လို့မှမရတာ .."

"ခက်တော့တာပဲ ချစ်လေးရယ်၊ ငါ ငိုချင်လာပြီသိလား .."

"ဟဲ့ .. မငိုနဲ့လေ၊ နင် ငိုနေလည်း အလကားပဲ၊ ဒီကိစ္စကြီးက ရှင်းလိုက်မှအေးမှာ၊ ကလေးရှေ့မှာ နည်းနည်းတော့ ဆင်ခြင်ပါလား လို့ .."

"ချစ်လေး .. ငါ မဟုတ်ဘူး .."

"နင့်အိမ်မှာ နင့်သားနဲ့ နင့်အပြင် ဘယ်မိန်းမရှိသေးလို့လဲ၊ အကျႌ ပြောင်းပြန် ထမီဖောက်ထိုးနဲ့ ထွက်လာတာလည်း နင်ပဲ .."

"အဲ့ဒါ မဟုတ်ဘူးဆို .. ငါ့မှာ .."

"ဘာလဲ .. အဲဒီကောင်ကို နင်တွဲပြီးမှ ခွာမရဖြစ်နေတာလား ..

www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ဖွတ်လာလုပ် .. အဲလေ .. ဖွတ် ..”

“မဟုတ်ဘူး .. မဟုတ်ပါဘူး ချစ်လေးရယ်၊ အဲဒါ ဓားပြ၊ ငါ့အိမ်ကို အနုကြမ်းစီးထားတဲ့ဓားပြ .. သူခိုး ..”

“ဟိတ် ..”

“ဒုန်း ...”

“အောင်မလေး .. ကြောက်ပါပြီ ..”

တံခါးကို လက်ပြန်ထုလိုက်ပြီး အသံနှင့်အတူ လူပါထွက်လာသဖြင့် ချစ်လေး မျက်လုံးစုံမှိတ်အော်ရင်း ...၊

“ဟင်!...”

ခပ်မှေးမှေးဖွင့်ကြည့်မိသည့် မျက်လုံးတွေ ပြူးခနဲဖြစ်သွားသည်။ သူ့ရဲ့ အရပ်အမြင့်က လေးပေရှစ်ပဲရှိတာမို့ ခြောက်ပေကျော်မြင့်သော ခြား ကို မြင်လိုက်ရလျှင် မျက်လုံးတို့သည် ခေါင်းဖျားကနေ ခြေဖျားထိ ခေါက်တုံ့ပြေးသွားခဲ့ပြီး ...၊

နည်းတာကြီးမဟုတ်ဘူး .. ကြည့်စမ်း ...၊

ရင်တုန်ပန်းတုန်တွေထဖြစ်ရင်း ဆံပင်ရှည်ဂုတ်ထောက်လှိုင်းတွန့်နှင့် ခြား မျက်နှာကိုငေးသည်။

“ဘာကြည့်တာလဲ ..”

“မ .. မကြည့်ပါဘူး ..”

“သုံးယောက်ဖြစ်သွားလည်း ဂရုစိုက်မယ်မထင်နဲ့၊ ခုကစပြီး ဘယ်သူမှ ပြန်ထွက်ဖို့စိတ်မကူးနဲ့ ..”

ဟင်!...

ချစ်လေး တအံ့တသြမျက်နှာလေးနှင့် ဟင်ခနဲထပ်ဖြစ်တော့ ‘တွေ့ပြီလား’ ဆိုသည့် အကြည့်နှင့် အနမ်း က တစ်ချက်ကြည့်ကာ ...၊

“နင်က ဝရမ်းပြေးပုံစံနဲ့ ငါ့အိမ်ထဲမှာဝင်ခိုနေတယ်၊ ပြီးတော့ အောက်ထပ်ကလူတွေကို ထွက်ချောင်းလိုက်သေးတယ်၊ အဲဒါ ဘာသဘောတွေလဲ ..”



“ဘာသဘောလို့ထင်သလဲ ..”

“ယုတ်မာတာလို့ထင်တာပေါ့ ..”

အယ် ...၊

ဓားပြလို့လည်းပြောနေသေးသည်။ ထွက်လာသည့်ယောက်ျားက ခင်းသားရုပ် ...။

အနုကြမ်းစီးခံထားရတဲ့ မိန်းမဆိုပြီးလည်း စွာလိုက်တာ ကက်ကက်လန် ...။

“အခု နင်ထွက်တွေ့လိုက်တာ လူတွေ ဘာထင်ကုန်ပြီလဲ သိလား..”

“မသိဘူး ..”

“အေး .. နင်မသိရင်လည်း သိအောင်လုပ်ပြမယ်၊ လုပ်လေ ငါ့ကို သတ်ရဲရင်သတ်လိုက်၊ နင့်ကို မိုးလင်းတာနဲ့ ရဲလက်အပ်မယ် ..”

“မင်းလည်း လုပ်ရဲရင် လုပ်လိုက်ပါ၊ ရဲကို ဂရုမစိုက်ရင်တောင် မိန်းမတစ်ယောက်က စိန်ခေါ်တာကိုတော့ ငါက အလျှော့ပေးမှာမဟုတ်ဘူး ..”

ပြောပြီး အားလုံးကို မျက်လုံးဝေ့ကြည့်ကာ ...၊

“တစ်ခါတည်း ငါးလောင်းပြိုင်ပေါ့၊ လူသတ်တာ ဒီခေတ်စတိုင်လ်..”

“အမလေး .. ရန်ဖြစ်နေလိုက်ကြတာ နေစမ်းပါဦး၊ နင်တို့က အစတည်းက သိနေကြတာလား ..”

“ဘာ!...”

ဖို့ယို့ဖားလျားဖြစ်နေသည့် ဆံပင်တွေကို ဖိသပ်ချ၍ ချစ်လေး ကို လှည့်အော်မိသည်။ ပြီးတော့ အင်္ကျီမပါသည့်ရင်အုံပြန့်ပြန့်ကို ချဉ်တူးတူး စိုက်ကြည့်ပြီး စိတ်ပျက်ရွံရှာသလိုမဲ့ပစ်၍ ...၊

“နင့်ပါးစပ်ကို ရေသွားဆေးပစ်လိုက်စမ်းပါ ..”

ချစ်လေး သူမကိုပြောမှန်းသိ၍ မျက်လုံးပြူးသွားမိသည်။ ထင်သည့်အတိုင်း ခြား က ခပ်မဲ့မဲ့နှင့် ...၊

“ဆေးရင်လည်း နောက်မှဆေး .. သွား .. အထဲဝင် ..”



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

"အမေရေ .."

"ဂျိမ်း ..."

နှစ်ယောက်စလုံးကို အခန်းထဲတွန်းထည့်လိုက်ကာ တံခါးကို ဆောင့်ပိတ်ပစ်သည်။

"ဒုက္ခပါပဲ အနမ်းရယ်၊ နင် .. နင် အကြောက်အလန့်မရှိ သွားစိန် ခေါ်ရလားဟင် .."

"ခေါ်မှ ပဲ ငါက ဘာလို့ကြောက်ရွံ့တုန်ယင်နေရမှာလဲ၊ တော်တော် လှပါးဝတဲ့ကောင် .. ငါ့သားလေက သူပြောတဲ့အတိုင်းနေနေရှာတာ အဲဒါတောင် ကလေးလေးကို လှပါးဝအနိုင်ကျင့်နေတာ၊ သူ့ကိုယ်သူ ဘာထင်နေလဲ .."

ပြောနေရင်း တစ်စုံတစ်ရာကို သတိရကာ တံခါးကိုလော့ခ်ပြေးခ လိုက်သည်။

တိုက်ဆိုင်တာက ထိုအချိန်မှာပဲ တံခါးကို ခြား က ဆောင့်တွန်း ပစ်လိုက်သဖြင့် ...၊

"ဒုန်း ..."

"အား ..."

"အမလေး .."

"မာမွီ ..."

တံခါးနဲ့ မျက်နှာ ဒုန်းခနဲဆောင့်တိုက်ကာ အနမ်း နောက်ပြန်လန် ကျသွား၏။ ချစ်လေး ပြေးပွေ့ပေမယ့် မမီလိုက်ဘဲ ကြမ်းပေါ်ပစ်ကျကာ သတိလစ်သွား၏။

တစ်ယပ်တည်းမှာ အခန်းထဲကို မြင့်သာ ကိုယ်လုံးကြီးလုံးထွေးပစ် ကျလာသည်။

"အီး .. ဂွီး .."

"ကိုကြီးသာ ..ကိုကြီးသာ ဘယ်ထိသွားလဲဟင် .."



"ခ .. ခါး .. အား .. နာ့ဝယ် .."

နာတယ်ပြောတာ နာ့ဝယ်ဖြစ်နေကာ လူကောင်ထွားထွားကျိုင်းကျိုင်း ......နှင့် မျက်ရည့်ကျနေသည်။ ထိုစဉ် ...၊

"ဂျိမ်း ..."

တံခါးဆောင့်ပိတ်သွားကာ တက်ခေါက်သံပါ တစ်ဆက်တည်း ...၏။

"ဒုက္ခပါဂဲ .. ဘာလုပ်ဦးမလဲမသိဘူး .."

အားလုံးအခန်းထဲမှာ ဒလိမ့်ခေါက်ကွေးတွေဖြစ်ကျန်ခဲ့ကာ မြင်သာ ...တင် အနမ်း ကိုယ်ပေါ် တုံးလုံးပစ်ကျခဲ့တာမို့ တော်သေးတာဖြစ်သည်။

ဒါဆို သားညီလေးရော .. ချစ်သားညီ ဘယ်မှာလဲ ...။

ဒီတိုက်ခန်းမှာ အိပ်ခန်းတစ်ခန်းနဲ့ ကိုယ့်ဘာသာအခန်းလုပ်ထား ...ည့် ခပ်ကျဉ်းကျဉ်းတစ်ခန်းပဲရှိသည်။ ထိုအခန်းမှာ ညွှ့်သည်လာရင် ...ာ ချက်ချင်းပြေးရှင်းပြီး နေရာပေးတတ်ကာ မည်သည့်အချိန်မဆို ...ည်းအတိုအထွာတွေနဲ့ ရှုပ်နေတတ်၏။

ဟင်!.. ဟိုမှာ ...၊

ခုတင်အောက်မှာ ကလေးခြေထောက်လေးတစ်ဖက် ...။

"သားညီလေး .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"အဲဒီ ရေစိုအဝတ်တွေက မာမီ့ကို ရေစိုလို့ ညတုန်းက ဦးလဲ
ထားတာ .."

"ဟင်!..."

"ဗုဒ္ဓေါ!..."

"ဟီး .. ဟီး .. ဟီး .."

သတိရပြီး လူ့စိတ်မကြည်သေးပေမယ့် ကြားလိုက်ရသည့် စ
ကြောင့် အနမ်းမျက်လုံးတွေပြူးကျယ်သွားသည်။

"အဲဒီတုန်းက သားက ဘယ်မှာလဲ၊ သား ရှိနေသားနဲ့ ကိုယ့်ဘာ
မာမီ့ကိုလဲပေးပါလား .."

ချစ်လေး ပြောတော့ သားညီက ခေါင်းလေးခါလို ´ပြုံး ..၊

"သားက မာမီ့ကိုမှ မ´မ´နိုင်တာ၊ ဟိုပေါ်မှာ ရေတွေစိုသွား
မာမီ့ကို ဦးကပွေ့ချီပြီး အိပ်ခန်းထဲပြန်ခေါ်လာတာ .."

"အယ် ..."

ချစ်လေး ဆီက အသံထွက်လာတိုင်း အနမ်း အရှက်တွေ ဗျန်း



ကော ကိုယ်ပေါ်ကအဝတ်စားတွေကိုသာ စက္ကူစုတ်တွေလို ဆွဲဆုတ်
လို့ရမည်ဆိုလျှင် ..၊

"အဲဒီတော့ ပြောစမ်း သားလေး .. အကျီတွေလဲပေးတော့ သူ့ကို
က ဝိုင်းကူပေးရသေးလား .."

"သားကို အပြင်မှာပဲနေတဲ့ .."

ဟင်!...

"ပြီးတော့ မီးမှိတ်လိုက်တယ် .."

ဟယ်!....

ချစ်လေး မျက်လုံး ဝင်းခနဲတစ်ခါရောက်လာတိုင်း အနမ်း မျက်နှာ
ပြင်လုံး နီသွားတတ်ကာ ကြာတော့ နှုတ်ခမ်းလေးတွေပါ ဖွင့်ဟလာ
ကျက် ..။

"သား တော်တော့ .."

ထားလိုက်ပြီး နေရာမှ ထရပ်လိုက်လျှင် ..၊

"ဒီတိရစ္ဆာန်ကောင် .. တောက် .."

"ဩော် .. ထိုင်စမ်းပါ အနမ်း ရယ်၊ အဲ့လိုလုပ်ချင်မှလည်း အဲ
တ်ချင်မှလည်းဟုတ်မှာပါ .."

"မရီး .. မရီးပျက်ရာ .. ဝေါ့ .."

မြင်သာ က လက်နှစ်ဖက်ကလည်း မီးချောင်းတွေကိုထိုးပြကာ
တွေပြောနေမှန်းမသိ ..။

ချစ်လေး ကတော့ သေချာလှည့်ကြည့်ပြီး ချက်ချင်း သဘောပေါက်
..၊

"တွေ့လား .. ကိုကြီးပြောနေတာ မီးပျက်တာနေမှာပေါ့တဲ့ .."

"ဘာကြောင့်ဖြစ်ဖြစ် .. ငါမကျေနပ်နိုင်ဘူး .."

"မကျေနပ်မှာတော့ နင် ဘာပြန်လုပ်နိုင်လို့လဲ၊ အိမ်ထဲဝင်ပြီး အနကြမ်း
ဘာကို သူထင်သလိုလုပ်လို့ရတယ်လေ၊ နောက်ထပ်တော့ စိန်မခေါ်

www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့တော့ အနမ်းရယ် .. နော် .. သတိတွေဘာတွေလည်းလစ်ပြီ
အိပ်ခန်းထဲမှာ စုပြုံထည့်ပိတ်ပြီး ထမင်းမကျွေး ရေမတိုက်ဘဲများ ထာ
မှာလားမသိ .."

"မိုးလင်းတာနဲ့ ငါ မရရအောင် လှုပ်ရှားမယ် .."

"လုပ်ပြန်ပြီ အနမ်း ရယ် .. နင် သူ့တစ်ယောက်တည်းပဲဆို
ကြောက်ရမှန်းမသိဖြစ်နေဟာလား၊ ကိုကြီးက ယောကျ်ားရင့်မာကြီး
ဖြစ်တာ အားကိုးလို့မရမှန်းလည်း သိရဲ့သားနဲ့ .."

"ယောကျ်ားနုနုထွတ်ထွတ်ကလည်း လုံးရားကပြားနေတော့လေ

"အနမ်းနော် .. စကားပြောရင် ထီးခိုက်နန်းခိုက်မပြောနဲ့၊ ပု
တပ်စရာမလိုဘဲ တန်းခနဲ့ဝင်သွားမယ် ဘာမှတ်နေလဲ .."

"ကိုယ့်ကိုယ်ကိုယ် မေ့နေတော့သည်း ပြောရတာပေါ့၊ နင့်မျက်
တွေကို ငါမသိဘူးများမှတ်နေလား .. ဟွန်း .."

"ဘာ!..."

ချစ်လေး မလုံမလဲ ထအော်ပေမယ့် မျက်နှာကတော့ ပန်းရေ
တက်နေပြီဖြစ်သည်။

"သူခိုးစားပြကိုချား မြင်လိုက်တာနဲ့ မျက်လုံးကြီးက တဝင်းဝင်

"မျက်လုံးလေး ကလယ်ကလယ်လုပ်ပါဟယ်၊ ကျားရှေ့မှော
လျှက်လဲတဲ့ သမင်ပျိုမျက်လုံးမျိုး .."

"အဲဒါပဲ ဘဝမေ့နေတာ .."

ဒီတစ်ခါ တကယ်ကို အမြင်ကတ်လို့ပြောမိတာဖြစ်သည်။ ချစ်
သာ ယောကျ်ားလေးလိုပဲ အမှန်အကန်ရောက်လာတာဆိုရင် သင်
ဂရုစိုက်စရာမလို ..။

ခုတော့ မိန်းမသားဖြစ်သည့် သူမကပဲ ခံအော်ခံပြောနှင့် ..၊

ခုထိ အယောင်ကျပေမယ့် နာကျင်နေဆဲ နဖူးကို ကိုင်ကြည့်လို
မိသည်။ ပြီးတော့ နှာခေါင်းနားမှာ တင်းကပ်ကပ်ရှိနေသေးဟာတွေ



ခြောက်သွေ့စပြုပြီဖြစ်သည့် သွေးစတွေဖြစ်သည်။

"မာမီ .."

သားညီလေးက မအေ့မျက်နှာကိုတကြည့်ကြည့်နှင့် ..၊

"ဦးက မာမီ့ကို ရိုက်လိုက်တာလားဟင် .."

ရိုက်တာကမှ အရေပြားပေါ်က ဒဏ်ရာကို လူမြင်ခံဝံ့သေးသည်။ ခုတော့ ..၊

အနမ်း မျက်ရည်စတွေ ဝေ့သီလာခဲ့သည်။ ပြီးတော့ လက်ဖဝါးတွေကို ဖိဆုပ်ပွတ်သပ်ရင်း အံကြိတ်ထားမိ၏။ အဝတ်စားလဲနေရင်း မျက်နှာ ငုံ့လိုက်တော့ မျက်ရည်စက်တို့ ကြွေဆင်းသွားကြသည်။

သူမ ခေါင်းမှာ ငါးညှီတွေ အသားငါးဆေးတဲ့ရေတွေစိုကုန်လို့ အချိန်မတော်မှ ခေါင်းလျှော်ရေချိုးလုပ်ခဲ့ရသည်။ ဒါကြောင့်ပဲ ချက်ချင်း အပူတွေတက်ပြီး သတိလစ်အောင်ဖျားခဲ့၏။

သတိလစ်နေတုန်းအချိန်မှာ သူမက သူ့လက်ထဲမှာ အရုပ်တစ်ရုပ်လိုလား သူ့အတွက် အသုံးတော်ခံမိန်းမတစ်ယောက်လား ..။

ဘယ်လိုယုတ်မာခြင်းမျိုးနဲ့ ကျူးလွန်ယုတ်မာလိုက်ပြီလဲ ..။

ကိုယ့်တစ်ယောက်တည်း ရင်ဘတ်ရှေ့မှာ လက်နှစ်ဖက်ယှက်ကွယ်၍ အံကြိတ်လိုက်မိရင်း ..၊

"ဒါမျိုးမရဘူး .."

မာနနှင့် အရှက်တရား ဘယ်လိုမှ သည်းခံမနေနိုင်ခဲ့ဘဲ အဝတ်လဲသည့် ကန့်လန့်ကာနောက်ကွယ်ကနေ ထွက်လိုက်သည်။ ပြီးတော့ အခန်းတံခါးကို ပြေးဖွင့်သည်။ မရမှန်းသိလျက်နှင့် ဒိုးလော့ချ ချောင်ထွက်သွားအောင် တအားလှုပ်ခါဆွဲလှည့်နေရင်း ..၊

"ဒီမှာ အပြင်ကအားပြကောင် ငါ့ကို တံခါးဖွင့်ပေးစမ်း .."

"ဒုက္ခပါပဲနော် .. အနမ်း ဘာလုပ်တာလဲ .."

"ဖယ်ပေး .."

www.burmeseclassic.com

www.burmeseclassic.com



ချစ်လေးရဲ့ လက်ကို ဆောင့်ဖယ်ပစ်လိုက်ပြီး တံခါးကိုထုကာ ..

"ငါ့ကို တားမနေနဲ့ ချစ်လေး၊ ဒါမျိုးကို ရှက်နေရင် ဘတ်စ်ကား ပေါ်မှာ ဖင်ဆိတ်ခံရတာထက်ဆိုးသွားမှာ၊ ငါ့ကို သူဘာတွေယုတ်မာလိုက် သလဲ ငါ မေးရမှဖြစ်မယ် .."

"အမေလေး ရှက်စရာကြီးဟယ် .. လာစမ်းပါ အနမ်းရယ်၊ အပျို လေးမတန်မဲ့ အဲဒါကြီးကို သွားမေးစရာလား .."

"မေးမယ် .. ငါ ဆုံးရှုံးသွားတာတွေက ဘာမှပြန်မရနိုင်တော့ဘူး ဆိုရင်တောင် ကိုယ့်ဂုဏ်သိက္ခာအတွက်တော့ တိုက်ပွဲဝင်ရင်း သေတာက ကောင်းပါတယ် .."

"မဟုတ်သေးပါဘူး .. ကလေးပြောတာက ကလေးအမြင်နဲ့ ဖြစ်မှာ ပါ .. သူ့ပုံစံက .."

"သူ့ပုံစံက ဘာတွေဖြစ်နေသလဲ .. သူခိုး ဂျပိုး လူယုတ်မာရုပ် .."

♥♥♥



## အခန်း (၁၈)

ပြုတ်ကျပြီး ခေါင်းလို့မရဖြစ်နေသည့် ကိုယ့်ဖုန်းကိုပြင်နေရင်း ပြန် ကောင်းသွားတော့မှ သက်ပြင်းချနိုင်သည်။ ကိုယ်ခေါ်ချင်သည့်နေရာကို ခေါ်လိုက်တော့ ဖုန်းထဲမှာ ပိုက်ဆံကုန်နေ၏။

ထို့ကြောင့် နေရာမှထကာ သူသိမ်းယူထားသည့် ဖုန်းတွေထဲက ပိုက်ဆံအများဆုံးဖုန်းဆီကနေ ဖုန်းဘေလ်လွှဲပြောင်းယူလိုက်ပြီး ..၊

"ဆောရီးပဲ .. ငါ အပြင်ထွက်မဝယ်နိုင်လို့ .."

ဘယ်သူမှမသိပေမယ့် တောင်းပန်လိုက်မိသည်။ ပြီးတော့ ဖုန်း ပြောမလို့ပဲရှိသေးသည်။

"ဒုန်း .. ဒုန်း .."

"ဂလပ် .. ဂလပ် .."

အထဲကနေ တံခါးကိုထုနှက်နေသည့်ပြင် စကားသံတွေလား ဘာ တွေ အော်နေတာလဲ ..။

နံနက်ခင်းရဲ့အလှ မပီပြင်သေးပေ .. ဒါပေမယ့် ပတ်ဝန်းကျင် တစ်ခုလုံးကတော့ သက်ဝင်လှုပ်ရှားနေကြပြီဖြစ်တာ စိုပြည်နေသည်

www.burmeseclassic.com

www.burmeseclassic.com



စက်သံလှူသံတွေလည်းပါ၏။

ဒီထဲက အသံတွေကို တခြားလူတွေသတိထားမိမှာတော့ မပူရတော့ပေ ..။

သူ ဖုန်းမဆက်သေးဘဲ နေရာမှထရပ်လိုက်ပြီး အင်္ကျီခံမပါသည့် ခန္ဓာကိုယ်ဗလာပေါ်မှာ ဂျာကင်ထပ်ဝတ်လိုက်သည်။

ဂျင်းဘောင်းဘီချက်ပြုတ်နှင့် အင်္ကျီမပါဘဲ ဂျာကင်ဝတ်ထားသော သူ့ပုံစံက ဘယ်လိုပုံပေါက်နေမလဲတော့မသိ ..။

ဒဏ်ရာနဲ့တော့ အဆင်ပြေနေတာ အမှန်ပင် ..။

ဘောင်းဘီ ခါးစပ်နဲ့လွတ်အောင် တမင်ချက်ပြုတ်လျှော့ချထားရကာ တွေ့ကရာဆေးတွေထုထောင်းသိပ်ထည့်ထားပေမယ့် အနာကျင်နည်းပြီး မယုံနိုင်အောင် သက်သာနေခဲ့၏။

ဒို့ကြောင့် အင်္ကျီဝတ်လိုက်ရင် နာလာမလားလို့တွေးပြီး မဝတ်ဖြစ်တော့ပေ ..။ ဂျာကင်အိတ်ထဲကို ဖုန်းကောက်ထည့်လိုက်ပြီး အနမ်းတို့အားလုံးကိုထည့်ပိတ်ထားသည့်အခန်းရှေ့ ရောက်လာလျှင် ..၊

"ခုန်း ..."

"အပြင်ကသတ္တဝါ နင်နားကန်းနေလားဟင် .. နင်နဲ့ငါ ရှင်းစရာရှိသေးတယ်၊ ဖွင့် .. ခု ဖွင့်ပေး .."

ခြေလှမ်းက တုံ့ခနဲဖြစ်သွားပြီးမှ ဘောင်းဘီထဲကသော့ကို ထုတ်ယူပြီး ဖွင့်ပေးလိုက်လျှင် ..၊

"နင် ..."

တံခါးကို ဖျတ်ခနဲဆွဲဖွင့်လိုက်လျှင် ရှေ့မှာမားမားကြီးရပ်နေသည့် မျက်နှာက သူ ဘာမှမယုတ်မာ မစော်ကားခဲ့သလို မှုန်ကုတ်ကုတ် တည်တင်းနေသည်။

ခိုးဆိုးလုမိုက်နေတဲ့လူတွေ ကြားဖူးသည်။ ဓာတ်ပုံတွေ ဖြစ်ရပ်သတင်းတွေမှာလည်း မြင်ဖူးသည်။ ခုလိုမျိုး သွေးအေးအေးနဲ့ ယုတ်မာပြီး ဘာမှမဟုတ်သလို မျက်နှာပြောင်ပြောင်နဲ့ နေတတ်တာမျိုးကတော့..။



"ဘာလဲ .. ဘာဖြစ်နေတာလဲ .."

"ဘာဖြစ်နေတာလဲဆိုတော့ နင့်ကို သတ်ချင်နေတာ .."

"ဟေ့ ..."

"အနမ်း .. အနမ်း .. နေပါဦး .."

သူမ လက်ထဲမှာ ဓားပါလာမယ်မှန်း မထင်လိုက်သဖြင့် ကမန်းကတန်းရှောင်လိုက်ရကာ တံခါးဘောင်နဲ့ ကျောကပ်မိသွား၏။

ထို့ကြောင့် ဖရိုဖရဲပတ်ဆွဲလိုက်သည့် ဓားချက်က ရင်ဘတ်ကို ရှပ်ထိသွားခဲ့ပြီး သွေးစင်းကြောင်းကြီးတစ်ခု ရဲခနဲဖြစ်သွား၏။

"မာမီ့ .. မာမီ့ မလုပ်ပါနဲ့ .. ဟီးဟီး .."

ကလေးရဲ့ ငိုသံစူးစူးထွက်ပေါ်လာသည့်ပြင် သွေးကိုမြင်လိုက်ရသဖြင့် အနမ်း ရုတ်တရက်ကြောင်သွား၏။ ထိုခဏအတွင်းမှာ ခြားက အနမ်း ရဲ့ ဓားကို လက်တစ်ဖက်နဲ့ ရိုက်ထုတ်ပစ်လိုက်ပြီး ဘစ်ဖက်နဲ့ သူမရဲ့မျက်နှာကို လက်ပြန်ရိုက်ချလိုက်၏။

"ဖြန်း ..."

ဓားလွင့်ထွက်သွားခြင်းနှင့် တပြိုင်နက် ပါးတစ်ဖက်မှာ ဆီပူလောင်သလို ပူလောင်ကျိန်းစပ်သွား၏။ ထို့ပြင် ယိုင်သွားသည့် သူမပခုံးကို ခြား က ပြန်ဆွဲလှည့်လိုက်ပြီး ..၊

"ပြောစမ်း .. မင့်ပါးစပ်ထဲမှာ ငါက လူယုတ်မာဖြစ်နေရတဲ့အကြောင်း .."

"နင် ငါ့ကို မထိနဲ့ .."

လူကိုရွံရှာသလို ဆတ်ဆတ်ခါဖယ်ချနေသဖြင့် ခြား ဒေါသထွက်ကာ ပခုံးနှစ်ဖက်ကို ဆတ်ခနဲဆွဲ၍ နံရံနဲ့ ကပ်ဖိထားလိုက်၏။

"လက်မြန် ခြေမြန်နဲ့ မင်း တော်တော်စွာပါလား အနမ်းက ဖွင့်၊ ညတည်းက မင်းကို ရေစည်ထဲသွားထည့်ပြီး တစ်ခါတည်းသေအောင် သတ်ပစ်သင့်တာ .."

"သတ်ခဲ့ပါလား .. နင် အဲ့လိုမသတ်ဘဲ ယုတ်မာလိုက်တဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ငါက နင့်ကို ..”

“ဟော့ ...”

လက်ကိုဖိကိုယ်ကိုဖိပြီး ချုပ်ထားတော့ ဒူးကမြောက်တက်လာသည်။

“ငါ့ကိုမသတ်ခဲ့တဲ့အတွက် နင့်ကို သေအောင်သတ်ဖို့ပဲ ကြိုးစားမှာ .. လူယုတ်မာ .. ကဲ .. ကဲဟာ ..”

“ဟိတ် .. မင်းနော် ..”

ဒီမိန်းမ လက်မြန်ခြေမြန်မှန်းသိပြီး သတိထားနေလို့သာ ဒူးနဲ့ဆောင့်တိုက်ခြင်း၊ ကန်ကျောက်ခြင်းတွေကို ရှောင်နိုင်ခြင်းဖြစ်ကာ မတတ်သာသည့်အဆုံးမှာ သူမနဲ့ ခန္ဓာကိုယ်ချင်းထပ်ဖိထားလိုက်ရပြီး ..၊

“မင်း .. မင်းကို ငါ လည်ပင်းညှစ်သတ်မိတော့မယ်၊ မင်း သေတော့မယ်နော် .. တောက် ..”

“မလုပ်ပါနဲ့ ကို .. ကိုဟိုဒင်းရယ် .. ရှင်တို့တစ်ခုခုတော့ မှားနေပါပြီ ..”

အနမ်း ကိုယ်ပေါ်မှာ တစ်သားတည်းထပ်ကပ်နေလျက် နောက်ကကြည့်တော့ မဖွယ်မရာတွေဖြစ်နေခဲ့၏။ ချစ်လေး မကြည့်ရဲလောက်အောင်ဖြစ်နေပြီး ရှေ့ကိုတော့ မျက်နှာလွှဲ၍ တိုးသွားမိကာ ..၊

“ခဏလေးနေကြပါဦး .. ညတုန်းက သူကိုယ်ပူပြီး သတိလစ်တယ်တဲ့၊ အဲဒါကို ရေမှောက်ကျလို့ ရှင်က အင်္ကျီလဲပေးတယ်တဲ့၊ အဲဒါ.. အဲဒါကို သူ ရှက်နေတာပါ၊ ပြီးတော့ ရှင်လဲပေးထားတဲ့ အင်္ကျီကအပေါ်ရော အောက်ရော ပြောင်းပြန်ဇောက်ထိုးတွေလေ ..”

ချစ်လေး ရှင်းပြနေတော့ အနမ်း က အသက်ရှူတွေပြင်းနေခဲ့၏။ ထို့ပြင် သူမရဲ့လည်ပင်းထက်မှာ ကန့်လန့်ဖြတ်ဖိတင်ထားသည့် သူ့လက်ကြောင့်သာမဟုတ်လျှင် စိတ်ထဲရှိတဲ့အတိုင်းပြောပစ်ချင်နေသည့် စကားလုံးတွေ ရင်ထဲမှာအပြည့် ..။

“ရှင်ကလည်း အင်္ကျီမပါတဲ့ပုံနဲ့ ဒီကြားထဲ ကလေးက အပြောမတတ်တော့ ညက ရှင်က မီးမှိတ်ပြီး .. ဟို ..”



“တောက် ...”

ချစ်လေး ပခုံးတွန့်သွားသည်။ ဘာကြောင့်မှန်းမသိသော်လည်း ဒီယောကျ်ားကို ချစ်လေး ယုံကြည်နေမိသည်။ ကလေးက အပြောမတတ်ခြင်းဖြစ်နိုင်ကာ အနမ်း အရှက်ကြီးပြီးအတွေးမှားတာလို့ပဲ ထင်နေခဲ့၏။

ထို့ကြောင့် ..၊

“ရှင် .. ရှင့်ကို ချစ်လေး ကတော့ အဲ့လိုမဟုတ်ဘူးလို့ယုံပါတယ်၊ တကယ်မဟုတ်ဘူးမလားဟင်၊ မဟုတ်ဘူးလေ .. ဟို ရှင်က အင်္ကျီလဲပေးပေမယ့် မီးမှိတ်လိုက်တာလား မီးပျက်သွားတာများလား ..”

ပြောနေတုန်း ခြား က လှည့်ကြည့်လိုက်တော့ နောက်တွန့်သွားမိလျက် ..။

“မဟုတ်ပါဘူး .. ချစ်လေး ပြောတာက ကလေးကို ထပ်မေးကြည့်တော့ .. အပြင်မှာလည်း မှောင်သွား ..”

“ဟုတ်တော့ ဘာဖြစ်လဲ .. မင်းကို ငါဘာလုပ်လုပ် ဒီအချိန်မှာ ငါ့လက်ခုပ်ထဲကရေပဲ၊ အေး .. မင်းကတော့ ငါ့ကို ကြိမ်းဝါးခွင့်မရှိဘူး၊ တုံ့ပြန်လို့မရဘူး ..”

“ရလို့ပဲ .. နင့်ကိုယ်မှာ သွေးစွန်းနေပြီမှတ်လား .. ငါ့ကိုလွှတ်ပေးကြည့်လိုက်လေ ..”

“ဟုတ်တယ် .. အဲဒါက မိန်းမတစ်ယောက်နဲ့ ယှဉ်ပြိုင်မတိုက်ချင်တဲ့စိတ်ကြောင့် ငါမှားသွားတာ၊ အခု မှားဖို့မရှိတော့ဘူး ..”

“အား ...”

“ဂျိမ်း ...”

နောက်ထပ်တစ်ခါ ချစ်လေး ရင်ခွင်ထဲကို အနမ်း ကိုယ်လေးပစ်စလက်ခတ်ကျပြန်၏။ ထို့ပြင် တံခါးကိုဆောင့်ဆွဲပိတ်သွားခဲ့ပြီ။

“ဒုက္ခပါပဲ အနမ်းရယ် .. ဒီတစ်ခါ သူဘာလုပ်မှာလဲမသိဘူး၊ ယောကျ်ားတစ်ယောက်ကို ဘာဖြစ်လို့ ခဏခဏနှိမ့်ချကဲ့ရဲ့ပြီး စိန်ခေါ်နေရတာလဲ၊ ကြည့်ပါဦး .. ပါးတစ်ဖက်မှာလည်း အညိုအမည်းစွဲနေပြီ ..”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ယုတ်မာတဲ့ ယောကျ်ားကို ငါက ထိုင်ရှိခိုးနေရမှာလား၊ အညိုအမည်းစွဲရုံမကလို့ သေပဲသွားသွား .."

"ဟဲ့ .. ငါက သူရိုက်ခဲ့တာကိုပြောချင်တာမဟုတ်ဘူး၊ အဲဒါ သူ နင့်ကို ပါးရိုက်ပေမယ့် အားကုန်မသုံးလို့၊ မဟုတ်ရင် နင် သူ့ကိုပြန်ခံ ပြောနေနိုင်ပါ့မလား .."

ပြောရင်း ချစ်လေး က ခေါင်းကုတ်လိုက်ကာ ငိုနေသည့် သားညီ ကိုလည်း လှည့်ကြည့်နေ၏။

"အောင်မလေး နားတွေလည်းငြီးရပါ့ သားညီရယ်၊ တိတ်ပါတော့.. ဒီလိုပုံစံတစ်ညလုံး အော်လိုက်သတ်လိုက်နဲ့ ဆူညံနေမှတော့ အောက်ထပ် ကလူတွေ ငခံနိုင်တာလည်းမပြောနဲ့ .."

"သူများကို ထည့်တွက်မနေစမ်းပါနဲ့၊ ဒီတစ်ခါဝင်လာပြီး တစ်ခုခု လူပါးဝပြောရင် ငါအသေခံပြီး ဝင်ချမှာ .."

"နင် အသေခံပေမယ့် သူက သေမှာမှမဟုတ်တာ၊ နေပါဦး ဟိုဓား က ဘယ်ကရလိုက်တာလဲ .."

"ငါတို့က သားအမိနှစ်ယောက်တည်းနေရတာ၊ တစ်အိမ်လုံး ဘယ် နေရာမှာဖြစ်ဖြစ် ဓားတွေရှိတယ် .."

"အေး .. အဲ့ဒါကောင်းပေမယ့် ကိုယ့်လက်နက်နဲ့ကိုယ် သေနေ လိမ့်မယ်သိရဲ့လား .. အခု မြင်လား နင့်ဓားကို ဂရုမစိုက်လို့ သိမ်းမသွား တာလေ .."

"သူ စိုက်စိုက်မစိုက်စိုက် ဒါသေတတ်တဲ့လက်နက်ဆိုတာ နား လည်သွားအောင်ပြရမယ် .."

"ငါတော့ နင်မှားတယ်ပဲထင်တယ် အနမ်း .."

"ဝုတ်လယ် .. မားလယ် .. မီ .. မီလုပ်ရဲ့ .."

"ဘာလို့မလုပ်ရမှာလဲ ကိုကြီးသာ .. သူ့ကြောင့်ပဲ မနေ့ညနေတည်း က ခုထိ .."

ပြောရင်း ချက်ရည်တွေလည်လာသည်။ ပြီးတော့ မျက်ရည်တွေ



သုတ်ရင်း အိပ်ငိုက်နေသည့် သားညီလေးကိုလည်း လှမ်းကြည့်မိ၏။ သားလေးလည်း ကောင်းကောင်းမအိပ်ရ၊ မစားရနဲ့ ပင်ပန်းလှပါပြီ။

"သားညီ .. ကလေးလေးအိပ်ရာထဲမှာဟာ .. အိပ်ချင်အိပ်လိုက်နော်၊ ဘားမာမှီမှာ ချစ်လေးတို့ရှိတယ်၊ ဘာမှမဖြစ်စေရဘူး .."

အနမ်း လှမ်းကြည့်လိုက်တာကို ချစ်လေး က သိကာ ကလေးကို ချော့လိုက်သည်။

"အိလော့ .. အိလော့ .. ဥ .. ဥသေ့မယ် .."

ကလေးကို 'အိပ်တော့' လို့ပြောပြီး 'ဦးသိပ်မယ်' လို့လည်း ချော့ဖို့ ကြိုးစားသည်။ ဒါပေမယ့် အခန်းထဲကို တွန်းထည့်ခံလိုက်ရသဖြင့် ဒုက္ခိတ များတုပ်ဆိုသလို မြင်သာ ကိုယ့်ဘာသာကိုယ်တောင် မတ်တတ်ပြန်မရပ် နိုင်တော့ပေ ..။

ထိုအဖြစ်တွေကို လှည့်ကြည့်နေရင်း အနမ်း က အံလေးကြိတ်နေ ..၊

"ငါ့ကို ဘာဖြစ်လို့ မှားတယ်ပြောနေတာလဲ ချစ်လေး၊ အိမ်ကို အနှောက်ယှက်မ်းစီးခံနားရလို့လား .."

"မငေါ့ပါနဲ့ အနမ်း ရယ်၊ သူ့ပုံစံက ဒီလောက်အောက်တန်းကျ မယ့်ပုံမရှိပါဘူး၊ ယုတ်မာတယ်ပြောတာကိုတောင် ဒေါသတွေထွက်နေ သေးတာ အဲ့ဒီလိုလူမျိုးတွေက မာနကြီးတဲ့လူစားတွေပါ၊ နောက်ပြီး နင်က သူများထင်သလို ကလေးအမေလည်း မဟုတ်ဘူး .."

"အဲ့ဒီတော့ ဘာဖြစ်လဲ .."

"မဟုတ်ဘူး .. ဟိုလေ .. ငါ .. ငါကြားဖူးတာက အဲ့လိုမျိုးဖြစ်ခဲ့ ရင် အပျိုဆို ပိုသိတယ်တဲ့၊ နင့်ကိုယ်နင် အဲ့လိုစော်ကားခံရ ... ..."

"တော်ပါတော့ .."

မျက်နှာလေးတပြင်လုံး နီရဲလာကာ အနမ်းမျက်ရည်တွေပြန်ပြန် သည်။ ကလေးက မမရဲ့ သားလေးဖြစ်သည်။

ဒါပေမယ့် မမဆုံးပြီးတည်းက ကိုယ့်သားလေးလိုပြုစုစောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာ ဒီနေ့ထိ ကိုယ့်ကိုယ်ကိုယ် အပျိုဆိုတာတောင် မေ့နေခဲ့သည်။

"ငါက နင်တလွဲထင်နေမိပြီး ဒေါသတွေ ကြေကွဲတာတွေနဲ့ ဖိသိ ခံစားနေရမှာစိုးလို့ပါပဲ .. ဒီလိုလေ ငါတို့ သူ့ကိုမခံချင်စရာတွေပြော ပြီး ရန်ဖြစ်နေကြမယ့်အစား ပြေရာပြေကြောင်းပြောပြီး သင့်တင့်အောင်.."

"ဘာပြောတယ် .."

"အနမ်းရယ် အော်လိုက်တာ နင်ကလည်း .."

ယောကျ်ားလေးဘဝကို အပြီးတိုင်မေ့ထားခဲ့သည့် ချစ်လေး က အသံကျယ်ကျယ်ကြားလိုက်တိုင်း လန့်တတ်တာလည်း မိန်းကလေးတွေ ထက် ဆိုးလေသည်။

"ဟိုမှာ .. သားညီလည်း ပြန်အိပ်သွားပြီ၊ ကလေး လန့်ပါဦးမယ်.."

"နင်ပြောတာ နင်စဉ်းစားကြည့်ဦး၊ ငါက သူ နှိပ်စက်အနိုင်ကျင့် သမျှလည်း ခံနေရသေးတယ်၊ သူ့ကိုပဲ .."

"ဟဲ့ .. အနုကြမ်းစီးခံရတာလေ .. နင့်ထက်မကတဲ့ ဘဏ်အရာ တွေ၊ လေယာဉ်ပိုင်းလော့တွေတောင် အနုကြမ်းစီးခံရပြီဆို လက်မြှောက် ဒူးထောက်ပြီး အရှုံးပေးကြရတာ .."

"အဲဒါ သူ့အဆင့်နဲ့သူ သူ့အကျင့်နဲ့သူပဲ၊ ငါတို့သားအမိခံနေရတာ နင် ကြည့်ဦး၊ ကလေးလည်း ဘယ်လောက်ထိ စိတ်ဒဏ်ရာဖြစ်နေပြီလဲ .."

"ဟုတ်တော့ ဟုတ်ပါတယ် .."

"ငါ့ကိုလည်း ထင်တိုင်းနှိပ်စက်နေတဲ့အပြင် .. တောက် .."

"အဲ့ဒါကြီးကတော့ .."

"ဘာမှလာမပြောနဲ့ .. ငါ မကျေနပ်ဘူး .."

"မကျေနပ်လည်း နင် သူ့ကိုအနိုင်မတိုက်နိုင်ဘူးဆိုတာတော့ လက်ခံရမှာပဲ အနမ်း၊ သူ့ပုံစံက ယောကျ်ားချင်းတောင် ဂရုစိုက်မယ့် မပေါ်ဘူး .. သူ နင့်ကိုညှာနေတာ .."

"ချစ်လေး .. နင့်ကို ငါစိတ်မတိုချင်ဘူးနော် .. ငါထင်သလိုပြော ချလိုက်ရင် နင် စိတ်ဆိုးဦးမှာ .."



"အောင်မလေးဟယ် .. အဲ့ဒီလိုပြောတာလည်း ပြောလိုက်သလိုပါပဲ၊ ...လဲ .. ငါက အဲဒီပုဂ္ဂိုလ်ကိုကြိုက်နေတယ်ဆိုပြီးလား .."

"အသိသာကြီးပဲ .."

နာကျင်နေသည့် ပါးပြင်ကိုကိုင်လိုက်တော့ ငိုချင်လာသည်။ ဒါပေ ...မယ့် အံကြိတ်ထားမိလျက် ချစ်လေး ပြောတဲ့စကားကို ခေါင်းထဲထည့် ...ကြည့်လိုက်သည်။

ဘာပဲဖြစ်ဖြစ် ခုချိန်မှာ သူက ဓားပြတစ်ယောက်ပဲဖြစ်လေသည်။ ...သူက ယုတ်မာကောက်ကျစ်တာတွေအတွက် ကိုယ်ကတုံ့ပြန်ချင်နေ ...ည်း ဘာမှထူးလာမှာမဟုတ်ပေ ..။

"ဗိုက်ဆာရယ် .."

တွေးနေတုန်း မြင်သာ က ဗိုက်ကိုပွတ်ပြီး ရှုံ့မဲ့မဲ့ထပြော၏။ သူ ...ည်း ဒီရောဂါရသွားတည်းက စိတ်ကပါ ကလေးဆန်ဆန်တွေဖြစ်နေ ...ာ ဘယ်လိုပြောင်းလဲမှုလည်းမသိ ..။

ချစ်လေး နဲ့ သူမက တစ်ယောက်နဲ့တစ်ယောက် ခြောက်လလောက် ...ွာကာ .. မြင်သာ ကတော့ သုံးနှစ်ပိုကြဲ့သည်။

ဒါပေမယ့် ငယ်ငယ်တည်းက ချစ်ခင်ကြင်နာခဲ့ကြသည့် မောင်နှမ ...မို့ ခုလို ဒုက္ခရောက်လာကြတာကို လက်လွှတ်စပယ်ကြည့်မနေနိုင်ပါ။ ခက်နေတာက ကိုယ့်မှာလည်း ဒုက္ခကြီးတန်းလန်းနှင့် ..။

"ဒုန်း .. ဒုန်း .. ဒလိန်း ..."

ဟော!...

"ဘာသံလဲ .. ဘာသံကြီးလဲ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ဒေါ်သက ရေဆူအမှတ်ထိရှိနိုင်၏။ မီးဖိုက ဂတ်စ်အိုးကိုဖြ
လိုမ့်ယူလာခဲ့သည်။ မိန်းမတစ်ယောက်အပေါ် အင်အားနဲ့တော့ အနိုင်
ချင်ပေ။

ဒါပေမယ့် လျှော့ပေးလိုက်တိုင်း နောက်တစ်ခါ စော်ကားတော်
ဖို့ကျွေပဲဖြစ်လာခဲ့၏။

မရတော့ဘူး ..၊

နောက်ထပ် ဒီလိုစော်ကားခွင့် လုံးဝမပေးနိုင် ..။

ဂတ်စ်အိုးက ငါးပိသာအိုးလေးဖြစ်သည်။ ဒါပေမယ့် ဂတ်
အပြည့်နဲ့မို့ ခါးက ကုန်းပြီး ချက်ချင်းပြန်မတ်လို့ မကောင်းသည်
ကြမ်းပေါ်မှာပဲ လိုမ့်ယူလာခဲ့၏။

သမံတလင်းပေါ်မှာ ဂတ်စ်အိုးလိမ့်သံက ပေသံရင် မိုးခြိမ့်သံ
သလိုလို ..။

တံခါးဖွင့်လိုက်ပြီးအထဲကို လိမ့်သွင်းသွားလျှင် ..

"အမလေး .. အဲဒါကြီးက ဘာလုပ်ဖို့လဲဟင် .."



ချစ်လေး အလန့်တကြားအော်လိုက်တာနှင့် အနမ်း လှည့်ကြည့်
လိုက်လျှင် ..၊

ဟင်!....

သူ ဘာလုပ်မလို့လဲဆိုတာ သိလိုက်၏။ နေရာမှ ထရပ်လိုက်မိ
တာ ..၊

"နင် ဘာလုပ်တာလဲ .."

"သိချင်ရင်ကြည့်နေလိုက် .. သိပြီးမှ သေမှာ .."

"မလုပ်နဲ့ ..."

အနမ်း ပြေးသွားပြီး သူ့လက်ကိုဖြုတ်ချလိုက်သည်။ ဖင်စောင်း
ပြီးလိမ့်ကိုင်လာသည့်အိုးက လက်ကိုဖြုတ်လိုက်သည်နှင့် ခြေထောက်
ပေါ်ပြုတ်ကျ၏။ သို့သော် ..၊

ခြား က လက်တစ်ဖက်ပြုတ်သွားတာနှင့် နောက်လက်တစ်ဖက်နဲ့
မြန်းကိုင်ပြီးဖြစ်ကာ ..၊

"ဖယ်စမ်း ..."

သူမက ထပ်ဆွဲမည်ပြင်လျှင် လက်ပြန်တွန်းထုတ်ပစ်ကာ အိုးကို
ခပ်ရာဘေးမှာ သေချာနေရာချ၏။

ပြီးတော့ ဘားကိုလှည့်ဖွင့်နေလျှင် ..၊

"မလုပ်ရဘူး .. နင် ငါတို့ကို ဘာရန်ငြိုးရှိလို့ မီးလောင်တိုက်သွင်း
ကြိုးစားနေရတာလဲ၊ တော်တော် အကြံပက်စက်ပါလားဟင် .."

ပြောလိုက်ကာမှ ဘားဖွင့်နေသည့်ကိုယ်က မတ်မတ်ဆန့်ဆန့်ပြန်
ထ်၏။ ပြီးတော့ ခါးနှစ်ဖက်ထောက်၍ သူမကိုကြည့်ကာ ..၊

"ရန်ငြိုးဟုတ်လား .."

"ဟုတ်တယ် .. နင်ပြောတော့ သုံးရက်ပဲပုန်းနေချင်တာဆို၊ ပုန်းနေ
ပဲလူက အိမ်မှာရှိသမျှလူတွေကို ဒုက္ခပေးနေတာ နည်းမျိုးစုံနေပြီ ..
ခုထပ်ပြီး .."

www.burmeseclassic.com

www.burmeseclassic.com



"နည်းမျိုးစုံနေတာ ဘယ်သူကြောင့်လဲ၊ မင်းပဲ ငါ့အိမ် ငါ့နေ
မာန်တွေတက်ပြီး စော်ကားပါတယ် ဖျက်ဆီးပါတယ်ဆိုတာတွေ

အနမ်း မျက်နှာလေးပျက်သွားသည်။

"မင်း ငါ့ကို ဒီလောက်သတ္တိတွေပြရဲနေတာ ငါဘာကောင်မှန်း
လို့ပဲ၊ အဲဒါကြောင့် အခုသိအောင်ပြမယ်၊ လူသတ်တယ်ဆိုတာ ငါ့အ
ပုရွက်ဆိတ်တစ်ကောင်ကိုသတ်ရတာထက် နည်းနည်းတော့ ပိုချင်ပို
မယ် .. ဒါပေမယ့် အိပ်ပျက်ဖို့ထိဖြစ်စရာမရှိဘူး .."

ပြောပြီးတာနှင့် ဘားကိုအသားကုန်လှည့်ဖွင့်လိုက်၏။ ခဏအ
မှာ အနမ်း ရော ချစ်လေး တို့ပါ ပါးစပ်တွေအဟောင်းသား မျက်
တွေအကြောင်သားနှင့် အသက်ရှူမှားကုန်ကြ၏။

ဘားကိုအရစ်ကုန်လှည့်ပစ်လိုက်ပြီး ခြား ရဲ့ လက်ညှိုးတစ်
အဆို့ရှင်ခလုတ်လေးပေါ်တင်လိုက်လျှင် ...၊

"ဟင့်အင်း .. မလုပ်နဲ့ .."

သားလေး အိပ်နေတာကို ဖျတ်ခနဲလှမ်းလိုက်ပြီး အနမ်း သူ့
ကြီးကို သူမတကိုယ်လုံးနဲ့ ပစ်တိုက်ချလိုက်၏။

"ဟိတ် ..."

"ဒုန်း ..."

လူက အငိုက်မိသွားပေမယ့် လက်က သူမရဲ့လက်ကိုဖမ်းကိ
ဖြစ်ကာ နှစ်ယောက်သားလုံးထွေးလဲကျသွားခဲ့၏။ ချစ်လေး က
ကမန်းကတန်းထပြီး ဂတ်စ်အိုးက ဘားကို ကျပ်သွားအောင်ပြန်
ပိတ်၏။

ပြီးတော့ အိုးကိုဖင်ခုထိုင်လိုက်ကာ ...၊

"မလုပ်ပါနဲ့ ရှိကြီးခိုးပါ ဘယ်နော် .. ကျွန်မတို့တွေ ရန်ငြိုး
ရှိကြတာမဟုတ်ဘဲနဲ့ .."

ချစ်လေး တကယ် လက်အုပ်ချီပြီး တောင်းပန်နေပေမယ့်



သူ့မျက်နှာပေါ်မှာ စီးမိုးနေသည့် နီရဲတင်းမာနေသော အနမ်း ရဲ့
မျက်နှာလေးကိုပဲ စူးစိုက်ကြည့်နေခဲ့၏။

အနမ်း ကလည်း မကျေနပ်သည့်စိတ်နှင့် စူးစူးဝါးဝါးကြည့်နေခဲ့
သူ့ရင်ဘတ်ပေါ်မှာ ထပ်မှောက်နေသည့် ကိုယ့်အဖြစ်ကိုတောင်
တရက် သတိမထားနိုင် ..။

သူမရဲ့ ဆံပင်ရှည်တွေက ခြား မျက်နှာပေါ်မှာတချို့၊ လည်ပင်းကြား
င်ဘတ်ပေါ်မှာ ခွေဝိုက်ပုံကျနေတာတချို့၊ တစ်ယောက်မျက်လုံးတွေ
တစ်ယောက် စူးရဲစွာကြည့်နေကြရင်း ခြား က ရင်ဘတ်ပေါ်မှာ
ထားသည့်လက်ဖြင့် သူမကိုယ်ကို တွန်းဖယ်ချလိုက်သည်။

ထိုအခါ သူမရင်ဘတ်လေးကို တိုက်ချလိုက်သလိုဖြစ်သွားကာ
မ်း ကိုယ်လေး ပက်ခနဲလိမ့်ဆင်းသွား၏။ မြင်ကွင်းကတော့ မိန်း
လေးတစ်ယောက်အပေါ် ရက်စက်စွာပြုမူလိုက်သည့် မြင်ကွင်းပဲဖြစ်၏။

ဒါပေမယ့် ဒီနေ့ သူတို့ရင်ဆိုင်နေကြရတာက ရက်စက်နိုင်ဆုံးဆ
အပြိုင်ဆွတ်ခူးကြသလိုဖြစ်ရာ ..၊

"မလုပ်နဲ့ .. မင်းကို မလုပ်နဲ့ဆို ငါ တားနေတယ်နော် .."

"ဖယ်စမ်း ..."

"အား ..."

အနမ်း ကမန်းကတန်းထပြီး သူ့ရှေ့က ပြေးတားသည်။ ခြား က
ပြန်တွန်းထုတ်ပစ်လိုက်သဖြင့် ကြမ်းပေါ်ပုံခနဲလဲကျသွား၏။

ထိုအဖြစ်ကိုမြင်ကာ ဂတ်စ်အိုးပေါ်မှာထိုင်၍ အကျအနကာကွယ်
င်ဆင်ထားသည့် ချစ်လေး မျက်လုံးပြူးသွား၏။ ပြီးတော့ ထိုင်နေ
ထပြေးဖယ်ရင်း ..၊

"မ .. မလုပ်ပါနဲ့ .. ကိုဟိုဒင်းရယ်၊ တကယ်ကြီးလုပ်မလို့လား
.. ကျွန်မတို့ဆီက ဘာလိုချင်တာရှိလဲ ရှိရင် တောင်းပါ .. ပေးပါ့
မီးတော့ မရှို့လိုက်ပါနဲ့နော် .."

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ မင်း ဘာဖြစ်ချင်သလဲ ပြောလိုက်၊ ငါ့အိမ်ကို ဒုက္ခမပေး နဲ့ .."

ဘားကိုပြန်ဖွင့်နေရင်း ခြား က လှည့်ကြည့်သည်။ ပြီးတော့ အနမ်း ရဲ့ မျက်နှာတင်းတင်းလေးကို ခပ်မဲ့မဲ့အပြုံးနှင့် ..၊

"ဟွန်း ..."

တော်တော်ရန်လိုငြိုးထားတတ်တဲ့ မိန်းမ ..။

တင်းခနဲ အံကြိတ်လိုက်ရင်း အဆို့ရှင်ခလုတ်ကို နှိပ်ချလိုက်သည်

ဟင်!...

အားလုံး ဟင်ခနဲဖြစ်သွားကြသည်။ တစ်ခန်းလုံးတိတ်ကျသွား၏ သိပ်မကြာခင်မှာ ဂတ်စ်နံ့တွေ လှိုင်ထွက်လာလေသည်။

"ဟား .. မီရတ်ရဲ့ .. လို့ .. လို့ ကယ်ရုပါဉ .. အား .."

မြင်သာ က မလုပ်နဲ့တားရင်း ကယ်ပါဦး လုပ်ပါဦးတွေ ထအော် တော့သည်။ ချစ်လေး က အခန်းတံခါးဆီထွက်ပြေးလျှင် တံခါးနား မရောက်ခင် ဆောင့်ဆွဲခြင်းခံလိုက်ရကာ ..၊

"အွတ် ..."

နောက်ပြန်တစ်ပတ်လည်ကာ အွတ်ခနဲပစ်ကျသွား၏။ ပြီးတော့ တံခါးကို ဆောင့်ကန်ပိတ်လိုက်ပြီး ..၊

"အော်ဟစ်နေရတာ ပင်ပန်းနေလိမ့်မယ် လုပ်ပေးမယ် ခဏစောင့်.."

"မလုပ်နဲ့ .. လုပ်စရာမလိုဘူး၊ အော်လည်း မအော်ဘူး၊ နင် မီးမ ခင် ငါ့ကိုတစ်ခုခုပြော၊ နင်ဒီကိုရောက်လာတာ ဘယ်သူဘယ်သူ တာ မသိဘဲ ဝင်ပုန်းရုံသက်သက်လား .. ဒါမှမဟုတ် နင် .. နင်က ကိုအောင်သန့် ရဲ့ လူလား .."

အနမ်း ဘာပြောနေနေ ခြား က ဖြေမည့်ပုံလည်းမရှိ၊ လှည့်လည် မကြည့် ..။

မြင်သာ့ လက်ကို နောက်ပြန်ပူးချည်နေရင်း ..၊



"ငြိမ်ငြိမ်နေစမ်းပါ .."

"ကျပီ .. ကျပါပြီ .. မရှတ်ရဲ .. မင်း .. မင်းနော် .."

ကြောက်ပါပြီလည်း ပြောနေသေးသည်။ ရုန်းနေရင်း ဒေါသထွက် မင်းတွေဘာတွေထည့်အော်လာ၏။

"ဂွး .. ဂွး .."

ခြား က ပါးစောင်ကိုဖျစ်လိုက်ပြီး ပါးစပ်ထဲ တစ်ရှူးလိပ်တစ် လုံးကို မရမက ထိုးသိပ်ထည့်၍ ..၊

"အသံမြန်မြန်ထွက်ချင်ရင် မြန်မြန်ပျော်သွားအောင် ဝါးစားလိုက်၊ များကို ကြိုးစားခွင့်ပေးမယ်၊ ချက်ချင်း မီးမခြစ်သေးဘူး .."

"မလုပ်ပါနဲ့ ကိုဟိုဒင်းရယ် .. ကျွန်မတို့က ဧည့်သည်တွေပါ၊ တော့လေ .. မီးဘေးဒုက္ခသည်တွေပါရှင် .."

ချစ်လေး ကို ခြား က ယောက်ျားမှန်းလည်းမသိ၊ သူကလည်း မိန်းမ နေကာ ..၊

"ဟိုမီးက လွတ်အောင်ပြေးလာရတဲ့လူတွေကို ရှင်က မီးလောင် ကျွင်းသတ်မယ်ပေါ့ .."

ဒီစကားကြားတော့ ခြား ရဲ့ လှုပ်ရှားမှုတွေ အနည်းငယ်တုံ့နှေးသွား သည်။

"ပြီးတော့ .. ပြီးတော့ အနမ်း ကလည်း လူယုတ်မာတစ်ယောက်ရဲ့ က်ထဲကနေ ပြေးရင်း ဒီမှာပုန်းရှောင်နေရတဲ့ မိန်းကလေးပါ၊ အောင်သန့် ဆိုတာကလေ အဲဒီလူက မကောင်းမှုတွေလုပ်ပြီး အရမ်း း‌သာနေတာ .."

အောင်သန့် ဆိုသည့် နာမည်ကြောင့် သူ့မျက်လုံးတွေစူးရဲသွား သည်။ သို့သော် ခဏပဲဖြစ်ကာ သူမဘက်ကိုလှည့်လာပြီး ကိုင်ထားသည့် လပ်စတစ်ကြိုးကို နှစ်ခေါက်တုပ်ပြီး ကွင်းလျှောလုပ်နေလျှင် ..၊

"လက်ကို တုပ်ချင်တုပ်ပါ .. ပါးစပ်တော့ မပိတ်ပါနဲ့၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



မအော်ပါဘူး .."

"မလိုဘူး .. မီးလောင်ခံနေရတဲ့ဒဏ်ကို မသေမချင်းမအော်
နေပေးပါ့မယ်ဆိုရင်တောင် ကျေးဇူးမတင်ချင်တဲ့အတွက် လုပ်ရမှာပဲ

ချစ်လေးရဲ့ လက်နှစ်ဖက်ကိုနောက်ပြန်ဆွဲယူကပ်လိုက်ပြီး ကြိုး
ဆွဲတုပ်လိုက်သည်။ ပြီးတော့ ဘောင်းဘီအိတ်ထဲကို နှိုက်လိုက်လျှ
လက်ကိုင်ပဝါတစ်ထည်ပါလာကာ ..၊

"ဒေါက် ..."

မီးခြစ်အနီရောင်လေးတစ်လုံး ပဝါနဲ့ရောထွေးပါလာပြီး ပြုတ်
၏။ မီးခြစ်ကို မြင်လိုက်သည်နှင့် အနမ်း အရုပ်ကြိုးပြတ်လေးထိုင်
သွားသည်။

ပြီးတော့ အိပ်ပျော်နေသည့် ကလေးနဲ့ တစ်ရှူးတွေကို အကြ
အနယ်ဝါးနေသော မြင်သာ့ ထံ ဝေ့ဝဲကြည့်ရင်း မျက်ရည်ကြည်
ဝေ့တက်လာသည်။

ချစ်လေးပြီးသွားသည်နှင့် သူမဘက်ကိုလှည့်လာလျှင် ..၊

"အဓိပ္ပာယ်မရှိတဲ့သေခြင်းမျိုးနဲ့ မချိမဆန့်အသက်ထွက်ရဦးမ
ဆိုရင် မတန်ပါဘူး .. ငါ့ပါးစပ်ကို မပိတ်ခင် ငါ ဘာကြောင့်ဒီလို
ရတာလဲဆိုတာ ပြောပြစမ်းပါ .."

"အမြတ်ကတ်လို့လေ .. အမြင်ကတ်ပုဒ်မတိုင်းမှာ တရားလို
ဘူး၊ မင်းရဲ့ မာနတွေက ငါ့ရဲ့ ပြတ်သားခြင်းကြောင့် အညွန့်တက်လ
တာ .. အဲဒါကို ချိုးပစ်ရမယ်၊ အကိုင်းခုတ်ရင် အငုတ်က အသစ်ထွ
တတ်တော့ တစ်ပင်လုံးရှင်းတဲ့သဘောပဲ .. အိုခေ .."

"နင်ရော .. ဒီ့ထက်ပြေးပေါက်ကျဉ်းသွားမှာပဲ မဟုတ်ဘူးလား .

"ငါ့ပြေးလမ်းအတွက် မင်းပူစရာမလိုဘူး .. ရှီး ..."

ဂတ်စ်နံ့တွေ ပြင်းထန်လာသဖြင့် နှာချေသံ နှာမှုတ်သံတွေဖြစ်လ
ခဲ့ကြလျှင် ခြား က မီးခြစ်ကို ကောက်လိုက်၏။



ပြီးတော့ ကိုယ်ကိုပြန်မတ်ရင်း ..၊

"ဖောင်း ..."

စားပွဲတင် မီးအိမ်က မီးလုံးကို မီးခြစ်နဲ့ လှမ်းပစ်လိုက်၏။ မီးလုံး ကွဲကြေသွားမှ ပြုံးလိုက်ကာ ..၊

"မီးပြန်ဖွင့်လိုက်တာနဲ့ တန်းစတင်ကမီးခဲလိုရဲလာလိမ့်မယ်၊ မီးခြစ် ခြစ်ပေးဖို့မလိုဘူး .."

ပြောပြီးတာနှင့် သူမဆီကို တစ်လှမ်းချင်းလျှောက်လာသည်။ ပြီးတော့ ထိုင်ရာမထ ဒီတိုင်းလေးရှိနေသည့် အနမ်း ရဲ့ မျက်နှာရှေ့မှာ ခြေဖျားထောက်ထိုင်လိုက်၏။

သူမ မျက်ဝန်းတွေ မျက်ရည်တွေဝေ့သီနေတာမြင်လျှင် ..၊

"ငိုနေတာလား .. အားမတန်လို့ မာန်လျှော့ရတဲ့ မျက်ရည်တွေ ထင်တယ် .."

ခပ်မဲ့မဲ့ပြုံးလိုက်ရင်း ဂျာကင်အိတ်ထဲက မောင်းပြန်ဓားလေးတစ် ချောင်းကို ထုတ်ယူလိုက်ကာ ..၊

"ဒီမှာ ..."

ခလုတ်နှိပ်လိုက်တော့ ဓားအသွားက ငါးလက်မလောက် ဆန့်ထွက် လာကာ ..၊

"မိန်းမကိုင် သေးသေးလေးမဟုတ်ဘူး .."

သူမရဲ့ရှေ့မှာ ဓားကိုဖွင့်လျက် ချပေးလိုက်ကာ ..၊

"မင်းကို ကြိုးမတုပ်ဘူး၊ ခုကနေ မီးလောင်မယ့်အချိန်ထိ .."

ပြောပြီးပြုံးလိုက်၏။ မေးနှစ်ခွပုံနှင့် ပါးချိုင့်တစ်ဖက်ပေါ်သွားတော့ ဒီယောက်ျား ယုတ်မာရက်စက်လွန်းသူပါပြောရင်တောင် ယုံနိုင်မှာမဟုတ် သော ပြေပြစ်ချောမွေ့ခြင်းတို့နှင့် မျက်နှာသည် ..၊

"မင်း ငါ့ကို နောက်ထပ်သွေးထွက်လောက်တဲ့ ဒဏ်ရာပေးနိုင်ရင် ဘယ်သူမှ မသေစေရဘူး၊ အဲ့အတွက် မင်းကို ငါဘာမှမတုံ့ပြန်ဘူးဆို

www.burmeseclassic.com

www.burmeseclassic.com



တာလည်း ကတိပေးတယ် ..”

ဓားကိုယူဖို့ မေးဆက်၍ ...၊

“လုပ်ပါ .. မင်း ငါ့ကို ကြိုက်တဲ့နည်းနဲ့ တိုက်ခိုက်လို့ရတယ်၊ မင်းကို ငါ ပြန်မတိုက်ဘူး ..”

သူ့မျက်နှာကိုစိုက်ကြည့်နေရင်း မျက်ရည်တွေတဖြည်းဖြည်းအိုင်လာကာ သူမရဲ့ မျက်တောင်ဖျားလေးတစ်ချက်လှုပ်ခတ်သွားတာနှင့် မျက်ရည်စက်တို့ တလိမ့်လိမ့်ကြွေဆင်းသွားခဲ့၏။

ပြီးတော့ မျက်ဝန်းတို့ ခပ်လွှဲလွှဲရွှေ့လိုက်ပြီး ...၊

“မင်း ကြိုက်သလိုလုပ်လို့ရပြီ ..”

“အဲ့လိုပုံစံကိုသတ်ရတာ အရသာမရှိဘူး၊ မင်း ငါ့ကို အမြဲတမ်းတိုက်ခိုက်တော်လှန်ဖို့ပဲကြိုးစားနေတာ ..”

သူ ခဏစကားရပ်သည်။ ပြီးမှ ...၊

“အဲဒါက အိမ်မှာဓားပြခိုနေလို့ ပတ်ဝန်းကျင်ကို အကူအညီတောင်းဖို့ကြိုးစားတာမျိုးမဟုတ်ဘူး အနမ်းတစ်ပွင့်၊ ငါ့ကိုပဲ မင်း ဂရုမစိုက်တာ ဟုတ်တယ်မို့လား ..”

အနမ်း မျက်ဝန်းလေးတွေ သူ့မျက်နှာပေါ်ပြန်ရောက်လာသည်။

“အဲဒီတော့ ငါ့ရည်ရွယ်ချက်ကလည်း မင်းရဲ့အိမ်မှာ ခဏဝင်ခိုနေရုံသက်သက်မဟုတ်တော့ဘူး၊ မင်းလိုမိန်းမကို အကြောင်းမှန်းကဲမှန်းသိအောင်ပြရမယ့်ဝတ္တရားတွေပိုလာတယ် ..”

“မင်း .. အဟွတ် .. အဟွတ် .. အဟွတ် ..”

“ဖရီး ...”

ချောင်းဆိုးနှာချေသံတွေ နောက်ထပ်ထွက်ပေါ်လာပြန်ကာ အနမ်းမျက်နှာလေး နီလာအောင် ဆိုးနေ၏။ ထို့ပြင် ချစ်လေးတို့နှစ်ယောက်ဆီမှ ဘာပြောချင်မှန်းမသိဘဲ တဂူးဂူးအော်သံတွေနှင့် ရှုပ်ထွေးလာသည်။

သူ နေရာမှထသွားပြီး ဂတ်စ်ဘားကိုပြန်ပိတ်ပြီး ကျပ်ထားလိုက်သည်။



ပြီးမှ သူမရှေ့ကို ပြန်လျှောက်လာပြီး ဓားကိုငုံ့ကောက်၍ သူမလက်ထဲကို ထည့်လိုက်ရင်း ...၊

“ထစမ်းပါ .. အဲ့လိုနေတာ မင်းပုံစံမဟုတ်ပါဘူး ..”

ဆိုရင်း အနမ်း ရဲ့ လက်မောင်းလေးနှစ်ဖက်ကနေ ဆွဲ၍ မတ်တတ်လေးဖြစ်သွားအောင်ထူလိုက်၏။

“မင်းနဲ့ ငါ အနိုင်အရှုံးပေါ်မှ ငါ့လုပ်ငန်းပြန်စမယ် .. လုပ်တော့..”

ခြား က နောက်ကို ခြေတစ်လှမ်းဆုတ်ပေးလိုက်ရင်း စောင့်သည်။ အနမ်း သည် ဓားကိုတင်းခနဲဆုပ်လိုက်ပြီး လူတွေလွတ်သည့် ထောင့်တစ်နေရာကို လွှဲပေါက်ပစ်လိုက်၏။

ပြီးတော့ မျက်ရည်စက်တွေကျနေခဲ့လျက် ...၊

“မင်း နိုင်ပါတယ်၊ မင်းကို နိုင်မယ်လို့လည်း ငါ့ကိုယ်ငါ ဘယ်တုန်းမှ မထင်ခဲ့ဘူး၊ ဒါပေမယ့် ငါ့သားနဲ့ ငါ့ကိုယ်ငါ ကာကွယ်ဖို့အတွက် မကြောက်သလိုနေခဲ့ရတယ်၊ မကြမ်းခဲ့ဖူးပေမယ့် ကြမ်းသလိုလုပ်ရတယ် ..”

ဖြူဖွေးချိုးကျနေသည့် မျက်နှာလေးသည် ဆံပင်တွေ ဖရိုဖရဲပြန့်ကျနေသဖြင့် သနားချင်စဖွယ်ပုံလေးဖြစ်နေခဲ့၏။ ထို့ပြင် သူမထံမှ ရှိုက်သံသဲ့သဲ့သည် ...၊

“မင်းအမေ .. မင်းနှမရှိနေသေးရင် ပြန်မေးကြည့်လိုက်စမ်းပါ၊ မိန်းမတစ်ယောက် သူ့ဘဝနဲ့ အရှက်အတွက် ဘယ်လောက်ထိရင်ဆိုင်နိုင်သလဲဆိုတာ ..”

သူတွေ့ဖူးသည့် မိန်းမတွေကတော့ ဘဝတွေအရှက်တွေ မရှိကြဘူးလား ...။

မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာ သူ့အတွက်တော့ စာတွေ့ပဲဖြစ်ကာ လက်တွေ့ကတခြားစီ ...။

ထို့ကြောင့် သူမ မျက်ရည်တွေကို မျက်နှာလွှဲခြင်းဖြင့် ဥပေက္ခာထားလိုက်ပြီး နှုတ်ခမ်းမှာ လှောင်ပြုံးနှင့်မဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို အနမ်း စိုက်ကြည့်ရင်း ..၊

"အခုလည်း ငါ့သားအလေးနဲ့ ငါ့အစ်ကိုတွေကို ကာကွယ်ဖို့အတွက် ငါ ဒူးထောက်ပါ့မယ်၊ ငါ့ကို အမြင်ကတ်တာဆိုရင် မင်း ငါ့ကိုကြိုက် သလိုစီရင်၊ ဒီလိုအဖြစ်ဆိုးနဲ့ သေကုန်အောင်မလုပ်ပါနဲ့ .."

အနမ်း သူ့ရှေ့မှာ ဒူးထောက်လိုက်သည်။ ပြီးတော့ ရှိုက်ငိုနေရင်း မကျေနပ်မာသော စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ခဲ့ရသော အနာတရတို့ဖြင့် ဗောတိုက်လေးပြိုလဲသွားလေသည်။

သူမ အားတင်းထားခဲ့သေမဲ့ အမြင်အာရုံတွေ တဖြည်းဖြည်းဝေဝါး လာခဲ့ပြီး မှောင်မိုက်ပျောက်ကွယ်ခြင်းသို့ရောက်လျှင် ..၊

❤❤❤



## အခန်း (၁၂)

"အား ..."

"ဟော .. သတိရလာပြီ .."

"နမ်း .. နမ်း .. အိမှာ .. နာတို့ .."

အနားမှာ ပြေးထိုင်ကြကာ မြင်သာ ကလည်း သူ့ရင်ဘတ်သူ တဘုတ်ဘုတ်ပုတ်ပြရင်း အနမ်း ကို စကားတွေပြောနေ၏။

"အနမ်း .. နင် ဘယ်လိုနေလဲဟင် .. တစ်နေကုန် နာတယ်ချည်းပဲ ညည်းနေတာ .."

ချစ်လေး ..၊

သူမ မျက်လုံးတွေဖွင့်လိုက်တော့ မျက်လုံးနှစ်ဖက်စလုံးက ကိုက်ခဲ နာကျင်နေသည်။

"မာမီ .. မာမီ ကိုယ်တွေပူနေတယ် .."

"သား .. သားတို့ .."

ရှိနေသည့်လူတွေကို တစ်ယောက်ချင်းကြည့်လိုက်ပြီးမှ သားညီ ရဲ့ လက်လေးကို ဆုပ်ကိုင်ထားမိကာ ..၊

"ဘယ်သူမှ ဘာမှမဖြစ်ကြဘူးပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟော့အေး .. ဘာမှမဖြစ်ဘူး .. နင် သတိလစ်သွားတော့ သူအကြာကြီး ရပ်ကြည့်နေသေးတယ်၊ ပြီးတော့ နင့်ကို အပြင်ကိုပွေ့ထုတ်သွားတယ်၊ ပြီးမှ ကလေးနဲ့ ကိုကြီးကို သူခေါ်ထုတ်တာ၊ ငါတို့အကုန်လုံး အပြင်ရောက်မှ အခန်းတံခါးတွေဖွင့်လိုက်ပြီး ဂတ်စ်အိုးကိုပြန်ရွှေ့တာလေ .."

ဝမ်းသာလွန်းလို့ ငိုချင်သလိုဖြစ်လာခဲ့သည်။

"ငါပြောသားပဲ အနမ်းရယ် .. နင် သူ့ကို ပြဿနာရှာနေလို့ ပြန်လုပ်တာပါ၊ စိတ်ရင်းက ဒီလောက်ဆိုးပုံမပေါ်ပါဘူးလို့ သူ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ မလွှဲသာတဲ့ ပြစ်မှုမျိုးဆိုရင် အပြစ်သားတိုင်းပဲ မယုတ်မာကြပါဘူး .."

"သူ လှုပ်ရှားတဲ့ပုံစံကြောင့် ဝရမ်းပြေးမှောင်ခိုသမားလို့ ငါတွက်ခဲ့တာ .."

"မဟုတ်နိုင်ပါဘူးဟာ .. သူ ဘာတွေပြောပြော ဘာလုပ်နေနေ ယောကျ်ားပီသတဲ့ စိတ်ဓာတ်ကတော့ တစ်ထောင့်တစ်နေရာမှာ ပေါ်နေတာပဲ .. နင် သူ့ကို မငြိုးပါနဲ့တော့နော် .."

"အခု ဘယ်မှာလဲ .."

"သူ ရေချိုးနေတယ် .."

"ဘယ်လို .."

စိတ်ထဲမှာ ထူးဆန်းသွားကာ မွေ့ရာပြန့်ပြန့်ပေါ်မှာ လှဲနေရင်းက ထထိုင်လိုက်သည်။ အိပ်ခန်းအပြင်မှာပဲအိပ်တဲ့အခါ ခင်းတတ်သည့် ခြောက်ခွဲပတ်လည်မွေ့ရာပေါ်မှာ သူမတို့ စုပြုံထိုင်နေကြတာဖြစ်ကာ..

"သူ .. နင်တို့ကို ဒီတိုင်းပေးထားပြီးတော့ဟုတ်လား .."

ချစ်လေးက လက်တွေကို ဖြန့်ပြခါပြရင်း ပြုံးကာ ..၊

"ကြိုးတုပ်မထားတာကိုပြောတာလား .. ဟုတ်တယ် နင်သတိလစ်သွားတည်းက ငါတို့ကိုလည်း စကားတစ်ခွန်းမှ မပြောတော့ဘူး၊ သူ့ပုံစံကြည့်ရတာ ခု ထွက်သွားတော့မလား မသိဘူး၊ ငါကတော့ နင့်အကြောင်းတွေ သူ့ နားထောင်ထောင် မထောင်ထောင် အတင်းကိုပြောပြလိုက်



တယ် .."

"ဟင်!..."

"ဟုတ်တယ်လေ .. နင့်ကိုအပျိုဆိုတာသိမှ နင် ရှက်စိန်မွန်ပြီး များခဲ့တာတွေ၊ နင့်တစ်ယောက်တည်း ကလေးလေးတစ်ဖက်နဲ့ ဘယ်လို ရင်ဆိုင်နေရတာတွေ သူနားလည်မှာပေါ့ .."

"အဲဒါတွေ မလိုဘူးလေ အနမ်း ရယ်၊ ငါ သူ့ကို ခယတောင်းပန်ခဲ့တယ်၊ သူ ခွင့်လွှတ်တယ်၊ နင်ပြောပြတာတွေ ဘာလိုလို့လဲ .."

"လိုလို မလိုလို သိထားသင့်တာပဲဟ .. နောက်ပြီး ငါနဲ့ ခြောက်လ ခုနစ်လ ရှစ်လလောက်ပဲကွာတဲ့အကြောင်းရယ်၊ ငါလည်း အပျိုဆိုတာရယ် .."

ဖြစ်ရလေ ...။

ခေါင်းတွေတောင် တရိပ်ရိပ်ပြန်မူးလာသလိုပင် ..။

"နင်ကလည်း ဘာဖြစ်လို့လဲ .. ငါလည်း သူနဲ့ .."

"ဒေါက် .. ဒေါက် .."

"တင်းတောင် ...."

တံခါးခေါက်သံခပ်ကြမ်းကြမ်းထွက်လာပြီးမှ ဘဲလ်နှိပ်သည်။ ရောက်လာသူက အထဲကိုအမြန်ဝင်လိုသည့်သဘောဆောင်နေကာ ..၊

"အနမ်းတစ်ပွင့် .. အနမ်းတစ်ပွင့် ခဏထွက်ခဲ့ပါ .."

"ဟယ် .. ယောကျ်ားသံပဲတော့ .. ဘယ်သူလဲမသိဘူး .."

"ဒေါက်ဒေါက် .. ဒေါက် .."

"ဂျိမ်း ..."

ဘာဂျာတံခါးဆွဲဖွင့်သံကြားမှ သူတို့အားလုံး ထိတ်လန့်တကြားဖြစ်ကြကာ ..၊

"နင် ရှေ့တံခါးဖွင့်ထားမိသလား ချစ်လေး .."

"ဟုတ် .. ဟုတ်တယ်၊ ခုနကမှ ငါ့ဖိနပ်အသစ်လေးအပြင်မှာချကျန်ခဲ့မိတာ သတိရလို့ သူရေချိုးခန်းထဲဝင်သွားတုန်း ခဏပြေးဖွင့်ပြီး ..."

www.burmeseclassic.com

www.burmeseclassic.com



"အနမ်းတစ်ပွင့် .. ဟော့ ငါတို့က ကလေးအမေဆီကလွှတ်လိုက်တဲ့ လူယုံတော်တွေနော် .. မင်း တံခါးမဖွင့်ရင် ပြဿနာတွေထပ်ရှုပ်ကုန်လိမ့်မယ် .."

"လာပြီ ..."

နောက်ထပ်တံခါးကို ထုလိုက်သံအဆုံးမှာ ချစ်လေး တံခါးပြေးဖွင့်လိုက်ရသည်။ အရပ်ခပ်ပုပုတစ်ယောက် ခပ်ဖိုင့်ဖိုင့်အရပ်ရှည်တဲ့သူတစ်ယောက် ..။

ဝင်လာသည့်နှစ်ယောက်စလုံးက အနမ်းဆီကိုပဲ မျက်လုံးတွေတန်းရောက်သွားကြကာ ..၊

"ဆရာက ကလေးကို ခေါ်ခိုင်းလိုက်တယ် .."

"ဘယ်ကဆရာလဲ .. ဘယ်ကလေးလဲ ဒီအိမ်မှာ ကျွန်မတို့သားအမိပဲနေတာ .."

"ဟွန့် ..."

တစ်ယောက်က အိမ်ကိုဝေ့ပတ်ကြည့်ပြီးမဲ့သည်။ ပြီးတော့ မြင်သာနဲ့ ချစ်လေး တို့ကိုကြည့်၍ ..၊

"သားအမိနှစ်ယောက်ပဲနေနေ လေးငါးဆယ်ယောက်ပဲနေနေ မင်းကိုရွေးချယ်ခွင့်ပေးလိုက်တယ်၊ ကလေးကိုထည့်လိုက်မလား သူနဲ့ဆွေးနွေးမလား .."

"ဘာမှမလိုဘူး .. ကလေးက ငါ့ကလေး သူနဲ့ ဘာမှမဆိုင်ဘူး .."

"အဲ့ဒါတွေ မင်းပြောချင်ရင် ဆရာနဲ့တွေ့လိုက်လေ၊ မဟုတ်ရင်တော့ သူ့သားကို ခေါ်လာခဲ့ဖို့ ဆရာကမှာလိုက်တယ် .."

ကလေးကို သူမ မစွန့်လွှတ်နိုင်မှန်းသိလို့ တမင်ယုတ်မာလိုက်တာဖြစ်သည်။ သင်းကြောင့် မမ သူ့လက်ထဲကနေ အကြိမ်ကြိမ်ထွက်ပြေးသည်။

နောက်ဆုံးတစ်ခေါက်မှာ ထွက်ပြေးရင်း ကားတိုက်ခံရပြီး ဆုံးခဲ့ရ၏။

"ညီမလေးရယ် .. ငါ့သားလေးကို နင်စောင့်ရှောက်ပါနော်၊ သား



...တွက် ငါပိုင်ဘာလေးတွေ ဘဏ်မှာအပ်ထားတာရှိတယ်၊ အဲဒါ နင့်...ဘဏ်အကောင့်ထဲကိုလွှဲပြီးပြီသိလား .. ငါ့သားလေးကိုခေါ်ပြီး ...ဝေးရာကိုပြေးပါ .."

မမ မသေဆုံးမီမှာ သူမဆီက လက်ခံတဲ့ကတိမရမချင်း တရရ...သွားခဲ့သည်။

အောင်သန့် ဆိုတဲ့လူလောက် နာမည်နဲ့ မလိုက်ဖက်အောင် ညစ်ပတ်...ာက်တန်းကျတာမရှိ ..။

လုပ်ငန်းလေးတွေနေရာတိုင်းမှာ ထူထောင်ပြီး ဗန်းပြထားသည်။ ပြီးတော့ မကောင်းမှုတွေလုပ်ပြီး စီးပွားရှာတာမျိုးစုံ ..။

ပတ်ဝန်းကျင်မှာတော့ သူ့လောက်သဘောမနောကောင်းပြီး ...ည်ညိုလေးစားဖွယ်ကောင်းတာမရှိပေ ..။ သူမနဲ့ ကလေးရဲ့သတင်း...ကို ရလိုက်တည်းက သတင်းလွှင့်ခဲ့တာ သူ့...လေးနဲ့ ဇနီး ပျောက်...သည်တဲ့ ..။

မမနဲ့တုန်းကလည်း ဘယ်မိန်းမက ပွဲတက်မယားမှန်းမသိလောက်...ာင် ပွေလွန်းရှုပ်လွန်းတာနာမည်ကျော်ပါ။

တောက်လျှောက် ပွေရှုပ်လာခဲ့ပြီး ခုကျမှ ဇနီးနဲ့ သား ပျောက်နေ...သို့စိတ်နဲ့ ဗျာများနေရသလိုလို လူသိခံလိုက်သည်။

မမကို မသိလိုက်တဲ့လူတွေပဲများကြသဖြင့် သူ့ကလေးနဲ့ ဇနီးကို...တွေ့ပြီလို့ ကြေညာလိုက်သည့်အချိန်မှာ အနမ်း ကပဲ သူ့ဇနီးလိုလို ..။

ဒီနေရာကို သူသိသွားပြီမှန်းသိလိုက်ရတည်းက နောက်ထပ် ပုန်း...ာင်ဖို့အတွက် အနမ်း လုံးပမ်းခဲ့သည်။ အလုပ်ထွက်မည်။ ကလေး...ကျောင်းအပ်မီ ပြောင်းပြေးမည်။

အားလုံးကို အမြန်ဆုံးစီစဉ်ခဲ့တာ ပြေးဖို့ကျမှပဲ ဒီလိုဖြစ်လာခဲ့ရသည်။

"ဒီမှာ အနမ်းတစ်ပွင့် .. မင်း နောက်ထပ်ပြောင်းပြေးလို့များရမယ်...နေသလား .."

သူမ တစ်ထိုင်တည်းမှာ မချင့်မရဲတွေးနေမိတာတွေကို ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့်ထဲက တစ်ယောက်က ရိပ်မိနေသလို ခနိုးခနဲ့ပြောသည်။

ပြီးတော့ သားညီရဲ့အေးကို လျှောက်သွားလျှင် ...၊

"ရှင်တို့ ရှေ့မတိုးနဲ့နော် .."

"ဟုတ်သားပဲ .. ရှင်တို့ကို ဘယ်သူလွှတ်တာဖြစ်ဖြစ် ဒါသူမှာ ပိုင်နက်နော် .."

ချစ်လေး ကလည်း သားညီကို ရင်ခွင်ထဲဆွဲသွင်းထားရင်း ရန် သည်။

ထိုစဉ် ဖုန်းသံကြားလိုက်ရကာ ကလေးဆီသွားနေသည့်လူက အိတ်ထဲက ထုတ်ယူလိုက်ကာ ...၊

"ဟလို .. ဆရာ .."

"..... ..... ....."

"ဟုတ်တယ် ဆရာ၊ သိပ်တော့ အဆင်မပြေဘူး၊ ကျွန်တော် ဆဲခေါ်ခဲ့ရမလား .."

ပြောနေရင်း ခေါင်းညိတ်လိုက်ကာ ...၊

"ရော့ မင်းနဲ့ ပြောမယ်တဲ့ .."

လှမ်းပေးနေသည့် ဖုန်းကို စိုက်ကြည့်နေပြီးမှ ဆွဲယူလိုက်မိ

"အနမ်းလေးလား ဆောရီးပါကွာ .. ကိုယ်လည်း အရမ်းအ ကျန်လွန်းလို့ ထပ်မစောင့်နိုင်တော့လို့ပါ၊ သားကို မင်းမပေးနိုင်ဘူး တာ သိပေမယ့် ဘယ်လိုလုပ်ရမလဲ၊ ကိုယ်လည်း လာပေါင်းနေလို့ မင်းကလည်း လိုက်လာချင်မှာမဟုတ်ဘူးလေ .."

ခဏရပ်ပြီး အနမ်း ဆီက တုံ့ပြန်စကားကို နားစွင့်သည်။ ပြ ဆက်၍ ...၊

"လာလောဆယ်တော့ ကိုယ်အ ပြအောင် သားကိုထ လိုက်ပါကွာ .. တစ်ပတ်ဆ ယောက်ပါ .."

"ဒီမှာ ကိုအောင်သန့် .."

"အင်း .. ပြော .. မင်းပြောမှာကို ကိုယ်စောင့်နေတာပါ .."



"ရှင်အပိုတွေပြောမနေနဲ့ .. သားရယ်မယားရယ်ဆိုပြီး ကြင်နာ ယ်တာတဲ့နှလုံးသား ရှင့်မှာ ဘာမှမရှိဘူး၊ အခု ရှင်ဘယ်ခြေလှမ်း ခ်းနေတယ်ဆိုတာ ကျွန်မသိတယ် .."

"သိနေပြီးသားဆိုရင်လည်း ကိုယ်တို့မြန်မြန်ညှိလို့ရတာပေါ့ကွာ.. ပြောပါဦး မင်း ဘယ်လိုစဉ်းစားထားသလဲ၊ သားက ကိုယ့်သားနော်၊ အတစ်ယောက်အနေနဲ့ ဥပဒေအရရော တာဝန်ဝတ္တရားအတိုင်းရော ယ်ဘက်ကဖြစ်ဖြစ် ကိုယ့်မှာ အခွင့်အရေးအပြည့်ရှိတယ် .."

"မရှိရင်လည်း ရှင်ရအောင်လုပ်ယူမှာပဲမို့လား .."

"ကိုယ် မင်းကို အကြမ်းမဖက်ချင်ဘူး အနမ်း၊ ကလေးနဲ့ခွဲပြီး င်ကွဲပက်လက်ကျန်ခဲ့မှာလည်း မမြင်ချင်ဘူး၊ ဒါကြောင့် ပြေပြေလည် ည်ပြောပြနေတာ၊ ကလေးကို ခုဆွဲထုတ်လာရင် ထုတ်ခွင့်ရှိသလို မင်း ပါ တရားစွဲလို့ရသေးတယ်၊ အဲဒါ မင်းသိလား .."

"ဘာ!..."

"ဟုတ်တယ် .. မင်း မယုံဘူးထင်တယ်၊ မင်းအစ်မ ငါ့ဆီက ယ်သွားတဲ့ လက်ဝတ်ရတနာနဲ့ ငွေတွေ၊ ပြီးတော့ အခု မင်းလက်ထဲ ရောက်နေတဲ့ ငါ့သား၊ ခိုးထုပ်ခိုးထည်နဲ့ မိခံရသလို မင်း ဒုက္ခများသွား ၊ ဒါ့အပြင် ငါ့ မိန်းမသေရတဲ့အမှုကိုပါ မင်းနဲ့ပတ်သက် .."

"ရှင် တော်တော့ .. လူယုတ်မာ .."

"ငါ့ကို အဲလိုပြောရဲတာလည်း မင်းတစ်ယောက်ပဲရှိသေးတယ် နမ်း .. ဒါပေမယ့် ကိုယ်ခွင့်လွှတ်ပါတယ်၊ မင်းကို အခု စဉ်းစားခွင့် စ်ရက်ထပ်ပေးမယ်၊ မင်းဆီက ငါလိုချင်တဲ့အဖြေမရခဲ့ရင် ဒါမှမဟုတ် က်ပြေးဖို့ကြိုးစားရင် မင်း ဘာမှမလှုပ်ရှားနိုင်ခင် ငါ့လက်ထဲရောက် ီဆိုတာ မှတ်ထားလိုက် .."

ပြောပြီးတော့ ရယ်သံပို့လွှတ်နေသေးသည်။ ပြီးမှ ...၊

"မင်း သေချာစဉ်းစားလေ၊ ချည်တိုင်မှာချည်ခံထားရမှန်းသိနေ က်နဲ့ ပြေးဖို့ကြိုးစားနေရင်တော့ .."

www.burmeseclassic.com

www.burmeseclassic.com



အနမ်း တက်ခေါက်ရင်း လက်မှိုင်ကျသွားလေသည်။ ဒီဒုက္ခ
သူမအတွက် ဘယ်တော့များမှ ပြီးဆုံးမှာလဲ ..။

ဖုန်းက ဟိုလူလက်ထဲ ပြန်ရောက်သွားပြီး ခဏအကြာ ..၊

"မင်း ထွက်ပြေးချင်ရင် အတောင်ပံပေါက်နေရင်တောင် လွတ်
မဟုတ်ဘူးနော် .. ဒီပတ်ဝန်းကျင်မှာ ငါတို့အမြဲရှိနေမှာ .."

လူကိုကြိမ်းဝါးပြီးမှ ထွက်ခွာသွားကြ ၏။

"အနမ်းရယ် .. နင်မို့လို့ မကြောက်မရွံ့ဒီလူနဲ့ သွားပတ်သက်တယ်

"မပတ်သက်တော့ ငါက ငါ့သားလေးကို လွှင့်ပစ်ခဲ့ရမှာလား၊
မဆုံးခင် ငါ့လက်ထဲထည့်သွားခဲ့တာပဲ .."

ချစ်လေး က ကလေးကိုငုံ့ကြည့်ပြီး သက်ပြင်းချသည်။ အသားဖြူ
ဆံပင်ရွှေဝါရောင်ကောက်ကောက်လေးတွေနှင့် ချစ်သားညီ ဆိုတဲ့ က
ငယ်လေးက ဘိုကပြားလေးနဲ့တူ၏။

အောင်သန့် ဆိုသူက အသားလတ်လတ် အရပ်တောင့်တောင့်
သန့်ပြန့်ခန့်ညားသည့်ရုပ်ရည်တော့ရှိသည်။ ဒါပေမယ့် မျက်နှာပြင်
တော့ မချောပါ။

ကလေးက အနမ်းရဲ့ အစ်မကြောင့်သာ ချောချောလှလှလေးဖြ
နေခြင်းပင် ..။ အနမ်းတို့ ညီအစ်မက ရုပ်ချင်းတော့ မဆင်ပေ။ ဒါပေမ
တစ်မျိုးဆီ လှကြသည်။

ထို့ကြောင့်လည်း အောင်သန့် က နှစ်ယောက်စလုံးကိုမှန်းပြီး ရ
ဖို့ အချိန်ပြည့်ကြိုးစားနေတာဖြစ်သည်။

နောက်ထပ် သူမ လွတ်အောင် ရှောင်နိုင်ပါဦးမလား ..။



## အခန်း (၁၃)

"မာမီ ဘာလို့ငိုတာလဲဟင် .. သားက မာမီနဲ့ပဲနေမှာပါ .."
"သားရယ် .."

ရင်ခွင်ထဲတိုးဝင်လာသည့်သားကို ဖက်၍ ကြိတ်ရှိုက်မိသည်။
သားလေးက အရုပ်လေးလိုချောသည်။ စကားလည်းနည်းကာ ဒီမအေ
မျက်နှာကိုတကြည့်ကြည့်နှင့် နားလည်ဖို့လည်း ကြိုးစားတတ်ရှာ၏။
ပြီးတော့ သားရဲ့ မျက်လုံးလေးတွေ ..။

မမနဲ့ တစ်စုံတစ်ရာ ရင်ဖွင့်ပြောမိကြတိုင်း နားလည်စွာခေါင်းညိတ်
ပြသိမ့်ပေးခဲ့တာ ဒီမျက်လုံးလေးတွေပဲဖြစ်သည်။ ထို့ကြောင့် သားလေး
ကို သူမ ဘယ်လိုမှ မခွဲနိုင်ပေ ..။

"ကဲ .. ကဲ .. ငိုမနေပါနဲ့ အနမ်းရယ်၊ ငါပြောရင်လည်း နင် ကြိုက်
မှာမဟုတ်ဘူး၊ ဒါပေမယ့်လေ ကလေးကို သူ့အဖေပဲ ပိုင်ဆိုင်ခွင့်ရမယ်
ဆိုတာတော့ နင့်ခေါင်းထဲမှာ ထည့်ထားရမှာပဲ .. နောက်ပြီး .."

အနမ်း ရဲ့ ဆံပင်တွေကို စိတ်ရှည်လက်ရှည်ဖြီးပေးနေရင်း မျက်နှာ
ကလည်း အကဲခတ်သေးသည်။ ပြီးမှ ..၊

"နင် ကိုအောင်သန့် လက်က လွတ်ဖို့ဆိုရင် သားကို .."

www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ ချစ်လေး .. ငါ့သ လေးကို ငါဘယ်လိုနည်းနဲ့မှ မ
လိုက်နိုင်ဘူး၊ သူတို့ဘယ်လောက်ပဲ ဝိုင်းရံထားပေ့စေ ငါရအောင် ထွ
ပြေးမှာပဲ၊ ငါ့ကို စဉ်းစားဖို့ကစ်ရက်အချိန်ပေးထားတယ်၊ ငါက အ
ပြေးတော့မှာ .."

"ဝို .. ဝိုမာ .. တူ .. တူလာဘ် .."

ဘေးမှာ ထိုင်နေသည့် မြင်သာ က လက်ညှိုးထိုးရင်း 'သူလာ
လို့ အော်လိုက်လျှင် အနမ်း တို့ လှမ်းကြည့်လိုက်မိကြ၏။

ခြား က မနေ့ညနေက ဝင်လာတုန်းကအတိုင်း ဝတ်ထားက
ရေချိုးပြီးစ စိုကပ်နေသည့် ဆံပင်တွေကို လက်တစ်ဖက်နဲ့ ခါထုတ်
၏။

မျက်နှာနဲ့ လက်တွေမှာ ရေသီးတချို့ကျန်နေသေးပုံအရ တဘ
တွေဘာတွေမကိုင်ဘဲ ဒီတိုင်းအင်္ကျီကောက်ဝတ်ခဲ့ပုံမျိုး ..။

ရေချိုးခန်းထဲမှာ မျက်နှာသုတ်ပဝါတွေချည်း ခြောက်ထည်လော
ရှိသည်။ တဘက်အကြီးလေးထည် သူ ဘယ်ဟာကိုမှ မသုံးဘဲ ရေ
ထွက်လာပုံကြောင့် အနမ်း နဲ့ ချစ်လေး တစ်ယောက်ကိုတစ်ယော
ကြည့်လိုက်မိသည့်က အနားရောက်တော့ သူ ခြေလှမ်းတုံ့သွားက

"ငါ မင်းတို့ကို ဒုက္ခပေးခဲ့တာတွေအတွက် တောင်းပန်ပါ .."

ဘယ်သူ့ကို ရည်ရွယ်မှန်းမသိသော တောင်းပန်စကားနှင့် ဆ
ထွက်သွားလျှင် ..။

"ဒီမှာ .. ကိုဟိုဒင်း .."

ချစ်လေး က ကမန်းကတန်းထလိုက်သွားပြီး သူ့ခြေလှမ်းတုံ့သ
တော့ သူမလည်း လန့်ဖျန့်တုံ့မိကာ ..။

"ဟို .. ရှင်ပြန်တော့မလို့လားဟင် .."

"ဟုက်တယ် .."

"ခဏနေပါဦးရှင် .."

သူမက ကလေးလို လက်ဖဝါးချင်းပွတ်ချေနေရင်း အနမ်း



ည့်ကြည့်၍ ..။

"စောစောလေးက ဟိုကလေးရဲ့အဖေ .. အဲ့ .. အဲ့ကလူတွေရောက်
ကြတာ သိတယ်မှတ်လား .."

ခေါင်းမညိတ်ခေါင်းမခါဘဲ ကြည့်နေပုံက သူသိနေမှန်းပေါ်လွင်
သဖြင့် ..။

"အဲဒါလေ သူတို့ရောက်လာတုန်းက ရှင်ရှိနေတာကို ချစ်လေးတို့
တောင်မပြောခဲ့ပါဘူး .."

သူက မျက်မှောင်ကုတ်နှင့် နားထောင်နေ၏။

"ချစ်လေးတို့သဘောကို ရှင် အဲ့လောက်ဆို နားလည်မှာပါ .."

"ဘာပြောချင်တာလဲ .."

"ဟိုလေ .. ဒီလိုပါ .. ရှင်လည်း သုံးရက်နေမှာလို့ပြောခဲ့တာ တစ်
ာက်တောင်မရှိသေးဘူးလေ၊ အနမ်း တို့ သားအမိက .."

"ငါ့ကို ဘော်ဒီဂတ် လုပ်စေချင်တာလား .."

"အဲ့ ..."

"ငါက ရုပ်ရှင်ထဲက မင်းသားမဟုတ်ဘူး .."

သူကပြောပြီး အနမ်း ကို လှမ်းကြည့်သည်။ အနမ်း ကလည်း ကြည့်
နေမိသဖြင့် မျက်နှာဖျတ်ခနဲလွှဲပစ်၏။ သို့သော် ..။

"အဲ့ဒီလို သူများအရှုပ်တွေကိုလည်း စိတ်မဝင်စားဘူး .."

ပြောသွားသည့်စကားက အနမ်း ရဲ့ နားထဲကို ဒိန်းခနဲဆောင့်တိုက်
သွား၏။ ပြီးတော့ တံခါးဖွင့်သံကြားသည်။ ပြီးတော့ ချစ်လေး ပြန်ရောက်
ာကာ ..။

"ကြီးကျယ်လိုက်တာ .."

ဟု ပြောပြီး တစ်ယောက်ထိုင်ဆိုဖာမှာ ကြိုးစတစ်စလို အပုံလိုက်
သေး ထိုင်ချလိုက်၏။

"ကြည့်ကောင်းလိုက်တဲ့ စတိုင်လ်ကလည်း မိုက်မှမိုက်၊ အရပ်ကြီး
မြင့်ကြီးနဲ့ နှမျောစရာ .."

www.burmeseclassic.com

www.burmeseclassic.com



"ချစ်လေး .."

"ဟာမ် ..."

"နင် ဘယ်လိုဖြစ်နေတာလဲဟာင် .. နင်က မိန်းမမဟုတ်တိုင်း ...
မဲ့ရဲပေမယ့် နင်ပြောသွားတာ ငါ့စကားထင်ပြီး ပြန်တုပ်သွားတာ ...
လား .."

"ပြန်တုပ်တယ်ပဲ ဖြစ်ရဦးမယ် အနမ်းရယ် .. နင်ကိုက .."

"တော်ပါတော့ .. ငါ အေးဆေးနေပါရစေ .."

"နင် အေးအေးနေချင်ရင် အဲဒီလိုယောကျ်ားအနားမှာမှပဲဖြစ် ...
နားလည်ရဲ့လား .. နင့်ကို ဘယ်သူက ကာကွယ်ပေးမှာလဲ .."

"လောလောဆယ်တော့ ၁၃ ဒုက္ခပေးခဲ့တာ၊ ငါ့နဖူးမှာရော ငါ ...
မှာရော ဒဏ်ရာမပျောက်သေးဘူး .."

"ဒါကတော့ အိုးရွဲ့စလောင်းရွဲ့ချင်းပါပဲ တော်ပါပြီဟာ .. သူလည်း ...
သွားပါပြီ၊ ငါတို့ ခုထိဘာမှမစားရသေးဘူး၊ တစ်ခုခုချက်ရအောင် ...

"ငါ ချက်ထားတာတွေရှိပါတယ်၊ ကိုကြီးသာ ဖို့ပါ ပြင်ဆင် ...
လိုက် .."

"မာမီ သားလည်းစားမယ် .."

"အင်း .."

ဘာရယ်မဟုတ်ဘဲ ညတုန်းက ဟိုပုဂ္ဂိုလ်နဲ့ အဆင်မပြေစွာ ပြင် ...
လိုက်ရသော ထမင်းဝိုင်းကို သပိရလိုက်မိ၏။ ဘယ်သူမှလည်း ကော ...
ကောင်းကောင်း မစားလိုက်ရဘဲ ဘာတွေဘယ်လိုဖြစ်ကုန်မှန်းမသိ ...

ဒါပေမယ့် အကြောင်းတိုက်ဆိုင်တိုင်း သတိရသင့်တဲ့လူလား ...



## အခန်း (၁၄)

သုံးလွှာကနေဆင်းလာပြီး လမ်းမကြောကိုဖြတ်မိရုံပဲရှိသေးသည်။
သူ့ဘေးမှာ ကားတစ်စီးထိုးရပ်လာသည်။

သူ လှည့်ကြည့်လိုက်တာနှင့် မှန်ချပ်က လျှောခနဲကျသွားကာ ခပ်
ရှည်ရှည်ဆောင့်ကြွားကြွားမျက်နှာတစ်ခုပေါ်လာပြီး ..၊

"ဘယ်လိုလဲ နေ့ရက်ခြား မင်းတော်တော်အပုန်းကောင်းနေပြီထင်
တာ၊ နေ့ရက်မခြားဘဲ ထွက်လာပါလား .."

သူကလည်း မရပ်၊ ကားကလည်း မရပ်ဘဲ တရွေ့ရွေ့ကပ်ပါလာ
ကာ ..၊

"မင်းရဲ့ ခြေဆယ်လှမ်းမပြည့်ခင် ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားနိုင်
တာသိလား .."

"ဟွန်း .."

ဘောင်းဘီအိတ်တွေထဲ လက်ထည့်ပြီး ခြား က ပြုံးလိုက်ကာ ..၊

"အခု မင်းရဲ့ ခေါင်းနဲ့ကိုယ် အိုးစားကွဲမှာစိုးလို့ ငါ့နောက်လျှောက်
လိုက်နေတာ မဟုတ်ဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် .. မင်းကျွန်းကြီးရှေ့မှာပဲ အခွင့်ထူးတွေရမှာနော်.. လမ်းပေါ်မှာနေပြီး ကိုယ့်ရဲ့ဘဝမှန်ကို မေ့နေရင်တော့ အော်ချိန်မရလိုက်ဘဲဖြစ်သွားလိမ့်မယ် .."

သူ့ ခြေလှမ်းရပ်သွားတာနှင့် ကားလည်းရပ်သွားသည်။ လူသူကင်းရှင်းနေသော လမ်းမကျယ်လေးပေါ်မှာဖြစ်ကာ ..၊

ကားထဲကထွက်လာသူသည် ..၊

"မင်းနဲ့ ငါ ညှိလို့ရတယ် နေ့ရက်ခြား ဘယ်လိုလဲ .."

"ငါက ညှိမယ်လို့ပြောမိလို့လား .."

"နေ့ရက်ခြား .."

ထိုသူက မချင့်မရဲ ရှေ့တိုးလာကာ ..၊

"ဒီမိန်းမအကြောင်း မင်းလည်းသိပါတယ်၊ မူဆယ်မှာဖြစ်ခဲ့တဲ့ကိစ္စတွေကို မမြင်ခဲ့မကြားခဲ့ဘူးလို့မှတ်ပြီး မင်းဆီက စတစ်လေးတစ်ခုပဲ ငါ့ကိုပေး .."

"ပေးတော့ ..."

"ငါ မင်းနဲ့တွေ့ခဲ့တာကို ကျွန်းကြီး မသိစေရဘူး .."

ပြောနေတုန်းမှာ နောက်ထပ် ကားတစ်စီးထပ်ရောက်လာကာ ကားထဲက အဖွဲ့တော်သားတွေဆင်းလာကြသည်။

ပြီးတော့ သူ့အားမှာ ဝိုင်းရံလိုက်ကြပြီး ..၊

"ဒီမိန်းမနဲ့ မင်းရော ငါရော ပတ်သက်မိကြတာအတူတူပဲ၊ မင်းမှာ ငါ့အပေါ်နိုင်ဖို့ ဝှတ်ဖဲရှိသလို မင်းနဲ့ မဒီကို .."

စကားမဆုံးခင် ဖုန်းဝင်လာသဖြင့် ထိုသူက ထုတ်ကြည့်လိုက်ပြီး ဘေးကတစ်ယောက်ကို လှမ်းပေးကာ ..၊

"မထူးခြားသေးဘူးလို့ ပြန်ပြောလိုက် .."

ဖုန်းယူလိုက်သူက ခပ်ဝေးဝေးကိုထွက်သွား၏။

"ကဲ .. စတစ် ငါ့ကိုပေးမှာလား .."



"ငါ့မှာ ပါမလာဘူး .."

"ဘာ!..."

"အောင်ချို မင်းက ငါ့ကိုလူအုပ်နဲ့ ခြောက်လှန့်နေတာလား .."

"သိပ်မှန်တာပေါ့၊ ငါ ရှင်းရှင်းပဲပြောမယ် .. မင်းမှာ ဘာအကြောင်းတွေရှိနေနေ ကျွန်းကြီး ဆီကို မင်းပြန်ရောက်မယ်မထင်နဲ့ .."

"ဦးကျွန်း ကရော မင်းဘာတွေလုပ်နေနေ ယုံနေမယ့်လူစားမျိုးလား .."

"ဒါက ငါလုပ်နေကျတွေပါ၊ အခု မင်းရဲ့ ရှေ့ရေးပဲ မင်း စဉ်းစား၊ ကျွန်းကြီးက မင်းကို အသေရရ အရှင်ရရလိုက်ဖမ်းခိုင်းလိုက်တယ်၊ အဲဒါ ဘယ်သူအကျွက်ရွှေ့တော်တာလဲ မင်းသဘောပေါက်ပြီပေါ့ .."

အခြေအနေက သူ့အားမှာ ဝိုင်းထားကြတာပဲ ရှစ်ယောက် ..။

ဦးကျွန်းညိုသည် ကျောက်မျက်ရတနာကုန်သည်ဖြစ်ကာ တရားဝင်ရောင်းဝယ်ခွင့်နှင့် ကြီးပွားချမ်းသာနေတာဖြစ်သည်။

ထိုချမ်းသာကြွယ်ဝမှုကြောင့် လူယုံတွေ ကိုယ်ရံတော်တွေအများအပြားနှင့် ဘုရင်တစ်ပါးလိုနေသည်။ အောင်ချို့ လို လူယုံတပည့်တချို့က သူဌေးဦးကျွန်းညို၏ ကျောက်မျက်ရတနာလုပ်ငန်းကို ကျောသောက်နောက်ခံထားကာ မကောင်းမှုတွေလုပ်နေကြသဖြင့် ..၊

"အမြဲတမ်း နောက်လိုက်လုပ်နေရတဲ့ဘဝကို မင်း ပျော်ပေမယ့် ငါတို့က မပျော်နိုင်ဘူး၊ ဒါကြောင့် တစ်နိုင်တစ်ပိုင်ထူထောင်ဖို့အတွက် ငါကြိုးစားတယ်၊ ငါ့နောက်မှာ အင်အားဘယ်လောက်ရှိသလဲဆိုတာ မင်းသိပါတယ်၊ ကိုယ်သိတာလေးမတွေ ကိုယ်ပြန်မျိုပြီး တိတ်တိတ်ဆိတ်ဆိတ် နေလိုက်ကြရင် ပြီးပြီ .."

ဒီလိုမှမဟုတ်ရင်တော့ ဒီနေရာမှာတင် သူ အသက်ပျောက်သွားမှာကို ခြား သိလိုက်သည်။ လက်နက်ကိုယ်စီရှိနေသူတွေနဲ့ သူသေကိုယ်သေပြန်ဖိုက်မယ်ဆိုရင်တောင် ဘယ်သူမှ မသေခင် ကိုယ်အရင်သေသွား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဖို့ရှိနေသည်။

ကိုယ့်ကို သေမိန့်ထုတ်ခဲ့သော ဆရာလည်းဟုတ် မွေးစားမိဘဆိုလည်းဖြစ်သော ဦးကျွန်းညို ထံမှာ ဖွင့်ဟဝန်ခံပြီး အမှန်အတိုင်းသိစေလိုက်ရင်တောင် ရှင်သန်ခွင့်ရနိုင်သေးသည်။

တွေးလိုက်မိရင်း အမိုက်ခံပြီး ရင်မဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

"ငါ့မှာ ပါမလာဘူး .."

"မင်း ထပ်ပြောပြန်ပြီ .."

"မင်းအတွက် အရေးကြီးနေပေမယ့် ငါ့အတွက်မှ အရေးမကြီးတာ .."

"အဲ့ဒီတော့ ဘယ်မှာလဲ .."

"ဒီည မင်းရဲ့ ကလပ်ကို ငါလာခဲ့မယ် .."

"အေး .. ညကိုးနာရီအထိစောင့်မယ်၊ မင်းမလာရင်တော့ ကျွန်းကြီးကိုယ်တိုင် မင်းကို တွေ့ရာသချိုင်း ဓားမဆိုင်းဖြစ်သွားပြီမှတ် .."

သူ့ကားတံခါးကို နောက်ပြန်လှမ်းဖွင့်ပြီး ခြား ကို စိုက်ကြည့်ကာ ..၊

"မင်း သိပါတယ်၊ အားလုံးထဲမှာ ဦးကျွန်း ဘယ်သူ့ကိုယုံကြည်စိတ်ချဆုံးလဲဆိုတာ .."

"မင်း သူများယုံအောင်ပြောနိုင်မှန်းလည်း ငါသိတယ် .."

"ဟား .. ဟား .. ဟား .."

ရယ်သံသည် ကားစက်သံနှင့်အတူ ပျောက်ကွယ်သွားခဲ့၏။ သူအထက်မြန်မာပြည်ကနေ အောက်မြန်မာပြည်အထိ ရှောင်ထွက်လာခဲ့တာ ဒီမှာတစ်ညပဲ အိပ်လိုက်ရသေးသည်။

အပြင်ကိုထွက်လာတာနှင့် သူတို့နဲ့ တန်းတိုးခဲ့၏။ ဘယ်လို အဆက်အသွယ်တွေ နတ်မျက်စိတွေနဲ့ လိုက်လာနိုင်တာလဲ ..။ ဦးကျွန်း က မကောင်းမှုဆိုတာ ဘာမှမလုပ်ခဲ့ပေ ..။

ဒါပေမယ့် တပည့်တပန်းတွေက ဦးကျွန်း အားကိုးနှင့် ထင်တိုင်း



ကြဲနေသောကြောင့် "ကျွန်းညိုဂိုဏ်" ကျော်ကြားမျက်ရတနာလုပ်ငန်းကြီးက အညိုရောင်သမ်းနေခဲ့ရသည်။

ပြီးတော့ ဦးကျွန်းညို ရဲ့ ဇနီး သက်ထားညို ..၊

လှသလောက် အလှအပကြိုက်သည်။ အစားအသောက်အပျော်အပါးကြိုက်တာလည်း ကမ်းကုန် ..။

အဆိုးဆုံးသည် သူမအတွက် အသစ်အသစ်သော ရင်ခုန်သံတွေသာ အမြဲတမ်းလိုအပ်နေခဲ့သည်ဖြစ်လျက် ..။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဒေါက် .. ဒေါက် .."

ဟော ...။

တံခါးခေါက်သံကြောင့် လိုအပ်သည့်ပစ္စည်းအတိုအထွာတွေ ရှာ..ည် သိမ်းနေရင်း အနမ်း နဲ့ ချစ်လေး ခေါင်းထောင်သွားသည်။

"ဒေါက် .. ဒေါက် .."

"တံခါးခေါက်နေပြီ ဘယ်လိုလုပ်ကြမလဲ အနမ်း၊ ဒီတိုက်ခန်းတွေမှာ နင့်ဆီလာလည်မယ့်သူရှိလား .."

လက်ကို လာကိုင်ရင်း ချစ်လေး ကတုန်ကယင်မေးသည်။ အနမ်းက သားလက်ကိုဆွဲ၍ နောက်မှာကပ်ထားမိကာ ..။

"မရှိဘူး .. သူတို့လည်း မဟုတ်လောက်ပါဘူး၊ ငါ့ကို တစ်ရက်အချိန်ပေးမယ်ပြောသွားပြီးသားကို .."

"ဒါဆို ငါ သွားဖွင့်လိုက်ရမလား .."

"မွှီးမဲ့ .. ဖွီးမဲ့ .."

မြင်သာ က 'မဖွင့်နဲ့' လို့ ခေါင်းတခါခါနှင့် ပြောနေ၏။ သူ့ခြေဆောက်တွေလည်း ဒီးလောင်ပြင်ကနေ ပြေးလွှားခဲ့ရတာတွေနဲ့ ခြား



ရဲ့ တွန်းထိုးဆွဲလွဲခြင်းတွေကြောင့် မထနိုင်မကြွနိုင်ဖြစ်နေတဲ့အထိ ဆိုးနေကာ ..။

"ပေး .. နာ ပွားကြည့်မယ် .."

"မသွားပါနဲ့ ကိုကြီးရယ် .. သူကဖြင့် မတ်တတ်တောင်မရပ်နိုင်ဘဲနဲ့များ .."

"နင်ပဲ သွားကြည့်လိုက်တော့ ချစ်လေး .."

"ဒါပေမယ့် ငါတို့သိမ်းဆည်းထားတာတွေ တွေ့သွားရင် ဘယ်လိုလုပ်မလဲ .."

"ဘာရှိလို့လဲ အိတ်လေးနှစ်လုံးတည်းပဲဟာ .."

တိုက်ခန်းကိုရော အိမ်ထောင်ပရိဘောဂတွေကိုပါထားခဲ့ပြီး ခုပဲ လစ်ထွက်ပြေးဖို့ ပြင်နေကြတာဖြစ်သည်။ ဒါပေမယ့် အိတ်တွေကို သေချာပြန်ဝှတ်ပြီး ပုံမှန်အတိုင်းလိုပြုပြင်၍ ..။

"ဖွင့်လိုက် သွား .."

ချစ်လေး က တံခါးဆီပြေးသွားကာ အတွင်းတံခါးဖွင့်၍ ချောင်းကြည့်လိုက်လျှင် ..။

"ဟယ် .. ရှင် .."

ဝမ်းသာအားရကြီးထဖြစ်သွားပြီး ချက်ချင်းတံခါးဖွင့်လိုက်သည်။ ညနေခင်း အလင်းရောင်က ကွယ်ပျောက်လုဖြစ်နေခဲ့လျက် တိုက်ခန်းထဲမှာ မှောင်ရိပ်သမ်းနေသဖြင့် ချစ်လေးက မီးလည်းပြေးဖွင့်လိုက်သေးသည်။

"ရှင် .. ချစ်လေးတို့ဆီ ပြန်လာတာလား .. လာလေ .. ဝင်ခဲ့ပါ.."

"ပစ္စည်းတစ်ခုကျန်နေခဲ့လို့ .."

ဟင် !...။

သူ့ကို တံခါးရှေ့ကနေ ဖယ်ပေးလိုက်ရင်း သူ့နောက်ကလိုက်ဝင်လာခဲ့လျှင် အိပ်ခန်းထဲကထွက်လာသည့် အနမ်း နဲ့ မျက်နှာချင်းဆိုင်မိ၏။

ခြား က ရေချိုးခန်းကို မေးဆတ်ပြကာ ..။

"ခဏဝင်မယ် .."

www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းသလိုလိုနှင့် အဖြေလည်းမစောင့် ..။
"ဒီမှာ ..."
အနမ်း က လှမ်းခေါ်လိုက်ပြီး ..
"မင်း ကျန်ခဲ့တာ ဒါလား .."
သူ ပြန်ကြည့်လိုက်တော့ အနမ်း က ကိုင်ထားသည့်ပိုက်ဆံအိတ်
ပြားလေးထဲကနေ စတစ်တစ်ခုထုတ်ယူပြကာ ..၊
"ဒီမှာ ..."
သူ ခေါင်းညိတ်ပြီး ပြန်လျှောက်လာ၏။ ပြီးတော့ သူမရှေ့မှာ
မျက်နှာချင်းဆိုင်ရပ်ပြီး စတစ်ကိုမယူသေးဘဲ အနမ်း မျက်နှာလေးကို
စိုက်ကြည့်သည်။
အပြင်ထွက်တော့မှာမို့ ကရင်းမ်ပတ်ဖ်ပါးပါးလေးပုတ်ထားသော
အနမ်း မျက်နှာလေးက အနည်းငယ်အစ်နေပေမယ့် မွှန်ညက်ညက်လေး
ဖြစ်နေသည်။
ဒါပေမယ့် တံခါးနဲ့ ဆောင့်မိထားသော နဖူးထိပ်မှာတော့ အညို
ရောင်လေးစွဲနေသဖြင့် အလှပျက်ချင်၏။
ဆံပင်တွေကို ဒီတိုင်းဖြန့်ချထားကာ ပန်းနုရောင်ခါးကျအောပါး
အင်္ကျီလက်ပြတ်လေးနှင့် စကတ်ရှည်ကလည်း ပန်းရင့်ရောင်လေးဖြစ်
သည်။
သူမကတော့ ကပိုကရိုပုံလေးပေမယ့် ပန်းရောင်လေးနဲ့ သူမက
ဝင်းထိန်နေသည်။ ခြား ရဲ့ အကြည့်တွေ သူမရဲ့ နဖူးပြင်လေးဆီပြန်
ရောက်သွားကာ ..၊
"ဆောရီး ..."
ပြောပြီး စတစ်ကိုယူလိုက်သည်။
"ဘာအတွက်လဲ .."
"ငါ့ကြောင့် မင်း နာကျင်ခဲ့သမျှအားလုံး .."
"နေဦး ..."



သူ နောက်လှည့်ပြီးမှ ဒီတိုင်းရပ်နေလျှင် အနမ်း က သူ့ရှေ့ကို
...က်ဆန့်လိုက်ပြီး ..၊
"ဒါ ပြန်ယူသွား .."
မျက်စိအောက်ရောက်လာတာက သူ့လက်စွပ် ..။
ခြား က လက်ကိုကွေ့ရှောင်၍ သူ့ဘာသာ တံခါးဖွင့်ထွက်သွား
...ည်။ အနမ်း လက်စွပ်လေးကို ကမ်းပေးလျက်နှင့် လက်ကိုလည်း
...မရုတ်မိဘဲ ဒီတိုင်းကျန်ရစ်ခဲ့၏။
"ဘာလဲဟင် .."
ချစ်လေး အနားကပ်လာတော့ လက်ဝါးပေါ်တင်ထားသည့် လက်စွပ်
...ဆုပ်ထားပစ်လိုက်ကာ ..၊
"ဘာမှမဟုတ်ပါဘူး .. သွားမယ် မြန်မြန်လုပ် .."
"အဲ့တစ်ယောက်ကလည်း မာနကြီးလိုက်တာဟယ် .. သူ့သဘော
...သူဝင် ပြီးတော့ ပြန်ချင်တိုင်းပြန်ထွက်၊ ဟွန်း နာမည်လေးတောင်
...ပြောသွားဖော်မရဘူး .."
"ဒေါက် .. ဒေါက် .."
"ဟယ် ..."
ချစ်လေး မျက်နှာ ဝင်းထိန်သွားသည်။ ပြီးတော့ တံခါးဆီလှည့်
...ပြေးရင်း ..၊
"သူ တစ်ခုခုကျန်ခဲ့ပြန်ပြီ .."
တံခါးဖွင့်လိုက်တဲ့အထိ ပြုံးချိုနေသော ချစ်လေး မျက်နှာ ချက်ချင်း
...း ပြုံးတုံ့ပြုံတဲဖြစ်သွားခဲ့ပြီး ..၊
"ကိုအောင်သန့် .."
ချစ်လေး အသံကို အနမ်း သေချာကြားလိုက်သည်။ ထို့ကြောင့်
...ားကို အခန်းထဲပြေးထည့်ပြီး လော့ခ်ပါ ချထားခိုင်းလိုက်သည်။
ဝင်လာကြတော့ အောင်သန့်နှင့် တပည့်ကျော်နှစ်ယောက်ပဲဖြစ်
...သ ..၊



www.burmeseclassic.com

www.burmeseclassic.com



"နေမကောင်းဖြစ်နေတယ်ကြားလို့ ဒါပေမယ့် လူမမာက တော်
လှနေပါလားကွ .. အပြင်သွားမလို့တော့ မဟုတ်ဘူးထင်တယ် ..

လှောင်ပြုံးနှင့် မျက်နှာက ရှုမှုက်ခိုးတွေဝေနေကာ အရက်
ထောင်းခနဲဝင်လာ၏။

"ကျွန်မဘာသာ အပြင်သွားသွား ဘယ်ဖြစ်ဖြစ် ရှင်နဲ့မဆိုင်ပါ
အခု ဘာကိစ္စလဲ .."

"စိမ်းကားလိုက်တာ အနမ်းလေးရာ၊ ကိုယ့်သားရှိတဲ့နေရာ ကို
လာခွင့်မရှိဘူးလား၊ သားကိုခေါ်လာပါဆိုတော့ မင်းမလာဘူး၊ ကို
လာတော့လည်း စူပုပ်ပုပ်နဲ့ပါလား .."

ချစ်စနိုးပြောနေပုံက ပါးလေးပဲ လှမ်းဆွဲတော့မလိုလို မေးဖျား
ပဲ ကိုင်လှုပ်ပစ်ချင်သလိုလို ..။

"မင်းရှိတဲ့နေရာကို သိလိုက်ရတည်းက ကိုယ်ဘယ်လိုမှ မနေ
ခဲ့တာ .."

သူ အနားရောက်လာတော့ အနမ်း ဘေးကို ခြေတစ်လှမ်းရွှေ
လိုက်သည်။

"အနမ်းတစ်ပွင့် .."

သူက လိုက်ကပ်ပြီး ပခုံးချင်းမထိတထိတိုး၍ ..။

"အနမ်းတစ်ပွင့်ရယ် .. မင်းရဲ့ နာမည်လေးကိုက ရင်ခုန်ဖို့ကော
နေတာ၊ ကိုယ်သာ မင်းကို အရင်တွေ့ခဲ့ရင် သားသားက မင်းနဲ့ ကို
သား ဖြစ်မှာ .."

"ရှင့်စကားကို လူကြီးလူကောင်းဆန်ဆန်ပြောစမ်းပါ .."

"အဲဒါကြောင့် မင်းကို စဉ်းစားခွင့်တွေပေးနေရ ... ပါ အ
ရယ်၊ ဒါပေမယ့် မနက်ဖြန်တောင် ကိုယ်မစောင့်နိုင်တော့ဘူး ..

စကားနှင့်အတူ တင်းပြည့်သွယ်လျသော အနမ်းရဲ့ တကိုယ်လုံး
စူးစူးရဲရဲစိုက်ကြည့်၏။ အနမ်း မျက်နှာလေး နီရဲလာလျက် ..။

"ကျွန်မကို ရှင်အပိုင်တွက်နေတာ ကျွန်မဖြင့် မစဉ်းစား



ဘူး၊ သားကိုမွေးထားမိတာနဲ့ ကျွန်မကို ရှင်ရမှာပဲလို့ ထင်နေတယ်
တ်လား .."

"မင်းမှာ ငြင်းဆန်ဖို့ အင်အားရှိသလား အနမ်း၊ ဟား .. ဟား ..
ား .. သားကို ငါပြန်ခေါ်သွားနိုင်ရင်တောင် ငါလိုချင်တာ တစ်ယောက်
ည်းမဟုတ်ဘူး .."

"သားကို မပေးသလို ရှင့်လိုလူကိုလည်း ကျွန်မ မစဉ်းစားဘူး၊
ဉ်းစားစရာအကြောင်းလည်းမရှိဘူး၊ ကျွန်မမှာ လက်ထပ်ရမယ့်ချစ်သူ
ရှိတယ် .."

"ချစ်သူ ဟုတ်လား .. ရှိတော့ ဘာဖြစ်သွားနိုင်သလဲ၊ မင်းကို ငါက
ချစ်ခွင့်ပန်နေတာမဟုတ်ဘူးလေ၊ မင်းက ငါသိမ်းပိုက်မယ့် မိန်းမလို့
ပြောနေတာ .."

"ဒါဆို ရှင်က မယားခိုးဖြစ်သွားမှာပေါ့ .."

"ဘာ!..."

"ကျွန်မတို့က လက်မထပ်ရသေးပေမယ့် .."

အနမ်း ဆက်မပြောပေမယ့် အောင်သန့် မျက်နှာကြီး မည်းခနဲ
ဖျက်ကျသွားသည်။

အနမ်း ကြိတ်ပြီးဝမ်းသွားကာ ..။

"အဲဒီတော့ ကလေးကလည်း ရှင်နဲ့လိုက်ချင်မှာမဟုတ်ဘူး ကျွန်မ
ာလည်း .."

"ငါက ခုမှ ပုခက်ထဲက ဆင်းလာတာမဟုတ်ဘူး အနမ်း .. ပုံပြင်
တွေ လာပြောမနေနဲ့ .."

"ရှင့်လိုလူကို ပုံပြင်ပြောစရာလား .. ပုံပြင်နားထောင်တတ်တဲ့
အရွယ်လေးတွေက ဒီလောက်ဖြူစင်တာ၊ ကျွန်မ အရှုံးမှ မဟုတ်ဘဲ .."

အောင်သန့် မျက်ခုံးတွေတွန့်သွားခဲ့လျက် ကျိုခနဲအံကြိတ်သည်။
အနမ်း ကလည်း ရွံရှာသည့်အရာတစ်ခုကို မကြည့်ချင်ဘဲ ကြည့်နေရ
လို သူ့ကိုကြည့်ပြီး မဲ့ကာ ..။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကြည့် ..."

ခုပဲ ကောက်စွပ်ထားလိုက်သည့် ခြား ရဲ့ လက်စွပ်နဲ့ လက် ထောင်ပြလိုက်ကာ ..၊

"သူပေးထားတဲ့ လက်ထပ်လက်စွပ် .."

သူ အမှတ်တမဲ့ပဲကြည့်လိုက်မိတာဖြစ်သည်။ သို့သော် လက် တစ်ကွင်းလုံး ဖျတ်ဖျတ်လက်နေအောင် မြှုပ်ထားသည့်စိန်တွေကြော အောင်သန့် မျက်လုံးတွေ ကျဉ်းမြောင်းသွားသည်။

"အဲ့ဒီကောင် ဘယ်ကကောင်လဲ .."

"တင်း .. တောင် .."

"ဟော့ .. မဖွင့်နဲ့ .."

လှည့်အမိန့်ပေးပြီး အနမ်းရဲ့ လက်တစ်ဖက်ကို ဆတ်ခနဲဆွဲကာ

"ဘာကောင်ဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး .."

"အို .. ဘာလုပ်တာလဲ .. လွှတ် .."

"မင်းက အခွင့်အရေးပေးဖို့ မထိုက်တန်တဲ့မိန်းမဖြစ်နေလို့လေ

"ရှင် မယုတ်မာနဲ့နော် .. ကျွန်မ အော်လိုက်မှာ .."

အနမ်း အတင်းရုန်းနေရင်း ခြေထောက်နဲ့ လှမ်းကန်မိသည်။ ပေမယ့် ဝတ်ထားတာက စကက်ဖြစ်နေသဖြင့် ခြေထောက်က လိုတ မရောက် ..။

သူမ ရုန်းနေလေ အောင်သန့် က အတင်းအကျပ်ဆွဲချုပ်ထား ဖြစ်ကာ ပစ္စည်းဟောင်းတွေနဲ့အခန်းထဲကို တွန်းကည့်ပစ်လိုက်ပြီး

"ဂျိမ်း ..."

"အနမ်းရေ .. လာကြပါဦး .. ကယ်ကြ .."

"ဖြန်း .."

တံခါးထုရင်း ပြတင်းပေါက်ကိုပြေးပြီး တအားအော်လျှင် အောင် ရဲ့ လူတစ်ယောက်ရောက်လာပြီး ဇက်ပိုးကိုဖြတ်ရိုက်လိုက်၏။

ချစ်လေး က ရှောင်လိုက်သဖြင့် လက်ဖျားပဲခတ်မိသွားသည်



သော် နံရံမှာ ကပ်လျက် ပုံခနဲလဲကျသွားခဲ့၏။

"ဗိုး .. ဘာရုတ်တာရုန်း .. ခွေး .. ခွေးသီးခူး .."

မြင်သာ ဒေါသတွေချောင်းချောင်းထွက်ကာ ဖင်ဒရွတ်ကိုက်ရောက် ပြီး ဆဲလည်းဆဲသည်။ ထိုစဉ် တံခါးအပြင်ကနေ တစ်စုံတစ်ရာနှင့် ခနဲ ထုနက်သံပေါ်လာပြီး ..၊

"အထဲက တံခါးမဖွင့်ဘူးလား .."

ဟင် !...၊

ချစ်လေး ပျော့ခွေညည်းညူနေရင်း ဆတ်ခနဲဖြစ်သွားသည်။

ဟိုတစ်ယောက်ပါလား ..၊

"ဒုန်း .. ဝုန်း .."

"ဟာ .. ကြည့်စမ်း .."

အပြင် ဘာရျာဟတံခါးပိတ်မထားသဖြင့် တံခါးဟောင်းက ပခုံးနဲ့ တိုက်သည့်ဒဏ်ကို မခံနိုင်ဘဲ ပွင့်ထွက်သွားသည်။

အပြင်က ဝုန်းဒိုင်းကြဲသွားသည့် အသံတွေကို ကြားလိုက်သော ကြောင့် အနမ်းကို ဖျက်ဆီးဖို့ကြိုးစားသည့် အောင်သန့် ရဲ့ လှုပ်ရှားမှု တွေရပ်သွားသည်။

"ဒုန်း .. ဖြောင်း .."

"ခွမ်း .. ချလွမ် ..."

တစ်ခုခုဆိုတာသိလိုက်ကာ အပြင်ထွက်မလို့ တံခါးလှည့်ဖွင့်စဉ် အနမ်း က နောက်ကနေ သစ်သားတုတ်တစ်ချောင်းနှင့် ပြေးရိုက်၏။

"ဟာ ..."

ရိုက်ချက်သည် မျက်နှာရှေ့ကနေ ဝီခေါ်ဖြတ်သန်းသွားခဲ့၏။ သူ သာ အရှောင်မမြန်ရင် ဘာတွေဖြစ်သွားမလဲ ..။ အောင်သန့် ရဲ့ ဒေါသ တွေက အပြင်ကအသံဗလံတွေကိုမဟုတ်တော့ဘဲ ..၊

"နင်ကများ ငါ့ကို .."

"အား ..."

www.burmeseclassic.com

www.burmeseclassic.com



အနမ်းရဲ့ ပခုံးကို လှမ်းဆွဲ ်သည်။ မမိတော့ မိသည့် ဆံပင်ကို ဆောင့်ဆွဲကာ သူ၏ တကိုယ်လုံး ရင်ခွင်ထဲရောက်လာအောင် ဆွဲချ ပစ်လိုက်၏။

"လူယုတ်မာ ခွေးသူတောင်းစား တိရစ္ဆာန်ကောင်၊ လွှတ်စမ်း .."

မဟားတရားရလိုမှုများကို ရှောင်နေနိုင်သေမယ့် တန်းလျားယော လေးပေါ် လှဲချခံလိုက်ရလျှင် ..။

"ဟား .. ဟား .. ဟား .. ဘယ်ဂဒိုလဲ အနမ်းတစ်ပွင့်၊ မင်းက နူး မှုနဲ့ မယိုက်တန်တော့ ငါဘယ်လိုဒဏ်ခတ်မလဲကြည့်နေ .."

"ဒုန်း ..."

ရုတ်တရက် တံခါးဆောင့်ပွင့်သွားကာ ခြား ဝင်လာလျှင် ..။

"ဟိတ်ကောင် .. မင်း .."

"မောင် .. အနမ်း ကို ကယ်ပါဦး .."

အောင်သန့် အနိုင်ပိုင်းပြောပြီး ခြား ကို မောင်းထုတ်နိုင်တာသိ သဖြင့် အနမ်း အတင်းလူးလဲထကာ ခြား ရဲ့ ရင်ခွင်ထဲပြေးဝင်လိုက်သည်

ထိုအခါ ခြား ရဲ့ ဘယ်ဘက်တစ်ခြမ်းလုံးမှာ သွေးတွေစိုနေတာ ထိကိုင်မိလိုက်ပြီး လန့်သွား၏။

"ဟိတ်ကောင် .. မင်းဘယ်သူလဲ ထွက်သွားစမ်း .."

"ထွက်သွားရမှာ သူမဟုတ်ဘူး၊ ရှင်သွားရမှာ .. သူက ကျွန် လက်ထပ်မယ့် ကျွန်မရဲ့ချစ်သူ .."

အောင်သန့် ရဲ့ မျက်လုံးတွေဂဒိ ခြား က စိုက်ကြည့်ပြီး ရှေ့တို လာကာ ..။

"အပြင်မှာ မင်းရဲ့ အသုံးမကျတဲ့ သတ္တဝါတွေကိုဆွဲထုတ်သွားပြ ကိုယ့်ဘာသာ ပြန်မလား၊ ငါ ရဲခေါ် ရမလား .."

"မင်းက ဘာမို့လို့လဲ .."

"မင်းကိုယ်မင်း ပြန်မေးလိုက်ပါ၊ သူများအိမ်ပေါ်ထိတက်ပြ မုဒိမ်းမှုကျူးလွန်နေတာ ဘယ်လိုပြစ်မှုမြောက်သလဲလို့ .."



"ဘာပြစ်မှုမှ မြောက်ဖို့မရှိဘူးကွ .. ဘာဖြစ်လို့လဲသိလား .. ငါ့သား သူ ပြန်မပေးနိုင်ဘူး၊ ဒါ သူဖြစ်ချင်တဲ့အတိုင်းပဲ .."

"တိရစ္ဆာန်ကောင် .. ကဲဟာ .."

တစ်ဖက်မှာအနိုင်လုပြောနေတုန်းမို့ အနမ်း ရဲ့ ရိုက်ချက်က အောင်သန့် ပါးပေါ် ထိထိမိမိရောက်သွားခဲ့သည်။

ထိုစဉ် နှာခေါင်းနဲ့ နှုတ်ခမ်းထောင့်တွေမှာ သွေးသံရဲရဲနှင့် သူ့လူ နှစ်ယောက် ပြေးဝင်လာကြလျက် ..။

"ထွက်သွားကြစမ်း .."

တစ်ယောက်တည်းကိုတောင်မှ နှစ်ယောက်က မတားနိုင် ..။

ဆရာတစ်ဆူလိုနေလာခဲ့သည့် သူ့ရဲ့ ဖရိုဖရဲကျရှုံးမှုကြောင့် ရက် တ်တွေလည်း မွှန်လျက် ..။

"မင်းနဲ့ငါ နောက်မှရှင်းမယ် အနမ်းတစ်ပွင့် .. ငါ့သား ဘယ်မှာလဲ.."

မေးပြီးတာနှင့် အပြင်ကိုလှည့်ထွက်သွားလျှင် အနမ်း မျက်နှာပျက် သွားကာ ..။

"ကလေးက လိုက်မှာမဟုတ်ဘူး .. မခေါ်ရဘူး .."

"ဟိတ် ..."

အနမ်း အတင်းလိုက်တားဖို့ထွက်၏။ ခြား က သူမလက်ကို ဆတ် ခနဲ ပြန်ဆွဲထားလိုက်ပြီး ..။

"ဘာလိုက်လုပ်မလို့လဲ .. မင်း သူ့ကိုလိုချင်နေတာလား .."

"သူ့လိုလူယုတ်မာကို အနမ်း က လိုချင်စရာလား .. သားလေးက အနမ်းနဲ့ပဲ နေချင်တာ .."

"အဲဒါ သူ့ဟာသူ ရွေးချယ်ခွင့်ရှိတဲ့အချိန်ကျရင် မင်းအနား ပြန် ရောက်လာလိမ့်မယ် .."

"ဟင့်အင်း .."

အနမ်း မျက်နှာလေးယော်ကျသွားလျက် ခေါင်းတခါခါဖြစ်သွား သည်။ သူ့လက်ထဲကနေ အားမပါစွာ ရုန်းနေရင်း မျက်ရည်တွေပါကျ

www.burmeseclassic.com

www.burmeseclassic.com



လာကြ၏။

"ဟင့်အင်း .. သား မာမီနဲ့ပဲနေမှာ .."

"မနေရဘူး .. သူ မင်းကို ချစ်ရင်လိုက်လာလိမ့်မယ် .."

"မာမီရေ .."

"သားလေး .."

အနမ်း အတင်းပြေးထွက်သွားသည်။

"ကျွတ် .."

ခြား မျက်နှာရှုံ့မဲ့သွားခဲ့လျက် ဒဏ်ရာနာတာထက် စိတ်ပျက် ကပိုသည်။ အနမ်းတို့ အသံတွေကိုအပြင်မှာ သဘာဝမကျစွာကြား ရပြီး အားလုံးပြီးဆုံးသွားခဲ့လျှင် ..၊

"ဟင် .. လက်ကိုဓားထိသွားတာလား .. အို .. ခါးကဒဏ်ရာ လည်း သွေးတွေထွက်နေပြီ .."

သူ အပြင်ထွက်လာတော့ ချစ်လေး ပျာပျာသလဲဖြစ်သွားသည် အနမ်း က ဆိုဖာမှာ တအားရှိုက်ငိုနေရင်း လှည့်ကြည့်သည်။ ပြီးတော့ မျက်ရည်တွေသုတ်ပြီး ထလာကာ ..၊

"ချစ်လေး မြန်မြန်သွားပြီး ဆေးဆိုင်မှာ လိုအပ်တာတွေ ဝယ်လာ ပါ .."

"နေပေ့စေ .. နည်းနည်းလေးပဲကိစ္စမရှိဘူး .."

"မနည်းပါဘူး .. မသွားနဲ့ဦး၊ ဒီမှာ လက်တစ်ချောင်းလုံး သွေးတွေ ရဲနေပြီ .."

နောက်ထပ်မျက်နှာကို လက်မောင်းလေးနဲ့ ပွတ်သုတ်ပစ်ကာ အန က အိပ်ခန်းထဲပြန်ဝင်ပြီး အရက်ပျံပုလင်းလေးယူလာ၏။

ခြား ကို မြင်သာ က လက်တစ်ဖက်ကိုအသေဆွဲထား၍ အန ပြန်ထွက်လာမှ လွှတ်ပေးလိုက်ကာ ..၊

"ရှေး .. ရှေးဒဲ့ .. ရှေးဒဲ့ .."

သူ နှစ်ယောက်ထိုင်ဆိုဖာမှာဝင်ထိုင်လိုက်လျှင် အနမ်း က သူ့ဆေ



မှာ ထိုင်လိုက်ပြီး ..၊

"အင်္ကျီချွတ်လိုက် .."

"ရတယ် .. ပြနေတဲ့ထဲကပဲ .."

"မူရလို့ပြောနေတာပေါ့ကွာ .. မင်း အဲ့လိုအထာကျနေတာကို ကျေနပ်နေတာလား .."

စိတ်တော့တိုသွားသည်။ ဒါပေမယ့် ပြန်ပြောမလို့ ငုံ့ကြည့်လိုက်တော့ ငိုထားသည့် သူမ မျက်နှာလေးကြောင့်ပြောမည့်စကားတွေ ပြန်ဝင်ကုန်သည်။

သူမကလည်း အသံတိတ်မျက်ရည်တွေကျနေဆဲနှင့် သူ အင်္ကျီချွတ်လိုက်တာကို စောင့်သည်။

"ရပြီလား .."

"မရဘူး .."

ခေါင်းခါရင်း မျက်ရည်တွေကို လက်ခုံလေးနဲ့ ပွတ်သုတ်ပြန်၏။

"မင့်ခါးမှာ ဒဏ်ရာရှိသေးတယ်၊ အတွင်းအင်္ကျီပါ ချွတ်လိုက်.."

ခုကျတော့လည်း ဘာအာဃာတမှမရှိခဲ့ဘူးသည့်နှယ် ..။

ထို့ပြင် မိန်းမကြီးဆန်နေသလိုလို အစ်မကြီးတစ်ယောက်က မောင်ငယ်ကို ပြုစုပေးနေတာလိုလို ဒါပေမယ့် ..၊

သူမရဲ့ မှတ်ပုံတင်ကို သူမြင်ပြီးပြီမို့ ကိုယ့်ထက် ကိုးလလောက် အသက်ငယ်မှန်းသိနေသဖြင့် ခံရတာအောင့်သက်သက် ..။

"ဒီဒဏ်ရာက အကြီးကြီးပဲ .."

လက်မောင်းအတွင်းသား ချိုင်းအောက်ကြားထဲကို ဓားက တိုးဝင်သွားတာဖြစ်ကာ ဂျာကင်ကြောင့်သာမဟုတ်လျှင် နံကြားထဲထိတိုးဝင်သွားနိုင်၏။

အပြင်က လူနှစ်ယောက်နဲ့ တိုက်ခိုက်လာမှန်းသိပေမယ့် သူ အပြင်ကနေ ဘယ်လိုဝင်လာသလဲ ဘာတွေဖြစ်ကြသလဲဆိုတာတော့ သူ မသိပေ..။

"အား .."

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာကိုဖိသိပ်နေသလို ခံစားလိုက်ရသဖြင့် မချိမဆန့်နာသွားကာ အနမ်းရဲ့လက်ကို ဖမ်းကိုင်ထားမိရင်း ...၊

"မင်း ဘယ်လိုလုပ်နေတာလဲ .."

"အရက်ပျံနဲ့ သန့်ပေးနေတာလေ၊ ဆေးရောက်လာရင် တန်းထည့်ရအောင်လို့ .."

သူမက ဆက်လုပ်ဖို့လက်ကိုရုန်းသည်။ သူက ဖိဆုပ်ထားကာ ...၊

"သန့်ပေးနေတာက ပုလင်းထဲကို တုတ်ထိုးဆွသလိုလုပ်နေရလား၊ ဒဏ်ရာပေါ်လောင်းချလိုက်ရင်ပြီးတာပဲ .."

"လောင်းချရအောင် မင်းက လှဲအိပ်နေတာမှမဟုတ်ဘဲ၊ ငုတ်တုတ်ကြီးထိုင်နေတာကို ဘယ်လိုလောင်းရမလဲ၊ ဒီမှာ အရက်ပျံက နည်းနည်းလေးရှိတာ .."

"ထားလိုက်တော့ .."

"အို .. ထားလို့မရပါဘူး၊ လုပ်နေမှတော့ ပြီးအောင်လုပ်ရမှာပေါ့"

သူမက လက်ကိုအတင်းပြန်ဆွဲရုန်းသည်။ သူက မလွှတ်ဘဲဖိဆုပ်ထား၏။

ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကာ ...၊

"အဟမ်း .. ဟမ်း .."

ချစ်လေး ရဲ့ ချောင်းဟန့်သံကြားမှ ကိုယ့်လက်ကို ပြန်ရုတ်မိကြကာ နှစ်ယောက်စလုံး မျက်နှာတွေနီလျက် ...။

ဖြစ်ရလေ ...၊

ချစ်လေး ရင်ဘတ်လေးဖိမိရင်း ...၊

သူ့အတွက် ပျာယာခတ်နေရတာက ငါ ...၊



## အခန်း (၁၆)

"အရက်ပျံပါလား ချစ်လေး .."

"ပါတယ်လေ .. အရက်ပျံပုလင်းတစ်လုံးလုံးကို မမြင်တော့ဘူးလား .. ဟွန်း .."

"ဒါလေး .."

ပုလင်းလေးက နှစ်လက်မလောက်ပဲရှိသည့် ပုလင်းကိုကိုင်ပြီး ချစ်လေး ဘက်လှည့်၍ ...၊

"ငါ လက်သည်းဖျက်ဖို့ ဝယ်သလောက်လေး .."

"ဩော် .. နင့်ကျမှပဲ လက်သည်းဖျက်ဆေးဘူးပြားလေးတွေ မသုံးဘဲနဲ့ အရက်ပျံနဲ့ ဖျက်ရတယ်လို့ .."

"အရက်ပျံက တခြားလိုအပ်ရင်လည်း သုံးလို့ရတယ်လေ၊ ခုတောင် ငါ့ပုလင်းရှိလို့ ဒီမှာအသုံးဝင်နေတာ မမြင်ဘူးလား .. ကိုယ့်ဘာသာ မဟုတ်တာလုပ်လာပြီးတော့ .."

အရက်ပျံပုလင်းဖွင့်ပြီး ဂွမ်းနဲ့ ဆွတ်သည်။ ပြီးတော့လည်း ဒီတိုင်းပဲလုပ်ရာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဟား .. သေပြီကွာ .."

ခြား သူမလက်ကိုပုတ်ထုတ်မိပြန်ကာ ..၊

"မင်း ..."

"မင်းကရော ယောကျ်ားမဟုတ်ဘူးလား .. ဒဏ်ရာ အရက်ပုံးခွတ်တာလေးတောင်မှ .."

"မင်း ငါ့ကို သွေးတိုးမစမ်းနဲ့နော် .."

"ဘာလဲ ငါက ဘာကိုစမ်းနေလို့လဲ .."

"ယောကျ်ားတစ်ယောက်ကို ယောကျ်ားမဟုတ်ဘူးလားလို့ပြောရင် အဲဒီကောင်က ဘယ်လိုသက်သေပြတတ်လဲ မင်းသိလား .."

"အယ် ..."

ချစ်လေး ရင်ခုန်သွားသည်။ ရင်ဘတ်ကိုဖိ၍ ဖိုးသိုးဖက်သပ်ဖြစ်သွားပုံရှိကာ အနမ်း ပါးပြင်လေးတွေရဲတက်သွား၏။ ထိုအခါကျမှ သူ လွှန်သွားမှန်းသိကာ ..၊

"ကိုယ် ရိုင်းသွားတာ ဆောရီး .."

"ပြောပြီးမှ တောင်းပန်မနေနဲ့၊ နင် ရိုင်းတာအစတည်းက သိတယ်.."

"ငါ့ကို နင်နဲ့ ငါနဲ့ ပြောနေတဲ့ မင်းကတော့ တော်တော်ယဉ်ကျေးတယ်ပေါ့ .."

"ဘာ ..."

"မင်း ငါ့ထက်ငယ်တယ် .."

"အယ်!..."

ဘာသံဖြစ်ဖြစ် ထွက်လာတိုင်း ချစ်လေး ဆီက အာမေဋိတ်တွေပဲဖြစ်ကာ ..၊

"အဲ့ဒါ ဘယ်လိုလုပ်သိသွားတာလဲဟင် .."

"မင်းက ဘာတွေလျှောက်မေးနေတာလဲ .."



ခြား က လှည့်အော်လိုက်မှ ချစ်လေး ဇက်လေးပုသွားကာ ..၊

"မဟုတ်ပါဘူး .. အနမ်း က ငယ်တယ်ဆိုတာ .. အဲ့ .. အသက်ငယ်တယ်ဆိုတာ ဘယ်လိုသိလဲလို့ပါ .."

"လျှောက်မေးမနေနဲ့ .."

အနမ်း ကလည်း ချစ်လေး ကိုပဲ ဆူမိကာ ကိုယ့်ကိုအဝတ်စားလဲပေးထားခဲ့သည့် ဖြစ်ရပ်တွေရှိခဲ့တာကိုလည်း သတိရလျက် ..၊

"အသက်ဘယ်သူကြီးကြီး လူဆိုးတစ်ယောက်ကို မရိုသေချင်လို့လေ .."

ပြောလိုက်ပြီးမှ ဟိုလူယုတ်မာလက်ထဲကနေ တမင်ပြန်လာကယ်ခဲ့တာကိုသတိရ၍ ..၊

"မ ်း ရောက်လာတုန်းကပြောတာပါ .."

"ဟုတ်တယ် .. အဲ့လိုပါ၊ ချစ်လေးတို့ ပြောမှားဆိုမှားရှိခဲ့တာတွေအတွက်လည်း တောင်းပန်ပါတယ်၊ ကို .. ကိုဟိုဒင်း .. အဲ ရှင်ပြန်လာကယ်တာကိုလည်း အရမ်းကျေးဇူးတင်ပါတယ်လို့နော် .."

ပြောနေရင်း ခေါင်းလေးတစ်ချက်ကုတ်၍ ..၊

"ခုထိတောင် ရှင့်နာမည်မသိရသေးဘူးနော် .. ဘယ်လိုခေါ်လဲဟင်.."

ချစ်လေး က မေးလိုက်မှ ..၊

"ခြား .."

"ဟင်!.. ဘယ်လို .."

ချစ်လေး က နှစ်ခါပြန်မေးကာ အနမ်း ကလည်း ဒဏ်ရာကိုဆေးထည့်ပေးရင်း မော့ကြည့်၏။ ခြား က အနမ်း မျက်ဝန်းတွေကို [illegible] ရင်း ..၊

"ငါ့နာမည် နေ့ရက်ခြား .."

"သြော် .. အင်း .. ချစ်လေး ကို ပြောတာမဟုတ်[illegible]မယ့် ကြားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ် .. လို့ ..”

ခပ်ရွဲ့ရွဲ့ပြောပြီး ချစ်လေး ရယ်တော့ အနမ်း နဲ့ ခြား မျက်နှာတွေ လွှဲလိုက်ရင်း မနေတတ်မထိုင်တတ်တွေဖြစ်သွားခဲ့လျက် ..၊

“ဒါနဲ့ ကိုခြား ဘယ်လို စိတ်ကောင်းလေးဝင်ပြီး ပြန်လှည့်လာတာ လဲဟင် ..”

ချစ်လေး က လွှတ်ခနဲပြောပြီးမှ ..၊

“အဲ .. ဒီလိုပါ .. ဟိုလေ .. အနမ်း နဲ့ ကိုအောင်သန့် ပြဿနာကို သိထားတာတော့ဟုတ်ပါတယ်၊ သူတို့ဝင်လာတာနဲ့ ဘယ်လိုသိလိုက် တာလဲလို့ပါ၊ ဆော်ဒီဂတ်လုပ်မပေးနိုင်ဘူးလို့လည်းပြောသွားတော့ ..”

“ခု လုပ်ပေးမယ်လို့ရော ပြောမိလို့လား ..”

“ငါကလည်း မင်းကို မလုပ်ခိုင်းပါဘူး ..”

အကျင့်ပါသွားသည့်အတိုင်း ငါတွေမင်းတွေနဲ့ ပြောလိုက်ပြီးမှ သတိရပေမယ့် မတတ်နိုင် ..။

“နင်တို့ကလည်း အနမ်းရယ် .. အနားမှာ ထိန်းမတ်ပေးမယ့်လူမရှိ တော့လည်း ငါပဲပြောရတော့မှာပဲ ..”

ချစ်လေး က မလှမ်းမကမ်းမှာလာထိုင်လိုက်ပြီး ..၊

“ကိုခြား ကလည်း ရှင်ဘယ်လိုပြောနေနေ ရင်ထဲကတကယ့် စေတနာစိတ်ကတော့ အမြင်မတော်ရင် မျက်နှာလွှဲမသွားနိုင်ဘူးမို့လား..၊ အနမ်း ကလည်း ရှင့်ကိုကျေးဇူးတင်နေတာပါ၊ တစ်ယောက်နဲ့တစ်ယောက် လေသံထွက်တွေမကောင်းတာနဲ့ပဲ တလွဲတွေတွေးပြီး ထင်သလိုမလုပ်ကြ ပါနဲ့ ..”

သူမ စကားရပ်လိုက်တော့ နှစ်ယောက်စလုံးတိတ်နေကြသဖြင့် ကိုယ့်စကားပေါက်မှန်းသိကာ ..၊

“အခု ကိုခြား နဲ့ နင့်ကို တကယ်ပဲ ဟိုလိုထင်ပြီး သူနောက်ဆုတ်



သွားတာလေ၊ ဒါပေမယ့် ပြီးသွားပြီလို့ ပြောလို့မရသေးဘူး၊ ကလေး ခေါ်သွားရင် အနမ်း ပါလာမှာပဲလို့ထင်တာလည်း ဖြစ်နိုင်တယ်၊ အခု နင်ကမပါဘူးဆိုတော့ ဒီလူနောက်တစ်မျိုးကြံဦးမှာပဲ ..”

“သူ ကြံစည်မှာကို ငါက စောင့်နေမှာမို့လို့လား .. ဟိုဘက်လှည့်..”

စကားပြောရင်း ဒဏ်ရာကိုဆေးထည့်နေတာဖြစ်ကာ ..၊

“ဟိုဘက်လှည့်ဆိုမှ ..”

“ဘာလုပ်မလို့လဲ ..”

“ပတ်တီးစည်းရမယ်လေ .. ဒီမှာ ပတ်တီးကိုင်နေမှ မေးနေသေးတယ်”

“မလိုဘူး .. ငါ ဒီတိုင်းပဲနေတာ ဘာမှမဖြစ်ဘူး ..”

“ရှင်တော်တော် ပြောရခက်ပါလား .. အထာကိုင်နေတယ်ပြောရင် မကြိုက်ဘူး ..”

“မကြိုက်မှန်းသိရင်လည်း မပြောနဲ့ပေါ့ကွ .. အဲ့ဒီဒဏ်ရာက ပျောက် ပြီးသား ..”

တံခါးတွေကို ပြေးတိုက်တာ အားစိုက်တာတွေကြောင့် သွေးစိမ်း တွေ ပြန်ထွက်လာတာမှန်းသိပေမယ့် ဆက်မပြောဘဲနေလိုက်၏။

“ရှင့် ဒဏ်ရာပျောက်နေပြီမှန်းသိတယ်၊ ဒါပေမယ့် ကျွန်မတို့ကြောင့် ပြန်ဖြစ်ရတာမဟုတ်ဘူးလား ..”

“ဘာဖြစ်ဖြစ် ...”

“နေဦး ...”

ခြား က ဂျာကင်ပြန်ဝတ်ဖို့မြှောက်လိုက်လျှင် အနမ်း က အင်္ကျီကို ဆွဲထားကာ ..၊

“အင်္ကျီလက်နဲ့ ကပ်သွားမှ ပိုဆိုးလိမ့်မယ်၊ လက်မောင်းက ဒဏ်ရာ ကိုတော့ ပတ်တီးစည်းလိုက် ..”

“ဟင်း .. နော် ..”

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် စုစုပုပ်ပုပ်မျက်နှာတွေနှင့် ဥပေက္ခာမထားနိုင်ကြတာကိုကြည့်၍ ချစ်လေး သက်ပြင်းချ၏။ အနမ်း ပတ်တီးစည်းပေးရင်း သူ့မေးဖျားနဲ့ သူမ နဖူးလေး ထိမလိုကပ်မလိုဖြစ်သွားတာကို ခြား က မျက်တောင်ဖျားတွေစင်းချကြည့်ရင်း ..၊

"မင်း ဘာလုပ်မှာလဲ .."

အနမ်း က မျက်လွှာပင့်ကြည့်လျှင် ..၊

"အခု ငါ ပြန်သွားရင် .."

"ဒီညတော့ ဒီမှာပဲနေပေးပါ .."

အနမ်း က မျက်နှာမကြည့်ဘဲပြောတော့ ခြား ပြုံးချင်ချင်ဖြစ်သွားသည်။ ထိုမျက်နှာကို အနမ်း မော့ကြည့်ပြီး ..၊

"ဘာလဲ .. တောင်းပန်ပြီးပြောစေချင်တာလား .."

"လိုချင်ရင်တော့ တောင်းရမှာပဲ .. တောင်းပန်တာဖြစ်ဖြစ် တော[illegible] ယူတာဖြစ်ဖြစ် .."

"ရတယ် .. ရှင် ဘယ်လိုတောင်းပန်စေချင်တာလဲ .."

ခြား က နှုတ်ခမ်းဖိဖိနှင့်မဲ့၍ ..၊

"ပြောရင်လည်း အထာကိုင်တယ်ဖြစ်ဦးမယ်၊ မင်း တောင်းပန်လည်း ငါ မနေနိုင်ဘူး၊ ဒီည ငါ သွားစရာရှိတယ် .."

အနမ်း ရဲ့ မကျေနပ်သည့်မျက်ဝန်းလေးတွေ သူ့ဆီရောက်လာသည်။

"ဒီညကို သွားမှဖြစ်မှာလား .."

"ဟုတ်တယ် .."

"ရှင်ပြောတော့ သုံးရက် ခိုနေရမှာဆို ကျွန်မအပေါ် ဘာမကျေနပ်တာရှိသေးလို့လဲ .."

"ဘာမှမရှိဘူး .."

"ဒါပေမယ့် ရှင် ချက်ချင်းကြီးသွားစရာရှိတယ်ထဖြစ်လာတာ



[illegible]မရိုးသားပဲ၊ ကျွန်မ ရှင့်အကူအညီလိုနေမှန်းသိလို့ တုမင် .."

"မင်း အကူညီလိုလို မလိုလို ငါပေးချင်မှဖြစ်တာ .."

"ဟုတ်ပါတယ် .. ရှင်မကူညီချင်လို့ပြောနေတာကိုပဲ ပြောပြတာ.."

"မကူညီချင်ရင် မကူညီဘူးပေါ့ကွ .. လိမ်နေစရာလား၊ ငါ့မှာလည်း [illegible]ရှင်းစရာတွေရှိတယ်၊ မင်းက သူများအထုပ်ကိုယ့်အထုပ်လုပ်ထားလို့ [illegible]သနာရှင်းနေရသလို ငါက ခေါးခုတ်ရာလက်ဝင်လျှိုမိလို့ ပတ်ပြေးနေ[illegible]တဲ့ကောင် .."

သူက ပတ်တီးကို ကိုင်ကြည့်ပြီး နောက်ပြန်ဝတ်ဖို့ဖြန့်နေသည်။ [illegible]တော့ မဝတ်သေးဘဲ ဒီတိုင်းကိုင်ထားပြီး ..၊

"ခိုးထုပ်ခိုးထည်နဲ့ ထွက်ပြေးမယ့်လူကိုမှ ငါက ကူညီခဲ့[illegible]တယ်၊ [illegible]တယ်လ်ရောက်မှ ပြဿနာတွေတက်ကြပြီး တွန်းလားထိုးလားတွေ [illegible]တော့ သူ သေသွားတယ် .."

"ရှင် မသတ်ဘူးလို့ပြောချင်တာလား .."

"မသတ်ဘူး .. ဒါပေမယ့် ရှင်းဖို့မလွယ်ဘူး၊ နောက်ပြီး သူယူထုတ်[illegible]တဲ့ပစ္စည်းတွေလည်း အခိုးခံလိုက်ရတယ်၊ ကိစ္စတွေအားလုံးက ငါ့[illegible]ခေါင်းပေါ်ပုံကျကုန်တာ၊ ပစ္စည်းနဲ့တကွ ကိုယ့်ဆရာရဲ့မိန်းမကို ခိုးပြေး[illegible]တဲ့ကောင်ဆိုပြီး .."

"ဘယ်လို .. ဘယ်လို .."

အနမ်း တအံ့တသြပြန်မေးတော့ ခြား မျက်နှာပျက်သွားသည်။

"အဲ့လိုဖြစ်ခဲ့တာပြောပြတာ၊ ကိုယ့်ဆရာရဲ့ မိန်းမကို ဘယ်တုန်း[illegible]မှ စိတ်နဲ့တောင် မပြစ်မှားဖူးဘူး .."

"ကိုယ်မှန်ရင် ရင်ဆိုင်ရဲရမှာပေါ့ .. ရှင် ထွက်ပြေးနေတည်းက.."

"မပြေးလို့မရဘူး .. ဆရာ့ကို ရှင်းပြဖို့လည်းမလွယ်ဘူး၊ [illegible] [illegible]ကြားမှာ ကုန်းချောစကားတွေပြောနိုင်သူက ပိပိရိရိအကွက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်ပြေးရုံအပြင် ဘာမှလုပ်လို့မရလို့ ..”

ပြောနေရင်း ဖုန်းထုတ်လိုက်ပြီး သူ အလုပ်ရှုပ်လေသည်။ အမ ကလည်း သူ့ခါးက ဒဏ်ရာဟောင်းကိုဆေးထည့်ပေးနေလျက် သူ့ ကို ယောင်လို့တောင်မကြည့်ခဲ့ပေ ..။

“ညနေက ထွက်သွားတော့ သူတို့ချက်ချင်းအနားရောက် တယ်၊ အဲဒါကြောင့် မဖြစ်မနေရှင်းရ ယ့်ကိစ္စတွေရှိလာတာ ..”

“ရှင့်ပုံစံကတော့ ပြဿနာတွေရှိနေပေမယ့် အေးဆေးပါလ အဲဒီအဖြစ်က ထောင်တန်းကျသွားနိုင်တယ်မဟုတ်ဘူးလား ..”

“ဒါတွေက ငါတို့အိမ်တွင်းရေးပြဿနာတွေပါ၊ သူသေကိုယ် တိုက်မိခိုက်မိရင်တောင် မှုခင်းတစ်ခုဖြစ်ဖို့ဆိုတာ တမင်လုပ်မှဖြစ်မှာ

“ရှင့်ဆရာက ဂိုဏ်းစတားကြီးထင်တယ် ..”

ဒီမေးခွန်းက စိတ်ဆိုးစရာပေမယ့် ခြား က မျက်နှာတောင်မပ ဘဲ ခေါင်းခါ၏။

“မဟုတ်ပါဘူး .. ဦးကျွန်း က မတရားတာလည်းမလုပ်ဘူး၊ မ တဲ့ စီးပွားရေးလည်းမရှာဘူး၊ ဒါပေမယ့် ကျောက်မျက်ရတနာတွေ နေရတာဆိုတော့ လူယုံတွေ တပည့်တပန်းတွေများတာပေါ့၊ အဲဒီလူ ပဲ သူ့ထက်ငါ နေရာလုကြတယ်၊ သူစားတာမနာလို ငါစားတာမကြ နဲ့ ပတ်ဖြစ်နေကြတာ ..”

“ရှင်ရော မပါဘူးလား ..”

“မပါဘူး ..”

အနမ်း ရဲ့ မေးခွန်းက စိတ်တိုဖွယ်ပင် ... ပေမယ့် သူမကလ သိချင်လို့မေးတာသက်သက်ဖြစ်နေ... ခြား ကလည်း ဂရုမစိုက် -

“ဒါဆို ရှင် ပုန်းနေရတဲ့အကြောင်းက ဘာလဲ ..”

“ကိုယ်ဘာမှမလုပ်ရဘဲ ကိုယ့်ကို လိုက်သတ်နေတာ မပုန်း



လား ..”

“ဥပဒေဆိုတာရှိတယ်၊ သတ်ချင်တိုင်းသတ်လို့ရမလား ..”

“ဥပဒေက အမှုနောက်လိုက်နေတာမှာမဟုတ်ဘဲ၊ အမှုက ဥပဒေ ရသွားမှ ဥပဒေအတိုင်း ဆုံးဖြတ်မှာ ..”

“ဒါဆို ရှင်တို့က လူဆိုးတွေပဲ ..”

“ထားလိုက်ပါ ..”

“ဘာကိုထားလိုက်ပါလဲ .. ရှင် ငြင်းချင်တော့ငြင်းနေတယ်၊ စောစော ည်းက ဝန်ခံလိုက်ရင်ပြီးတာပဲ ..”

“ဝန်ခံတော့ ..”

“အပိုတွေမပြောရတော့ဘူးပေါ့ ..”

“ဘယ်သူက အပိုတွေပြောနေတာလဲ ..”

ဟင် ...၊

ကိုယ့်ကို လှည့်တွယ်လိုက်မှန်းသိပေမယ့် သူ့ကိုကြည့်တော့ မဟုတ် သလိုလို ခပ်တည်တည် ..။

“ကျွန်မက ရှင့်ကိုအပိုတွေမေးနေတာမဟုတ်ဘူး၊ ရှင် ကျွန်မကို ကူညီပါလို့ပဲ တောင်းပန်နေတာ၊ ရှင် မကူညီချင်ရင် ရှင်းရှင်းပြောလို့ ရပါတယ် ..”

“ဟုတ်တယ် .. ဒီညမဖြစ်နိုင်ဘူးလို့ မင်းကို ရှင်းရှင်းပြောနေတာ ပဲ၊ သူတို့နဲ့ တွေ့မှာစိုးလို့ ငါရှောင်နေခဲ့တာ၊ ကြောက်လို့တော့မဟုတ် ဘူး၊ ဒါပေမယ့် အင်အားချင်းမမျှတဲ့အခါ အမိုက်ခံပြီး ရင်ဆိုင်တာ ားတယ် ..”

“ခုတော့ရော ..”

“မင်းနဲ့ စကားများပြဿနာတွေတက်ပြီး ကိုယ်ထွက်သွားခဲ့တယ် လေ၊ ထွက်သွားတာနဲ့ တန်းတိုးတာပဲ၊ ဒါပေမယ့် ကိုယ်လွှတ်မြောက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



အတွက် အပေးအယူလုပ်ခဲ့ရတယ်၊ အဲဒီအတွက် မဖြစ်မနေသွားရမှာ ..

သူ သေချာပြောပြလိုက်မှ အနမ်း အသံလေးတိတ်သွားသည်။ ...
သေတ္တာလေးကို လေးလံသည့် လှုပ်ရှားမှုတို့နှင့် ပြန်ထည့်သိမ်းနေရင်း

"ရပါတယ် .. လူတိုင်းမှာ ကိုယ့်အပူနဲ့ကိုယ်ပဲ ..၊ ချစ်လေး ..

"ဟင် ..."

ချစ်လေး ဒီတိုင်းထိုင်ပြီး နားထောင်သူသက်သက်လုပ်နေရင်း ဗျာ..
သလဲထူး၏။

"ဘာလဲပြောလေ .."

"ငါတို့ မိုးမလင်းခင် ဒီကထွက်ကြမယ် .."

"ဘယ်လို .. ဘာပြောလိုက်တယ် .."

"ဟုတ်တယ် .. ငါ့သားလေးမရှိဘဲ သားနဲ့နေခဲ့တဲ့ ဒီတိုက်ခန်း..
မှာ ငါမနေချင်ဘူး .."

"အနမ်းရယ် .."

"နင်တို့ ငါသွားတဲ့နောက် လိုက်မှာလား မလိုက်ဘူးလား .. ပြော..

ချစ်လေး က ခြားကို လှမ်းကြည့်၏။ ခြား က ဖုန်းတစ်လုံးနဲ့ အ..
ရှုပ်နေကာ တမင်ရှုပ်ပြနေတာလား ဘာတွေကြောင့် ရှုပ်နေလဲဆို..
မသိ ..။

"အနမ်း ရယ် .. ငါတို့ကတော့ ဒုက္ခဆိုတာကိုကြောက်နေ..
သူတွေမဟုတ်ပါဘူး၊ ဒါပေမယ့် ငါတို့ကြောင့် နင့်မှာ တာဝန်ပိုကြီး..
ထည့်တွက်ဦး .."

သူမကိုယ်တိုင်က ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်မို့ ဘယ်အ..
မှ အဆင်ပြေဖွယ်မမြင် ..။ ပြီးတော့ အစ်ကိုဒုက္ခိတက အခု ပိုဆိုး..
သေးသည်။

"ငါ့ကိုအထင်မလွဲနဲ့နော် အနမ်း .. နင် ဒီတိုက်ခန်းကိုမှ ပြန်မ..



..င် ဘယ်မှာမှ တည်တည်တံ့တံ့အခြေချလို့ရမှာမဟုတ်ဘူး၊ တိုက်ခန်း
..ခ်ခန်းပြန်ရောင်းဖို့ဆိုတာလည်း ဟင်းရွက်ကန်စွန်းလို ဗန်းထဲထည့်
..း လည်ရောင်းလို့ရသလား .."

ထိုစဉ် ဖုန်းကို ဘောင်းဘီအိတ်ထဲထည့်လိုက်ပြီး ..၊

"မင်းက ဘယ်သွားမှာလဲ .."

"ဘယ်ပဲဖြစ်ဖြစ် လောလောဆယ် ဒီတိုက်ခန်းမှာမနေရရင်ပြီးတာပဲ .."

"ဒီတစ်ညတော့ ငါ့ကိုကူညီပါဆိုတာက ဘာလဲ .."

"သူတို့ပြန်လှည့်လာမှာစိုးလို့၊ ပြီးတော့ မနက်ကျရင် ရှင်နဲ့အတူတူ
..က ထွက်ပြလိုက်ချင်လို့ .."

"အတူထွက်သွားတာ မြင်တာနဲ့ သူတို့လက်လျှော့သွားမယ်ပေါ့.."

"အဲဒါ ရှင်ပူစရာမလိုပါဘူး .."

"အိုခေ .. ဒါဆို မင်းပြောတဲ့တစ်ည ကိုယ် ဒီမှာနေပေးမယ် .."

"ဟယ် .. တကယ် .."

ချစ်လေး ကြွခနဲဖြစ်သွားပြီး လက်ခုပ်လေးပါတီး၏။ အနမ်း နာရီ
..ကြည့်လိုက်တော့ ည ရှစ်နာရီတိတိ ..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"နင် အေးဆေးဆွေးနေတော့ အနမ်းရေ .. ငါပဲ ညစာချက်တော့မယ်"

ဆိုပြီး ချစ်လေး က မုန့်ညှင်းစိမ်းတွေထုတ်ပြီး သင်နေသည်။ ပြီး
တော့ ကြက်သားကြော်ကို ခရမ်းချဉ်သီးနဲ့ ဆီပြန်လေးပြန်ချက်သည်

ဟင်းရွက်တွေကြော်ဖို့လုပ်နေရင်း အနမ်း ငိုနေလားလို့လည်း လှမ်း
ကြည့်နေသေးသည်။

ဒါပေမယ့် သူမက ပစ္စည်းကွေသိမ်းနေရင်း သားအတွက် ပူဆွေး
သောကရောက်နေတာကို ဖြေသိမ့်နေရှာကာ ..၊

"ကိုခြား .."

ဟင်းယောင်းမကြီးကိုင်လျက် အနားရောက်လာတော့ ခြား ဇ
ယောင်းမကိုကြည့်ပြီးမှ ချစ်လေး ဆီ မျက်လုံးရောက်၏။

"အနမ်းကို ငိုချိန်မရှိအောင် စကားပြောပေးနေပါလားဟင် .. ကလေး
ကို သူက သိပ်ချစ်တာ .."

"သူချစ်တာကို မချစ်နဲ့သွားကားလို့ရမလား .."

ပြောလိုက်တာ ပီသလေးနဲ့ ဘေးပစ် ..။

မိန်းကလေးနှစ်ယောက် အလုပ်ရှုပ်နေတဲ့ကြားထဲမှာ၊ ဖုန်းတစ်လုံး



နေတာ ဘာမှမမြင်မကြားသလိုလို ..။

"မဟုတ်ပါဘူး ကိုခြား ရယ် .. သူ အဲဒီကလေးကိုလွမ်းပြီး ဒုက္ခ
က်သွားမှာစိုးလို့ပါ၊ သူ့မှာ နှလုံးရောဂါရှိတယ် .."

"နှလုံးရောဂါသည်တိုင်း မသေပါဘူး၊ လွမ်းလို့သေသွားလည်း
လုံးရောဂါလို့ပြောလို့မရဘူး .."

"ကျွန်မက စိုးရိမ်လို့ပါ သူက .."

"သူ့အခွင့်အရေးနဲ့သူ လွမ်းနေတာ ထားလိုက်ပါ၊ မင်းလည်း ကိုယ့်
လုပ်ကိုယ်သွားလုပ် .."

ခြား ဒီတိုင်းပြောလွှတ်လိုက်ပြီး ဦးကျွန်း နဲ့ ဆက်သွယ်ရဖို့ကြိုးစား
ခဲ့မိသည်။ ကြော်နံ့လှော်နံ့တွေ လှိုင်ထွက်လာကာမှ အနမ်းကို သတိ
ပြီး ဟိုဒီလိုက်ကြည့်မိ၏။

ဘယ်မှာမှမတွေ့တော့ အိပ်ခန်းရှေ့ရောက်သွားမိသည်။ အနမ်းက
ပေါ်က ဆုတံဆိပ်လေးတစ်ခုကို မမှိတမ်းလွမ်းယူနေတာဖြစ်ကာ ..၊

"ကျွတ် .. ကိုင်မိနေကာမှ လိမ့်နေသေးတယ် .."

မချင့်မရဲ ရေရွတ်ရင်း ခြေဖျားထောက်ရင်းနှင့် တက်ရပ်နေသည့်ခုံ
လိမ့်ထွက်သွား၏။

"အမလေး .."

ရင်ထဲမှာ လှပ်ခနဲအေးသွားပြီး လန့်ဖျန့်အော်လိုက်မိသည်။ သို့သော်
ူမသည် နွေးသောရင်ခွင်တစ်ခုထဲမှာ အလိုက်သင့်လေး ဖြစ်သွားခဲ့ပြီး..၊

ခြား ...၊

သူ့လက်နှစ်ဖက်ပေါ်မှာ ပက်လက်လေးရှိနေရင်း မျက်လုံးချင်းဆုံ
သွားမိကြ၏။ ရုတ်တရက်မို့ သူ့ဂျာကင်ရင်ဘတ်စကို အသေအကြေ
ုပ်ကိုင်ထားမိလျက် ပြန်လွှတ်ဖို့လည်းမေ့နေသည်။

ခြား ကလည်း ပြန်ချပေးဖို့ သတိမရခဲ့ ..။ ထိုစဉ် ..၊

"ဝုန်း ..."

"အောင်မလေး ကယ်ကြပါဦး .."

www.burmeseclassic.com

www.burmeseclassic.com



"ချစ်လေး ..."

တစ်ခုခုဖြစ်ပြီကိုသိလိုက်ကာ နှစ်ယောက်စလုံး လန့်ဖျန့်အသက်
ခဲ့ရင်း အပြင်ကိုပြေးထွက်ခဲ့ကြ၏။

"ဟာ ..."

"မီးတွေ ..."

ဂတ်စ်မီးဖိုပေါ်မှာ ဟင်းရွက်တွေနဲ့ဒယ်အိုးက ဒီတိုင်း၊ မီးဖိုရဲ့
ပတ်လည်မှာ ဟူးဟူးရားရားတောင်လောင်နေသည့်မီးတွေက အင်
ကောင်းစွာ ...။

"လုပ်ပါဦး ခြား .. မီးတွေ .."

"ဘာမှမဖြစ်ဘူး .. မကြောက်နဲ့ .."

"ချစ်လေးရေ .. ချစ်လေးရော .."

"ဂီး .. ဂစ် .. ဂစ် .."

"ချစ်လေး ..."

အနမ်း အသံကိုသတိမထားမိဘဲ ချစ်လေး ကို ခေါ်ရင်း လိုက်ရှာ
မိသည်။ ခြား က ဂတ်စ်အိုးကို ဘားပိတ်လိုက်ပြီးမှ ...၊

"ဒီနောက်မှာ .. ချစ်လေး .."

ဟင်!...

ပြေးဝင်လာလျှင် ချစ်လေးသည် မျက်နက်ဆံမရှိတော့အောင် မျ
ဖြူလန်နေကာ ပါးစပ်ရွဲ့ကြီးနှင့် အမြှုပ်တွေတစီစီထွက်နေ၏။

ထို့ပြင် လက်တွေကွေးကပ်နေလျက် လက်ချောင်းတွေပါ နှစ်
ချိုးကွေးကုပ်နေကာ ...၊

"ဂီး .. ဂီး .. ဂိ .. ဂိ .. ဂစ် .. ဂစ် .."

"အမလေး .. အဲဒါ .. အဲဒါ ဝက် .. ဝက်ရူးပြန်နေတာ လုပ်ပါဦး.."

"ဟင်!..."

မီးဖိုဘေးက မီးတောက်တွေကို ငြိမ်းကုန်အောင် ငြိမ်းသတ်
သည်။ တစ်ခါမကြုံဘူးခဲ့သော ဝက်ရူးပြန်ခြင်းကို ဘယ်လိုလုပ်ပေ



မယ်မှန်း ခြား ဘာမှမသိ ..။

ထိုစဉ် သူတို့နားကို မြင်သာ ရောက်လာကာ အိတ်ထဲက တစ်စုံ
တစ်ခုထုတ်၍ ..၊

"ရော .. အဲဒါသော့နဲ့ သူ့ခြေထောက်တွေ လက်ဖဝါးတွေကို နာအောင်
ထိုးပြီး လက်ထဲထည့်ဆုပ်ထားပေး .."

"အင်း ..."

ခြား ခေါင်းညိတ်လိုက်ကာ ချစ်လေး ရဲ့ ဘေးမှာ ထိုင်ချလိုက်၏။

လက်တွေ ခြေတွေကပ်ကွေးလျက် တဂစ်ဂစ်အကြောဆွဲနေသည့်
ကိုယ်ခန္ဓာကို လက်ဖဝါးနှစ်ဖက်ထွက်လာအောင် အတော်ကြိုးစားယဉ်းစွာ
လုပ်နေရကာ ..၊

"အနမ်း .. ဒီမှာ လာကူဦးကွ .."

"အင်း .. ကူမယ် .."

အနမ်း ကို မိန်းကလေးချင်း ပိုင်ပိုင်နိုင်နိုင် ဖိနိုင်းဆွဲခိုင်းမလား
စိတ်ကူးမိပါသည်။ သူမက မျက်နှာလွှဲပြီး ဘေးမှာပြေးထိုင်၏။

"ဘာ .. ဘာလုပ်ပေးရမလဲဟင် .. အနမ်း မကြည့်ရဲဘူး .."

"မကြည့်ရဲလို့မရဘူးကွ .. ဒီမှာ သူ့ကိုယ်ကိုဖိ .. ဟင်!.."

သူမကို မိန်းကလေးထင်ပြီး ဆင်ခြင်နေသမျှ လက်က မတော်တရော်
တစ်နေရာကို ထိခတ်မိသွားရာ ..၊

"သူ .. သူက .."

"ဟင် .. ဘာဖြစ်လို့လဲ .. ချစ်လေး .. ချစ်လေး ဘာဖြစ်သွားပြီလဲ
ဟင် .."

"ဘာမှမဖြစ်ဘူး .. သူက ယောကျ်ားလေးလား .."

"ဟုတ်တယ် .. မြန်မြန်လုပ်ပါ၊ ဝက်ရူးပြန်တာကြာကြာထားရင်
အသက်ပြန်မလာဘဲ ဖြစ်သွားတတ်တယ်တဲ့ .."

"ဟိတ် .. ချစ်လေး .. ခွေးကောင်လေး .. ကိုင်းကွာ .."

"ဖြန်း .. ဖြန်း .."

www.burmeseclassic.com

www.burmeseclassic.com



"အို .. ကိုကြီးသာ ဖြည်းဖြည်းရိုက်ပါ .."

"မရဘူး .. ဒါမှ သတိရမှာ .. ကဲ .."

"ဖြန်း ..."

"အီး .. ဟီး .. ဟီး .."

လက်ဖဝါးတွေ ခြေဖဝါးတွေကို သော့တံနဲ့ ထိုးနှိပ်၊ ဖိပွတ်လုပ်ပေးရင်း မြင်သာ ရဲ့ ရိုက်ချက်ကလည်း ပြင်းရာ ချစ်လေး တဖြည်းဖြည်း ငြိမ်သွားသည်။

ပြီးတော့ ကုပ်ကွေးမာကျောနေသည့် လက်တွေလည်း ပျော့ကျသွားခဲ့၏။

"ကံကောင်းလို့ မီးမလောင်တာ .."

မြင်သာ ပုဆိုးနှစ်ဖက်စကို ဆတ်ခနဲဆွဲမ၍ သူကပဲ ဒေါကန်နေသေးသည်။ ပြီးတော့ ..၊

"ဆီပူလွန်နေတဲ့ အိုးထဲကို ရေတွေနဲ့ ဟင်းရွက်တွေ ပစ်ထည့်တယ်တဲ့ .. ဆီတွေရော ရေတွေရော ဖိတ်စင်ပြီး မီးတွေတက်ဟပ်တာပေါ့ .."

"အနမ်း ကလည်း သူ လုပ်တတ်ကိုင်တတ်တယ်ပဲထင်တာ .."

"လုပ်တတ်တယ်လေ .. သူ့စိတ်က ဘယ်ရောက်နေမှန်းမှ မသိတာ.."

ပြောပြီး ခြား ကို ကြည့်၍ ရှုံ့မဲ့နေကာ ..၊

"မီးတွေဝင်တောက်တော့ ရေနဲ့ကောက်ပက်သေးတယ်၊ ကံကောင်းလို့ သုံးလွှာမှာ မီးလောင်တိုက်သွင်းခံပြီးသေဖို့ နည်းနည်းပဲလိုတော့တယ် .."

ဟင်!.. ကိုကြီးသာ ..၊

ပုဆိုးကြီးတမမနှင့် မကျေမချမ်းရေရွတ်နေသည့် မြင်သာ ကိုယ်တိုင် သူ့ကိုယ်သူ သတိထားမိပုံမပေါ် ..။

အနမ်း နဲ့ ခြား မျက်လုံးချင်းဆုံသွားသည်။ ပြီးတော့ မြင်သာ့ကို အနမ်း က လက်ကိုလှမ်းဆွဲကာ ..၊

"ကိုကြီးသာ ခြေထောက်တွေ ဘယ်လိုကောင်းသွားတာလဲ .."



"ငါပြေးတာလေ .. ဟင်!.."

စကားရပ်သွားပြီး မျက်လုံးကြီးပြူးထွက်လာသည်။ ထို့နောက် ကိုယ့်ကိုယ်ကိုယ်ပြန်ငုံ့ကြည့်ပြီး သွားကြီးအဖွေးသားဖြီးလာခဲ့လျက် ..၊

"ဟား .. ဟား .. ဟား .. ငါ ကောင်းသွားပြီ၊ မြင်သာ ကောင်းသွားပြီကွ .. ဟား .. ဟား .. ဟား .."

"ဟာ .. နာငြိးလိုက်တာ .. ကျွတ် .. ကျွတ် .."

ချစ်လေး သတိရလာတော့ ပါးပြင်လေးနှစ်ဖက်ရဲတွတ်နေလျက် လည်ပင်းကြားမှာ စို့ရွှဲနေဆဲ အမြှုပ်တွေကို သူ့ဘာသာပွတ်သုတ်ပြီး ရှုံ့မဲ့ခါထုတ်နေ၏။

"ငါ .. ငါ .. ဟိုဟာဖြစ်သွားတာလားဟင် .."

ပြောပြီး ခြား ကို အရင်လှမ်းကြည့်သည်။ ပြီးတော့ မြင်သာ ကောင်းသွားတာကို တအံ့တသြကြီးဖြစ်လျက် ..၊

"ကို .. ကိုကြီး .."

"ဟုတ်တယ် .. မီးတွေ ဝုန်းခနဲထတောက်တာနဲ့ ငါ လန့်ဖျန့်ပြီး ခုန်ထလိုက်တာ ပြီးတော့ .. ပြီးတော့ ငါ ဟို ရှိုးကော့စ်ပေါ်လည်း ကုပ်တက်သေးတယ်၊ အဲဒါ ပြန်လိမ့်ကျလိုက် ထလိုက်နဲ့ ပြီးတော့ ဒီမှာလည်း မီးငြိမ်းသွားရော နင် ဝက်ရူးပြန်နေတာသိလိုက်ပြီး ပြေးလာတာ .."

"ဩော် .. လက်စသတ်တော့ သေမှာကြောက်လို့ ထပြေးတာကိုး.."

"အေး .. နင်လည်း လန့်တိုင်း အဲ့လိုကြပ်ကြပ်ဖြစ် ခြား ရှိလို့ပေါ့၊ မဟုတ်ရင် နင် အဲဒီဝက်စ်အိုးနဲ့အတူ ခုကောက်ဆို ကောင်းကင်မှာ တစ်ဝါဆိုနေလောက်ပြီ .."

ညသည် အမှောင်နဲ့အတူ စိတ်ပျက်ဖွယ်တွေရောက်လာခဲ့တဲ့အတိုင်း မနေ့ညကနဲ့ ဒီနေ့ည၏ သွင်ပြင်လက္ခဏာတို့သည် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"နှုတ်ခမ်းတွေပေါက်သွားတာလား .."

"ဟုတ်တယ်ထင်တယ် .. ငါ့သွားခြေတွေလည်း နာနေတယ်၊ လျှာတွေ ပါးစောင်တွေရောပဲ .."

ခုလိုကျတော့လည်း ချစ်လေး မျက်နှာလေးက သနားစရာပါ။ လူလေးသေးသေး ဆံပင်က ပခုံးလောက်အဖြောင့်လေးနှင့် မျက်နှာလေးကလည်း သွယ်သည်။

သူ့ကို ရုတ်တရက်ပြောဆိုသိကျွမ်းရုံနဲ့တော့ ယောကျ်ားလေးဆိုတာ သိကြမှာမဟုတ်ပေ ..။

ကိုယ်လုံးလေးက သေးသေးသွယ်သွယ်ဖြစ်သည့်ပြင် ခြေချောင်း လက်ချောင်းလေးတွေကအစ မိန်းကလေးတွေလို နုနုသွယ်သွယ်လေးပဲ ဖြစ်၏။

စကားသံကလည်း နူးညံ့သည်။ ယောကျ်ားလေးတစ်ယောက်ကို သဘောကျပြီဆိုလျှင် တစ်ခါတစ်လေ ဣန္ဒြေပျက်တတ်သလောက် တစ်ခါတစ်လေကျတော့လည်း မိန်းကလေးတွေလို ဂုဏ်သိက္ခာပဝါတွေ



ခြားလျက် ရှက်တတ်ကြောက်တတ်နေသေးသည်။

"အနမ်း .. သူ .. သူ ငါ့ကိုသိသွားပြီလားဟင် .."

"သိလို့မေးတာပေါ့ .."

"ဒုက္ခပါပဲ .. ဘယ်လိုသိသွားတာလဲမသိဘူး .."

အနမ်း ကိုယ့်သောကနဲ့ကိုယ်ပေမယ့် ချစ်လေး ပုံစံကိုကြည့်ပြီး ရယ်ချင်လာမိသည်။

ဒါပေမယ့် မရယ်ရက်ဘဲ သနားသွားမိပြန်၏။

"အနမ်းရယ် .. ငါကိုက အကျင့်မကောင်းတာပါ၊ အဲဒီ ရေရယ် မီးရယ် နှစ်ခုပေါင်းပြီး လန့်ရပြီဆို ဘယ်လိုမှ မရတော့ဘူး .."

"ရှက်မနေပါနဲ့တော့ ချစ်လေးရယ်၊ မီးကတစ်ဖက် နင့်ရောဂါ ထနေတာက တစ်ဖက်နဲ့၊ သူသာမရှိရင် ဘာတွေဖြစ်ကုန်မလဲ ငါ တွေး တောင်မတွေးရဲဘူး၊ နောက်ပြီး နင် အဲ့လိုဖြစ်တာ ငါတစ်ခါမှ သေချာ မ[illegible]ဖူးခဲ့တော့ အရမ်းလန့်သွားတာ၊ ငါ တောင်းပန်ပါတယ်ဟာ .. တကယ်ဆို ငါ ကိုယ်တိုင် နင့်ကိုပြုစုပေးရမှာ .."

"မတောင်းပန်ပါနဲ့ အနမ်းရယ်၊ ငါ ရှက်သွားလို့ပါ .. ဒါပေမယ့် ဘာတတ်နိုင်မှာလဲ ငါက တကယ်လည်းယောကျ်ားပဲဟာ .."

ဖြေသိမ့်နိုင်သလိုလိုပြောနေပေမယ့် ချစ်လေး မျက်နှာလေးငိုတော့ မည့်နှယ် .. ပြီးတော့ ..၊

"သူ ငါ့ကိုရွံသွားမှာပဲနော် .."

လို့ ထပ်ပြောနေသေးသည်။ လူကိုကြည့်တော့ နှုတ်ခမ်းတွေကို ကိုယ့်ဘာသာကိုက်ထားသဖြင့် ပေါက်ပြဲကွဲရှနေတာ ဆန်ပြုတ်တောင် မသောက်နိုင် ..။

"ငါ မသောက်ချင်တော့ဘူးဟာ .. ဘာမှလည်း အရသာခံလို့မရ ဘူး .. တော်ပြီ .."

"ကဲ .. နင်တို့မအိပ်ကြသေးဘူးလား .."

မြင်သာ က ခြေထောက်ခပ်ထော့ထော့နှင့် အနားကပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်လိုဖြစ်ရတာလဲ .. ညဦးတုန်းက ကောင်းသွားပြီး ဆို .."

"ဟုတ်တယ် အခု ပြန်နာလာလို့ .."

ခြေထောက်ကို ပြန်ငုံ့ကြည့်ပြီးပြောရင်း ချစ်လေး ကို မော့ကြည့် ကာ ..။

"ဘာလဲ .. ဒုက္ခိတပြန်ဖြစ်မှာစိုးလို့ စိတ်ပူနေတာလား၊ မပူနဲ့ ပြ မဖြစ်စေရဘူး၊ မင်းကို ငါ ရှာကျွေးနိုင်ပြီဆိုတော့ ရှေ့ရေးနောက်ရေ လည်း ပူစရာမလိုတော့ဘူး .."

"တော်ပါပြီ .. ဦးလေးတို့အိမ်ကိုတော့ ပြန်မသွားပါဘူး .."

"ဘယ်သူက ပြန်မယ်ပြောလို့လဲ .. အနမ်း က ငါတို့ကိုခေါ်မှာ ဟာ .. သုံးယောက်အတူတူဒိုးတူပေါင်းဖက် လုပ်စားကြတာပေါ့၊ ဟုတ် တယ်မို့လား အနမ်း .."

အနမ်း မပြုံးချင်ပေမယ့် ပြုံးပြလိုက်ရသည်။ သူမ ခုချိန်ထိ အိပ်ေ မဝင်နိုင်ဘဲ ငုတ်တုတ်ထိုင်နေခဲ့တာ သားလေးကို သတိရလွန်းလို့ပါ

"ဘယ်လိုလဲ .. ငါတို့မနက်ဖြန်သွားကြမှာလား .."

"ခဏနေစမ်းပါဦး သူ့အသံချည်းပဲ .. ကိုခြား ရော .."

"သူ အပြင်ထွက်သွားတယ် .."

"ဘယ်နှစ်နာရီထိုးပြီလဲဟင် .."

"နင်ကလည်း မေးခွန်းတွေချည်းပဲ ငါ့ကိုကျတော့ပြောပြီး .."

"ချစ်လေးက သိချင်လို့မေးနေတာလေ၊ ကိုကြီးက ကိုကြီး ပြောချင် ရာတွေပြောနေတာ .."

မောင်နှမ နှစ်ယောက်အသံချည်းပဲဖြစ်နေကာ အနမ်း က အသံတိတ် နေ၏။

"အနမ်း .. သူက အပြီးပြန်သွားတာလားဟင် .."

"ငါမသိဘူး .."

"အပြီးသွားတာဖြစ်စရာလားဟ .. အနမ်း နဲ့ သူသဘောတူပြီး



သား ဥစ္စာ .."

"နင်တို့အိပ်ချင်အိပ်ကြလေ .. ငါ ဝရန်တာမှာ ခဏထိုင်နေချင်လို့.."

"ညဥ့်နက်နေပြီဥစ္စာ .. နင်လည်းအိပ်လေ၊ ဘာလဲ ကိုခြား ကို စောင့်ချင်လို့လား .."

အနမ်း က ခေါင်းပဲခါပြပြီး ထထွက်လာခဲ့၏။ ချစ်လေး က နောက် ကနေ လှမ်းကြည့်နေရင်း ..၊

"အနမ်း .. ငါမအိပ်သေးပါဘူး၊ ပစ္စည်းတွေသိမ်းထားလိုက်မယ် လေ .."

"ငါသိမ်းပြီးပြီ ချစ်လေး .. ထားခဲ့သင့်တာလည်း ထားခဲ့ရမှာပဲ၊ ပြီးတော့ .."

သူမရှိတော့ဘူးဆိုရင် သူမ ဘယ်ကိုပြေးပြေး လွတ်မြောက်မှာမှ မဟုတ်ဘဲ ..။

မပြောဘဲထားလိုက်သည့် ရင်ထဲက စကားသံတွေမှာ ငိုညည်းသံ တွေပါနေခဲ့သည်။ သူ အပြင်ထွက်သွားခဲ့ခြင်းနဲ့ပတ်သက်ပြီး ကိုယ့်ထံ မှာ ခွင့်တောင်းဖို့မလိုသော်လည်း ပြန်မလာတော့ခြင်းနဲ့ ပတ်သက်၍..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ဆိုင်ထဲကထွက်လာပြီးမှ ခြေလှမ်းတွေကိုရပ်ပစ်လိုက်သည်။ ထိုအခါ နောက်ကအရိပ်တွေလည်း လှုပ်ရှားမှုတို့ ရပ်တန့်သွားခဲ့ပြီး ..၊

"ခိုးချောင်ခိုးဝှက်နဲ့ ဘာလိုက်လုပ်နေတာလဲကွ .. သတ္တိရှိရင် ရှေ့ ထွက်လာခဲ့ .."

စိန်ခေါ်လိုက်ပြီး ကိုင်ထားသည့် စားစရာတွေကို လမ်းဘေးမြောင်းထဲ လွှင့်ပစ်လိုက်သည်။

ဒီကောင်တွေက သူ့နောက်ကိုလိုက်ချောင်းရဲ့ တာဝန်ပေးခံထားရ သူတွေဖြစ်သည်။ သူ ဒီတိုင်းပြန်သွားခဲ့ရင် အနမ်း တို့မှာပါ ပြဿနာရှိ လာမှာဖြစ်သည်။

ထို့ကြောင့် သူမတို့အတွက် ဝယ်လာသည့် စားစရာတွေကို လွှင့်ပစ် လိုက်ပြီး နောက်လှည့်ရင်ဆိုင်လိုက်လျှင် ..၊

"ဝိုး ..."

မထင်မှတ်သည့်ရိုက်ချက်က ခေါင်းကိုတည့်မတ်စွာပြေးဝင်လာသည်။ နှစ်ယောက်နဲ့ တစ်ယောက်ပေမယ့် သူတို့က လူတွေ့မခံရအောင် ရိုက်ချက်



သာ အဆက်မပြတ်ပစ်လွှတ်ရင်း ထွက်ပြေးဖို့ချိန်နေကြ၏။

ထိုစဉ် ရပ်ထားသည့် ကားတစ်စီးက ရုတ်တရက် မီးထပွင့်လာ ဝေါခနဲ ပြေးတက်လာ၏။

"ဟာ!..."

ကားမီးကြောင့် မျက်လုံးတွေပြာသွား၏။ ထိုစဉ် ဒဏ်ရာနဲ့ လက်မောင်း ရိုက်ချက်တစ်ချက် အထိခံလိုက်ရကာ ကားနဲ့လွတ်အောင်ဖြစ်သလို ခုန်ထွက်လိုက်ရသဖြင့် ..၊

"ဒုတ် ..."

လျှပ်တစ်ပြတ်အတွင်း မြန်ဆန်သော အဖြစ်အပျက်တွေက ဆိုးရွား သည်။ ခြား ရဲ့ ခေါင်းတစ်ခုလုံး ကြေမွသွားပြီလားထင်ရအောင် ကျင်သွားခဲ့လျက် အရာရာသည် တဖြည်းဖြည်းမှောင်မိုက်သွားခဲ့ပြီး..၊

"ဟား .. ဟား .. ဟား .."

"မင်း ခုတော့ ဘာတတ်နိုင်သေးလဲ ခြား၊ မင်းကြောင့် ငါ ဒုက္ခ ရောက်ခဲ့ရတာ၊ မင်း ပြန်ပေးရတာ နည်းပါသေးတယ် .."

"မင်း ခွေးသူခိုးလို ချောင်ခိုလုပ်ကြံပြီး အရှက်မရှိရယ်မနေစမ်းပါ .."

"မင်းရော ဘာထူးလို့လဲ၊ ငါနဲ့ အပေးအယူလုပ်ပြီးကာမှ ကျွန်းကြီး သွားပြောလိုက်တာ မိန်းမကျင့်မိန်းမကြံမဟုတ်ဘူးလား .."

"ဟိတ်ကောင် .. တောက် .."

သူ ဒေါသထွက်တဲ့အတိုင်း အောင်ချို့ မျက်နှာကြီးကို ခြေထောက် လှမ်းကန်ပစ်လိုက်လျှင် ..၊

"အ ..."

"ဒုန်း ..."

အောင်ချို့ ရင်ဘတ်ကြီးကို ကန်မိလိုက်ပြီလို့ထင်ရပေမယ့် ဘာကယ် မ်း သူ ကန်ထည့်လိုက်တာ အောင်ချို မဟုတ်ပေ ..။

"ဘာဖြစ်တာလဲ ဗလ .."



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး .. ခြား ဆိုတဲ့ကောင် လူသာအိပ်တယ် ခြေထော
မအိပ်ဘူးဆိုတာ တကယ်ပဲ .."

ဗလ သူ့ခါးသူနှိပ်ပြီး ပြန်ကျူးထ၏။ အခန်းထဲကို ဝင်လာကြသည့် ဦးကျွန်းညို နဲ့ တပည့်ကျော်သုံးယောက်က ခြား သတိရနေတာမြင် တစ်ယောက်ကို ပြန်လွှတ်လိုက်ပြီး နှစ်ယောက်ဝင်လာကာ ..၊

"ခြား .."

"ဟေ့ကောင် .. သတိရပြီလား .."

ကြားဖူးနေသည့်အသံတွေကို သတိထားမိကာ သူ့မျက်လုံးတွေ အတင်းဖွင့်ဖို့ကြိုးစားမိသည်။

ခေါင်းတွေက ကိုက်ခဲနေလျက် လှုပ်တောင်မလှုပ်နိုင် ..။

သူ့ရှေ့မှာ သားကြီးနဲ့ ဗိုလ်စိုး ..။

"ဘယ်လိုလဲ .. မင်းခေါင်း အဆင်ပြေလား၊ ငါတို့ကိုတော့ မှတ် ပါတယ်နော် .."

သတိထားမိတာက သူ ခေါင်းမညိတ်နိုင် ..။

ထို့ပြင် စကားပြောချင်စိတ်လည်းမဖြစ်၊ နှုတ်ခမ်းတွေမဖွင့် ဖြစ်နေတာလည်း မဖွင့်နိုင်တော့တာလား မဖွင့်ချင်တာလား ဒါလည်း မသိ ..။

သူသိချင်တာတစ်ခုပဲရှိသည်။ ဒီကို ဘယ်လိုလုပ်ရောက်နေ လဲ ..။

"မင်း သတိလစ်နေတာ ခြောက်ရက်ရှိပြီ .."

ဟင်!..၊

သူ့မျက်လုံးတွေကိုကြည့်ကာ သားကြီးက သဘောပေါက်သွားသည်

"မင်းကို ဖိုးချိုကောင်တွေ ဝိုင်းသမနေကြတာ၊ အဲဒီလိုဖြစ် ထင်လို့ ဦးကျွန်း က ငါတို့ကို ရန်ကုန်သင်္ဘောကြ ဖို့ အားချင်းစီစဉ်ပေးလိုက် တာ၊ ဒါပေမယ့် ဦးကျွန်း လည်း ရောက်နေပြီ .."

"ဟုတ်တယ်ကွ .. မင်း ပို့လိုက်တဲ့ မေးလ်ကို ဦးကျွန်း သဘော



ခါက်သွားတယ်၊ အစတည်းက မင်းကို ဖေကြီး သံယောဇဉ်ကြီးတာ င်းသိသားပဲ .."

သံယောဇဉ်ကြီးလွန်းလို့ 'ဒီကောင့်ကို တွေ့ရာသင်္ချိုင်းစားမဆိုင်း တ်ပစ်' လို့ အမိန့်ပေးလိုက်တာလား ..။

သူ့မျက်ခုံးတွေ အလိုမကျစွာ တွန့်ကုတ်သွားတော့ ဗိုလ်စိုးနဲ့ သားကြီး တို့က ပြုံးလိုက်ကာ ..၊

"မင်း အထင်လွဲနေတာ ခြား၊ တကယ်တော့ ကျွန်းကြီးက မင်းကို ဘာမှမလုပ်ခိုင်းဘူး၊ ဖိုးချို နဲ့ ဇရာ တို့က အစတည်းက ရန်ကုန်မှာ လုပ်တွေလာဖွင့်ပြီး ဖေကြီးရဲ့ ငွေတွေကို အလွဲသုံးစားလုပ်နေကြတာ .. မင်းက ရန်ကုန်ထွက်ပြေးတော့ သူတို့ပါးစပ်ထဲ ခုန်ဆင်းလိုက် လိုဖြစ်သွားတာပေါ့ .."

သူ ရောက်နေတာ အထူးကုဆေးရုံတစ်ခုခုလား ဒါမှမဟုတ် တယ်လ်လား ..။ ခြား ရဲ့ မျက်လုံးတွေ ငြိမ်းလေးစွာ ရွေ့လျားလျက် တို့ပြောသည့်စကားတွေနဲ့ ကိုယ့်အဖြစ်မှာ ဆက်စပ်ပြေးလွှားနေခဲ့၏။

"နေပါဦး .. ကိုကြီးစိုးရဲ့၊ ခြား သတိရောကောင်းကောင်းရရဲ့လား ကြည့်ပါဦး .. ဒီကောင် ဘာမှလည်းပြန်မပြောသေးဘူး .."

ဗိုလ်စိုး က သားကြီး သတိပေးတာကို ခေါင်းညိတ်၍ ..၊

"ခြား .. မင်းကို ဆရာဝန်က အာရုံကြောတွေထိခိုက်နိုင်တယ်လို့ ပြောသွားတယ်ကွ၊ အာရုံကြောဆိုတာ ခေါင်းမှာဖြစ်တတ်တာကစပြီး ကိုယ်လုံးကိုပြောလို့ရတယ်တဲ့၊ အခု မင်း ငါတို့ပြောနေတာတွေကို တော့ သေချာကြားတယ်မို့လား .. မှတ်ရောမှတ်မိရဲ့လား .."

"မှတ်မိပါတယ် .."

"ဟော .. ဟော .. ပြောလာပြီ .. အိုခေသွားပြီ .."

"ဒေဝိ ကိစ္စကရော .."

"အဲ့ဒါတွေလည်း ဖေကြီး ပြောပြပါလိမ့်မယ်ကွာ .."

တပည့်ကြီးတွေအားလုံးက ဦးကျွန်းညိုကို ဦးကျွန်း လို့ခေါ်ကြတာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသလို ဖေကြီးလို့လည်း ခေါ်ကြသည်။ ကွယ်ရာမှာ တစ်ခါတ
ကျွန်းကြီးလို့ ခေါ်ကြတာလည်းရှိကာ ..၊

"ကျောက်မျက်ပညာပိုင်းမှာရော ခေါင်းဆောင်ပီသတဲ့စိတ်ရှိ
ရော ဦးကျွန်း ပြီးရင် မင်းပဲ ခြား၊ မင်းက ငါတို့ထက် အသက်ငယ်
တယ်၊ ဒါပေမယ့် ငါတို့မင်းကို မနာလိုမဖြစ်ပါဘူး၊ ပုထုဇဉ်ပီပီ ကို
ထက်သာ မနာလိုဆိုတာ မှန်တယ်၊ ဒါပေမယ့် မနာလိုနေတိုင်း မင်
နေတာတွေ ငါတို့ဆီရောက်လာမှာမှမဟုတ်ဘဲ .."

"ဟုတ်တယ် .. မင်းမှာရှိနေတာတွေကိုလည်း မနာလိုစိတ်တ
နဲ့ လုယူလိုက်လို့ရတာမဟုတ်ဘူးလေ၊ ငါတို့ဖြေနိုင်ပါတယ် .. ဟဲ
ဟဲ .."

"ဟောကောင် .. မင်းပြောပုံက မနာလိုနေတာကို ဝန်ခံနေသလို

"ဟုတ်တယ်လေ .. ရှိတော့ရှိခဲ့တာပဲဟာ .."

ပြောပြီးရယ်နေကြသည်။ ခြား ကတော့ မရယ်ဖြစ်ပါ။ ဒေဝီ ဆေ
ခဲ့သည့် ပြဿနာအရင်းအမြစ်ကို သိချင်နေသည်။

သူမနဲ့အတူ လူကိုရော ပစ္စည်းတွေကိုရော ခိုးထုတ်သွားပါသည်
သော စွပ်စွဲချက်အရ အဲ့ဒီပစ္စည်းတွေ ဘယ်ရောက်သွားလို့ ဦးကျွ
က ဘာကြောင့် နားလည်ခွင့်လွှတ်ပေးခဲ့တာလဲဆိုတာ သိချင်သည်

သိပ်မကြာခင်မှာ ဦးကျွန်းညို ရောက်လာလေသည်။

ရှမ်းစပ်ပီပီ အသားဖြူဖြူ အရပ်တောင့်တောင့်နှင့် ဗိုက်အနည်း
ရွှဲနေသည်မှလွဲ၍ အသက်ငါးဆယ်ကျော်လို့တောင် မထင်ရအောင်
နေ၏။

ကျောက်မျက်လောကမှာ ဘုရင်တစ်ဆူဖြစ်သည့် ..လော
ဦးကျွန်းညို က သွားလေရာမှာ တပည့်တပန်းတွေခြံရံလျက် တ
တနားရှိနေတတ်သူ ..။

"ငါ့သား အခြေအနေကောင်းသွားပြီလား .."

ဦးကျွန်းညို ရဲ့ လေသံဟန်ပန်က ဘယ်တုန်းကမှ ပြဿနာတ



...စ်ရာမရှိခဲ့ဘူးသည့်အတိုင်း ..။

ပြီးတော့ နောက်လှည့်၍ လက်ဖေ့ရမ်းလိုက်လျှင် အခန်းထဲမှာရှိ
...သည့်လူတွေအားလုံး အပြင်ကိုထွက်သွားခဲ့ကြလျက် ..။

"တကယ်တော့ ဒေဝီ ကို ဘယ်သူမှသတ်တာမဟုတ်ဘူးကွ ..၊
...ရောဂါအခံရှိနေတဲ့အပြင် ဟိုကောင် ဖိုးချို့နဲ့ ပေါင်းပြီး ဆေးပါသုံး
...တ်လာတယ်လေ၊ အဲဒီမှာ ရှော့ခ်ရပြီး တစ်ခါတည်းဆုံးသွားတာ၊ အဲဒီ
...က ပျော်ပါးသောက်စားထားတာတွေကလည်း များတယ် .."

...ဘေးမှာ ထိုင်လိုက်ရင်း ဦးကျွန်းညို က မပြုံးချင်ဘဲပြုံးသော နာကျင်
...သည့် မဲ့ပြုံးနှင့် ..၊

"မိန်းမတွေကို ငါအထင်မကြီးခဲ့တာ လွန်သလား မင်း စဉ်းစား
ကြည့် .."

ဘယ်တုန်းကမှ ဒီလိုအပြုံးမျိုးနှင့် သူငယ်ချင်းလိုတရင်းတနှီးပြော
...ဆိုတာမရှိခဲ့ဘူးဘဲ၊ ခုကျမှ 'ဒီကောင့်ကိုတွေ့တဲ့နေရာမှာသတ်' လို့ အမိန့်
...ချတ်ခဲ့သူသည် ..၊

"ငါ မင်းကို အရမ်းနှမျောခဲ့တာ .."

ထူးဆန်းသော စကားတွေကို နောက်ထပ်ကြားရပြန်၏။ ထို့ပြင်
သူ့မျက်နှာကို ထူးခြားသည့်မျက်လုံးတွေနှင့် စူးစိုက်ကြည့်၍ ..၊

"ဒေဝီ လို မိန်းကလေးက မင်းလိုကောင်နဲ့ မထိုက်တန်ဘူး .."

"ကျွန်တော်တို့က ရိုးရိုးသားသား ခင်မင်ကြတာ .."

"ငါလည်း ရိုးသားခဲ့တယ်၊ ဒါပေမယ့် လက်ထပ်မိခဲ့တဲ့အထိ ယုံခဲ့
...တာပဲ၊ ဖိုးချို့ လည်း သူ့ကို မမှန်းရဲပါဘူး၊ ဒါပေမယ့် ဖောက်ပြန်ရဲသွား
...တယ်၊ အဲဒါတွေက သူ့ရဲ့ မဘည်ငြိမ်မှုတွေကြောင့်ပဲ၊ ဘယ်လောက်ထိ
...မိန်းကလေးဖော်ရွေခဲ့သလဲဆိုရင် သူခိုးကို ဓားရိုးကမ်းတယ်၊ ငါ့ရဲ့
...အတွင်းပစ္စည်းတွေကို နှိုက်ထုတ်ပေးနေခဲ့တဲ့အထိ .."

ဖိုးချို့ အပြင်မှာ တစ်နယ်တစ်စင်ထောင်နိုင်လာတဲ့အထိ သူမက
...ပံ့ပိုးခဲ့သည်။ ရတနာစိန်ကျောက်တွေကို ဖယ်တောက်ကစားနိုင်တဲ့အထိ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်များကြွယ်ဝနေသော ဦးကျွန်းညို ရဲ့ ဘဏ္ဍာတိုက်က သူမအတွက် နှိုက်တိုင်းရနေသော ဘဏ္ဍာသယ အိုးကြီးဖြစ်နေခဲ့၏။

"ဖိုးချို ကို ငါဆုံးရှုံးခံနိုင်တယ်၊ မင်းကိုတော့ အဲ့လိုအဖြစ်မခံနိုင် ဘူး၊ ငါ့ရဲ့ လက်အောက်မှာ လူတစ်ယောက်စာရိတ္တဖောက်ပြားပြီဆို ငါ့ဆီက နှိုက်ယူသွားတဲ့အရာရာထက် ငါဆုံးရှုံးလိုက်ရတဲ့ သစ္စာတ ကို ပိုပြီးနှမြောတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူလိမ်ခံရလို့ မွဲပြာထိုင်သွား လောက်တဲ့အထိ ငါမနုံ့ဘူး .."

ဦးကျွန်းညို စကားသံတွေက တည်ငြိမ်နေသည်။ သူကလည်း အံ့သြခြင်းတစ်ဝက် ရှုပ်ထွေးခြင်းတစ်ဝက်နှင့် ငေးနေခဲ့၏။

"နောက်ပြီး လူတစ်ယောက်ရဲ့ သစ္စာ သမာဓိကိုသိရဖို့ ငါ နုံ့ချ ယောင်ဆောင်ပေးခဲ့တဲ့အတွက် သူတို့ခိုးယူကျပ်ပစ္စည်းလောက်က ငါ့အတွ ခြင်ကိုက် ဖြတ်ကိုက်လောက်ပါ .."

ပြောပြီး ခြား မျက်နှာကိုစိုက်ကြည့်သည်။

"ငါ ဘာဖြစ်လို့ တပည့်တွေအများကြီးမွေးပြီး သစ္စာမှန်သူတွေ ရှာဖွေနေခဲ့သလဲ မင်းသိလား .."

"ဦးကျွန်း ဘာလုပ်နေသလဲဆိုတာ ကျွန်တော် စိတ်မဝင်စား ဘူး .."

"ပြောပါဦး .. ဘာကိုစိတ်ဝင်စားတာလဲ .."

"ကျွန်တော့်အပေါ် ဦးကျွန်း ပြောင်းလဲနေတာတွေက ဘာကြောင့် လဲ .."

"ဘာကြောင့်ပဲပြောင်းလဲလဲ မင်းကို ငါ ခွင့်လွှတ်လိုက်တယ်ဆိုတာ ကျေနပ်စရာပဲ မဟုတ်ဘူးလား .."

"ကျွန်တော်က တကယ်အပြစ်လုပ်ထားတာဆိုရင်တော့ ဟုတ်ပါ တယ် .."

ဦးကျွန်း မျက်ခုံးနှစ်ဖက် ဆတ်ခနဲ မြင့်တက်သွားသည်။

"ဒါပေမယ့် မင်း ပြောခဲ့တယ်၊ မင်းရဲ့ အမှန်တရားကိုသာ ငါ့ဘာသာ



မတွေ့ခဲ့ရင် မင်းက လူသတ် ပစ္စည်းယူပြီး ကျေးဇူးရှင်ကို သစ္စာမဲ့ တဲ့ကောင်ပဲကွ .."

"အဲဒီလိုအဖြစ်နဲ့ မသေချင်လို့ ကျွန်တော်ပြေးခဲ့တာ .."

"ပြေးနေရုံနဲ့လည်း အမှန်တရားက သူ့အလိုလိုလျှောက်လဲချက် ပေးမှာ မဟုတ်ဘူးလေ .."

"ထပေးလို့ .. အခု ဦးကျွန်းနဲ့ ကျွန်တော်တွေ့နေရတာပေါ့ .."

"ဟား .. ဟား .. ဟား .."

ဦးကျွန်းညို က အားပါးတရရယ်သည်။ ပြီးတော့ သူ့လက်မောင်း တစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။ ခြား မျက်နှာမဲ့သွားမှ 'ဆောရီးကွာ' လို့ပြောပြီး လက်ပြန်ရုတ်ကာ ..။

"မင်းကို အဲဒီလိုသတ္တိရှိတာတွေ ငါ ကြိုက်တာ၊ နောက်တစ်ခုက အကျိုးမရှိဘဲ မစွန့်စားဘူး၊ သတ္တိရှိတာနဲ့ မိုက်ရူးရဲက မတူဘူးကွ ..၊ မင်းရဲ့ အရည်အချင်းတွေကို ငါသဘောကျတယ်၊ တခြားသူတွေကို ငါ စမ်းသပ်ဖို့အတွက် ဘာဖြစ်ဖြစ် ငါ ရင်းနှီးရဲပေမယ့် မင်းကိုတော့ မစမ်းသပ်ချင်အောင် နှမြောနေခဲ့တာ ငါ့စိတ်ရင်းအမှန်ပဲ .."

တကယ့်ခံစားချက်တွေဆိုတာ လေးနက်မှုတွေပြည့်သိပ်လာတဲ့ မျက်ဝန်းတို့က သက်သေခံ၏။

"ဘာဖြစ်လို့လဲ သိလား .. တခြားကောင်တွေအတွက် ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ စွန့်လွှတ်နိုင်တယ်၊ မင်းရဲ့ မကောင်း ခြင်းတစ်ခုခုပေါ်လာရင် ငါ ပြတ်သားနိုင်မှာမဟုတ်ဘူး .."

'ယုံတမ်းစကားတွေပါ' လို့ ပြောလိုက်ရင် လွန်မလား ..။

သူသာ အပြောမကောင်းခဲ့ရင် ခြေမ လက်မ သာမကဘဲ သူ့တကိုယ် လုံး ဘယ်မြောင်းထဲမှာ ဘဝဆုံးနေမလဲ ..။

"မင်းကို လိုက်သတ်ဖို့ ငါ လုံးဝအမိန့်မပေးခဲ့ဘူး .."

သူ့အတွေးတွေကို သိနေသလို ဦးကျွန်းညို က အဖြေပေး၏။

"လူဆိုးတွေမွေးပြီး သတ်ရဲဖြတ်ရဲနေရအောင် ငါကိုက မကောင်းမှု

www.burmeseclassic.com

www.burmeseclassic.com



တွေလုပ်နေတာလည်း မဟုတ်ဘူး၊ ရူးနှုးတွေလည်း မဟုတ်ဘူး
ကိုယ့်ရဲ့ စီးပွားဥစ္စာကို မသမာတဲ့နည်းနဲ့ မကောင်းတဲ့လူတွေလုပ်
ဖျက်ဆီးမှာစိုးလို့သာ ကိုယ့်အဖွဲ့အစည်းအသိုက်အမြုံနဲ့ ကာကွယ်ဖို့ ပြင်ဆ
ခဲ့ကြတာ .."

"ရန်ကုန်ကို ကျွန်တော်ရောက်လာတဲ့ ညကပဲ ကျွန်တော့်အသိ
ထိ ကိုသိုက်တို့ လိုက်သတ်နေကြသေးတာ၊ ဒီဒဏ်ရာက အဲဒီမှာ
တာ .."

"မင်း မသိလို့ပါ .. သူတို့က မင်းကို ကာကွယ်ဖို့လိုက်နေကြ
ပါ၊ မင်းကို အမြဲတမ်းသတ်ဖြတ်နှုတ်ပိတ်ဖို့ ချောင်းနေတာက အောင်
သူက ဒေဝီ နဲ့ မင်းကို သဘောနက်တိုနေခဲ့တယ်၊ သူ့ရဲ့ စားကျက် လုခံလို
ရသလိုဖြစ်ပြီး မင်းကို ဒေဝီ အားလုံးပြောပြနေပြီထင်ခဲ့တာ .."

တွေးကြည့်တော့လည်း သူ့နောက်ကို လိုက်နေကြသည်ထင်ရ
မယ့် သူ့ရှေ့ တကယ်ရောက်လာပြီး သတ်ဖို့ဖြတ်ဖို့ကြိုးစားကြပြီး
အောင်ချို့ လူတွေပဲဖြစ်သည်။

"မင်း သိထားတာတွေကို မင်းကိုင်ထားတဲ့ စတစ်ထဲမှာရှိနေတ
ပဲ သူ ထင်နေလို့ သည်းမည်းလိုက်နေတာပေါ့ .."

"အဲဒါတွေ ဦးကျွန်း သိနေတယ် .."

"ဘာလို့ မသိရမှာလဲ ခြားရယ်၊ အားလုံးထဲမှာ ငါ မင်းကို ဂရုစိ
ဆုံး၊ မင်း ဘာလုပ်လုပ် ငါသိတယ်၊ ငါမသိလိုက်တာက မင်းထွက်ပြေ
သွားတဲ့အဖြစ်ကိုပဲ .."

ပြောနေရင်း ခြား ကိုစိုက်ကြည့်ကာ ..၊

"ဒါပေမယ့် မင်း ထွက်ပြေးခဲ့တဲ့အတွက် အောင်ချို့ ဇာတိရုပ်
လာခဲ့တာပဲ၊ နောက်ပြီး မင်းလုပ်တာလည်း မှန်တယ်လို့ ငါ နားလည်
လိုက်တယ်၊ ရေများရေနိုင် မီးများမီးနိုင်ကိုး၊ အဲဒီအချိန်မှာ မင်း
အမှန်တရားတွေနဲ့ ပြန်လှည့်တိုက်မယ်ဆိုရင် ရှုပ်ထွေးမှုတွေကြီးထွ
လာမှာပဲရှိတယ် .. ဖြူ မည်း ဘာမှပေါ်မှာမဟုတ်ဘူး .."



ဒေဝီ ဘုန်းခနဲလဲကျပြီး သေသွားသည့်အချိန်မှာ အခန်းထဲမှာ သူ
ရယ်၊ ပစ္စည်းတွေရယ်အပြင် အရက်တွေအမြည်းတွေပဲရှိသည်။

ဒေဝီ့ တကိုယ်လုံးလည်း အဝတ်စားဖရိုဖရဲတွေနဲ့ရှိနေကာ သူမကို
လှုပ်နှိုးရင်း ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း အောင်ချိုတို့ ဝိုင်းလာကြ၏။

ကိုယ့်ကားပေါ် ပြေးတက်ပြီး မောင်းပြေးတာတောင် ကားပေါ်မှာ
ရတနာကျောက်ရိုင်းတုံးတွေနှင့် ..၊

"သူက ကြံစည်ချင်နေတုန်း ဒေဝီ က ဆုံးသွားတော့ ရာသီဥတုက
သူ့ဘက်ပါသွားတာပေါ့ကွာ .."

ကြားထဲမှာလည်း ဒေဝီ နဲ့ ခြား တို့ ဖောက်ပြန်နေကြသလိုလို
သတင်းတွေထွက်နေခဲ့သဖြင့် ဖြစ်လာသည့်အခြေအနေကို ဘယ်လိုမှ
မရှင်းနိုင်ဘဲ ခြား ထွက်ပြေးခဲ့ရသည်။

"တကယ်တော့ ဒေဝီက ငါ့အပေါ်မှာ နည်းနည်းမှ စိတ်မရှိတော့
ဘဲနဲ့ သူ့ရဲ့ သာယာမှုအတွက် ဖိုးချိုကို အသုံးချတယ်၊ သူ တကယ်ယုံယုံ
ကြည်ကြည်မေတ္တာသက်ဝင်နေတာက မင်း .."

ခြား မျက်နှာ ရဲခနဲဖြစ်သွားသည်။ ဦးကျွန်းညို က ပြုံးလိုက်ပြီး..၊

"ဒါ ရှက်စရာမဟုတ်ပါဘူးကွ .. မိန်းမတစ်ယောက်ရဲ့ ရင်းနှီး
လိုက်လျောမှုကို မင်း ဥပေက္ခာမထားနိုင်လို့ တကယ်မှားခဲ့တယ်ဆိုရင်
တောင် .."

"ကျွန်တော် လုံးဝမဟုတ်ဘူး .."

"ငါသိတာပေါ့၊ ဟုတ်ခဲ့ရင်လည်း ငါ ခွင့်လွှတ်နိုင်တယ်၊ ဒီလိုမိန်းမ
တစ်ယောက်အတွက်နဲ့ ငါ့သားကို စွန့်လွှတ်လိုက်မယ်ဆိုရင် ငါ့လောက်
မိုက်တဲ့ဖအေရှိပါဦးမလား .."

ဟင်!...၊

သူ နားကြားမှားသွားတာလား ..၊

ကြည့်လိုက်တော့ ဦးကျွန်းညို ရဲ့ မျက်ဝန်းတွေက ကြင်နာခြင်း
အပြည့်နှင့် သူ့ကို ငုံ့မိုးငေးမောနေခဲ့လျက် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုယ်ငါလည်း ဆွေမျိုးမဲ့တစ်ကောင်ကြွက် တလေကြီးတစ်ယောက်လိုနေလာခဲ့တာပါ၊ မင်းရဲ့ ဦးလေးဆုံးပြီဆိုတော့ သူ့ရဲ့ ဈာပနအတွက် ငါကိုယ်တိုင်လိုက်ပြီး သေချာစီစဉ်ပေးခဲ့တာ မင်းမှတ်မိမှာပါ.."

မှတ်မိနေပါသည်။ ဦးလေးဆိုတဲ့ လူကြီးရဲ့ ဘယ်တုန်းကမှ မနူးညံ့ခဲ့သော စကားလုံးတွေက ဦးကျွန်း ကိုလည်း ထိုနည်းတူပင်၊ ထိုစဉ်တုန်းက သူ ဦးလေးကို စိတ်ဆိုးခဲ့၏။

"ဦးကျွန်းကို ကျွန်တော်တို့က ဖေကြီးလို့တောင်ခေါ်တာ ဦးလေးရ .. ဦးလေး သူ့ကိုတော့ လေးလေးစားစားဆက်ဆံသင့်ပါတယ်ဗျာ .."

"ဟိတ်ကောင် .. လေးစားထိုက်သူ မထိုက်သူကို မင်းက ဘယ်လောက်ခွဲခြားသိနေလို့လဲ .. မင်းထက်အရင် နှစ်နှစ်ဆယ်ကျော် ထမင်းစားလာခဲ့တာကွာ .. ငါ့ကိုဆရာမလုပ်နဲ့၊ အလကားလူ .. ကလေကချေ အုတ်ကြားမြက်ပေါက်ကောင်၊ ခုမှ ဘာသူဌေးလဲ .. ဘာ့ကျွန်းညိုလဲ .. အလကားကျွန်းမပြောနဲ့ မြက်တစ်ပင်တောင် ရှင်အောင်စိုက်နိုင်တဲ့ကောင် မဟုတ်ဘူး .."

"နောက် ငါ့အိမ်မလာစေနဲ့၊ အယုတ်တမာကောင် .. မိမစစ် ဖမစစ် အခြေမဲ့အနေမဲ့ ကလေကချေ .."

မျိုးစုံအောင်ဆဲရေးနေတာတွေကို ဦးကျွန်းညို ကြားတာလည်းရှိမည်။ မကြားတာလည်း ရှိလိမ့်မည်။ ဒါပေမယ့် ဦးလေး မဆဲနိုင်တော့သည့်အချိန်မှာလည်း ဂရုစိုက်သည်။

ဆုံးပြီးတော့လည်း ဈာပနကိစ္စအားလုံးအတွက် တခမ်းတနားစီစဉ်ပေးခဲ့၏။

"အဲဒီတုန်းက ငါ ဘာတောင်းခဲ့လဲ မင်း မှတ်မိသေးလား .."

ဦးကျွန်းညို မေးတော့ သူ ခေါင်းညိတ်လိုက်မိသည်။

"ငါ မင့်ဦးလေးရဲ့ အိပ်ခန်းကို ရှင်းပေးပါရစေ .." တဲ့ ..။

အဲ့ဒီအချိန်မှာ သူ့အသက် ဆယ့်ခြောက်နှစ်ကျော်နေပြီပဲ မမှတ်မိဘဲ နေမလား ..။



"မင်းအမေရဲ့ ဓာတ်ပုံလေးတစ်ပုံတစ်လေများ ရမလားလို့ပါ၊ ဒါပေမယ့် မင်းရဲ့ မွေးစာရင်းလေးရယ် .. သူ့ကို ပွဲဈေးတန်းကနေ ငါဝယ်ပေးခဲ့တဲ့ ကြိမ်စေ့နားဆွဲလုံးလေးတစ်ရံရယ် ဒါပဲရခဲ့တယ်၊ ငါ သူ့ကို ဘယ်တုန်းကမှ မမေ့ခဲ့တာဟာ ဆင်းရဲမွဲတေနေတဲ့ နေညိုရောင် ဆိုတဲ့ကောင်ကို ချစ်ရဲခဲ့တဲ့ မိန်းမမို့လို့ပဲ .."

"ဟွန်း ..."

သူ့အပြုံးကို ဦးကျွန်းညို က စိတ်မကောင်းဖြစ်သွားကာ ..၊

"မိန်းမတွေ အများကြီးယူထားခဲ့တာလို့ အချစ်ငတ်နေတဲ့စကားကို ပြောခွင့်မရှိတော့ဘူးလား .."

"ပြောရဲဖို့ပဲလိုတာပါ .."

ခြား ရဲ့ စကားကြောင့် ဦးကျွန်းညို မျက်နှာ မချိတရိ အပြုံးတစ်ခုဖြစ်ထွန်းခဲ့၏။

"ဟုတ်တယ် .. အဲဒါကို ငါ မပြောခဲ့ဘူး၊ မပြောရဲတာမဟုတ်ပေမယ့် မပြောဘဲနေခဲ့တာ၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ မင်းအမေရဲ့ မိဘအသိုင်းအဝိုင်းတွေကို စိတ်နာခဲ့လို့ .."

"ကျွန်တော့်မှာ ဆွေမျိုးညာတိဘာမှမရှိဘူး ဦးကျွန်း .. ဦးလေးတစ်ယောက်ပဲ .."

"ဦးလေးတစ်ယောက်ပဲ မင်းကို တာဝန်ယူခဲ့တာကိုးကွ .. မင်းရဲ့ ဘိုးဘွားတွေမရှိတော့ပေမယ့် မင်းမှာ အဒေါ်တွေ ဘကြီးတွေရှိသေးတယ်၊ ဒါပေမယ့် မင်းသိတောင် မသိခဲ့ဘူးမို့လား .."

ဦးလေးရဲ့ နှုတ်ဖျားကနေလည်း ဆွေမျိုးမကောင်းကြောင်း၊ လူတွေမကောင်းကြောင်း၊ ပြီးတော့ သူလည်း မကောင်းဘူးဆိုတဲ့ စကားတွေနေ့ရှိသမျှ ပြောနေခဲ့တာပါပဲ ..။

"မင်းလိုကောင်ကို လူလူသူသူ စကားတွေပြောရဲလာအောင် ကျွေးမွေးစောင့်ရှောက်ခဲ့မိတာ ငါလည်း မကောင်းဘူး .."

"ခွေးသူခိုးလေး .. မျိုးမစစ်လေး .."

www.burmeseclassic.com



'မင်းကြောင့်' ဆိုတဲ့စကားကိုလည်း ဘာဖြစ်လို့ နာနာကြည်းကြည်း ပြောနေခဲ့မှန်းမသိ ..။ သူ့ဘဝမှာ မိဘတွေမရှိတော့တာတောင် သေကုန်ကြတာလိုလို .. သူ့ကိုစွန့်ပစ်ပြီးပျောက်ကွယ်သွားကြတာလိုလို ..။

သူ့မှာ အဖေ အမေတွေကိုပဲ ရှာပုံတော်ဖွင့်ရမှာလား .. သေကုန်ကြပြီဆိုတဲ့ တစ်ကောင်ကြွက်စိတ်နဲ့ ရှင်သန်ရတော့မှာလား ..။

ဘာမှန်းမသိသော အနာဂတ်အတွက် ဦးလေးရဲ့ အရက်နံ့တွေ ဆဲဆိုသံတွေနဲ့ပဲ ချီတက်ရန်းကန်ခဲ့ရသည်။ ဒါတွေက ခုတော့ ရုပ်ရှင်ဆန်ဆန်တွေရှိနေသေးသတဲ့လား ..။

ယုံချင်ပေမယ့် လက်ခံလို့မရဘဲဖြစ်နေသည်။ ကျိုကျိုတက်ချမ်းသာသော ရတနာကုန်သည်ကြီးတစ်ယောက်ရဲ့ သားအရင်းပါဆိုတာ အိပ်မက်တောင် မက်ခွင့်မရှိခဲ့ပေမယ့် အိပ်မက်ထဲမှာလိုတောင် သူ ရင်မခုန်ဘဲဖြစ်နေခဲ့သည်။ ထို့ပြင် မိဘသဖွယ် လေးစားကြည်ညိုခဲ့ရသော်လည်း မိဘမှန်းသိလိုက်ရသည့်အချိန်မှာ ပို၍ဝေးကွာသွားသလိုခံစားလိုက်ရ၏။

"ငါ မင်းကိုမပြောဘဲ မျိုသိပ်နေခဲ့တာကလည်း ငါ့အပြစ်ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငွေမက်လွန်းတဲ့ မင်းအမေဘက်ကဆွေမျိုးတွေကို မုန်းခဲ့တဲ့ စိတ်နဲ့ .."

"ရပါပြီ .. ခုလည်း ကျွန်တော် နားလည်ပေးလို့ရတယ်၊ ဦးကျွန်းမှာလည်း .."

"ငါ့မှာ သားတစ်ယောက်ပဲရှိတယ် ခြား၊ အဲဒါ မင်းပဲ .. မိန်းမတွေ တစ်ဖက်ငါးရာလောက်ထားပြီး ငါခံစားနေလည်း ငါ့ကိုတကယ်မြတ်နိုးပြီး တန်ဖိုးထားခဲ့တဲ့ မိန်းမတစ်ယောက်ပဲ ငါ့ရင်ထဲမှာရှိခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက ငါ့အတွက် အတိဒုက္ခရောက်ခဲ့ပေမယ့်၊ ငါကတော့ ငါ့ရဲ့အတ္တအမုန်းတွေနဲ့ သူ့ကို ပိတ်လှောင်စွန့်ပစ်ခဲ့လို့ပဲ .."

ဦးကျွန်းညို က ပြုံးတော့ပြုံးထားပေမယ့် ပြုံးမဲ့မဲ့ကြီးဖြစ်နေခဲ့လျက် ..၊

"ဒါကြောင့် ငါ့အမှားနဲ့ ငါ့ရဲ့အချစ်တွေအတွက် 'နွေး' ဆိုတဲ့ မိန်းမ



က ငါ့ဘဝမှာ ငါ့ရင်ထဲမှာ ဘယ်တော့မှ ကွယ်ပျောက်သွားမှာ မဟုတ်တဲ့ မိန်းမ .. ငါ့အချစ်ဆုံးမိန်းမ၊ သူ့အပေါ် ငါတာဝန်မကျေခဲ့တဲ့ အတွက် ပိုခံစားရတယ်၊ အားလုံးကိုမုန်းတဲ့အမုန်းတွေနဲ့ ရောနှောဖျောက်ဖျက်ဖို့ကြိုးစားခဲ့ပေမယ့် ငါ သူ့ကိုချစ်တယ်၊ ငါ့အတွက် အနစ်နာခံခဲ့သလောက် ငါကတော့ တခြားလူတွေနဲ့ရောပြီး ကျောခိုင်းထားခဲ့တယ် .."

"ဆက်မပြောတော့ဘူးဆိုရင် ကျေးဇူးတင်မိမှာပဲ ဦးကျွန်း .."

"ငါက မင်းရဲ့အဖေပါ၊ မင်းအဖေ နေညိုရောင် .."

"ကျွန်တော်က မွေးလာတည်းက မိဘမဲ့ပါ .."

"ဘယ်သူမှ မိဘမဲ့အခြေမဲ့ အနေမဲ့မဖြစ်ချင်ကြဘူး ခြား၊ စိတ်ကူးထဲက စကားလုံးတွေနဲ့ မင်း ဖအေကို မတိုက်ခိုက်ပါနဲ့ .."

"ဦးကျွန်း တောင် စိတ်ကူးတွေနဲ့ တိုက်ခိုက်ခဲ့ရင် ကျွန်တော်က ဘာလို့တိုက်ခွင့်မရှိရမှာလဲ .. ချစ်တယ် မုန်းတယ်ဆိုတာ ရင်ထဲကဖြစ်လာတဲ့အတိုင်းပဲ၊ ဘယ်သူခိုင်းစေလို့မှမရဘူး .."

"ဟစ်ခါတလေ အခြေအနေအချိန်အခါအလိုက်ပြောင်းလဲတတ်တာတွေလည်းရှိတယ်၊ ငါ့စိတ်ကိုတောင် ငါ နားမလည်ခဲ့လို့ ချစ်တဲ့သူနဲ့ .."

"ကျွန်တော်က ဦးကျွန်းညို မဟုတ်ဘူး .."

"ဟော့ .. မထနဲ့ဦးလေ .. မင်းခေါင်းမှာ ထိထားတာ မနည်းဘူး .."

ပြောပြီးတာနဲ့ ခြား က လက်ထောက်ထဖို့ကြိုးစားသည်။ လက်ကလည်း နာနေသဖြင့် ကျောကော့ထဖို့ကြိုးစားသော်လည်း ..၊

"အ ..."

"နေဦး .. ငါ .."

"ရတယ် .."

ဦးကျွန်းညို ထူ'မ'ပေးဖို့ ကိုင်လိုက်တာနှင့် ခြား က ဖယ်ချပစ်ကာ ..၊

"ကျွန်တော်လည်း ကိုယ့်စိတ်ကို နားလည်ဖို့ကြိုးစားရဦးမယ် ထင်

www.burmeseclassic.com

www.burmeseclassic.com



တယ် ..''

''မင်း ငါ့ကို လက်မခံနိုင်ဘူးလား ..''

''အဖေဆိုတော့လည်း အဖေပေါ့၊ မတော်ချင်လို့မှမရဘဲ .. ဒါပေမယ့် ဦးကျွန်း ရဲ့ သွေးနှောနေတဲ့အတွက် ကျွန်တော့်ရင်ထဲ ဘယ်နေရာကမှ စကားမပြောဘူး ..''

ဦးကျွန်းညို ကွက်ခနဲမျက်နှာပျက်၏။ သူထထိုင်လိုက်တာနှင့် တွဲ့စတော့မလို ကိုင်တော့မလို လက်ပြင်ရင်း ..၊

''မင်းကို သားမှန်းသိပြီး မပြောဖြစ်ခဲ့တာက မင်းဘကြီးကိုယ်တိုင် ငါ့သားသေသွားပြီလို့ပြောခဲ့စကားကြောင့် မသေချာခဲ့တာတွေရှိလို့ပါ၊ မင်းရဲ့ မွေးစားရင်းနဲ့ ..''

''ဒီတိုင်းပဲ ထားလိုက်ပါဗျာ .. သွေးသားရင်း ဟုတ်,မဟုတ် ဦးကျွန်း အတွက် သေချာဖို့လိုတာပေါ့၊ ဦးကျွန်းရဲ့ ပိုင်ဆိုင်မှုတွေက နည်းတာမှ မဟုတ်ဘဲ ..''

''ဟုတ်တယ် .. အဲဒါတွေကို ငါထိန်းသိမ်းခဲ့တာ ငါ့သားအတွက် ပါ ..''

''ဩော် .. သေပြီလို့ ထင်ခဲ့တာတောင်လား ..''

''ငါ့ကို မေးခွန်းမထောက်ပါနဲ့ .. မင်း မခံစားတတ်ပေမယ့် ငါ့သား ရှိသေးတယ်ဆိုတဲ့အသိ ငါ့ရဲ့မသိစိတ်မှာ အမြဲရှိခဲ့တယ်၊ ဒါကြောင့် သူတို့သေပြီပြောခဲ့ပေမယ့် မင်းတို့ တူဝရီးကိုမြင်တာနဲ့ မင်းက ငါ့သား လားဆိုတာ တန်းပြီး ခံစားမိခဲ့တာ ..''

ဦးကျွန်းညို က သူ ဆင်းရပ်လိုက်တော့ အနားမှာ လက်တပြင်ပြင် နှင့် ကပ်လျက်ရှိနေကာ ..၊

''ရန်သူတွေများနေတဲ့အထိ ငါ ချမ်းသာနေပြီကွ .. အဲဒီအတွက် ငါ့သွေးသားမဟုတ်တဲ့ တစ်ယောက်ယောက်ကို မှားယွင်းပေးအပ်မိမှာ မျိုး အဖြစ်မခံနိုင်ဘူး ..''

''ဒါပေမယ့် ကျွန်တော်ကတော့ ဒီတိုင်းပဲနေတတ်နေပြီ၊ ဦးကျွန်းညို



ရဲ့ သားအရင်းဆိုတဲ့ဘဝမှာ နေတတ်ဖို့လည်း မသေချာဘူး၊ အဲဒီတော့ ကျွန်တော့်မှာ ဟိုအပြစ်တွေမရှိဘူးဆိုတာ ဦးကျွန်း သံသယရှင်းတယ် ဆိုရင် ..''

''မင်း မသွားနဲ့ဦး ခြား .. ဒဏ်ရာတွေ မပျောက်သေးဘူး ..''

''ပြဿနာမရှိပါဘူး .. ဦးကျွန်း ပေးတဲ့ဒဏ်ရာတွေ ထပ်မရဖို့ပဲ အရေးကြီးတာ ..''

သူ ဇွတ်ထွက်လာတော့ ပုဂ္ဂလိကဆေးရုံတစ်ခုမှန်းသိလိုက်သည်။ အပြင်မှာ ဦးကျွန်းညိုရဲ့တပည့်တွေရှိနေကာ ပျာပျာသလဲဖြစ်ကုန်ကြ သည်။

ဒါပေမယ့် ဦးကျွန်းညို နဲ့ ခြားရဲ့ အခြေအနေကြောင့် ဘာမှ မလှုပ် ရှားဘဲ ဒီတိုင်းပဲ ရပ်ကြည့်နေကြ၏။

''ခြား မင်းကမှ ငါ့ရဲ့အမွေခံသားပါ၊ ငါနဲ့ဝေးဝေးနေရမှ ကျေနပ် ပယ်ဆိုရင် နေနိုင်တယ်၊ ဒါပေမယ့် မင်းက ငါ့သားပဲ''

ဦးကျွန်းညို က ပြောရင်း ကျန်ရစ်ခဲ့၏။

အားလုံး တအံ့တဩဖြစ်နေကြပေမယ့် ခြား က ဝေဒနာတွေကို မျိုသိပ်ကြိတ်မှိတ်လျှောက်ရင်း ခပ်ယဲ့ယဲ့ပြုံး၏။ နေ့ချင်းညချင်း သူဌေး သားဖြစ်သွားခဲ့တဲ့အတွက် သူ ပျော်သင့်သလား ..၊

မပျော်ပါဘူးဆိုရင် လူမိုက်လို့ ပြောကြမလား၊

သွေးသားတော်စပ်နေခြင်းကြောင့် သားလို့ သိလာရခြင်းနဲ့ပတ် သက်၍ နှလုံးသားထဲကနေ သိမ့်သိမ့်တုန် ဝမ်းမြောက်ဖို့ရော လိုလို့ လား..၊

သူလိုချင်တာ တော်စပ်ပတ်သက်မှုမဟုတ်ပါ၊

တူအရင်းခေါက်ခေါက်ကို အိမ်မွေးတိရစ္ဆာန်တစ်ကောင်သဖွယ် ကျွေးမွေးမောင်းမဲ၍ ထိန်းကျောင်းလာခဲ့သော ဦးလေးတစ်ယောက်နဲ့ သွေးရင်း ဟုတ်မဟုတ် သေချာဖို့ စူးစမ်းပြီးမှ သားလို့ခေါ်ရတဲ့ အဖေ..၊

ဟိုအရင်က ဦးကျွန်း ကို သူ ဖေကြီးလို့ ခေါ်ခဲ့သည်။ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မတော်စပ် မပတ်သက်ဘဲ သူ့အပေါ် အရေးပေးဂရုစိုက်ခဲ့တာ ဦးလေး အရင်းထက်သာတာမို့ ပိုပြီးချစ်ခင်တွယ်တာခဲ့သည်။ လေးစားခဲ့သည်။

သူကတော့ သားရင်းဖြစ်နိုင်သည်ဆိုတဲ့ မျက်လုံးနဲ့ တစ်ချိန်လုံး ကြည့်နေခဲ့သည်တဲ့။

သားဖြစ်နိုင်သည့်အတွက် ဦးကျွန်း ဆီက သူ ဘာများ ပိုမိုခံစားခဲ့ရ တာရှိသလဲ၊ ခုလောက်ဆို ဗိုလ်စိုးတို့ သားကြီးတို့ အံ့သြမဆုံး ရှိနေကြ လိမ့်မည်။

သားရင်းလို့ သူများတွေထင်လောက်စရာ သူ ဘာတွေရခဲ့လို့လဲ..၊

တွေးနေရင်း ပြုံးလိုက်မိသည်။ တစ်သက်လုံးကိုယ်ဟာ တစ် ကောင်ကြွက် အခြေအနေမဲ့တစ်ယောက်လို လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့ရသည်။

ဒါပေမယ့် ထိုအချိန်မှာ သူ တောင့်တခဲ့တာက ဆွေမျိုး သို့မဟုတ် မိတ်ဆွေရင်းချာ ပီသစွာ နွေးထွေးဖော်ရွေမည့် အပြုံး၊ သို့မဟုတ် နား လည်ကြင်နာသည့် ပတ်ဝန်းကျင် ..၊

ဒါတွေ သူ့မှာ ဘာမှမရှိခဲ့ပေ၊ အဖေရင်းတစ်ယောက်လုံး အနီးနား မှာ ရှိနေလျက်နှင့် သူ အသက်လုပြေးခဲ့ရသေးသည်။

ဒီနေ့ ဆေးရုံထိ ရောက်မလာဘဲ လမ်းဘေးမှာ သေသွားဖို့ကြုံခဲ့ ရတာတွေလည်း အကြိမ်ကြိမ်၊

ဒါတွေက သား ဟုတ်မဟုတ် စောင့်ကြည့်နေခဲ့တဲ့ ကာလမှာ သူ စမ်းသပ်ခံခဲ့ရတာတွေလား၊

တော်ပါပြီ .. ရှိပါစေတော့ ..။

♥♥♥



## အခန်း ( ၂၃ )

"မင်းကွာ ရှာလိုက်ရတာ"

"ဘာကိစ္စနဲ့လဲ"

"ဖေကြီး ရှာခိုင်းတာလေ"

"မေးလိုက်ပါ၊ ငါ ထွက်ပြေးဦးမှာလားလို့"

"မင်းက ထတောင်မထနိုင်သေးဘဲနဲ့ ဆေးရုံကထွက်သွားပြီး တော့..."

"ခုလည်း ထွက်သွားဦးမှာပဲ"

"ဘာလဲ .. ငါ မေးလို့လား"

ခြား က ဘာမှမဖြေဘဲ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ လ်စိုး က သူ့ကို စိုက်ကြည့်ရင်း ဘေးမှာ ဝင်ထိုင်လိုက်ကာ ...

"ငါတို့ အားလုံး သိပြီးပါပြီကွာ၊ မင်းရဲ့ခံစားချက်ကိုတော့ ငါ ပြောလိုပါဘူး၊ ဒါပေမယ့် ဦးကျွန်း ရဲ့ ကျောသားရင်သား မခွဲခြား ဘတ်တဲ့စိတ်ဓာတ်ကို မင်းလည်းသိသားပဲ"

"အဲဒီတော့ ငါက ပြေးဖက်ပြီး ငိုပြရမလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မင်းသာ မသိတာ၊ ဦးကျွန်း မင်းကို နေရာတ
ဂရုစိုက် ..."

"ကိုစိုး ငါ အေးဆေးနေချင်လို့ ဘုန်းကြီးကျောင်းမှာ လာနေ
ကွာ"

"အေးပါ .. ငါက မင်းကို အပူတိုက်နေလို့လား"

"ဘာကိစ္စလာတာလဲ"

"သားကြီးနဲ့ငါ့ကို မင်းနဲ့ရှိနေဖို့ ဦးကျွန်း က အမိန့်ချ ..."

"မလိုဘူး ဟေ့ကောင်၊ ဦးကျွန်းသို ရဲ့သား ဖြစ်သွားတာနဲ့ ဘော
ဂတ်တွေ ခြံရံပြီး သွားလာနေရအောင် ငါ အရူးမဟုတ်ဘူး"

"ဟာ .. မင်း အဲဒါတွေပြောနေတာကမှ ရူးနေတာ"

ဗိုလ်စိုး က ဒေါသသံနှင့်ထပြောကာ ပြီးမှ အသံနိမ့်၍ ဆရာတေ
ကျောင်းဘက်ကိုလည်း မရဲတရဲ လှမ်းကြည့်ကာ...

"ဘုရင်ဖြစ်ပြီဆို ရွှေထီးဆောင်းရမယ်၊ သံလျက်ကိုင်ရမယ်၊ အ
က လယ်သမားဖြစ်ဖြစ် ဈေးသည်ဖြစ်ဖြစ် အဲဒါကို ..."

"ဒါ ဘုရင်ဖြစ်လာတဲ့ပြဿနာ မဟုတ်ဘူး"

"ဟာ.. မင်းပဲပြောတတ်တယ် ခြား ရာ၊ ဦးကျွန်းသို ရဲ့သား ဖြ
သွားတာနဲ့ မင်းဘဝမှာ လောကနိဗ္ဗာန်လို မရှိစကား မကြားရတဲ့ လို
မင်းသား ဖြစ်သွားတဲ့ဟာ၊ လူဆိုတာ ရာသီစကား နားလည်ရတယ်
အဲဒါက တိရစ္ဆာန်တွေသိတဲ့ သဘာဝရာသီမဟုတ်ဘူး၊ လောကဓ
ရာသီ၊ ကိုယ့်ဘဝအတွက် ဘယ်ရာသီမှာ ဘယ်လိုအေးရမယ်၊ ဘ
ရာသီအတွက် ဘယ်လိုနွေးစေမယ်၊ အဲဒါ ..."

"ဒါဆို ငါက လူမပီသသေးလို့ ဖြစ်မှာပေါ့"

"လုပ်ပြီ"

"ငါ မေတ္တာတော်မွတ်ခဲ့တယ်လို့ ဘယ်တုန်းကမှ မခံစားခဲ့ရ
ငါက တစ်ကောင်ကြွက်ဆိုတဲ့ အင်အားနဲ့ ရပ်တည်နိုင်ခဲ့လို့၊ ဒါပေ



စ်ကောင်ကြွက် မဟုတ်တော့ဘူးဆိုရင်တော့ ဘယ်သူက မေတ္တာစစ်
ချစ်တာလဲဆိုတာ သိဖို့လိုလာပြီ"

"မသိခဲ့ကြတုန်းကတော့ ..."

"မင်းက ငါ မဟုတ်ဘူး ဗိုလ်စိုး၊ ပြီးတော့ ဦးကျွန်း လည်း မဟုတ်
ဘူး"

"ဟုတ်ပါတယ်၊ ငါက အေးလူပါ"

"အဲဒါကြောင့် အတွင်းကျကျ မဝေဖန်နဲ့"

သူ ဒါပဲပြောဖြစ်ခဲ့သည်။ သို့သော် နောက်ထပ် ကြေညာခဲ့တာ
စ်ခုတော့ရှိ၏။

"ငါ့ဘဝမှာ ငါ့ကိုယ်ငါထက် ပိုပြီးစိုးရိမ်ခဲ့တာ၊ ငါ နာကျင်ရတာ
က် သူနာကျင်ခံစားရမှာကို မကြည့်ရက်တာ၊ ပြီးတော့ ငါ အသက်ရှူ
တိုင်း သတိရနေတဲ့အထိ ချစ်ခဲ့မိတာ တစ်ယောက်ပဲရှိတယ်၊ အဲဒါ
နမ်းတစ်ပွင့် ဆိုတဲ့ မိန်းမ .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"မင်း ဘယ်သွားမလို့လဲ ခြား"

သူ့ခြေလှမ်းတွေ တုံ့သွားသည်။ ဦးကျွန်းညို က အခန်းထဲက ထွက်လာပြီး သူ့နောက်ကို ခပ်ဖြည်းဖြည်း လျှောက်လာကာ ...

"ကားသော့ ဘာလို့ လာအပ်နေတာလဲ"

"ကျွန်တော် ထင်ရာသွားနေမှာမို့လို့ပါ"

"ကားယူသွားသွား မသွားသွား မင်း ဘယ်ရောက်နေနေ ငါ့သ... ပဲဆိုတာ ပျောက်ပျက်သွားမှာမဟုတ်ဘူး၊ ငါကလည်း မင်း လိုလားသ... ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ မင်း ငါ့ကို မကျေနပ်လို့ ဇရပ်... မြောင်းထဲ ဘယ်မှာသွားနေနေ ငါ့သားအဖြစ်ကနေ ဘယ်တော့မှ ... နုတ်ဖယ်ရှားပစ်မှာမဟုတ်ဘူး"

"ကျွန်တော် အဲလိုစိတ်ကူးတွေ မရှိပါဘူး ဒါပေမယ့်..."

"ရတယ်၊ ဘာဖြစ်ချင်သလဲ၊ အခု ဘာလုပ်မလို့လဲဆိုတာပဲ ပြော..."

သူ နောက်ပြန်လှည့်ကြည့်လိုက်သည်။ ဦးကျွန်းညို က သူ့နော... လက်တစ်ကမ်းအကွာမှာ ရပ်လျက်ရှိကာ ရှားရင့်ရောင် နဂါးရုပ်...



...သော နံ့သာရောင် ရုပ်အင်္ကျီလက်တိုတိုပွပွကြီးကို ဘောင်းဘီရှည်ရဲ့ ...ခြင်မှာ ထုတ်ဝတ်ထား၏။

ပြီးသည် တည်သည် မမည်သော မျက်ဝန်းတွေမှာ နူးညံ့နွေးထွေးသော ကရုဏာရိပ်တို့ အတိပြီးလျက် ...

"ငါ့ကို အဖေလို့ မခေါ်သေးပေမယ့် ဘယ်တော့မှမခေါ်ဘူးဆိုရင် ...ဘာင် မင်းရဲ့အဖေရှိနေတယ်ဆိုတာ မမေ့ပါနဲ့၊ အဲဒါကြောင့် ငါ့သား ...ဘာတွေဖြစ်ချင်နေသလဲဆိုတာ ငါ သိချင်တယ်"

"ကျွန်တော် အချိန်တိုင်း သတိရနေတဲ့ မိန်းမတစ်ယောက်ဆီကို ...သွားမလို့ပါ"

ဦးကျွန်းညို မျက်ခုံးတွေတွန့်ကွေးသွားသည်။ ပြီးတော့မှ ပြေကျ...သွားပြီး ပြုံးကာ ...

"မင်း ငါ့ရဲ့အရိုန်အဝါအောက်ကို ဝင်မလာချင်တာ သူ့အတွက် ...ကြိုတင်တိုက်ခိုက်နေတာတော့ မဟုတ်ဘူးထင်တယ်"

"မဟုတ်ပါဘူး"

"ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ နေညိုရောင် ဆိုတဲ့ မင်း ...အဖေကလည်း အရင်တုန်းက ဒုက္ခတွေနဲ့ တေလေငှက်တစ်ကောင်ပါပဲ၊ ...ဒီကနေ ခုချိန်ထိ ချစ်ခြင်းမေတ္တာကို တန်ဖိုးထားတတ်ခဲ့တဲ့ လူပဲ ...ဆိုတာ မင်းကိုပြောချင်တယ်"

မျက်လုံးချင်း ကြာမြင့်စွာဆုံနေပြီး နှစ်ယောက်စလုံး၏ မျက်ဝန်း...တွေမှ ရယ်မြူးရိပ် သမ်းလာခဲ့သည်။ ပြီးတော့ ...

ဦးကျွန်းညို က ရယ်လိုက်ပြီး နောက်ပြန်ဝင်သွားခဲ့၏။

သူ့ဘဝအတွက် မှုန်းတည့်ချိန်တွေ လွန်မြောက်ခဲ့ပြီလား..၊

ဘဝတစ်လျှောက်လုံး ရင်ဆိုင်ကြုံတွေ့ခဲ့ရသမျှ ဒုက္ခ သောကတွေ ...မှာတင်ပြီးဆုံးခဲ့ပြီဆိုလျှင် သူ လက်တွဲခေါ်ယူဖို့ ဆုံးဖြတ်ခဲ့သည့် အနမ်း ...ဘဝကရော...၊

www.burmeseclassic.com

www.burmeseclassic.com



သူမကို သူ ကူညီမည်၊ ဘာအတွက်မဟုတ်ဘဲ တစ်ဘဝလုံး အတွက် သူမဘဝကို လုံခြုံစေမည်။

မင်း အားတင်းထားနိုင်ပါစေ ...၊

ငါ့အတွက် မင်း ရှိနေပေးပါ ...၊

မင်းနဲ့ငါ ရှိခဲ့ဖူးတဲ့ ပဋိပက္ခတွေကို ငြိမ်းချမ်းရေးနဲ့အတူ ငါတို့ ပေါင်းစည်းကြဖို့ မင်း ရှိနေပေးပါ ...၊

နာရီမှာပြနေသည့် နေ့စွဲကို သူ ငုံ့ကြည့်လိုက်ပါသည်။

- သူမဆီက သူ ထွက်လာခဲ့တာ ဒီနေ့ဆိုရင် ဆယ်ရက်တင်းတင်း ပြည့်ခဲ့ပြီ ...။



## အခန်း (၂၂)

မိုးစက်တွေ တဖွဲဖွဲကျလာကြသည်။ သူ ဒီတိုက်ခန်းရှေ့ကို ရောက်လာချိန်တိုင်းမှာ မိုးရိပ်တွေ ရှိနေခဲ့သည်။

မိုးစက်တွေနဲ့အတူ တိုက်ခန်းလှေကားထစ်တွေကို သူ နင်းဖြတ်ခဲ့ သည်။

လွန်ခဲ့သော ဆယ့်ငါးရက်အတွင်းမှာ သူ ဒီလိုတက်လာတော့ ဖိနပ် ရေစက်တွေစိုစွတ်နေခဲ့သည်။ ပြီးတော့ သူ့လက်တစ်ဖက်မှာ ချစ်သားညီ သော ကလေးငယ်တစ်ယောက်ရဲ့ ပခုံးစွန်းလေးကို ကိုယ်မှာစွဲကပ် ထားလျက် ကလေးလည်ပင်းမှာလည်း ဓားနဲ့ ထောက်ထားခဲ့၏။

ခုလည်း သူ့ဖိနပ်မှာ ရေစက်တွေ ထင်နေခဲ့လျက် သူ့ကိုယ်မှာ ကောင်းမသေသေးသော ဒဏ်ရာတွေနဲ့ဖြစ်၏။ ဒါ့အပြင် ...

ကလေးကိုမဟုတ်ပေမယ့် အိတ်ထဲမှာ ဓားလည်းပါသေးသည်။ ပေမယ့် ဒီတစ်ခါ သူ ရောက်လာခဲ့တာ ကောင်းသောလာခြင်းနဲ့ပါ။

သူမဘက်က ဒေါသမာနတွေနဲ့ ဘယ်လိုပဲငြင်းငြင်း သူ လက်ထပ် ခွင့်တောင်းမည်၊ ပြီးတော့ သူမ ယုံယုံ မယုံယုံ သူ မြတ်မြတ်နိုးနိုးချစ်နေ တဲ့အကြောင်းကို ပြောပြမည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးလှေကားမှာ လေ့ကားထစ်တွေရဲ့ထိပ်ဆုံးကိုရောက်တော့ ခြား အံ့ဩ
သွား၏။ ဘာဂျာတံခါးက ပွင့်နေခဲ့လျက် တံခါးရှေ့မှာ မိန်းမစီး ဖိ
လေးတစ်ရံ ...၊

"ဒေါက် .. ဒေါက်"

"ဒုန်း"

သူ့ရဲ့ တံခါးခေါက်သံနဲ့ထပ်တူ အထဲက တစ်စုံတစ်ခု ပြုတ်ကျ
တစ်ချက်ကို ကြားလိုက်ရ၏။

သူ နောက်ထပ် တံခါးခေါက်လိုက်လျှင် သိပ်မကြာခင် တံခါး
သွားခဲ့ပြီး ...

"ခြား .."

အံ့ဩ၍ ဆွေးငေးသော မျက်ဝန်းအစုံမှာ သူ့အပေါ် မေးခွန်းထု
လိုခြင်း၊ ဟန်ဆောင်တင်းမာခြင်း စသော အရိပ်အယောင်တွေ ဘာ
မပေါ်ခဲ့ဘဲ ...

"ရှင် တကယ်ရောက်လာတာပဲ"

သူမရဲ့အသံတွေက တိုးလျလွန်းကာ ရေရွတ်သံကဲ့သို့ နှုတ်ခမ်
လှုပ်ရုံသာသာရှိလျက် ခြား ဝင်သာအောင် ကိုယ်ကို ဖယ်လိုက်သည်
ပြီးတော့ တံခါးကို သေချာပြန်ပိတ်၏။

"မင်း .. အပြင်ထွက်တာလား"

"အင်း"

"ဖိနပ် ပြန်သွင်းဦးလေ"

"ဟင့်အင်း"

သူမ ခေါင်းခါပြပြီး အထဲပြန်လှည့်လာကာ ...

"ရတယ်"

အနမ်း သည် အနီရောင်လည်ပင်းကိုယ်ကျပ်ခါးရှည်လေး
ကိုယ်ကပ်စကတ်ရှည်လေးနှင့်ဝတ်ထားသည်။ ဆံပင်ရှည်တို့သည် သ



ရဲ့ ကျောပြင်လုလုလေးကို ဖုံးကွယ်ကျော်လွှား၍ ခါးစပ်အောက်ထိ
ဖြာဆင်းနေကြ၏။

ဝင်းမှုန်နေသော သူမရဲ့မျက်နှာလေးကို အနီရောင်ဟပ်နေခြင်း
သည် လိုအပ်သောနေရာလေးတွေကို အရောင်ရင့်ပေးထားသကဲ့သို့
ရှိကာ ဒီနေ့ကျမှ ပါးမို့လေးတွေနဲ့ နှုတ်ခမ်းသားလေးတွေက ပို၍ နုရဲ
နေကြသလိုပင်။

သူမ မျက်နှာတစ်ခုလုံး ညှိုးငယ်နေရုံမကဘဲ သူမရဲ့ လှုပ်ရှားမှုတွေ
ကပါ အသက်မပါသလိုလေးလံနေသော်ငြား ဒီနေ့ သူမရဲ့ အလှအပတွေ
က ဘယ်လိုအရာနဲ့ တင်စားရမှန်းမသိအောင် ပြည့်စုံထင်ရှားနေကြ၏။

ဒါမှမဟုတ် အရင်တစ်ခါ သူ ကြည့်ခဲ့တဲ့မျက်လုံးနဲ့ ဒီနေ့ မျက်လုံး
ကွာခြားနေခဲ့လို့လား၊

တစ်ယောက်တည်း မေးခွန်းတွေဖြစ်လာလိုက်၊ သူမ မျက်နှာလေး
ကို ငေးမိရင်း ပျောက်သွားလိုက်နှင့် ...

"မြင်သာ တို့ ချစ်လေး တို့ရော .."

"မရှိဘူး"

အနမ်းရဲ့ အဖြေတွေက ပြတ်တောက်အေးစက်နေခဲ့လျက် .. သူ့
အပေါ်မှာ စိမ်းကားတာလည်းမဟုတ်၊ ရင်းနှီးမှုလည်းမရှိ။

"မင်း နေကောင်းရဲ့လား အနမ်း၊ ဒါမှမဟုတ် ..."

"ကောင်းပါတယ်"

"ဒီမှာ တစ်ခုခုဖြစ်ထားခဲ့သလား"

သူမ ကော်ဖီဖျော်ဖို့ ပြင်ဆင်နေပုံပေါ်ကာ သူမရဲ့ဘေးကို ခြား
ရောက်သွားတော့ စားပွဲပေါ်မှာ အစိမ်းကြော်ပန်းကန်တစ်ချပ်က စား
လက်စ ဖရိုဖရဲနဲ့ရှိကာ အမြင်အရ ဒီနေ့ စားသောက်ထားတာ မဟုတ်
မှန်းလည်း သိသာ၏။

ပြီးတော့ ထမင်းစားလက်စနှင့် ပန်းကန်တွေက ဖွန်းတပ်လျက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သလို ထပ်ထားတာဖြစ်သည်။

သူ ကြည့်နေတုန်း အနမ်း က ပန်းကန်အားလုံးကို စားပွဲအလယ်မှာ စုထပ်လိုက်ပြီး အုပ်ဆောင်းနဲ့ အုပ်ထားလိုက်၏။

"ကော်ဖီက ကိုယ့်အတွက် ဖျော်နေတာလား"

"အင်း"

"ကိုယ် ကော်ဖီ မကြိုက်ဘူး"

သကြားထည့်ပြီးမွှေနေသည့် သူမလက်လေး ရပ်တန့်သွားသည်။ ခြား က သူမဆီမှာ လက်တစ်ဖက်ထောက်ပြီး မျက်နှာလေးကို ငုံ့မိုးကြည့်ကာ ...

"ကိုယ့်ကို စိတ်ဆိုးနေတာလား"

"ဟင့်အင်း .. ဘာလို့ စိတ်ဆိုးရမှာလဲ"

"ကိုယ် အဲဒီညက မပြောမဆိုနဲ့ ထွက်သွားခဲ့တာ ဆေးနဲ့ စားစရာတွေ သွားဝယ်တာ .."

အနမ်း က ကော်ဖီကို ခပ်ဖြည်းဖြည်းဆက်မွှေရင်း နို့စိမ်းတစ်ဇွန်း ထပ်ထည့်သည်။ ခြား တစ်အိမ်လုံးကို လည်ပင်းလိမ်အောင် ပြန်ကြည့်မိကာ ...

"ဒီမှာ တစ်ခုခုပြောင်းလဲသွားသလိုပဲ၊ ချစ်လေး တို့ရော"

သူမက ကော်ဖီမွှေနေသည့်ဇွန်းလေးကို ချထားလိုက်ပြီး သူ့ဘက်ကို မျက်နှာလှည့်လာသည်။

"ဆေးနဲ့စားစရာ သွားဝယ်တာက ဘာဖြစ်လို့ ပြန်ရောက်မလာတော့တာလဲ၊ အဲဒါကို ဆက်ပြောပြပါလား"

ညနေခင်းအလင်းရောင်ဖျော့ဖျော့က သူမမျက်နှာလေးကို ပို၍ မှုန်ညက်လှပစေကာ မော့ငေးနေသော မျက်ဝန်းလေးတွေက တစ်ချက်တစ်ချက်မှ လက်သွားတတ်ခဲ့ပြီး ...

"အဲဒါကို ရှင် ပြောပြချင်တယ်မို့လားဟင်"



ခြား ခေါင်းညိတ်လိုက်သည်။ ဒါပေမယ့် သူမ မေးနေတာက သူလိုလားတောင့်တနေသည့်အဖြစ်တစ်ခုကို စိတ်ဝင်တစား သိချင်တာမျိုးနဲ့မတူ၊

သူမရဲ့မျက်ဝန်းနဲ့ စကားသံတွေက အိပ်မွေ့ချခံထားရသူ တစ်ယောက်နှင့်သာတူနေခဲ့ပြီး ...

"ရှင် မဖြေနိုင်ဘူးဆိုရင်လည်း ..."

"အနမ်း"

သူမရဲ့ပခုံးလေးတစ်ဖက်ကို ကိုင်မည်ပြင်ပြီးမှ လက်ကို ပြန်ချမိကာ ...

"မဟုတ်ဘူး၊ ကိုယ် မဖြေနိုင်တာ ဘာမှမရှိဘူး၊ ဒါပေမယ့် မင်းရဲ့မေးခွန်းတွေက ကိုယ့်ကို စိတ်ဝင်စားလို့မှမဟုတ်ဘဲ"

အနမ်း က မျက်လွှာချပစ်သည်။ ပြီးမှ ...

"ဝင်စားပါတယ်၊ ရှင့်ကို ကျွန်မကိုယ်ကျွန်မထက်တောင် ပို စိတ်ဝင်စားတယ်"

သူမ ကော်ဖီပန်းကန်ကို ပြန်ကိုင်၍ ဇွန်းဖျားလေးနှတ်ယူပြီး ပြန်ကြည့်သည်။ ပြီးတော့ ဆက်မွှေနေကာ...

"ဒါပေမယ့် ရှင်က ဧည့်သည်ပါ၊ ကျွန်မကလည်း မလိုလားခဲ့ဘူး၊ ရှင်ကလည်း ဆက်ပြီးနေချင်စိတ်မရှိတဲ့လူ၊ ရှင် ထွက်သွားခြင်း မသွားခြင်းကို ကျွန်မ ထိန်းချုပ်လို့မရသလို ရှင် ဘာဆက်ဖြစ်ခဲ့သလဲဆိုတာလည်း ကျွန်မ မေးခွင့် ..."

"မေးခွင့်ရှိတယ်၊ ကိုယ်က မင်းနဲ့ စကားတွေ အများကြီးပြောဖို့ ပြန်လာခဲ့တာ"

ဒါပေမယ့် သူ့ရင်ထဲမှာ လစ်ဟာမှုကြီးတစ်ခု ဖြစ်နေခဲ့သည်။ သူ မျှော်လင့်ခဲ့တာက ဒီအခန်းရှေ့ တံခါးဝမှာ ခြေစုံရပ်လိုက်တာနှင့် အနမ်းကိုယ်တိုင် တံခါးဝကနေ ဆီးကြိုရန်တွေ့နိုင်သည့်အဖြစ် ...၊

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလာလုပ်ပြန်တာလဲ"

"မလိုပါဘူး၊ တစ်သက်လုံး ကျွန်မတစ်ယောက်တည်း နေလာတာ"

"မနေ့တစ်နေ့ကမှတွေ့ဖူးတဲ့ ရှင့်ကို ကျွန်မက အရူးမို့လို့ ယုံရမှာလား"

စသဖြင့်သော စိမ်းပြတ်သည့်မာနစကားတွေနဲ့ သူမ ဥပေက္ခာပြုဖို့ ကြိုးစားလိမ့်မည်။

သို့တည်းမဟုတ် သူ့ရင်ထဲက ခံစားချက်တွေအတိုင်း သူမရင်ထဲမှာ ဖြစ်နေခဲ့ပြီး လွမ်း၍ရှက်သော မျက်ဝန်းတွေနဲ့ ဆီးကြိုနေမှာမျိုးလည်း ဖြစ်နိုင်၏။

ဒါတွေက သူမဆီကို လာခဲ့တဲ့ လမ်းတစ်လျှောက်မှာ ဖြစ်လာခဲ့သည့် သူ့အတွေးတွေပါ။

တကယ်တမ်းကြုံလိုက်ရတော့ တိတ်ဆိတ်ခြောက်သွေ့နေသော ပတ်ဝန်းကျင်ရယ်၊ အသက်မဲ့နေသော သူမ ရဲ့မျက်ဝန်းတွေရယ် ...၊

ဒါ ဘာတွေလဲ ...၊

အခြေအနေဟာ ရေပေါ်အရုပ်ရေးသလို အရာမထင် ပျောက်ပျက်သွားခဲ့တာလည်း မဟုတ်၊ မီးနဲ့ယမ်း တွေ့သလို ပွင့်ထွက်ပေါက်ကွဲသွားတာမျိုးလည်းမဖြစ်ခဲ့ဘဲ ...

"မင်းရဲ့စိတ်ရင်းနဲ့ ငါ့ကို တစ်ခုခုပြောကြည့်ပါလား အနမ်း"

"စိတ်ရင်းနဲ့ ဟုတ်လား"

"ဟုတ်တယ်"

အနမ်း မျက်နှာပြန်လွှဲသွားသည်။ ပြီးတော့ ကော်ဖီပန်းကန်ကို ကိုင်ပြီး သူ့ဘက်လှည့်၍ ...

"သောက်လိုက်ဦး"

"ဒါကို သောက်စေချင်တာလား"

မျက်လုံးချင်းဆုံတော့ အနမ်း မျက်ဝန်းလေးတွေမှာ မျက်ရည်



ရောင်တွေ လက်နေတာကို မြင်လိုက်ရ၏။

ပြီးတော့ သူမက ပြုံး၍ ...

"မကြိုက်ပေမယ့် အနမ်း ဖျော်ပေးတာကို သောက်စေချင်လို့ပါ"

ခေါင်းညိတ်ပြီး သူ ယူလိုက်သည်။ ပြီးတော့ ဒီတိုင်းသောက်ဖို့ ပြင်လျှင် အနမ်း က ကမန်းကတန်းပြန်ဆွဲထားပြီး ပန်းကန်ကိုင်ထားသည့် သူ့လက်ပေါ်ကနေထပ်ကိုင်ကာ နှုတ်ခမ်းနဲ့ကပ်မှုတ်နေ၏။

ပြီးမှ လက်လွှတ်ပေးသည်။ သူ ကော်ဖီကို နှစ်ခါလောက် နားပြီး လုံးဝကုန်သွားအောင် သောက်လိုက်သည်။ ပြီးတော့ ပန်းကန်ကို ကိုင်လျက်နှင့် ...

"ကော်ဖီ မကြိုက်ခဲ့တာတောင် မင်းဖျော်ပေးမှ ကြိုက်ရမှန်း သိသွားတယ်"

အနမ်း ရဲ့ ငိုမျက်ဝန်းလေးမှာ ပြုံးရိပ်ဆင်သွားသည်။ ပြီးတော့ သူ့လက်ထဲက ပန်းကန်ကိုယူပြီး လှည့်ထွက်သွားလျှင် ...

"အနမ်း"

သူ အနမ်းရဲ့ဘေးမှာ သူမ ပခုံးလေးနဲ့ သူ့ရင်ဘတ် ထိတော့မတတ် ကပ်ရပ်လိုက်ရင်း ...

"မင်းသိချင်တာ ကိုယ် ပြောပြမယ်"

သူမက သူ့မျက်နှာကိုပြန်မော့ကြည့်လျှင် ...

"အားလုံးစားဖို့အတွက် ကတ်ကြေးကိုက်နဲ့ နို့နံပြားတွေ ကိုယ်ဝယ်တယ်၊ ပြီးတော့ ကိုယ်တို့အားလုံးအတွက် လိုအပ်မယ်ထင်တဲ့ ဆေးတွေ ဝယ်တယ်၊ ပြီးတာနဲ့ ချက်ချင်းပြန်လှည့်ခဲ့တာပါ၊ ဒါပေမယ့် ကိုယ့်နောက်လိုက်နေတဲ့ကောင်တွေနဲ့ ပက်ပင်းတိုးပြီး ကိုယ် ဒဏ်ရာ ရခဲ့တယ်"

သူမ မျက်ဝန်းတွေမှာ စိုးရိမ်ဗျာများသည့် လှုပ်ရှားခြင်းကို စတင် တွေ့လိုက်ရ၏။ ဒါပေမယ့် ဒီမျက်ဝန်းတွေကလည်း သူ သိခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



အနမ်းတစ်ပွင့် ရဲ့ မျက်ဝန်းတွေ မဟုတ်သေးပါ။

သူမသည် သူမ မဟုတ်သလို အဘယ့်ကြောင့် အေးစက်ထုံထိုင်းနေပါသလဲ၊

"အဲဒီတော့ ရှင့်ကို ဘယ်သူက ..."

"ကိုယ်နဲ့ ရင်းနှီးဖူးတဲ့လူတွေက အချိန်မီရောက်လာလို့ပေါ့"

ဆေးရုံမှာ သူ ခြောက်ရက်ကြာမှ သတိရလာတာ ပြောပြလိုက်တော့ အနမ်း မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လာခဲ့သည်။ ပြီးတော့ မျက်တောင်ဖျားတို့နဲ့ ပုတ်ခတ်လိုက်လျှင် မျက်ရည်စက်တို့အဖြစ် တလိမ့်လိမ့်ပြိုဆင်းလာခဲ့ရင်း ...

"ရှင် အဲဒီလိုဖြစ်နေမလားလို့ မတွေးမိဘဲနဲ့ ကျွန်မစိတ်ထဲက ယုံကြည်နေခဲ့တယ်"

"ဘာကိုလဲ"

"ရှင် ပြန်လာချင်လို့ထွက်သွားတာ မဟုတ်ဘူးဆိုတာ.."

"ဟုတ်တယ်၊ ကိုယ် သတိရလာပေမယ့် ဘယ်လိုမှ ချက်ချင်းထမလာနိုင်ခဲ့ဘူး၊ အဲဒီမှာ ကိုယ့်မိတ်ဆွေတွေနဲ့ ပြန်တွေ့ပြီး ကိုယ် ထွက်ပြေးနေရတဲ့ပြဿနာက မထင်မှတ်ဘဲ ပြီးသွားတယ်"

"ဒါဆို ရှင် လွတ်လပ်သွားပြီပေါ့"

"ဟုတ်တယ်"

သူ့နှုတ်ခမ်းတွေ ပြုံးယောင်သမ်းသွားခဲ့ပြီး ...

"ဒါပေမယ့် ကိုယ် ခုကစပြီး အချုပ်အနှောင်တစ်ခုမှာ ထာဝရ ပျော်မွေ့သွားမယ်လို့ ဆုံးဖြတ်ခဲ့တာ၊ သူများတွေ ဘာတွေပြောပြော အစဉ်အလာတွေ ဘယ်လိုရှိခဲ့ပါစေ ကိုယ်တို့ ကိုယ့်သမိုင်းကိုယ်ရေး ကြမယ်"

သူမရဲ့မျက်နှာ မော့မလာခဲ့သည့်အတွက် မေးဖျားလေးကို မချင့်မရဲ ဆွဲမော့လိုက်ချင်သည်။ ဒါပေမယ့် တကယ်တမ်း လက်က မရောက်။

"အနမ်း .. ကိုယ် မင်းအပေါ်မှာ ရက်စက်ခဲ့ပါတယ်၊ မင်း နာကျင်



အောင်လည်း ပြုခဲ့ဖူးတယ်၊ ဒါပေမယ့် အဲဒီယောက်ျားက မင်းကို မြတ်နိုးနေပါတယ်ဆိုရင် မင်း ယုံကြည်မလား"

အနမ်း က ဘောဇင်ရှိရာ လျှောက်သွားရင်း ငြိမ်သက်နေခဲ့၏။ သူကလည်း သူမဆီးမှာပဲ သွားရပ်မိကာ ...

"မင်း ခု မယုံကြည်နိုင်သေးဘူးဆိုရင်လည်း ကိုယ် နားလည်ပါတယ်၊ ဒါပေမယ့် ..."

"ယုံပါတယ်"

သူမ ဖြေပုံက ဘောဇင်ခေါင်းဖွင့်ချ၍ အချိုပန်းကန်ကို ဆေးနေရင်း...

"ကျွန်မအတွက် ကိုယ့်ကိုယ်ကိုယ်ကလွဲပြီး ယုံကြည်သင့်တဲ့ သူစိမ်းဆိုလို့ ရှင်ပဲရှိတာ"

"အဲဒါ ကိုယ့်ကိုကြည့်ပြောပါလား အနမ်း"

"ဟင့်အင်း"

သူမ ရှိုက်သံထွက်ခဲ့သလား၊

ခြား နားစိုက်ထောင်ရင်း သူမ မျက်နှာလေးကို မြင်အောင် မျက်နှာထပ်ငုံ့မိသည်။ ပြီးတော့ ပြောင်စင်နေပြီဖြစ်သည့် ပန်းကန်ကိုပဲ အထပ်ထပ်ပွတ်ဆေးနေရင်း ...

"ရှင့်ကို အနမ်း ထမင်းချက်ကျွေးမယ်"

"ကိုယ်က ထမင်းစားဖို့လာတာမှမဟုတ်ဘဲ"

"အနမ်း က ရှင့်ကို ..."

သူမ အသံလေးတစ်ချက် တိမ်ဝင်သွားသည်။ ပြီးမှ ...

"ရှင့်ကို ချက်ပြုတ်ကျွေးရင်း ရှင့်ရဲ့ဝေယျာဝစ္စတွေ လုပ်ပေးချင်တာ"

"မင်း တစ်ခုခုဖြစ်နေတယ်၊ အဲဒါ မင်းရဲ့သားအတွက် ကြောကွဲနေတာလား၊ ဒါမှမဟုတ် ချစ်လေး တို့က မင်းကို ထားခဲ့ကြလို့လား"

သူမ ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုစလုံးမဟုတ်ရင်တောင် တစ်ခုခုတော့ဟုတ်နေမှာပေါ့၊ ကလေး ကြောင့်ဆိုရင်တော့ .."

"မဟုတ်ပါဘူး"

ခေါင်းလေးခါရင်း ပန်းကန်လုံးလေးကိုကိုင်လျက်အတိုင်း ရေဇော့ လည်း ဖွင့်ထားလျက်နှင့် သူမ ငိုင်နေကာ ...

"အခု .. အခု လိုအပ်ဆုံးက ရှင်ပါ"

တိုးတိုးလေးပြောသည်။ ပြီးတော့ ပန်းကန်ကို ရေခါလိုက်ပြီး သိမ်းဖို့လှည့်သွားလျှင် ...

"နေဦး"

"ခေါင် .. ခွမ်"

သူမ လက်လေးတစ်ဖက်ကို ဖျတ်ခနဲဆွဲလှည့်လိုက်လျှင် ကိုင်ထား သည့် ပန်းကန်တစ်စုံက ဘေဇင်ထဲ လွတ်ကျကုန်လျက် ...

"အနမ်း"

မျက်ရည်တွေစိုနေသော မျက်ဝန်းလေးတွေကို သူ ငုံ့မိုးကြည့်မိသည်၊ ပြီးတော့ သူမတစ်ကိုယ်လုံးကို တင်းကျပ်စွာ ပွေ့ဖက်လိုက်မိကာ ...

"ဂျိမ်း .. ဒိန်း .. ဒလိမ်း .."

မိုးဖွဲဖွဲနှင့် ခြိမ်းသော မိုးခြိမ်းသံက ကြမ်းတမ်းစွာ မြည်ဟီးသွားသည်။

အနမ်းတို့နှင့် ရင်ခုန်သံတွေက သောင်းသောင်းဖျဖျ ပျော်မြူးကြ လျက် မိုးခြိမ်းသံတွေကိုလည်း မကြား၊ တစ်စစ မှောင်ရီသိမ်းလာခြင်းကို လည်း သတိမထားမိခဲ့ပေ။

နယ်လွန်ချစ်ခြင်းနှင့် မိုက်ရူးရဲသတ္တိများကလည်း ဟစ်ကြွေးနေကြသည်။

တို့ရေးတာ တို့သမိုင်း ...။



## အခန်း (၂၃)

ဖုန်းမြည်သံက ဆူညံနေသည်။ ခဏတိတ်ဆိတ်သွားပြီး ချက်ချင်း ပြန်မြည်၏။

"ကိုယ့်ဖုန်း မဟုတ်ဘူး"

"အနမ်း လည်း မကိုင်ဘူး"

"ချစ်လေးတို့များလားမှ မသိတာ"

"ဟင့်အင်း"

အနမ်း သူ့ရင်ခွင်ထဲမှာ မျက်နှာလေးအပ်၍ သူ့ခါးကို ဖက်ထားမိ သည်။ မျက်နှာကို မော့ယူဖို့ သူ့လက် ရောက်လာတိုင်း အနမ်း မျက်နှာ ကို အတင်းကပ်ပွတ်နေမိလျက် ...

"ရှင့်ကို လိုက်လျောခဲ့တဲ့အတွက် အနမ်း ကို အထင်သေးလား ဟင်"

"ဘာတွေပြောနေတာလဲကွာ၊ ကိုယ်တို့က ခဏတစ်ဖြုတ် သာ ယာနေကြတာမဟုတ်ဘဲ၊ မနက်ဖြန် မင်းကို ကိုယ့်ဆရာနဲ့တွေ့ဖို့ခေါ် သွားမယ်"

"ဟင် .."

12.A

www.burmeseclassic.com

www.burmeseclassic.com



"သူက ကိုယ့်ရဲ့ဆရာဆိုလည်း ဟုတ်တယ်၊ ပြီးတော့ ..."

ကိုယ့်အကြောင်း ပြောပြဖို့ စိတ်က ဖြစ်ပြီးမှ ဒါတွေ နောက်တော… မပြောဘဲလည်း သိလာမှာပဲဆိုပြီး ထားခဲ့လိုက်ကာ ...

"မင်း ကိုယ့်ကို ယုံကြည်မိတဲ့အတွက် ဘယ်တော့မှ နောင်တ… မရစေရဘူး၊ ကိုယ်လည်း မင်းနဲ့ပတ်သက်ပြီး ဘယ်လိုအဖြစ်အပျက်… အတားအဆီးတွေ ကြုံလာပေ့စေ ဂရုမစိုက်ဘူး"

"ခြား"

"ဟင်"

"ယောကျ်ားတွေ မိန်းမတစ်ယောက်အပေါ် ခွင့်မလွှတ်နိုင်တဲ့… အပြစ်က ဘယ်လိုအပြစ်မျိုးလဲဟင်"

"အပြစ်မမြင်နိုင်အောင်ချစ်နေရင် ဘယ်လိုကြီးမားတဲ့အပြစ်ပဲရှိ… ဖွဲဆန်ကွဲပါပဲ"

"ချစ်တဲ့စိတ်ဆိုတာလည်း ပြောင်းလဲလျော့ပါးသွားတတ်တာ… မို့လား"

"အနမ်း"

သူ ခေါင်းအုံးပေါ်ကနေ ကိုယ်ကို လျှောဆင်းလိုက်ပြီး အနမ်း… ရဲ့မျက်နှာလေး ဝှက်ထားလို့မရအောင် ပါးချင်းကပ်ထားလိုက်ရင်း ...

"မင်း ကိုယ့်ကို သိချင်တာလား၊ တခြားယောကျ်ားတွေ အကြောင်း… လား၊ ရှင်းရှင်းမေး"

အနမ်း အသံလေးတိတ်သွားသည်။ သူမရဲ့နဖူးလေးနဲ့ သူ့ပါးကို… ပွတ်ကပ်ထားလိုက်လျှင် ...

"ဟင် .. ငိုနေတာလား"

"ဟင့်အင်း"

"ဘာဖြစ်နေတာလဲ အနမ်းရယ်၊ ကိုယ် ရောက်လာတည်းက မင်း… ရဲ့စိတ်နဲ့ကိုယ် မကပ်သလိုပဲ၊ ခုန မင်း မေးတာကို အခု ဖြေမယ်… ယောကျ်ားတစ်ယောက်ကို မပြောနဲ့ မင်းကိုဖက်ထားတဲ့ကောင်က မင်း…



…ရင်ခွင်ထဲမှာထားပြီး တခြားကောင်မလေးဆီ စိတ်ရောက်နေရင် …း ကျေနပ်နေမလား"

"အနမ်းကို ဖက်ထားတာက တခြားယောကျ်ားဆိုရင်တော့ သူ့ …် ဘယ်ရောက်နေနေ အနမ်း ဂရုမစိုက်ပါဘူး"

သူမရဲ့ဖြေပုံကြောင့် ပင့်သက်ရှိုက်ရင်း ပြုံးလိုက်မိ၏။ ပြီးတော့ …မရဲ့နဖူးလေးကို နမ်းမိရင်း ...

"မင်းကို ဒေါသတွေနဲ့ ဆက်ဆံနေတုန်းကတောင် မင်းရဲ့ မျက် …ည်တွေကိုမြင်ရင် ကိုယ့်စိတ်တွေ ပိုကြမ်းလာတာ၊ အခု မြင်နေရတာ …ဘယ်လိုရင်ဘတ်နဲ့ကြည့်နေရမလဲ"

"ခြား"

"အင်း .. ပြော"

"တကယ်ဆို အနမ်း တို့ တွေ့ခဲ့ကြတာ နှစ်ဆယ့်လေးနာရီတောင် …ပြည့်ခဲ့ဖူးထင်တယ်"

"ကျော်တောင်ကျော်သေးတယ်ဆိုရင် ဆုချမလို့လား"

"ဟုတ်တယ်၊ ဒါပေမယ့် ကျော်ကျော် မကျော်ကျော် အနမ်း ပျော် …ယ်၊ အဲလောက်အချိန်လေးအတွင်းမှာ ချစ်ကြဖို့လည်း မနီးစပ်ဘဲနဲ့..."

"ချစ်ခြင်းမေတ္တာကို နီးစပ်အောင် ဖန်တီးတိုင်းလည်း ချစ်သွားကြ …ာမဟုတ်ပါဘူး"

"ရှင် ဘယ်လိုလူမှန်းမသိဘဲ အနမ်း က လွယ်လွယ်ကူကူ ပုံအပ် …တာကိုရော .."

"ကျွတ်"

"ရှင့်ကိုလေ .. ရှင် ပြန်မလာတော့ဘူးဆိုတည်းက ရှင့်ကို အနမ်း …မ်းတတတ်ခဲ့တာ၊ ရှင် မရှိတော့တဲ့နေရာတိုင်းက အဓိပ္ပာယ်မဲ့ပြီး …ဝက သေနေသလိုပဲ"

"အဲဒါ မင်းကို ကိုယ် သတိရနေတဲ့အတွက် မင်းက သတိရနေတာ"

"ရှင် သတိမရနေခဲ့တဲ့ ခြောက်ရက်အတွင်းမှာ အနမ်း ဘဝ ငရဲကျ

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တာ သိလား၊ အဲဒီအချိန်မှာပဲ အနမ်း သေသွားလို့ရတယ်၊ ဒါ မယ့် ...”

သူမ အင့်ခနဲရှိုက်သည်။ တားဆီးမရတော့သည့် သူမရဲ့ ကြေ ခြင်းကို အမည်ဖော်ဖို့လည်း မကြိုးစားတော့ဘဲ မျက်နှာလေးကို မေ ကာ မျက်ရည်တွေပဲ သုတ်ပေးနေမိသည်။

ထိုစဉ်မှာ မိုးတွေ တစိမ့်စိမ့်ရွာနေခဲ့လျက် မိုးခြိမ်းသံတွေက အဝေးကနေ တိုင်ကီတွေ လိမ့်လာနေတဲ့အတိုင်း ...၊

“ရှစ်နာရီလောက်ရှိပြီထင်တယ်”

အနမ်း က ကိုယ်ပေါ်ကစောင်ကိုဖယ်၍ ထထိုင်လိုက်သည်၊ တို့ အခန်းထဲ မီးမဖွင့်ခဲ့ဘဲ မီးဖိုချောင်က မီးရောင်လေးနဲ့ပဲ ရှိနေခဲ့ တာ ဖြစ်ကာ ...

“ရှင် ဗိုက်ဆာလားဟင်၊ မီးဖိုချောင်မှာ ဘာမှတော့မရှိဘူး၊ ဒါ မယ့် ...”

“မဆာပါဘူး၊ ဆာလာရင် အဲတူတူထွက်စားမှာပေါ့၊ လာပါကွ

“ခြား”

သူက လက်ကိုဆွဲပြီး ပြန်လှဲခိုင်းနေတော့ အနမ်း က ရှန်းကာ

“ချစ်လေးတို့ ဖုန်းခေါ်ထားတာ အနမ်း ပြန်ခေါ်လိုက်ဦးမယ်

“ဒီည ထားလိုက်ပါကွာ”

ခြား က သူမဘေးမှာ ထထိုင်လိုက်ပြီး နွေးအိနေသည့်ကိုယ်လေး ကို ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။ ဖွေးနုဝင်းထိန်နေသော လည်တိုင် ဂုတ်သားလေးကို သူ နမ်းတော့ အနမ်း ပခုံးလေးစုကျုံ့သွားခဲ့လျက်

“ရှင် ပြန်တော့လေ”

“ဟင် .. ဘာ”

ခြား က သူမမျက်နှာလေးကို မော့ယူကြည့်လိုက်ရင်း ...

“ကိုယ့်ကို ပြန်ခိုင်းနေတာလား”

“ဟုတ်တယ်၊ ဒီမှာ ချစ်လေးတို့ မရှိကြသလို သားလည်း မရှိတော



အနမ်း တစ်ယောက်တည်း နေတာ”

“အဲဒီတော့ ဘာဖြစ်လဲ၊ ကိုယ်က လူရိပ်လူခြည်ကြည့်ပြီး မင်းကို ထိတ်လာတွေ့တဲ့ကောင်မှ မဟုတ်တာ”

အနမ်း ရဲ့မျက်ဝန်းလေးတွေက မျက်တောင်ကော့လေးတွေ ဝန်းရံ နူးညံ့လက်ဖြာနေခဲ့သည်။ ဒါပေမယ့် တစ်စုံတစ်ရာဆုံးဖြတ်ဖို့ အတွက် အသင့်ရှိနေတဲ့အတိုင်း ....

“ခုတော့ အနမ်း တို့က ချိန်းတွေ့ကြတာပဲမလား ခြား ရယ်၊ ပြန်ပါ”

“ကိုယ့်မှာ ပြန်စရာအိမ်လည်း မရှိဘူး၊ ကိုယ့်အတွက် အိမ်ပြန်ချိန် တာ မင်းနဲ့တွေ့မှ ဖြစ်လာခဲ့တာ၊ မင်းရှိနေတဲ့နေရာက ကိုယ့်အိမ်ပဲ”

“ခြား ရယ်”

သူမ မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့ခနဲတက်၏။

“ဘာဖြစ်လို့ငိုတာလဲ၊ ငိုတာ မကြိုက်ဘူးလို့ ကိုယ် ပြောနေတာကို ကွာ”

ရှိုက်သံလေးတွေ မပွင့်တပွင့် ထွက်လာသည့် နှုတ်ခမ်းလေးကို သူ နမ်းလိုက်သည်။ ပြီးတော့ သူမကို ပွေ့ဖက်ရင်း အိပ်ရာထက်မှာ အတူ ပြန်လှဲလိုက်ပြီး ...

“ကိုယ့်ကို ကလေးကချေမို့လို့ အားမကိုးရဲတာမျိုးတော့ မဟုတ် ဘူးမို့လား”

“ရှင့်ကို အနမ်း ချစ်တယ်၊ အနမ်း ဘက်က မတရားယူခဲ့တာမျိုး ရှိရင် အနမ်း ကို မမုန်းပါနဲ့”

သူ့လည်ပင်းကို လှမ်းဖက်ပြီး အနမ်း က သူ့မေးဖျားကို နမ်းသည်။ ပြီးတော့ သူ့ရင်ဘတ်မှာ မျက်နှာလေးကပ်နစ်ရင် ...

“အနမ်း လေ ရှင့်ကို အရမ်းချစ်တယ်၊ သားလေးနဲ့ပတ်သက်တာ တိုင်း အနမ်း ပျော့ညံ့ခဲ့တာတွေအတွက် ရှင် မုန်းသွားမှာကိုလည်း ကြောက်တယ်၊ အဲဒါကို သေလောက်အောင်ကြောက်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မုန်းရမှာလဲ၊ ၊းညီကို မင်း ငယ်ငယ်လေးတည်းက မွေးခဲ့ရတာ၊ မင်းတို့သံယောဇဉ်ကို ကိုယ် နားလည်တယ်"

သူမ ခေါင်းခါသည်။ ပြီးတော့ သူ့ရင်ဘတ်တစ်ပြင်လုံးကို သူမ ချည်းနမ်းနေကာ သူ နမ်းမလို့ မျက်နှာလေးကိုမော့ယူတော့ အတင်း ဖက်တွယ်ဖိကပ်ထားလျက် ...

"ရှင့်ရင်ခွင်ထဲမှာ အနမ်း တစ်နာရီလောက်မှေးနေပါရစေ၊ အနမ်း ကို ဘာမှမမေးဘဲနဲ့ ဘယ်ကိုမှလည်း ထမသွားဘဲနဲ့လေ .. နော်"

"ထတော့မသွားပါဘူး၊ ဒါပေမယ့်ကွာ အဲဒါ မင်း ကိုယ့်ကို နှိပ်စက် တာပဲကွ"

"ဟင့်အင်း .. ခြား ရင်ခွင်ထဲမှာ ငြိမ်ငြိမ်လေးနေချင်လို့"

မိုးစက်သံတွေက မိခင်တစ်ယောက်ရဲ့ သားချော့တေးလို နှလုံး သားထဲထိ စိမ့်ဝင်အောင် နူးညံ့နေသည်။

ပန်ကာလေက မိုးဓာတ်ကြောင့် စိမ့်စိမ့်လေးအေးနေ၏။ အေးမြ နွေးနေသော ရင်ခွင်နှစ်လွှာသည် ခန္ဓာကိုတစ်ခုတည်းလို ပူးကပ်ဖက် တွယ်ထားခဲ့လျက် ညရဲ့ခရီးကို ငြိမ်ငြိမ်သက်သက် စည်းချက်ညီစွာ ဖြတ်ကျော်ခဲ့ကြ၏။

သူနဲ့ သူမရဲ့တွေ့ဆုံခြင်း မုန်းခဲ့ခြင်း၊ ပြီးတော့ ရင်ခုန်သံတွေ ညီ ခြင်းဖြစ်ခဲ့ခြင်း၏နောက် ...၊

သူတို့နှစ်ယောက်၏ ပန်းနုရောင်သက်တမ်းသည် ...။

♥♥♥



## အခန်း (၂၄)

"မင်း ဘယ်လိုပြောလိုက်တာလဲ ခြား"

"ကျွန်တော် ဦးကျွန်း ရဲ့တပည့်တစ်ယောက်အနေနဲ့ ရထားခဲ့တဲ့ ငွေတွေ ဘဏ်မှာ ရှိပါတယ်၊ အဲဒါတွေနဲ့ပဲ ကျွန်တော့်ဘဝကို ထူထောင် ချင်တယ်"

အားလုံး အံ့ဩကုန်ကြသည်။ ဦးကျွန်းသို့ ကတော့ သိထားပြီး သည့်ကိစ္စတစ်ခုကို မအံ့ဩတော့သည့်အကြည့်တို့နှင့် မျက်နှာသည် တည်ကြည်ခြင်းဖြင့်ပြီးလျက် ...

"မင်းကို ငါ ပြောပြီးသားပဲ၊ မင်း ဘယ်ရောက်နေနေ မင်းရဲ့ သဘော ဘယ်လိုရှိရှိ မင်းက ငါ့ရဲ့အမွေခံသားပဲဆိုတာ"

ခြား က ဘာမှမပြောဘဲ သူ ရွေးယူလာသည့် ရတနာဘူးလေးတွေ ကို အိတ်ထဲ ကောက်ထည့်သည်။

ဒီထဲမှာ သူမအတွက် လက်ဝတ်လက်စားတွေပါသည်။

ဒါက သူနဲ့သူမ လက်ထပ်တဲ့နေ့မှာ သူမကို သူကိုယ်တိုင် ဆင် မြန်းပေးဖို့ ...၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လက်ထပ်လက်စွပ်ပေါ့ ...။

"ခြား"

ဦးကျွန်းညို က သူ့နောက်ကနေ ထလိုက်လာကာ ...

"မင်းရဲ့ဆရာတစ်ယောက်အနေနဲ့ကော မင်းတို့မင်္ဂလာပွဲကို စီစဉ်ပေးလို့ရတယ်မို့လား"

ခြား က လှည့်မကြည့်ပေ၊ ပြီးတော့ ဆက်လျှောက်ခဲ့ရင်း ...

"ကျွန်တော်တို့က ရုံးတက် လက်မှတ်ထိုးရုံပဲ"

"ဒါဆိုလည်း ငါ့ကို မိဘအဖြစ် ငှားလို့ရပါတယ်"

ခြား ပြုံးလိုက်မိသည်။ ကြားနေကြသည့် ဗိုလ်စိုးတို့လည်း ပြုံးကြလေသည်။

ဒီလောက်ချမ်းသာတဲ့ သူဌေးကြီးက အဖေရင်းဖြစ်ခွင့်ကို တောင်းပေးအပ်နေရသည့်အဖြစ်က သနားရမှာလား၊ ရယ်စရာလား ...။

ခြား ကတော့ ခြေလှမ်းတွေမြန်ဆန်နေကာ အနမ်း နဲ့သူ တိုက်ထဲက အတူထွက်လာပြီး လမ်းခွဲခဲ့တဲ့ နံနက်ခင်းလေးကို ပြန်တွေးမိ၏။

သူမနဲ့သူ အတူတူလမ်းပေါ်ရောက်လာတော့ မနက်ခြောက်နာရီထိုးနေပြီဖြစ်ကာ ...

"အခု ခြောက်နာရီဆိုတော့ ခြောက်နာရီမှာ ပြန်ဆုံမယ်လေ၊ ဒါပေမယ့် ပြန်ဆုံမှာက ညနေ ခြောက်နာရီနော်၊ အခုကနေ ခြောက်ရက်ပြည့်တဲ့ ညနေ ခြောက်နာရီ .."

"ဘာလို့ ခြောက်ရက်တောင်လဲကွာ၊ ဘာတွေလုပ်မှာမို့လို့လဲ"

"အနမ်း တို့ ပြင်ဆင်ရမယ်လေ"

"ဘာပြင် စရာ လိုလို့လဲ၊ ကိုယ်ကလည်း မိဘမဲ့ အခြေမဲ့ အနေ မင်းကလည်း ဘစ်ကောင်ကြွက်ပဲ"

"ဒါပေမယ့် အနမ်း ရဲ့တစ်သက်မှာ တစ်မင်္ဂလာအတွက် စိတ်ကူး



ရင်ခုန်ချင်သေးတာပေါ့"တဲ့။

သူမမျက်နှာလေးကိုကြည့်ပြီး သူ့ရင်ထဲမှာ ကရုဏာ မေတ္တာတွေ ပုံအောဖြစ်ထွန်းခဲ့သည်။ ထို့ကြောင့် သူမအတွက် အနာဂတ်ကို ရင်ခုန်နိုင်အောင် သူ အများကြီး စီစဉ်လာခဲ့သည်။ ထိုနေရာမှာပဲ သူမကို ကတိတွေ ပေးခဲ့ပါသေးသည်။

"ကောင်းပြီ၊ မင်း စိတ်ကူးယဉ်တာတွေထက် ပိုအောင် ကိုယ် ပြင်ဆင်လာခဲ့မယ်၊ ကြိုက်သလောက် စိတ်ကူးယဉ်ထား"လို့ အာမခံတွေ ပေးခဲ့သည်။

ပခုံးတစ်ဖက်မှာ ချိတ်တင်လာခဲ့သည့် ကျောပိုးအိတ်လေးထဲမှာ သူမအတွက် သူ ပြင်ဆင်ခဲ့သည်။ ဂျာကင်အိတ်ထဲမှာလည်း သူမအတွက်ပဲဖြစ်ကာ ...

"ခွမ်း"

"ဟာ"

ကားအစ်စီးသည် သူ့ကျောနောက်ကနေ အရှိန်နဲ့ ပွတ်ချိတ်သွားခဲ့ပြီး ...

"ဘုတ်"

ခြား ရဲ့ကိုယ် တစ်ပတ်လည်ပြီးမှ လဲကျသွား၏။ လွယ်ထားသည့် အိတ်က မြောက်တက်သွားပြီးမှ ပြန်ကျလာလျှင် ...

"ဟား .. ဟား .. ဟား"

သူ့ရှေ့မှာ ရယ်မောနေကြသော မျက်နှာတွေက အောင်ချို့ ဘက် က နောက်လိုက်နှစ်ကောင် ..၊

"ကျောက်တုံး"

"ဟုတ်တယ်၊ မှန်တယ်"

ဦးကျွန်းညို ဆီမှာ စီနီယာတွေကို မော်တောင်မကြည့်ရခဲ့သည့် လူတွေက ခုကျမှ လက်ထဲရောက်လာသည့် ခြား ရဲ့အိတ်ကို ဖွင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကာ ...

"ဟား .. ဟား .. ဟား .. အပြာစည်းတွေပဲယော့၊ ဒီလောက်ဆိုလည်း မဆိုးပါဘူး"

"အားလုံး အပြာတွေလား"

"အေး .. ဟုတ်တယ်၊ ငါတို့ဆရာသမား မဲဇာ အပို့ခံထားရတော့ တပည့်လေးတွေ ဓားပြတိုက်စားနေရတာပေါ့ကွာ"

"မင်းကလည်းကွာ နေ့ရက်ခြား ဆိုတဲ့ ပုဂ္ဂိုလ်ဆီက ဓားပြတိုက်လို့ရ ..."

"ခွပ်"

"အား"

ခေါင်းတစ်ခြမ်းလုံး ပူခနဲဖြစ်သွားကာ ကျောက်တုံး အားခနဲ ထအော်သည်။ ပြီးနော် ရောင်နီ ...၊

"ဒုတ်"

"အောင်မယ်လေးဗျာ"

ခြေထောက်ကို အကန်ခံလိုက်ရသဖြင့် ရောင်နီ အော်ပြီး ခွေခနဲ ကျသွားသည်။ ထိုစဉ် ...

"ဖြောင်း ဖြောင်း ဖြောင်း"

လက်နုပ်သံနှင့်အတူ ခပ်လှမ်းလှမ်းမှာရပ်ထားသည့်ကားနားက လူလေးယောက် အေးဆေးလျှောက်လာကြကာ ...

"အင်း .. လူက လဲနေပေမယ့် ဖုန်းနဲ့ ခေါင်းကို လှမ်းခွဲတယ်၊ တစ်ယောက်ကို ခြေထောက်နဲ့ ပတ်ကန်ပစ်တယ်၊ တော်တယ်ကွာ .. ဟား .. ဟား .. ဟား .."

ကွဲထွက်သွားသည့် ဖုန်းရဲ့အပိုင်းအစတစ်ခုကို ကောက်ကြည့်ပြီး ခပ်မိန့်မိန့်ရယ်နေသည်။ ပြီးတော့ ရောင်နီ့ကိုကြည့်ကာ ..

"မင်းကတော့ ဟိုတစ်ယောက်ထိသွားတာ မြင်ရက်နဲ့တောင်



ညို့သကျည်းကို ထပ်အကန်ခံရတာ ညံ့လွန်းတယ်ကွ"

"ဟိတ်လူ .. ခင်ဗျားတို့ ကိုယ်ကိုစွ ကိုယ်လုပ်၊ ကျုပ်တို့ကို လာ မရီနဲ့ .."

ရောင်နီ ခြေထောက် ဒဏ်ရာချွဲလျက် ကုန်းရုန်းထလိုက်ရင်း ရှက်ရမ်းရမ်းသည်။ ခေါင်းမှာ သွေးတွေကျနေသည့် ကျောက်တုံးကို တွဲထူ၍ ခြား ကိုလည်း ကြည့်ကာ...

"မင်းက တော်တော် လူချစ်လူခင်များတာကိုးကွ၊ အဲဒါ မှတ်ထား၊ ငါတို့ ဘောစိကို မင်း နောက်ထောက်ချလို့ ဝင်လိုက်တာ"

"ဟွန်း .. ကိုယ့်ကိုယ်ကိုယ် သူဌေးသားဖြစ်သွားပြီထင်ပြီး မာန်တက်မနေနဲ့၊ ဘုန်းကြီးလို့ အသက်မရှည်တဲ့ မသာက မင်းပဲ၊ ဒီနေ့ မင်း သေနေ့ရောပြီ"

လဲကျထားသည့်အရှိန်နှင့် သူ့ခေါင်းတွေ မူးဝေနေသည်။ အောင်ချို့တပည့်တွေက သူတို့ဆရာအတွက် မကျေနပ်ချက်တွေနဲ့ ရန်ရှာကြမယ့် ဒီဘက်ကလူတွေကို သူ လုံးဝမသိ။

ဘာတွေဖြစ်နေကြတာလဲ၊

အရိပ်ရိပ်မူးဝေနေခြင်းသည် ကျောပြင်ထဲ အောင့်တက်နာကျင်လာခြင်းကို အားပြုနေသည့်နှယ်၊ လဲကျနေရာမှ ထရပ်လိုက်ပြီး အာရုံကို စုစည်းနေမိစဉ် ...

"လုပ်စရာရှိတာ မြန်မြန်လုပ် ဂျွန်၊ ဆရာအောင်သန့် က ဒီကိစ္စ လွဲချော်သွားရင် လုံးဝ ခွင့်လွှတ်မှာမဟုတ်ဘူး"

"ငါသိပါတယ်"

ဂျွန် ဆိုသည့် တစ်ယောက်က သူ့ရှေ့မှာ လာရပ်သည်၊ ကျန်သည့် သုံးယောက်က နောက်မှာပိတ်ကာထားသည်။

"မင်းတို့ သွားလို့ရပြီ"

ကျောက်တုံး တို့က ငွေအိတ်ကို ကောက်ယူဖို့ပြင်လျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"မကိုင်နဲ့"

"ဘာဆိုင်လို့လဲ၊ မင်းတို့ကို နေ့ရက်ခြား ဘယ်သွားမယ် ဘယ်ရောက်နေတယ်ဆိုတာ လမ်းကြောင်းပြီးပြီ"

"ဟုတ်တယ်၊ အဲဒါကြောင့် မင်းတို့ သွားတော့လို့"

"ငါတို့က သူ ဘာလုပ်ခဲ့တယ်ဆိုတာ သိလို့ တမင် လာစောင့်နေတာ၊ အဲဒီမှာ ငွေတွေပါတယ်"

"သူ ဘာလုပ်ခဲ့လုပ်ခဲ့ သူ့အနာဂတ်ကိုလည်း စိတ်မဝင်စားဘူး၊ ဒါပေမယ့် ငါတို့က သူ့ကို လက်စတုံးပေးရမယ့်သူတွေ၊ သူနဲ့ပတ်သက်တာ ငါတို့ပဲ ပိုင်တယ်"

ပြောပြီး ဂျွန် က လက်ပြင်လိုက်သည်။ ခြား ရဲ့အာရုံထဲမှာ 'အောင်သန့်' ဆိုသည့် နာမည်က ထပ်တလဲလဲ မင်းမူနေခဲ့လျှက် ဘာကြောင့်ရန်ပြုချင်နေသည့်အဖြစ်ကိုလည်း တွေးမိသွား၏။

ထို့အတွေးများကြောင့် သူတို့ရဲ့ လျှပ်တစ်ပြက်လှုပ်ရှားမှုများမှ နောက်ထပ် အငိုက်မိသွားခဲ့ပြီး ...

"ဝုစ်"

"ဟိတ်"

"ဒုတ်"

ရိုက်ချက်တစ်ချက် ခါးစပ်ကို ရှပ်ထိသွားသည်။ ဘယ်ဘက်က ဝင်းခနဲဖြတ်ပြေးသွားသည့်ဓားက လည်ပင်းကို ရှပ်လှီးသွား၏။

ညုပ်ပူးညုပ်ပိတ် ခံလိုက်ရကာ ခြား ဒယိမ်းဒယိုင်နှင့် နောက်ဆုတ်သွားခဲ့၏။

"ကြာတယ်၊ ပွဲသိမ်းမယ်"

အသက်အန္တရာယ်ဆိုသည့်အသိကြောင့် မဟန်နိုင်သည့် ခန္ဓာကိုယ်ကို အသက်တစ်ဝရှိုက်သွင်းပြီး အသင့်ပြင်ဆင်လိုက်မိသည်။

ထို့နောက် ...



"ဒုတ်"

"အင့်"

"ရွှတ်"

"ဘုတ်"

တုတ်နဲ့ရိုက်ချလိုက်သည့်အရှိန်ကို လွတ်အောင်မရှောင်နိုင်သလို ဗိုက်ကိုဝိုက်ဆွဲလိုက်သည့်ဓားက ဗိုက်ကိုလွဲကာ ဂျာကင်အတွင်းသားကို ထိုးခွဲသွားခဲ့၏။

ထိုအခါ သူ လဲကျသွားခဲ့လျှက် ရတနာဘူးနှစ်ဘူးက ထွက်ကျသွား၏။

"နေဦး၊ ဟိုမှာ ဘာတွေလဲ"

"ဒါ ရတနာတွေကွ၊ ဟား ဟား ဟား .. ငွေတွေရော ရတနာတွေရော ဒီကောင် ဘယ်ကခိုးလာတာလဲမသိဘူး"

"သူဌေးသားဖြစ်သွားပါတယ်ဆိုမှ ခုမှ ပွဲပေါက်တိုးလာတာဖြစ်မှာပေါ့"

"မဆိုးဘူး၊ ဆရာအောင်သန့် နဲ့ အလုပ်လုပ်ရတာ မိုက်တယ်၊ လုပ်ခ ရတယ်၊ အပိုသားနားတွေလည်း ရတယ်"

"ကဲ .. ဘယ်သူ ငွေယူမလဲ၊ မြန်မြန်ဆုံးဖြတ်၊ ဒီလမ်းက လူရှင်းပေမယ့် ကား သိပ်မရှင်းဘူး"

"ငါကတော့ ရတနာဘူးပဲ"

"အိုခေ .. ငါက ငွေ"

သွေးသံရဲရဲနှင့် ခြား ကို သူတို့ ထည့်မတွက်ကြပေ။ ကိုယ်ကြောင့်ကိုယ်လိုရာကို အသီးသီး ကောက်ယူကြလျှင် ...

"အ.."

ရတနာဘူးကို ကောက်လိုက်သူ၏ လက်ကောက်ဝတ်ပေါ်မှာ ခြား က ဖျတ်ခနဲဖိဆုပ်ပစ်လိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"လွှတ်လိုက်"

"လွှဝါးဝ .. အ .. မင်း ..."

ထိုလူ ဒေါသထွက်ပေမယ့် နာလွန်းသဖြင့် ရှုံ့မဲ့သွား၏။ ပြီးတော့ ခြား ရဲ့ မျက်နှာကို လက်သီးတစ်လုံး ပစ်သွင်းလျှင် ခြား က နောက် လက်တစ်ဖက်နှင့် ဖမ်းကိုင်ထားလိုက်ပြီး ...

"လွှတ်လိုက်"

"မင်း .. အ .."

ထိုစဉ် ဘုရားဖူးကားတစ်စီး ဖြတ်သွားတာနှင့် ကြုံကာ ...

"ဟော့ .. ဟော့ .. မလုပ်ကြနဲ့"

"ဝိုင်းလုနေကြတာ .. ဟ . ဟော့ ရပ်လိုက်"

လူတွေ အုပ်စုလိုက်ကြီး ပြေးလာကြကာ လမ်းဟိုဘက်က လွယ်အိတ်တစ်လုံးနှင့် လူတစ်ယောက်ကလည်း အော်ဟစ်ပြေးရင်း လမ်းကူး ပြေးလာလျက် ...

"အဲဒီကောင်လေးကို ကားနဲ့ဝင်တိုက်ပြီးမှ ဝိုင်းလုနေကြတာ၊ ကျုပ်က ဟိုအဆောက်အဦးပေါ်မှာ ပြတင်းပေါက်မှန်လဲနေလို့ လှမ်းမြင်နေရတာဗျ၊ ဒီကောင်လေးက တစ်ယောက်တည်းပေမယ့် ခံချနေလို့"

"ပြေးကုန်ပြီ၊ ညီလေး .. မင်းဟာတွေ ပါသွားသေးလား"

သူ့ငွေအိတ်ကတော့ ပါသွားပါပြီ။

ဒါပေမယ့် ဘာမျှမပြောနိုင်တော့ဘဲ ရထားနှာဘူးနှစ်ဘူးကို တစ်ခုစီ ကောက်ထပ်ကိုင်ရင်း ကောင်းသည့်အိတ်ထဲ ပြန်ထည့်လိုက်သည်။

"လည်ပင်းမှာ သွေးတွေ"

"ရင်ဘတ်တစ်ပြင်လုံး စိုရွှဲနေပြီဟ"

"ဆေးရုံပို့ကြပါဦး"

"ကျုပ်က မြို့ထဲသွားမှာ၊ ကျုပ် ပို့ပေးလိုက်မယ်၊ နေဦး .. ဟိုခြံထဲက အရာရှိတွေဆီမှာ ကားသွားပြောဦးမယ်"



သူ့ကို ကူညီကြတာသိပေမယ့် ကျေးဇူးတင်စကား မပြောနိုင်ခဲ့ပေ။

ကားတစ်စီးပေါ် တွဲတင်ကြသည်၊ ကားက ဆေးရုံသို့ ဦးတည် ပြေးလွှားနေခဲ့၏။ သေတွင်းကနေ သီသီလေးလွတ်မြောက်ခဲ့ပေမယ့် ဝမ်းလည်းမသာနိုင်၊

ရင်ထဲမှာ အောင်သန့် ဆိုသည့် နာမည်နှင့် ထိုမျက်နှာကို မြင်ယောင်ပြီး တနုံ့နုံ့ကျန်ရစ်ခဲ့၏။

အောင်ချို့ တပည့်တွေနဲ့ ဆက်သွယ်ပူးပေါင်းပြီး သူ့ကို ခြေရာခံခဲ့သည်။ ကိုယ့်ကို သတ်ဖို့အတွက် လူမိုက်တွေ စေလွှတ်ပြီး ခိုင်းစေခဲ့သည်။

သူတို့တွေ ဘယ်လိုပတ်သက်သွားတာလဲ၊

အောင်သန့် က သူ့ကို ဘာလို့သတ်ချင်နေတာလဲ၊ အနမ်း က တော့ သူ့ကို ဘာမှမပြောခဲ့ပေ၊

ကလေးနဲ့အပိုင်ကိုင်ပြီး ရယူဖို့ကြိုးစားခဲ့ပေမယ့် အနမ်း ဘက်က ကလေးကို လက်လျှော့လိုက်သဖြင့် အောင်သန့် နောက်ဆုတ်သွားခဲ့တာပဲ သူ ထင်ခဲ့သည်။

တကယ်တော့ အောင်သန့် ခုချိန်ထိ ဖွဲမလျှော့ဘဲရှိနေဆဲပါလား..၊

အနမ်း အတွက် အန္တရာယ်ရှိနေပြီကို တွေးမိကာ လှဲနေရာမှ အတင်းကျုံးထမိသည်။

"ဟော့ .. ဟော့ .. မထနဲ့လေ"

"လူနာကို ဖိထား"

သူ ဆေးရုံရောက်သွားပြီလား၊

လူသံတွေ အများကြီးကြားနေရသည်၊ ပြီးတော့ ဆေးနံ့တွေ ..၊ ပြီး နှလုံးခုန်စက်ရဲ့ တတီတီမြည်သံ ..၊

သူ ဘာဖြစ်လို့ ထလို့မရတာလဲ၊ လည်ပင်း က အသံမတန် နာကျင်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ထိုစဉ် သူ့မျက်နှာရှေ့မှာ အနမ်း ကို မြင်လိုက်ရကာ ...

"အနမ်း"

အနမ်း မျက်ဝန်းမှာ မျက်ရည်တွေနဲ့ဖြစ်ကာ သူမကို လူ တစ်ယောက်က ထွက်သွားခိုင်းနေ၏။

"မသွားနဲ့ အနမ်း"

သူမရဲ့လက်ကို သူ အမိအရ ဖမ်းဆွဲထားလိုက်သည်။ အနမ်း ငိုနေရင်း ရှေ့တိုးလာသည်။ ပြီးတော့ သူ့မျက်နှာနားကပ်ပြီး ...

"ရှင့်ကို အနမ်း စောင့်နေတာ"

"ကိုယ် မင်းဆီကို လာနေတာပဲ"

"အို .. ရှန်းနေပြီ၊ သေချာဖိထား၊ ပိုက်တွေ ထပ်ပြုတ်လိမ့်မယ်"

သူ့ကို ဝိုင်းဆွဲနေကြသည်၊ ဒါပေမယ့် ခြား အတင်းတွန်းဖယ်ထကာ အနမ်းလက်လေးကို ဆွဲလိုက်သည်။

"မင်း အရမ်းလှတာပဲ အနမ်းရယ်"

တိုက်ခန်းတံခါးက အဆင်သင့်ဖွင့်နေခဲ့လျက် သူနဲ့ အနမ်း ဧည့်ခန်းမှာ အတူထိုင်လိုက်ကြသည်။ သူမရဲ့ ဆံနွယ်တွေက ပိုလှနေသည်၊ သူမရဲ့ အသားအရေတွေ ပိုရှုကြည်လှဲဝင်းစိုနေ၏။

ပြီးတော့ သူမက လက်ချောင်းလေးတွေကိုထောင်ပြကာ ...

"ဒီမှာလေ ရှင်ပေးခဲ့တဲ့ လက်စွပ်၊ ရှင် ထွက်သွားတဲ့နေ့တည်းက စေ့စပ်လက်စွပ်အဖြစ် အနမ်း ပြန်ဝတ်ထားတာ"

"ကိုယ့်ကို လက်ထပ်ဖို့အတွက် မင်း ပြင်ဆင်ထားတယ်ပေါ့"

ရင်ထဲမှာ ပျော်ရွှင်ကြည်နူးခြင်းက အတိုင်းအဆမရှိ ဖြစ်ထွန်းခဲ့၏။ ပြီးတော့ သူမကို ရင်ခွင်ထဲမှာ အားပါးတရပွေ့ဖက်ထားရင်း လက်စွပ်နဲ့ လက်ခုံနုနုလေးကို နမ်းရှိုက်လိုက်မိသည်။

"အဲဒီလက်စွပ် မင်းလက်ကို ကိုယ်ကိုယ်တိုင် စွပ်ပေးလိုက်တည်



း မင်းနဲ့ကိုယ်က ရှေးရေစက်အကြောင်းကံပါတဲ့ ဖူးစာဖက်တွေ ိတာ ကံကြမ္မာက သတိပေးလိုက်တာ သိလား .."

"ဟုတ်တယ်နော်"

"အင်း .. ကိုယ် ပြန်လာတုန်းက မင်းလက်မှာမတွေ့လို့ ဘာမှ မေးခဲ့တာ၊ မင်း အဆင်မပြေတာရှိလို့ ဒါကို သုံးလိုက်ရတာဖြစ်မှာပဲလို့ င်တာလေ"

"ဟင့်အင်း .. အနမ်း သူနဲ့ မသင့်မြတ်တာက သပ်သပ်၊ သူနဲ့ တ်သက်တာမှန်သမျှကို တန်ဖိုးထားနေမိတာက ဘယ်လိုခံစားချက် န်းမသိဘူး"

"ချစ်တာလေ .. ကိုယ်တို့နှစ်ယောက် မြင်မြင်ချင်း ချစ်မိကြလို့ပေါ့"

အနမ်း ကို သူ မြတ်နိုးမဝစွာ ဖက်ထားမိရင်း ...

"အခု အဲဒီလက်စွပ်လေးကို ဒီဘက်လက်မှာ ပြောင်းစွပ်လိုက်ော့"

"ဟင် .."

"ကိုယ်တို့နှစ်ယောက်အတွက် လက်ထပ်လက်စွပ်တွေ ပါတယ်ကွ"

"ပါတယ် .."

"ဟုတ်တယ်၊ ကိုယ် သေချာအပ်ပြီး ဝယ်လာဘာ"

အနမ်း မျက်နှာပျက်သွားသည်။ လက်စွပ်ပြောင်းဝတ်ပါဆို မဝတ် သးဘဲ သူမရဲ့လက်စွပ်ကိုပဲ ငုံ့ကြည့်နေ၏။

"အနမ်း .. ဟင် .. မင်း ငိုနေတယ်"

"ခြား ရယ်"

"ဘာဖြစ်လို့လဲ၊ ကိုယ် ညာပြောနေတယ် ထင်လို့လား၊ ဒီမှာ ပါ ာတယ်"

လက်စွပ်ကို သူ နှိုက်ယူလိုက်သည်။ ဒါပေမယ့် အိတ်က ပေါက် နေ၏။ အနမ်း က သူ့လက် ပြန်ထုတ်လိုက်တာကိုကြည့်ပြီး မျက်ရည် တွေ ကျနေလျက်နှင့် ပြုံးရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ခြား ရယ်၊ ခြား နဲ့ အနမ်း နဲ့က မထိုက်တန်မှ
လည်း အနမ်း ..."

"မဟုတ်ဘူး၊ ဘာတွေလျှောက်ပြောနေတာလဲ"

သူ နောက်ထပ်တစ်ဖက်မှာ ပြောင်းထည့်လိုက်တာကို သတိရ
ဝမ်းသာအားရ နှိုက်လိုက်သည်။

ဒါပေမယ့် မရှိ ...၊

"မဟုတ်ဘူး အနမ်း၊ ကိုယ် တကယ်ဝယ်ခဲ့တာ"

"ထားလိုက်ပါ ခြား ရယ်၊ ခြား ရဲ့ ရင်ခွင်ထဲမှာ တစ်ညလေး
စက်ခွင့်ရခဲ့တာနဲ့တင် အနမ်း သေပျော်ပါပြီ"

"ဟာကွာ .. အဓိပ္ပာယ်မရှိတာ၊ ဒါ .. ဒါ ဟိုလူတွေ နှိုက်ယူ
လိုက်တာ"

"ဟား .. ဟား .. ဟား .. ဟား"

အားပါးတရရယ်သံကြီးနှင့်အတူ အောင်သန့် က အခန်းထဲ
လာသည်။

"ဟော့လူ .. မင်း အတင့်ရဲလှချေလား"

"လာသေးတယ်ကွာ၊ မင်းကိုယ်မင်း ပြန်ပြောနေတာလ
နေ့ရက်ခြား၊ ဟား .. ဟား .. ဟား .. မင်းကမှ ကျန်ဖြတ်ကွ၊
ပေါင်ကျိုးကိုစောင့်ပြီးမှ ရသမျှကို ကျန်ဖြတ်နဲ့ ကျူးယူခဲ့တဲ့ကောင်၊ မ
ကမှ .."

"ဟာ .. ဒီ ခွေးသူခိုး ..."

"ဒုန်း"

"အား"

သူ တအားဆွဲထိုးလိုက်သည်၊ ဒါပေမယ့် အော်သံက မိန်းက
သံ ဖြစ်နေကာ ...

"ဆရာမကို ထိသွားပြီ၊ လာကြပါဦး၊ လူနာကို ဖိထားစမ်းပါ



"သတိရနေပြီလား"

"ကယောင်ကတမ်းတွေ ထဖြစ်နေတာ"

စကားသံတွေအရ ရုတ်ရုတ်သဲသဲဖြစ်နေကြတာကို သိလိုက်သည်။
ခေါင်းထဲမှာ ဆီမရှိသည့် ဝင်ရိုးနှစ်ခု ပွတ်တိုက်နေသလို အသံတွေ
ပြည့်နေခဲ့၏။

ပြီးတော့ မျက်လုံးတွေ မှိတ်ထားပေမယ့် သူ့ ... ကိုယ်လုံး လှုပ်ခါ
နေပေါက်နေသလို တလှုပ်လှုပ်ဖြစ်နေသည်။

"လူနာက လည်ပင်းကဒဏ်ရာလည်း သွေးထွက်လွန်နေတယ်၊
ခေါင်းကြောတွေလည်း ထိခိုက်မိသွားတဲ့ပုံပဲ၊ သူ့မိသားစုကို အကြောင်း
ကြားလို့ မရသေးဘူးလား"

"သူ့ကိုသိတဲ့လူ မရှိဘူး ဒေါက်တာ၊ သူ့ကိုယ်မှာလည်း ရတနာ
ဘူး နှစ်ဘူးအပြင် ဖုန်းတောင်မရှိဘူး၊ ဘယ်ကိုဆက်သွယ်ရမှန်းကို မသိ
ဘူး .."

"ရန်ဖြစ်ထားကြတာဆိုတော့ သူခိုးများလား .."

"လာပို့သွားတဲ့လူကတော့ လူကောင်းပါလို့ ပြောတာပဲ၊ အုပ်စုနဲ့
ဝိုင်းအလုခံရတာတဲ့"

ပြောသမျှကိုကြားနေရပြီး သူ့မျက်လုံးတွေကို ဖွင့်လို့တောင်မရ..၊
သူ ဆေးရုံပေါ် ရောက်နေပြန်ပြီ ...

အနမ်း ဘယ်မှာ ကျန်ခဲ့တာလဲ၊ အနမ်း နဲ့ ဟိုကောင် အတူတူ
ကျန်ခဲ့လို့မဖြစ် ...၊ သူ အချိန်မီ ပြန်သွားရမည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"သတိရရချင်း ရတာနာဘူးတွေ တောင်းတယ်၊ သူ့ဇနီးအတွ ၀ယ်လာတာတဲ့၊ စိန်ဆိုင်ဖုန်းနံပါတ်တွေလည်း ပေးတယ်"

"ဟုတ်ပ်ဘယ်၊ အန်ကယ်တို့ကို စိန်ဆိုင်က ဖုန်းဆက်လို့ သတင်း ရပြီး လိုက်လာတာ၊ ဒဏ်ရာတွေ ဒီလောက်ပြင်းနေတဲ့လူနာကို မင်းတ ဂရုစိုက်တာ ပေါ့လျှော့လှချေလား၊ လူနာရှင် မရှိရင် ကုန်ကျစရိတ် မရှ နိုင်မှာစိုးလို့လား"

"အို .. မဟုတ်ပါဘူးရှင်၊ စိန်ဆိုင် ဖုန်းနံပါတ်လည်း သူ ပေးလ ဆက်လိုက်တာပါ၊ မယုံသင်္ကာလို့ မဟုတ် .."

"ရပြီ .. သူ ဘယ်အချိန်လောက်က မရှိတော့တာလဲ"

"ညနေ လေးနာရီခွဲလောက်ကပါ၊ သွားတာ နာရီ၀က်ကျော်ကျေ လောက်ပဲရှိသေးတယ်"

နောက်ပိုင်းမှာ ဘာတွေဖြစ်ပျက်နေတာကို သူ မသိပေ၊ ကားဝ မှာ ခေါင်းကိုက်သည့်ဝေဒနာကို အလူးအလဲခံစားရင်း နာရီကြည့်လိုက မိသည်။



ငါးနာရီခွဲတော့မည်။

"ဦးလေး မြန်မြန်မောင်းပေးလို့ရမလား"

"မောင်းနေတာပဲ ငါ့တူရေ၊ ဒီအချိန် စမ်းချောင်းကိုဖြတ်ရတာ ကားအကျပ်ဆုံးပဲကွ .."

"ဘယ်နေရာဖြစ်ဖြစ် ကျပ်တာပါပဲဗျာ၊ ဒါပေမယ့် မြန်မြန်မောင်း ပေးပါ၊ အရေးကြီးနေလို့ပါ"

"အေးပါ .. အေးပါ"

သူ ဘောင်းဘီအိတ်ထဲက ပိုက်ဆံထုတ်၍ ယာဉ်မောင်းလက်ထဲ ထည့်ပေးလိုက်သည်။

"လုပ်ပါ၊ မြန်နိုင်သလောက်"

နာရီကနေ့စွဲကို သူ ကြည့်လိုက်တော့ အနမ်း နဲ့ သူ ပြန်ဆုံဖို့ ချိန်းတဲ့ရက်ကို တစ်ရက်ကျော်ခဲ့ပြီဖြစ်သည်။

ဆေးရုံကနေ အနမ်း နဲ့ သူ ထလိုက်သွားခဲ့တာ တကယ်လား၊ စိတ် ကစဉ့်ကလျားနဲ့ မက်တဲ့ အိပ်မက်လား ...၊

အိပ်မက်ဆိုရင်လည်း လက်မခံနိုင်၊ ဒါပေမယ့် တကယ် မဟုတ် ဘူးလို့လည်း ခံစားမိနေခဲ့သည်။ ပြီးတော့ လက်ထပ်လက်စွပ်တွေ ပါ မသွားခဲ့သဖြင့် အနမ်း မျက်ရည်တွေကျနေတာကိုလည်း သတိရနေ ခဲ့သည်။

ဒါဆိုရင် ဒါ တကယ် အိပ်မက် မက်ခဲ့တာပါ။

မျက်လုံးတွေကို မှိတ်ထားလိုက်တော့ ကျောရိုးထဲက နာကျင်နေ တာတွေရော ခေါင်းထဲမှာ ချာချာလည်နေတာတွေပါ ပို၍ဆိုးရွားလာ သည်။

မဖြစ်ပါ ...၊

သူ မျက်လုံးတွေကို ပြန်ဖွင့်လိုက်ရသည်။

ဒီတိုင်း ဆက်မှိတ်ထားလျှင် ကားပေါ်မှာပဲ တစ်ခုခုဖြစ်ရသွား နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ ဒီနေ့ ခြောက်နာရီမှာပေ... အနမ်းဆီကို ရောက်မှဖြစ်မည်။ အနမ်း ဖျော်တိုက်သည့်ကော်ဖီကို သောက်ပြီးမှ သူ့စိတ် ခုန်ခုန်းချ... နားနိုင်မည်။

သူ ကောင်းကောင်းမကျန်းမာပေမယ့် အနမ်း ကို ကာကွယ်ဆေး... ဖို့ ဗိုလ်စိုးတို့ကို ဖုန်းဆက်ခေါ်ရမည်။ ဒါပေမယ့် သူ့မှာ ဖုန်း မရှိ...

"ဦးလေး .. ဦးလေးမှာ ဖုန်းပါရင် ခဏလောက်ငှားလို့ရမလား"

"ရတာပေါ့ကွာ၊ ရော့ .."

ကားဆရာက ဖုန်းလှည့်ပေးသည်။ သူ အနမ်း ရဲ့ဖုန်းနံပါတ်ကို... အလွတ်ရနေသည်။ သူမရဲ့ဖုန်းကို ယူသိမ်းထားစဉ် စည်းကမ်းမဲ့ အလု... ကို လုပ်ခဲ့ရင်း ကိုယ့်ဘာသာ ဖုန်းနံပါတ် မှတ်ခဲ့တာဖြစ်သည်။

ဗိုလ်စိုးကို ဖုန်းခေါ်ပြီး အနမ်းတို့တိုက်ခန်းလိပ်စာ ပေးလိုက်သည်... ပြီးတော့ အနမ်း ကို ခေါ်လိုက်၏။ ဖုန်း... ဝင်နေပြီး မကိုင်။

သူမဆီကို ဖုန်းဆက်မ လို့ချိန်တိုင်း မရင်းနှီးခဲ့တာတွေကြောင့် မဆက်ဖြစ်သလို သူမ လက် မခံမှာကို တွေးပြီး မခေါ်ဖြစ်ခဲ့တာလည်း ရှိ၏။

ဒီနေ့တော့ သူမကို ဖုန်းနဲ့ အရင်ကြိုတင်ချော့ထားပြီး တောင်းပ... ရမည်။ သူမ စိတ်ဆိုးနေပြီ လား၊ ဘယ်လိုအကျပ်အတည်း အခက်အခဲ... တွေများ ရှိနေပြီလဲ။

ဒါတွေကိုလည်း သိချင်၏။ ကားပြေးနေတာထက် စိတ်က ပိုဓေ... ၍ သိချင်နေသဖြင့် ဖုန်းခေါ်နေမိကာ အနမ်း ဘာလို့မကိုင်ပါလိမ့်၊ ဖုန်း... နံပါတ် စိမ်းနေလို့လား ...၊

"ဒုန်း"

"အား"

"ဆောရီးပါ ငါ့ကောင်ရာ၊ ကျော်တက်လိုက်တာ ဘေးချိုင့်ထဲ ကျသွား... လို့ပါ"

သူ့လည်ပင်းမှာ ပက်တီအထုကြီးရှိနေတာ မြင်နေရသဖြင့် ကား...



...ဆရာကြီး တကယ်စိတ်မကောင်းဖြစ်သွားပြီး တောင်းပန်သည်။

"ရတယ် .. ရတယ်၊ မြန်မြန်လုပ်ပါ"

"အေးပါ .. ရောက်တော့မှာပါ"

မီးပွိုင့်မှာ ကားတွေ တန်းစီလိုက်ရတာကို စိတ်မရှည်စွာ ငုံ့ကြည့်ရင်း မျက်နှာချင်းဆိုင်က နာရေးဝတ်ရွတ်သံနှင့်အတူ နိဗ္ဗာန်ယာဉ်တန်းကို လှမ်းမြင်လိုက်ရ၏။

"ဘာလဲ .. အဲဒီ နာရေးကားတွေနဲ့ ကြာနေတာလား"

"မဟုတ်ပါဘူးကွာ၊ မီးပွိုင့်ပျက်နေလို့ ကိုယ့်ဘာသာ ကြည့်လုပ်နေကြတာပါ၊ ခဏပါ .. မကြာလောက်ပါဘူး"

"ဟလို .. အနမ်း .."

စကားပြောနေတုန်း ဖုန်းကိုင်လိုက်သဖြင့် သူ ဝမ်းသာသွားသည်။

"ဟလို .. အနမ်း မချလိုက်နဲ့နော်၊ ကိုယ်ပါ .. ခြား လေ .. အနမ်း .. ဟလို .."

သူမ ဖုန်းမချပါ၊ ဒါပေမယ့် အသံဗလံတွေ ဆူညံနေကာ အနမ်း ပြန်ပြောနေတာလိုလို၊ ကိုယ့်ကို မဟုတ်ဘူးလိုလို ဘာသံတွေမှန်းမသိ။

"အနမ်း ကိုယ် ဖုန်းချလိုက်မယ်၊ မက်ဆေ့ချ်ပို့လိုက်မယ်နော်၊ ကိုယ်တို့ မက်ဆေ့ချ်နဲ့ပြောရအောင်"

သူ ခပ်ကျယ်ကျယ်အော်ပြောနေရင်း ဟိုဘက်က မဓမ္မစကြာအဖွဲ့၏ ဝတ်ရွတ်သံကြောင့် ကျွတ်ခနဲဖြစ်သွားမိ၏။

ဒါပေမယ့် မက်ဆေ့ချ်ရိုက်နေရင်း ပြုံးလိုက်မိသည်။ ကားတွေက စောင့်တော့စောင့်ကြပေမယ့် စည်းကမ်းမဲ့ ထွက်ခွာနေကြသည့်ကားတွေလည်းရှိကာ ...

"ကျွတ် .. အရင်လိုနေတာလားကွ၊ အားလုံး မင်းလိုပဲပေါ့ .."

ခြား ရဲ့ ဘေးကနေ ကားဆရာ ညည်းညူရင်း လှမ်းအော်တော့ ပတ်ဝန်းကျင်ကို တစ်ချက်တော့ မျက်လုံးဝေ့လိုက်မိသည်။

သူ့ဘေးမှာ နိဗ္ဗာန်ယာဉ်က ဆန့်ကျင်ဘက်လားရာသို့ ဦးတည်ရင်း

www.burmeseclassic.com

www.burmeseclassic.com



တရွေ့ရွေ့သွားနေ၏။

"ရှင့်ကိုစောင့်နေတာ"

"ကိုယ့်ကို စိတ်မဆိုးဘူးမို့လားဟင်၊ ပြန်လာရင် အားလုံး ပြော
မယ်"

"စိတ်ဆိုးနိုင်ပါ့မလား ခြား ရယ်၊ မြန်မြန်ပြန်လာခဲ့ပါ"

"ကိုယ် အခု မီးပွိုင့်ရောက်နေပြီ"

"ရှင့်ကို အနမ်း မြင်ပါတယ်"

"ဟား .. ဟား .."

သူ မက်ဆေ့ချ်ရိုက်နေရင်း ရယ်လိုက်မိလျှင် လည်ချောင်းထဲ
အဆမတန်နာကျင်သွားသည်။

"အဟမ်း"

ရင်ဘတ်ကိုဖိ၍ တံတွေးမျိုရင်း ဘေးကိုကြည့်လိုက်မိလျှင် နာ
ယာဉ်တန်းထဲက တိပ်စ်ပတ်ကားတစ်စီး၏ဘေးမှာ ....

*အနမ်းတစ်ပွင့်*

*အသက် (၂၆)နှစ်*

ဟင် ...၊

ခြား မျက်လုံးတွေ ထိုကားတန်းတွေဆီကို လိုက်ပါသွားခဲ့စဉ် -

"ဟာ!..."

"ကျွိ"

"ဂျိမ်း"

"ကွေ့ကား မိုက်ရိုင်းကာကွ၊ အတင်းစွတ်ကွေ့ပစ်တာ"

"တက္ကစီတော်တော်ထိသွားတယ် .."

လူတွေ အုန်းအုန်းထသွားသည်။

ထိုအချိန်မှာ ဦးကျွန်းညို တို့ကားလည်း မီးပွိုင့်နောက်ဆုံးမှာ ရှိ
သဖြင့် ...

"သူ မင်းကို ဖုန်းဆက်တာ၊ လမ်းပေါ်မှာပဲဆိုရင် ငါ စိုးရိမ်တယ်



စိုးကြီး၊ ရှေ့မှာ အက်ဆီးဒင့်ဖြစ်နေတာထင်တယ် သွားကြည့်စမ်း"

"သွားလိုက်မယ် ဖေကြီး ..."

စိုးကြီး ကားပေါ်ကဆင်းသွားလျှင် စိတ်တွေလေးနေသဖြင့် ဦးကျွန်းညို
လည်း ဆင်းလိုက်သွားခဲ့၏။

"ဦးကျွန်း .. ကျွန်တော်တို့ လိုက်ကြည့်ပါ့မယ်၊ ကားထဲမှာပဲနေ
ပါ .."

ဦးကျွန်းညို ဂရုမစိုက်ဘဲ ဗိုလ်စိုး နောက်က ခြေလှမ်းကျဲများနဲ့
လိုက်သည်။

"ဗိုလ်စိုး ဟိုတ်ကောင် .. ရှေ့တိုးကြည့်လေကွာ၊ ဟိုမှာ ဆံပင်
ဖားလျားနဲ့ကောင်မလေး အတင်းဆွဲထုတ်နေတာ ဘယ်သူလဲ၊ ဒရိုင်ဘာ
လား ခရီးသည်လား"

ငါ့သားလားလို့ မေးလို့မထွက်နိုင် ...၊

သို့သော် ...

"ဟုတ် .. ဟုတ်တယ် ဖေကြီး၊ ခြား ရယ်"

"ဟင် .."

ဦးကျွန်းညို တစ်ကိုယ်လုံး တုန်ခါသွားသည်။ ပြီးတော့ မိုက်ခနဲ
ဖြစ်သွားလျက် ဘေးကကားကို လှမ်းကိုင်ထားမိကာ ...

"ဝဲစားလေး .. မိဘ ပြောရင် နားမထောင်၊ ကိုယ်ထင်ရာ ကိုယ်
လုပ် .."

မှိတ်ထားသည့်မျက်ဝန်းမှ မျက်ရည်တွေ စီးမို့ယိုစီးကျလာခဲ့ပြီး...

"မင်း ဘာမှမဖြစ်ရဘူး .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ခြား နဲ့တွေ့ခဲ့ပြီးပြီဆိုပြီး သူ ပြန်လာတယ်၊ ပြီးတော့ အဲဒီလက်စွပ် လေးစွပ်ထားပြီး သူ နေ့တိုင်းငိုတယ်၊ နှစ်ရက်ပဲကြာတယ်၊ သူ အိပ်ဆေးတွေတရားလွန်သောက်ပြီး ကိုယ့်ကိုယ်ကို သတ်သေသွားတာ"

ချစ်လေးနဲ့ မြင်သာ တို့က မျက်လုံးအကြောင်သားနှင့် ငုတ်တုတ် ထိုင်နေသည့် ခြား ကို လှမ်းကြည့်ကြ၏။ ပြီးတော့ ...

ဘေးမှာ ပြုစုပေးနေကြသည့် စပါယ်ရှယ်နာ့စ်လေးတွေကိုလည်း ကြည့်သည်။ ဦးကျွန်းညို ကတော့ အနမ်း ဆိုသည့် မိန်းကလေးရဲ့ တိုက်ခန်းလေးကို ရောက်သွားခဲ့သည့်နောက်မှာ သားနဲ့ ဒီမိန်းကလေး ရဲ့ကိစ္စတွေကို သိထားကြသည့် ချစ်လေး တို့ကို ဒီထိခေါ်မေးခဲ့ခြင်းဖြစ်သည်။

ပြီးတော့ အနမ်း ရဲ့ ဒိုင်ယာရီစာအုပ်လေးက သူ့ဘေးမှာ တစ်ဝက် တစ်ပြတ် ဖတ်ပြီးခေါက်ထားသည့်ပုံစံနှင့်ရှိနေကာ ..၊

"သူတို့ အဲ့လိုဆုံခဲ့ကြတယ်၊ ချစ်လေး တို့လည်း ပါပါတယ်၊ ပြီးတော့ သံယောဇဉ်တွေဖြစ်သွားကြတယ်၊ လက်စွပ်ကိုတော့ ချစ်လေး



တို့ မသိပါဘူး၊ ဒါပေမယ့် သူ ဆုံးသွားတော့ လက်စွပ်က သူ့လက်မှာ မဟုတ်ဘူး၊ ဘူးလေးထဲမှာ .. ပြီးတော့ ဘူးကို သူ့လက်ထဲမှာ ဆုပ်ကိုင် ထားပြီး သေဆုံးနေတာ .."

"သူ တစ်ယောက်တည်း တိုက်ခန်းထဲမှာ သေနေတာလား .."

"ဟုတ်တယ် .. ကိုခြား ကားအက်ဆီးဒင်းဖြစ်တဲ့နေ့က သူ့ကို သင်္ဂြိုဟ်တဲ့နေ့လေ၊ တကယ်ဆို သူ ဆုံးခဲ့တာ သုံးရက်ရှိနေပါပြီ၊ ချစ်လေး တို့လည်း ပြန်မလာတာပဲသိတာ .. ဒီလိုကြံစည်ခဲ့မှန်း ဘယ်လိုလုပ်သိမှာလဲ .."

"သူ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ .."

"သူ့ခဲအို ယုတ်မာခဲ့တာ .."

ဦးကျွန်းညို မျက်နှာရှုံ့မဲ့သွားသည်။

"ကိုခြား ထွက်သွားတဲ့နေ့က ကျွန်မတို့လည်း ထွက်ပြေးဖို့လုပ်ခဲ့ ကြတာ၊ ဒါပေမယ့် တံခါးဝမှာပဲ သူတို့က အမိအုပ်ဖမ်းပြီး အနမ်း ကို အောင်သန့် က သိမ်းပိုက်လိုက်တယ် .."

"မင်းတို့က မကာကွယ်နိုင်ဘူးလား .."

"ချစ်လေးတို့ အရိုက်ခံရပြီး သတိလစ်သွားခဲ့တာ၊ ဘာမှမသိပါဘူး ဦးရယ် .."

"ဟုတ်တယ် .. ကျွန်တော်တို့ အပြစ်ပါ၊ ကျွန်တော်တို့ရှိသားနဲ့ မိန်းကလေးတစ်ယောက်ကို မကာကွယ်နိုင်ခဲ့ဘူး .."

ထိုနေ့က သူမဘဝ ငရဲကျခဲ့တာကို မမြင်ရက်ပေမယ့် မြင်နေခဲ့ရ သည်။ သတိရလာလို့ ငိုသံနောက်လိုက်ရှာရင်း အနမ်း ကို မြင်လိုက်ရ သည်။

အဝတ်စားတွေ ဖရိုဖရဲနှင့် သူမ ရှိုက်ကြီးတငင်ငိုနေခဲ့လျှက် ..၊

"ငါ့ဘဝပျက်ပြီ ချစ်လေးရ .. ငါ့ဘဝ ပျက်စီးသွားပြီ၊ သူ .. သူ့ကို လက်ထပ်ရမယ်လို့ ငါ့ကို ကြိမ်းဝါးသွားတယ်၊ သူ ယုတ်မာနေတဲ့ပုံတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ရိုက်ယူသွားတယ်သိလား .. ငါက လက်မထပ်ဘူးဆိုရင် လိုင်းပေါ် တင်ပစ်မယ်တဲ့ ..''

အနမ်း ဆီက စကားတွေကြားလိုက်ရတာ ခေါင်းကို မိုးကြိုးပစ်ချလိုက်တဲ့အတိုင်း ..။

''ငါ ဒီမှာဆက်နေနေရင် သူ ထပ်လာဦးမှာပဲ .. ငါတို့ ကြီးကြီးတို့အိမ်မှာ တစ်ပတ်လောက်ပြောင်းနေကြရအောင် ငါ့ကိုပြောပေးပါနော်..''

''အနမ်းရယ် .. ဘာမှမထူးတော့ဘူးဆိုမှတော့ နင့်သားလေးနဲ့လည်း အတူတူနေရတာပေါ့၊ သူ့ကိုပဲ လက်ထပ်ဖို့စဉ်းစားလိုက်ပါဟယ် ..''

မပြောချင်ပေမယ့် ကူကယ်ရာမဲ့နေသည့်ဘဝတစ်ခုကို ထပ်ပြီးလောင်မီးကျမှာစိုးလို့ပါ။ ဒါပေမယ့် အနမ်း က လက်မခံ ..။

''ငါ ဘယ်တော့မှ လက်မထပ်ဘူး၊ သူ့ကိုမုန်းလွန်းလို့ သားကိုချစ်ပေမယ့် ငါရင်ကွဲခံပြီး ကြည့်နေလိုက်တာ၊ ဒါပေမယ့် .. ဒါပေမယ့် ငါ ငြိမ်းငြိမ်းချမ်းချမ်းနေရဖို့အတွက် နည်းလမ်းရှာမှာပါ ..''

သူမ ဒီတိုင်းပြော၍ တိုက်ခန်းကို ညနေတိုင်းသွားသည်။

''ဒီလူကို ကြောက်တယ်ဆိုပြီး ဘာသွားသွားလုပ်တာလဲ အနမ်းရယ် ..''

''ခြား ပြန်လာဦးမှာ ငါသိတယ်၊ အဲဒါကြောင့် သူနဲ့ တစ်ခါလောက်တွေ့ချင်သေးလို့ ..''

''ငါတို့ရဲ့ မိတ်ဆွေလည်းမဟုတ်၊ ဆွေမျိုးလည်းမတော်ဘဲနဲ့ .. ပြီးတော့ သူနဲ့မသက်ဆိုင်ဘူးထင်လို့တောင် ငါတို့ကို မပြောမဆိုထွက်သွားတာပေါ့ အနမ်းရယ် ..''

''မဟုတ်ဘူး .. ငါသိနေတယ်၊ သူ ပြန်လာဦးမှာ ..''

''ဘာကိုသိနေပြန်တာလဲ .. နင်နဲ့လည်း သင့်မြတ်တာမဟုတ်ဘဲနဲ့ ..''



''သူလာမှာပါ .. ငါ သူ့ကိုသတိရနေတဲ့အတွက် သူ သတိရနေတာ ငါသိတယ် ..'' တဲ့ ..။

''သူ အဲ့လိုပြောပြီး နေ့တိုင်းသွားတယ်၊ သူ သွားတိုင်း လက်စွပ်စွပ်သွားတယ်၊ ပြန်လာရင် လက်ထဲမှာ ကိုင်ပြီးပြန်လာတယ်၊ တစ်နေ့ကျတော့ ငိုလည်းငိုတယ်၊ ရယ်လည်းရယ်တယ်၊ အဲဒီနေ့က သူ မိုးလင်းမှ ပြန်လာတာ ..''

ဦးကျွန်းညို မျက်မှောင်ကုတ်သွားသည်။ ချစ်လေး ပြောပြရင်း မျက်နှာငယ့်သွားကာ ..၊

''သူ့ကိုတွေ့ရတဲ့အတွက် ငါသေပျော်ပြီလို့လည်း ပြောတယ်၊ ဟို .. ချစ်လေး ကြည့်ရတာ သူတို့ အဲဒီညက ..''

''အဟမ်း ...''

ဦးကျွန်းညို က မိုလ်စိုး တို့ကို လှမ်းကြည့်သည်။ မိုလ်စိုး တို့လည်း မျက်နှာမကောင်းဘဲ ရှိနေကြကာ ..၊

''ဒီမှာ တက္ကစီဒရိုင်ဘာဆီကယူပြီး ကျွန်တော့်ဆီ ခေါ်ထားတဲ့ဖုန်း ..''

SAMSUNG ဖုန်းလေးကို ဖွင့်ထားလျက် လှမ်းပေးရင်း ..၊

''အနမ်း ဆိုတဲ့ မိန်းကလေးနဲ့ ဖုန်းပြောနေသေးတယ်ဆိုလို့ ကျွန်တော်အဲ့ဒီလူဆီက ဖုန်းပြန်ယူခဲ့တာ ..''

ခြား ရဲ့ ဆေးမှာ နောက်ဆုံးထိရှိနေခဲ့သည့် ဒရိုင်ဘာကို မေးမြန်းကြည့်ရင်း ဖုန်းကို ပြန်ဝယ်လိုက်တာဖြစ်သည်။ ဦးကျွန်းညို က ဖုန်းကိုဖွင့်၍ ..၊

''မက်ဆေ့ချ်ဖွင့်ကြည့် ဦးကျွန်း .. အနမ်း က ပြန်ထားတဲ့စာတွေရှိသေးတယ် ..''

ဟင်!...

ချစ်လေး တို့ မျက်လုံးပြူးသွားသည်။ ပြီးတော့ ဟိုကြည့်ဒီကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြလျှင် ဦးကျွန်းညို က ဖွင့်ထားသည့် မက်ဆေ့ချ်ကို ပြ၍ ..၊

"ဒါ အနမ်းရဲ့ ဖုန်းနံပါတ်လား .."

"ရှင်!..."

ချစ်လေး ကမန်းကတန်း ထကြည့်လိုက်ပြီး တကိုယ်လုံးတောင့်တင်းသွား၏။

"အယ် ..."

"ဟုတ်တယ် .. အဲဒါ အနမ်း ရဲ့ ဖုန်းပဲ .."

ချစ်လေး က လွယ်ထားသည့်အိတ်ထဲကနေ ဖုန်းတစ်လုံးထုတ်ယူလိုက်လျှင် ဖျတ်ခနဲလင်းသွားသည့် စခရင်မ်မှာ ဆံပင်တွေဖြန့်ချပြီး ခေါင်းလေးစောင်းထားသည့် မိန်းကလေးပုံတစ်ပုံကို ဦးကျွန်းညို မြင်လိုက်ရ၏။

"အဲဒီဖုန်း ခဏပေး .."

ချစ်လေး ပျာပျာသလဲလှမ်းပေး၏။ ပုံပဲ အကြာကြီးကြည့်နေကာ သူမရဲ့ မက်ဆေ့ချ်ဘောက်စ်ကိုဖွင့်ကြည့်တော့ ခြား ပို့ထားတာတွေပဲရှိသည်။ သူမ ပြန်ပို့ထားတာမရှိ ..။

ဒါပေမယ့် ခြား ကိုင်ထားတဲ့ဒရိုင်ဘာရဲ့ ဖုန်းထဲမှာတော့ အပြည့်အစုံရှိနေသည်။

"အောင်မလေး အနမ်း ရယ် .. နင် ဒီလောက်တောင်ချစ်ခဲ့တာလား .. ဟီး .. ဟီး .."

"ဟော့ ..."

မိုလ်စိုး ချက်ချင်းရောက်လာကာ ချစ်လေး ရဲ့ ပါးစပ်ကို ဖုန်းနဲ့လှမ်းကပ်ထားလိုက်ကာ ..၊

"ခြား ကြားသွားလိမ့်မယ် .. မင်း ဘာလဲ .."

ဦးကျွန်းညို ကတော့ ဖုန်းနှစ်လုံးကိုကိုင်ထားပြီး အံတကြိတ်ကြိတ်ဖြစ်နေခဲ့၏။ ဒီအဖြစ်တွေဟာ ပုံပြင်တွေလည်းမဟုတ်၊ အတင်းအဖျင်း

BURMESE CLASSIC .com



သက်သက်လည်း မဟုတ်ခဲ့ပေ ..။

အနမ်း သည် အောင်သန့် ၏ စော်ကားဖျက်ဆီးခြင်းခံလိုက်ရတည်းဟာ သူမဘဝကို ဘယ်လိုအဆုံးသတ်မည်ဆိုတာ ဆုံးဖြတ်ထားပြီးဖြစ်သည်။

သို့သော် ခြား ကို ခွဲလမ်းစိတ်တစ်ခုတည်းနှင့် ဖွံနပဲနဲ့ စောင့်နေခဲ့သည်။ ခြား ပြန်သွားခဲ့တော့ နှစ်ယောက်စလုံး၏ ခွဲလမ်းခြင်းသံယောဇဉ်ဘဲခါးက ကျိုးပျက်နယ်လွန်ခဲ့ကြသည်။

ဒါပေမယ့် အနမ်း ရဲ့ နောက်ဆုံးဆန္ဒကိုက ချစ်ရသူနဲ့ ခဏဖြစ်ဖြစ်အတူနေချင်တာသာဖြစ်ကာ သူမရဲ့ မသန့်စင်သည့်ခန္ဓာကိုယ်ကို တစ်သက်တာ ပုံအပ်သွားဖို့တော့ စိတ်ကူးခဲ့ပုံမပေါ်ပေ ..။

ထို့ကြောင့် နှစ်ယောက်လမ်းခွဲခဲ့သည့်နောက်မှာ သူမရဲ့ ဒိုင်ယာရီကို ပြီးဆုံးအောင်ရေး၍ ကိုယ့်ဘဝကို အဆုံးသတ်ခဲ့တာဖြစ်လေသည်။

သို့သော် သူမရဲ့နောက်ဆုံးခရီးကိုတော့ ခြား ပို့မှာပဲထင်ပြီး လက်စွပ်ကို ကိုင်ထားလျက် သေဆုံးခဲ့တာဖြစ်သည်။

ခြား ကို ဆေးရုံတင်ရတော့လည်း ဆေးရုံရောက်ခဲ့သည့် နှစ်ခါစလုံး ခြား ရဲ့ လက်ထဲမှာ လက်ထပ်လက်စွပ်ဘူးတွေနှင့် ..။

"တောက် ..."

ဦးကျွန်းညို ခပ်ကြိတ်ကြိတ်တက်ခေါက်သည်။ ပြီးတော့ ဓာတ်ပုံကို ပြန်ငုံ့ကြည့်မိ၏။

သူ့မျက်လုံးထဲမှာ မြင်ယောင်လာသည်။ ခြား ကို တက္ကစီထဲကနေ အတင်းဆွဲထုတ်နေသော ဆံပင်ခါးလောက်ဖားလျားနှင့် မိန်းကလေး..။

သူ သေချာသိလိုက်သည်။ ထိုမိန်းကလေးက ဒီပုံထဲ... အနမ်း ပါပဲ ..။

ကျိုခနဲ အံကြိတ်ရင်း ဖုန်းတွေကို နံရံဆီလွှဲပေါက်ပစ်လိုက်မိသည်။ ပြီးတော့ မျက်ရည်တွေစီးကျလာခဲ့၏။

လှမ်းကြည့်လိုက်တော့ မှန်ချပ်တွေရဲ့အတွင်းမှာ ဝိုးလ်ချ်နဲ့ ခြား

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မျက်ဝန်းတွေက အသက်မဲ့နေ၏။ နေ့ရက်ခြား ဆိုသည့် လူငယ်တစ်ယောက် အာရုံကြောတွေထိခိုက်မိလျက် အတိတ်မေ့ဝေဒနာကို ခံစား နေရပါပြီ။

သို့သော် .. သူ့မျက်လုံးတွေက မမှတ်မိ မသိရှိတာနဲ့ မတူဘဲ ကြေကွဲဆွေးမြေ့နေသည်။ အသက်မဲ့နေတာနဲ့ မတူဘဲ လူသေတစ်ယောက်ရဲ့ မျက်လုံးတွေလိုဖြစ်နေခဲ့၏။

"ဦးကျွန်း .."

"ဖေကြီး သတိထားလေ .."

"ငါ့သားနဲ့ ငါ အမေရိကားသွားမယ် .."

"ဟုတ်ကဲ့ .. ချက်ချင်း စီစဉ်လိုက်ပါ့မယ် .. ကောင်းပါတယ် .."

ဟိုမှာ ဆေးကုသွားတာက အကောင်းဆုံးစိတ်ကူးပဲလို့ တွေးလိုက်မိကြပေမယ့် ..၊

"သူ မသိတဲ့ပတ်ဝန်းကျင်မှာပဲ သူ့ဘဝကို ရှေ့ဆက်ရမယ်၊ ငါ့သား တစ်သက်လုံး အတိတ်မေ့နေပါစေ .. ဒီရောဂါကို လုံးဝမကုဘူး .."

အားလုံးသည် အရာရာကို အကောင်းတိုင်းဖြစ်စေချင်ကြသော်လည်း ..။

လရောင်ကျူးရင့်


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လရောင်ကျူးရင့်

## ပန်းနုရောင်သက်တမ်း



BURMESE CLASSIC .com

www.burmeseclassic.com